# မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပုံဖော်ခြင်း

## ရည်ညွှန်းအကိုးအကား ၂၀၁၉ – ၂၀၂၀

# မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း
# လမ်းညွှန်အကိုးအကား ၂၀၁၉ - ၂၀၂၀

နိုင်ငံတကာ မြန်မာ့သတင်း (Burma News International) က ရေးသားတည်းဖြတ်သည်။

| | | |
|---|---|---|
| ယခင်ထွက်ရှိခဲ့သည့် စာအုပ်စီးရီးများ | : | ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇-၂၀၁၈ |
| မူပိုင် | : | နိုင်ငံတကာ မြန်မာ့သတင်း (Burma News International) |
| Website | : | https://www.mmpeacemonitor.org |
| Twitter | : | https://twitter.com/mmpeacemonitor |
| Facebook | : | https://www.facebook.com/mmpeacemonitor |
| Instagram | : | https://www.instagram.com/mmpeacemonitor/mmpeacemonitor |

BURMA NEWS INTERNATIONAL


ပုံနှိပ်မှတ်တမ်း ၁

မာတိကာ ၂

ကျေးဇူးတင်လွှာ ၄

စာဖတ်သူအသိပေးချက် ၅

အနှစ်ချုပ် ၇

အတိုကောက်စာလုံးအဓိပ္ပာယ်များ ၉

ကျွန်ုပ်တို့အကြောင်း ၁၆

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးတည်ရာ

မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အစီအစဉ်ပြမြေပုံ ဂရပ်ဖစ် ၁၈

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း ပါဝင်ပတ်သက်သူများ ၁၉

အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန- NRPC ၂၅

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ - PPST ၂၆

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ - UNFC ၂၇

ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ - FPNCC ၂၉

## ပဋိပက္ခ လေ့လာဆန်းစစ် တွေ့ရှိချက်များ

၂၀၁၉ - ၂၀၂၀ သို့မဟုတ် ပြည်တွင်းစစ်အရှိန် အမြင့်ဆုံးနှစ်များ ၃၁

တိုက်ပွဲဖြစ်ပွားမှု အခြေပြမြေပုံ ၂၀၁၉-၂၀၂၂ ၃၃

တိုက်ပွဲဖြစ်ပွားမှု အခြေပြ ဂရပ်ဖစ်များ ၃၄

## စစ်ဘေးရှောင်များ အခြေအနေ

စစ်ဘေးရှောင်ပြည်သူများနှင့် မြန်မာပြည် ၃၈

စစ်ဘေးရှောင် အခြေပြမြေပုံ ၄၁

တိုင်းနှင့် ပြည်နယ်အလိုက် စစ်ဘေးရှောင် အခြေပြဂရပ်ဖစ်များ ၄၂

မြို့နယ်အလိုက် စစ်ဘေးရှောင်အရေအတွက်ပြ ဂရပ် ၄၃

## ငြိမ်းချမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများ

ငြိမ်းချမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုမှတ်တမ်းများ ၄၅

တွေ့ဆုံဆွေးနွေးမှုနှင့် တိုက်ပွဲအရေအတွက်ပြ ဂရပ် ၄၇

Actor အလိုက် တွေ့ဆုံဆွေးနွေးမှုမှတ်တမ်း Timeline Graphic (၁) ဇယား ၄၈

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံ


၂၁ ရာစု ပင်လုံတွေ့ရှိချက်များ ၆၁

၂၁ ရာစု ပင်လုံ အချိန်ပြ ဂရပ်ဖစ် ၆၃

ပင်လုံမိန့်ခွန်းကောက်နုတ်ချက်များ ၆၄


## အထူး လေ့လာသုံးသပ်ချက် စာတမ်းများ


စစ်၊ ငြိမ်းချမ်းရေးနှင့် Covid-19 ၇၄

စစ်၊ ငြိမ်းချမ်းရေးနှင့် ရှမ်းပြည်နယ်၏ လားရာ ၈၁

ရခိုင်နှင့် ချင်းဒေသမှ စစ်ရေး - နိုင်ငံရေးအားပြိုင်မှုများနှင့် အနာဂတ်မြန်မာ ၁၀၂


## မြန်မာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာ အခန်းကဏ္ဍ


တရုတ် ၁၂၁

အီးယူ ၁၂၇

အိန္ဒိယ ၁၃၃

ဂျပန် ၁၃၆

အမေရိကန် ၁၃၈


## အဖွဲ့အစည်းများအကြောင်း တစေ့တစောင်း


တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ ၁၅၆

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ အင်အားအခြေအနေပြ ဂရပ် ၁၅၇

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ ကိုယ်ရေးအကျဉ်း ၁၅၈


## ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ထူးခြားသည့် သဘောထားထုတ်ပြန်ချက်များ


ထုတ်ပြန်ချက်မှပြောသော ငြိမ်းချမ်းရေး ၁၉၇

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်အတူ ပါဝင်ပတ်သက်သည့် အဖွဲ့စည်းများအလိုက်
ထုတ်ပြန်ကြေညာချက်များ ၂၀၁


BURMA NEWS INTERNATIONAL

# ကျေးဇူးတင်လွှာ

နိုင်ငံတကာ မြန်မာ့သတင်း BNI၏ အဖွဲ့ဝင် အဖွဲ့အစည်းများနှင့် အခြားသော အုပ်စုများမှ တင်ပြထားသည့် မြန်မာပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ နောက်ဆုံးရ သတင်းအချက်အလက်များကို စုစည်း၍ မြန်မာငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပုံဖော်ခြင်း-ရည်ညွှန်းအကိုးအကား (၂၀၁၉-၂၀၂၀) တင်ပြခွင့်ရသည့်အတွက် လွန်စွာဝမ်းမြောက်မိပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့သည့် BNI နှင့် ငြိမ်းချမ်းရေးစောင့်ကြည့်ရေးစီမံကိန်း (MPM) ဝိုင်းတော်သားများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့အနေဖြင့် မြန်မာငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များကို လုပ်ဆောင်နေစဉ်အတွင်း ကူညီထောက်ပံ့ပေးခဲ့သူများအားလုံးကို လေးစား အသိအမှတ်ပြုပါကြောင်းကိုလည်း လိုက်လှဲစွာ တင်ပြလိုပါသည်။ ထို့အပြင် ဤစီမံကိန်းအတွက် ထောက်ပံ့ကူညီပေးခဲ့သော အလှူရှင်များအားလုံးကို ကျွန်ုပ်တို့အနေဖြင့် အထူးပင်ကျေးဇူးတင်ရှိကြောင်း ထပ်လောင်းတင်ပြအပ်ပါသည်။

# စာဖတ်သူ အသိပေးချက်

ဤစာအုပ် ဖြန့်ဝေသည့်အချိန်တွင် ကာချုပ်မင်းအောင်လှိုင် ဦးဆောင်သည့် စစ်အုပ်စုသည် ပြည်သူလူထု ရွေးကောက်တင်မြှောက်ထားသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပါအဝင် အစိုးရ အဖွဲ့ခေါင်းဆောင်များကို ဖမ်းဆီးပြီး နိုင်ငံတော်အာဏာအရပ်ရပ်ကို သိမ်းယူခဲ့သည့် စစ်အာဏာ သိမ်းကာလအချိန် ဖြစ်ပါသည်။ ဤစာအုပ်တွင် ပါဝင်သော အချက်အလက်များသည် ၂၀၂၀ ခုနှစ် ဒီဇင်ဘာလအထိသာ ပြုစုရေးသားခြင်း ဖြစ်ပါသည်။

သို့သော်လည်း ဤ လမ်းညွှန်အကိုးအကားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင် သည့် အစိုးရလက်ထက် ငြိမ်းချမ်းရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် ၂၀၁၉ နှင့် ၂၀၂၀ ခုနှစ်များ အတွင်း ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်အခြေအနေကို လေ့လာနိုင်ပြီး အနာဂတ်တွင် စစ်အာဏာရှင် ပြုတ်ကျပြီး ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာအချိန်တွင် တိုင်းပြည်အတွင်း ငြိမ်းချမ်းရေး ကြိုးပမ်းအားထုတ်မှုတွင် ပါဝင်ပတ်သက် ဆက်နွှယ်နေသည့် လူပုဂ္ဂိုလ်များ၊ သုတေ သနပြုလုပ်သူများအတွက် တစ်ဖက်တစ်လမ်းမှ လိုအပ်သော အချက်အလက်များ ထောက်ပံ့ပေး နိုင်မည့် စာအုပ်တစ်အုပ်သာ ဖြစ်ပါသည်။

ဤစာအုပ်တွင် ပါဝင်သော အချက်အလက်များမှာ မူလအရင်းအမြစ်များနှင့် ဆင့်ပွားရင်းမြစ် များမှ ရရှိသော အချက်အလက်များဖြစ်၍ တတ်နိုင်သမျှ တိကျပြည့်စုံအောင် စုစည်းထားပါသည်။ ပဋိပက္ခများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု နှစ်ခုဝန်းကျင်၌ ရှိတတ်သော ရှုပ်ထွေးမှုများ၊ အကဲဆတ်မှု များ၏ သဘာဝကြောင့် ဤစာအုပ်တွင် ကွာဟမှုနှင့် အမှားအယွင်းများ မလွဲမရှောင်သာ ရှိနိုင်ပါ သည်။ ကျွန်ုပ်တို့အနေဖြင့် ဤ သုတေသနစာတမ်းအတွက် တန်ဖိုးကြီးမားသော သတင်းအချက် အလက်များအား ရက်ရောစွာ ပေးအပ်ခဲ့သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအားလုံးကို အထူး ကျေးဇူးတင်ရှိကြောင်း တင်ပြလိုပါသည်။

ဤစာအုပ်တွင် ပါဝင်သော အကြောင်းအရာ အချက်အလက်များကို စုဆောင်းရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ရပါသည်။ သို့သော်လည်း ဤစာအုပ်ပါ အချက်အလက်များကို အသုံးပြု၍ ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။ သတင်းမီဒီယာနှင့် အခြားသော တရားဝင် အရင်းအမြစ်များမှ လိုအပ်သောအချက်အလက်များကို စုဆောင်းရာတွင် ကျွန်ုပ်တို့အနေဖြင့် မှားယွင်းမှုများ၊ အဓိပ္ပာယ်နှစ်ခွ ဖြစ်နေမှုများ စသည့်အခြေအနေများကို မကြာခဏ ရင်ဆိုင်ရပါသည်။ တစ်ချိန်တည်းတွင်လည်း အချို့သော အချက်အလက်များသည် ဆွေးနွေးညှိနှိုင်းရေး လုပ်ဆောင်နေသော ကာလများအတွင်း အကဲဖြတ်သည့် သဘောရှိသည်ကိုလည်း စာဖတ်သူများ နားလည်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

ဤဖြစ်စဉ်တွင် ပါဝင်နေသော အဖွဲ့အစည်း အသီးသီးများကြားတွင် မှားယွင်းမှုများ၊ အဓိပ္ပာယ်နှစ်ခွ ဖြစ်နေသော အခြေအနေများကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရှေ့သို့ရောက်ရှိရေးအတွက် တွန်းအားပေးရာတွင် နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်ရတတ်ပါသည်။ ထို့ကြောင့် ငြိမ်းချမ်းလုပ်ငန်းစဉ်များတွင် ပါဝင်သော သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးကြားတွင် နားလည်မှုရှိရေး လိုအပ်ပါသည်။ ရလဒ်အားဖြင့် အနာဂတ်ငြိမ်းချမ်းရေး လုပ်ဆောင်မှုများအတွက် ပိုမိုနီးကြားမှုရှိရေးနှင့် စနစ်ကျနသော သတင်းစုဆောင်းရေးတို့အတွက် ဤစာအုပ်သည် အထောက်အကူပြုမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

# မှတ်တမ်းအနှစ်ချုပ်

၁၉၈၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ မြန်မာနိုင်ငံသည် 'နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ' ဟု အမည်တပ်ထားသည့် စစ်အစိုးရက ထိန်းချုပ်ထားသော စစ်အာဏာရှင် အုပ်စိုးသည့် နိုင်ငံတစ်ခု ဖြစ်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် နာဂစ်ဥပဒေဟု နာမည်ကြီးသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ငန်းစဉ်များအတိုင်း အထွေထွေရွေးကောက်ပွဲကျင်းပကာ စစ်အစိုးရမှ အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းခဲ့သည့် အသွင်ပြောင်းလဲထားသော 'ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ' မှ အနိုင်ရရှိပြီး ၂၀၁၁ ခုနှစ် ဧပြီလမှ စတင်ကာ ဒီမိုကရေစီအမည်ခံ သမ္မတနိုင်ငံ တစ်နိုင်ငံအဖြစ် ပြောင်းလဲခဲ့ပါသည်။ ထို့နောက် ၂၀၁၂ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့ကာ အတိုက်အခံပါတီအဖြစ် ရပ်တည်သော 'အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်' မှ ကိုယ်စားလှယ်များ လွှတ်တော်အတွင်း စတင် ဝင်ရောက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အပြတ်အသတ် အနိုင်ရရှိခဲ့သဖြင့် အစိုးရ ဖွဲ့နိုင်ခဲ့ပြီး ၂၀၁၆ မှ ၂၀၂၁ ဇန်နဝါရီ ၃၁ အထိ တာဝန်ယူခဲ့သည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း ထပ်မံပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တစ်နိုင်ငံလုံးနီးပါး အနိုင်ရရှိခဲ့သော်လည်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ကာချုပ်မင်းအောင်လှိုင် ဦးဆောင်ပြီး စစ်ကောင်စီမှ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်းမရှိဘဲ အရပ်သားအစိုးရကို ဖယ်ရှားပြီး နိုင်ငံတော်အာဏာကို အဓမ္မသိမ်းယူခဲ့သည်မှာ ယခုဆိုလျှင် တစ်နှစ်ကျော်ခဲ့ပြီ ဖြစ်သည်။

အာဏာရပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစိုးရလက်ထက်တွင် ၂၀၁၉ ခုနှစ်ထဲတွင် အပစ်ရပ်စာချုပ် လေးနှစ်ပြည့်ပွဲ လုပ်နိုင်ခဲ့သည်မှ လွဲလို့ တစ်နှစ်ကျော်ကြာ ရပ်တန့်နေတဲ့ တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပြန်စဖို့ ရုန်းကန်ခဲ့ရသလို ခြောက်လတစ်ကြိမ် လုပ်ဖို့ စီစဉ်ထားတဲ့ ၂၁ ရာစု ပင်လုံညီလာခံ ကျင်းပနိုင်တဲ့ အနေအထား မရှိခဲ့သည်ကို တွေ့ရပါသည်။ စစ်ရေးတွင် ကချင်

လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အေ)နဲ့ တိုက်ပွဲတွေ တစ်နှစ်ကျော်ကြာ ရပ်ဆိုင်းနိုင်ခဲ့ပေမယ့် မြောက်ပိုင်းမဟာမိတ်အဖွဲ့တွေနဲ့ တိုက်ပွဲတွေ ပြင်းထန်ခဲ့ပြီး ရခိုင်မှာ စစ်နယ် ပိုကျယ်ပြန့်လာခဲ့သည်ကို တွေ့ရသည်။ ထိုအပြင် အပစ်ရပ်လက်မှတ်ထိုး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့နဲ့ တိုက်ပွဲတွေ ကြိုကြား ကြိုကြား ပြန် ပြန် ဖြစ်လာပြီး ၂၀၁၉ - ၂၀၁၀ တွင် မိမိတို့ Myanmar Peace Monitor ၏ စုဆောင်း မှတ်တမ်းပြုစုထားသည့် သတင်းအချက်အလက်များအရ ၂၀၁၇၊ ၂၀၁၈ ခုနှစ်များထက် တိုက်ပွဲဖြစ်ပွားရက် များကြောင်း တွေ့ရှိခဲ့ရပါသည်။ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်သည် တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှု အများဆုံး ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

ဤစာအုပ်ထဲတွင် ၂၀၁၉ - ၂၀၂၀ ခုနှစ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးတည်ရာ၊ ပဋိပက္ခ လေ့လာဆန်းစစ် တွေ့ရှိချက်များ၊ စစ်ဘေးရှောင်များအခြေအနေ၊ ငြိမ်းချမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ၊ မြန်မာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာ အခန်းကဏ္ဍ၊ အဖွဲ့အစည်းများအကြောင်း တစေ့တစောင်း၊ ငြိမ်းချမ်းရေးအတွက် ပံ့ပိုးလျက်ရှိသည့် ပြည်တွင်းပြည်ပအဖွဲ့များ (အဖွဲ့ ၂၀ ရဲ့ Profile အကျဉ်း) ၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ထူးခြားသည့် သဘောထားထုတ်ပြန်ချက်များကို စုစည်းတင်ပြထားပါသည်။

ထို့အပြင် တိုက်ပွဲများတွင် မည်သည့် တိုက်ပွဲဖြစ်မှုက ပိုများပြီး တွေ့ဆုံဆွေးနွေးမှုမှာ မည်သူနှင့် မည်သူ တွေ့ဆုံဆွေးနွေးမှုက ပိုများသည်ကို ဖော်ပြထားသလို ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း တွေ့ရှိရတဲ့ တွေ့ဆုံဆွေးနွေးမှုနဲ့ တိုက်ပွဲဆိုင်ရာ ကိန်းဂဏန်းများကို နှိုင်းယှဉ်ဖော်ပြတဲ့ အနှစ်ချုပ်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းက အဖုအထစ် အဟန့်အတား စိန်ခေါ်မှုတွေကို မြင်သာသုံးသပ်ရေးသားဖော်ပြထားပါသည်။ ထို့အပြင် ၂၀၁၉- ၂၀၂၀ ခုနှစ်အတွင်း မြန်မာစစ်တပ်၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ထုတ်ပြန်ကြေညာချက်များထဲမှ အချို့ကိုလည်း ကောက်နုတ်ဖော်ပြခဲ့ပါသည်။

ဤစာအုပ်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ဆက်နွှယ်နေသည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများအပါအဝင် မီဒီယာလောကအတွက်လည်း လမ်းညွှန်အကိုးအကားတစ်ခုဖြစ်ပါသည်။ ဤစာအုပ်တွင် ပဋိပက္ခ ဆက်လက်ဖြစ်ပွားနေသော ဒေသများ၏ အခြေခံအကြောင်းအရင်းများ၊ အချက်အလက်များနှင့် အဖွဲ့အစည်းတည်ရှိမှုကို မြေပုံကားချပ်များဖြင့် အတူတကွ ဖော်ပြထားသည်။ အဓိကကျသော လူပုဂ္ဂိုလ်များ၏ ငြိမ်းချမ်းရေးဆိုင်ရာ စိတ်ဝင်စားမှုများနှင့် လုပ်ဆောင်မှုများကို အကဲဖြတ်ခြင်းအားဖြင့် ရှုပ်ထွေးခက်ခဲသော အပြန်အလှန်ဆက်ဆံရေးများအပေါ် ခြေရာခံမိနိုင်မည်ဖြစ်သည်။ ဤစာအုပ်တွင်ပါရှိသော သတင်းအချက်အလက်များသည် မည်သည့် လူပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း စသည်တို့ ငြိမ်းချမ်းရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို စာဖတ်သူများ သိရှိ၍ အကိုးအကား လမ်းညွှန်မှုတစ်ခုအနေဖြင့် အသုံးဝင်ပါလိမ့်မည်။

# အတိုကောက် အက္ခရာများ

## အတိုကောက်အက္ခရာများ

| | | |
|---|---|---|
| AAPP | - | နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) |
| ABSDF | - | မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး |
| UNRA | - | ပြည်ထောင်စုကာကွယ်ရေးတပ် |
| ACRS | - | ရခိုင်ပြည်နယ် အကြံပေးကော်မရှင် |
| ALP | - | ရခိုင်ပြည်လွတ်မြောက်ရေးပါတီ |
| ANC | - | ရခိုင်အမျိုးသားကောင်စီ |
| ANC/AA | - | ရခိုင်အမျိုးသားကောင်စီ/ရခိုင်တပ်မတော် |
| ASEAN | - | အရှေ့တောင်အာရှနိုင်ငံများအသင်း |
| BGF | - | နယ်ခြားစောင့်တပ် |
| BIMSTEC | - | ဘင်္ဂလားပင်လယ်အော်ဒေသ ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ |
| BLO | - | နယ်ခြားဆက်ဆံရေးရုံး |
| BNI | - | နိုင်ငံတကာမြန်မာ့သတင်း |
| BRI | - | ပိုးလမ်းမစီမံကိန်း |
| CMEC | - | တရုတ်မြန်မာစီးပွားရေးစင်္ကြံလမ်း |
| CNF | - | ချင်းအမျိုးသားတပ်ဦး |
| CSOs | - | အရပ်ဘက်လူမှုအဖွဲ့အစည်းများ |
| CSSU | - | ရှမ်းပြည်နယ်ညီညွတ်ရေးကော်မတီ |
| CT | - | ပူးပေါင်းညှိနှိုင်းရေး |

| | | |
|---|---|---|
| DEU | - | တိုင်းရင်းသားလက်နက်ကိုင်ညီညွတ်ရေးကိုယ်စားလှယ်အဖွဲ့ |
| DKBA | - | ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာတပ်မတော် |
| DKBA | - | ဒီမိုကရေစီ ကရင်အကျိုးပြုတပ်မတော် (ယခင် တပ်မဟာ ၅) |
| DPN | - | နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ |
| EAOs | - | တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ |
| EBO | - | ဥရောပ-မြန်မာရုံး |
| ENAC | - | တိုင်းရင်းသားလူမျိုးများရေးရာစင်တာ |
| ENC | - | တိုင်းရင်းသားလူမျိုးများကောင်စီ |
| EU | - | ဥရောပသမဂ္ဂ |
| EUMC | - | ဥရောပသမဂ္ဂ စစ်ဘက်ရေးရာကော်မတီ |
| FDI | - | နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု |
| FPD | - | နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် |
| FPNCC | - | ပြည်ထောင်စုငြိမ်းချမ်းရေးတွေ့ဆုံညှိနှိုင်းရေးကော်မတီ |
| IC | - | စုံစမ်းစစ်ဆေးရေးကော်မရှင် |
| IDP | - | ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ |
| IPSG | - | နိုင်ငံတကာငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့ |
| JICM | - | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် ပူးတွဲ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းရေးအစည်းအအဝေး |
| JMC-L | - | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ - ဒေသအဆင့် |

| | | |
|---|---|---|
| JMC-S | - | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ - ပြည်နယ်အဆင့် |
| JMC-U | - | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ - ပြည်ထောင်စုအဆင့် |
| JPF | - | ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေအဖွဲ့ |
| KAF | - | ကော်သူးလေလက်နက်ကိုင်တပ်ဖွဲ့ |
| KIO/KIA | - | ကချင်ပြည် လွတ်လပ်ရေးအဖွဲ့/တပ်မတော် |
| KNDP/A | - | ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ/စစ်တပ် |
| KNLP | - | ကယန်းပြည်သစ်ပါတီ |
| KNO (Burma) | - | ကူကီးအမျိုးသားအစည်းအရုံး (ဗမာ) |
| KNO | - | ကချင်အမျိုးသားအစည်းအရုံး |
| KNPDP | - | ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| KNPLF | - | ကရင်နီအမျိုးသားလူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး |
| KNPP | - | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ |
| KNSO | - | ကရင်နီအမျိုးသားသွေးစည်းညီညွတ်ရေးအဖွဲ့ |
| KNU | - | ကရင်အမျိုးသားအစည်းအရုံး |
| KPC | - | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)- KNLA/PC |
| KPF | - | ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ |
| KWAT | - | ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံ |

| | | |
|---|---|---|
| LDU | - | လားဟူဒီမိုကရက်တစ်အစည်းအရုံး |
| LNDO | - | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ |
| MA | - | မြန်မာ့တပ်မတော် |
| MNDAA | - | မြန်မာအမျိုးသား ဒီမိုကရေစီမဟာမိတ်တပ်မတော် |
| MPC | - | မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန |
| MPM | - | မြန်မာ့ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေး (Myamar Peace Monitor) |
| MPSI | - | မြန်မာ့ငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့ |
| NA-B | - | မြန်မာပြည်မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့ |
| NBF | - | ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း |
| NCA | - | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် |
| NCA-NS ESOs | - | NCA လက်မှတ်ရေးမထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ |
| NCA-S EAOs | - | NCA လက်မှတ်ရေးထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ |
| NCCT | - | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ |
| NDA-K | - | ဒီမိုကရေစီသစ်တပ်မတော် - ကချင် |
| NDAA-ESS | - | အမျိုးသားမဟာမိတ်တပ်မတော် - ရှမ်းပြည်အရှေ့ပိုင်း |
| NDSC | - | အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ |
| NLD | - | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NMSP | - | မွန်ပြည်သစ်ပါတီ |

| | | |
|---|---|---|
| NRPC | - | အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန |
| NSAG | - | အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်း |
| NSCN-K | - | နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ - ခပ်ပလန် |
| OIC | - | အစ္စလာမ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ |
| PC | - | ငြိမ်းချမ်းရေးကော်မရှင် |
| PCG | - | ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ |
| PDSG | - | ငြိမ်းချမ်းရေးအလှူရှင်များအုပ်စု |
| PI | - | ပြည်ထောင်စုအင်စတီကျူ့ |
| PMF | - | ပြည်သူ့စစ်အုပ်စု၊ ပြည်သူ့စစ်တပ် |
| PNLO | - | ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ |
| PNO | - | ပအိုဝ်းအမျိုးသား အစည်းအရုံး |
| PPST | - | ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ |
| PPWT | - | ငြိမ်းချမ်းရေးလုပ်ငန်း ဖော်ဆောင်မှုအဖွဲ့ |
| PRC | - | တရုတ်ပြည်သူ့သမ္မတနိုင်ငံ |
| PSLF/TNLA | - | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/ တအာင်းအမျိုးသားတပ်မတော် |
| PYO | - | ပအိုဝ်းလူငယ်အဖွဲ့အစည်း |
| RCSS/SSA | - | ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် |
| SAZ | - | အထူးအုပ်ချုပ်ရေးဇုန် |
| SEZ/SIZ | - | အထူးစီးပွားရေးဇုန်/အထူးစက်မှုဇုန် |

| | | |
|---|---|---|
| SLORC | - | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခင် စစ်အစိုးရ ၁၉၈၈-၁၉၉၇) |
| SNA | - | ရှမ်းနီတိုင်းရင်းသားများတပ်မတော် |
| SNDP | - | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ |
| SNLD | - | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် |
| SPDC | - | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| SSPP/SSA | - | ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် |
| ULA/AA | - | ရခိုင်အမျိုးသားအဖွဲ့ချုပ်/ ရက္ခိုင့်တပ်တော် |
| UNFC | - | ညီညွတ်သော တိုင်းရင်းသားလူမျိုးများကောင်စီ |
| UNHCR | - | ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး |
| UNODC | - | ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုရုံး |
| UPCC | - | ပြည်ထောင်စု ငြိမ်းချမ်းရေး ဗဟိုကော်မတီ |
| UPDJC | - | ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ |
| UPWC | - | ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ |
| USDP | - | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| USIP | - | အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေး အင်စတီကျူ့ |
| UWSA/P | - | ဝ ပြည် သွေးစည်းညီညွတ်ရေးတပ်မတော်၊ ပါတီ |
| WGEC | - | တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေးအလုပ်အဖွဲ့ |
| WLB | - | အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) |
| WNO/A | - | ဝ အမျိုးသားအစည်းအရုံး/တပ်မတော် |
| ZRO | - | ဇိုမီးပြန်လည်ပေါင်းစည်းရေး အစည်းအရုံး |

# ကျွန်ုပ်တို့အကြောင်း

နိုင်ငံတကာမြန်မာ့သတင်းအဖွဲ့ (ဘီအင်န်အိုင်) သည် မြန်မာနိုင်ငံအနောက်ဘက် နယ်စပ်ဒေသများဖြစ်သော မြန်မာ-ဘင်္ဂလားဒေ့ရှ်၊ မြန်မာ - အိန္ဒိယ နယ်စပ်များတွင် အခြေပြုသည့် မီဒီယာအဖွဲ့အစည်းလေးခုဖြင့် ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သည်။ တည်ထောင်ခဲ့သော အဖွဲ့အစည်းများမှာ Mizzima News, Narinjara News, Kaladan Press Network နှင့် Khonumthung News တို့ ဖြစ်သည်။ နောက်ပိုင်းတွင် နိုင်ငံတကာမြန်မာ့သတင်းအဖွဲ့ကို ထိုင်းနိုင်ငံနှင့် ထိုင်းမြန်မာနယ်စပ်တွင် အခြေစိုက်သော သတင်းအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံအတွင်း၌ အခြေစိုက်သောအဖွဲ့များဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့ကြသည်။ လက်ရှိတွင် တိုင်းရင်းသားမီဒီယာ၊ ဒေသခံမီဒီယာ ၁၆ ဖွဲ့ဖြင့် စုစည်းထားသည်။ နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့သည် မြန်မာနိုင်ငံနှင့် ဆက်နွယ်သည့်သတင်းများ တောင်အာရှနှင့် အရှေ့တောင်အာရှရှိ အစီရင်ခံစာများကို မြှင့်တင်ပေးရန် ရည်ရွယ်သည်။ ထို့အပြင် လွတ်လပ်သည့် မြန်မာမီဒီယာအဖွဲ့အစည်းများကြား အပြန်အလှန် နားလည်မှုရှိစေရန် ပေါင်းကူးပေးခြင်း၊ အတွေ့အကြုံများ၊ ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များ ဖလှယ်မှုပြုစေခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပေါ်ပေါက်စေရန် လုပ်ဆောင်ပေးလျက်ရှိသည်။


မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် စစ်အာဏာရှင်ကို ဆန့်ကျင်နေသည့် တော်လှန်ရေးကြောင့် ပဋိပက္ခဖြစ်ပွားနေသော ဒေသများ၏ သတင်းအချက်အလက်များကို BNI-MPM အဖွဲ့မှ စောင့်ကြည့်ရေးလုပ်ငန်းများကိုဆောင်ရွက်နေပြီး၊ ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းများကို ပိုမို နားလည်နိုင်စေရန်နှင့် ချိတ်ဆက်လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ပြီး နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့မှ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် စောင့်ကြည့်ရေးလုပ်ငန်းများကို လုပ်ဆောင်နေသည်။ ထို့ကြောင့် ၂၀၁၉ - ၂၀၂၀ တွင် မိမိတို့ Myanmar Peace Monitor ၏ စုဆောင်း မှတ်တမ်းပြုစုထားသည့် စာအုပ်ထဲတွင် ရုပ်ထွေးပွေလီလှပြီး အဆင့်များစွာပါဝင်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် တိုက်ရိုက်ပတ်သက်နေသော အကြောင်းအရာများ၊ အဖြစ်အပျက်များ၊ လူပုဂ္ဂိုလ်များ၊ ငြိမ်းချမ်းရေးဖြစ်စဉ် ဦးတည်ချက် လားရာ စသည်တို့ကို သေချာဂနစွာ နားလည်သဘောပေါက်စေရန် ရည်ရွယ်သည်။

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် စောင့်ကြည့်ရေးဝက်ဘ်ဆိုက် (www.mmpeacemonitor.org) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သော နောက်ဆုံးရသတင်းများကို ပုံမှန်လွှင့်တင်လျက် ရှိနေပါသည်။ စာဖတ်သူများအနေဖြင့် နောက်ဆုံးရသတင်းများနှင့် အချက်အလက်များကို စိတ်ဝင်စားပြီး ရယူလိုပါက www.mmpeacemonitor.org တွင် အဖွဲ့ဝင်ထားပြီး ရယူနိုင်ပါသည်။ သတင်းအချက်အလက်များ ရယူခြင်း၊ အကြံညာဏ်များ ပေးခြင်း၊ သတင်းအချက်အလက်များကိုမျှဝေပေးမည်ဆိုပါက info@mmpeacemonitor.org ကို ဆက်သွယ်နိုင်ပါသည်။

BURMA NEWS INTERNATIONAL

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးတည်ရာ

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းအစီအစဉ်ပြမြေပုံ




Source: Myanmar Peace Monitor

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်သူများ

မြန်မာပြည်လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည်ဟု ဆိုနိုင်သော ပြည်တွင်းစစ် (ဝါ) မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ဖြစ်ပွားခဲ့သည့် စစ်ပွဲများသည် ယခုဆိုလျှင် နှစ်ပေါင်း ၇၀ ပင် ကျော်ခဲ့ပါပြီ။ ခေတ်အဆက်ဆက် ဦးဆောင်အုပ်ချုပ်သူများအနေဖြင့် ၎င်းစစ်မီးစစ်လျှံများကို အမြစ်ပြတ်အောင် မငြိမ်းခဲ့ကြဘဲ မီးကွင်းမီးကျန်များ ထားရှိခဲ့၍သာ ပြည်


၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ သောကြာနေ့ အတွဲ (၅၀)၊ အမှတ် (၁၁၇)

ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခြင်း

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က ကြေညာချက်အမှတ် (၁/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့

ကြေညာချက်အမှတ် ၁/၂၀၁၁

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်အစိုးရသည် ဒိုတာဝန်အရေး(၃)ပါးကို ထိန်းသိမ်းပြီး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရန်အတွက် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကာ နေရာဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းတည်ဆောက်သွားရန် အထူးပင် လိုအပ်သည်ဟု ယုံကြည်ပါသည်။

၂။ လက်နက်ကိုင် ပဋိပက္ခများပြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့တစ်ဖွဲ့ချင်းအလိုက် ပထမအဆင့်အနေဖြင့် ပဏာမဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

၃။ ပဏာမဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပြီးပါက နိုင်ငံတော်အစိုးရဘက်မှ ဆွေးနွေးမည့် အဖွဲ့အစည်းဖွဲ့စည်းပြီး သက်ဆိုင်ရာ ငြိမ်းချမ်းရေးဖော်ဆောင်မည့် အဖွဲ့အစည်းနှင့် ဆွေးနွေးရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

အမိန့်အရ
(တင်မျိုးဝင်)
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

တွင်းစစ် သက်ဆိုးရှည်ရခြင်းဖြစ်သည်ဟု မှတ်ယူရပါမည်။ ချုပ်၍ဆိုရသော် ယင်း စစ်မီးများသည် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဖြင့် တက်ရောက်လာသည့် အငြိမ်းစား တပ်မတော်ထိပ်ပိုင်း ခေါင်းဆောင်ဟောင်း ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရလက်ထက်တွင် ပြန်လည်နိုးကြွလာခဲ့သည်။

## အစိုးရအစီအစဉ်

၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆွေးနွေးကြရန် ဦးသိန်းစိန်အစိုးရ၏ ဖိတ်ခေါ်ခြင်းဖြင့် မြန်မာ့ငြိမ်းချမ်းရေးခရီးလမ်း စတင်ခဲ့သည်။ မူလက EAO တစ်ဖွဲ့ချင်းနှင့် အစိုးရအကြား ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိရေးအတွက် ဖိတ်ခေါ်သည့်ပုံစံ ဖြစ်သော်လည်း ၂၀၁၃ ခုနှစ်ထဲတွင်တော့ တစ်နိုင်လုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် (NCA) ပုံစံ အကြောင်းဖန်လာခဲ့သည်။ အစိုးရသက်တမ်းကုန်ခါနီးချိန်အထိ လပေါင်း ၅၀ ကြာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှု အကြိမ်ပေါင်း ၂၅၀ နီးပါး ပြုလုပ်ခဲ့သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင်တော့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ရှစ်ဖွဲ့ဖြင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် အဆိုပါ သဘောတူ စာချုပ်ကို ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုချက် ရယူနိုင်ခဲ့သည်။

(NCAတွင် လက်မှတ်ရေးထိုးထားသော တိုင်ရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့မှာ KNU (ကရင်အမျိုးသားအစည်းအရုံး)၊ KNU/KNLA(P.C) ကရင်အမျိုးသားအစည်းအရုံး/ ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)၊ DKBA (ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်)၊ CNF (ချင်းအမျိုးသားတပ်ဦး)၊ PNLO (ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ်)၊ ABSDF (မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး)၊ RCSS/SSA (ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ)၊ ALP (ရခိုင်ပြည် လွတ်မြောက်ရေးပါတီ)တို့ ဖြစ်သည်။)

လေ့လာသုံးသပ်သူများ၏ ရှုမြင်ချက်များအရတော့ NCA လက်မှတ်ထိုးခဲ့သည့် လက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့၏ အင်အားသည် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်အင်အား၏ ၂၀ ရာခိုင်နှုန်းသာ ရှိပြီး NCA လက်မှတ်မထိုးရသေးသော အဖွဲ့များ၏ အင်အားစုစုပေါင်းသည် ၈၀ ရာခိုင်နှုန်းအထိ ရှိသည်ဟု ဆိုကြသည်။ မည်သို့ဆိုစေ ပထမဆုံး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (UPC) ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်တွင် ကျင်းပခဲ့သည်။

သို့သော်လည်း NCA သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဖြင့် တက်လှမ်းလာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အစိုးရအဖွဲ့အတွက် ဆိုးသည် ဖြစ်စေ၊ ကောင်းသည် ဖြစ်စေ၊ ပြည့်စုံသည် ဖြစ်စေ၊ မပြည့်စုံသည် ဖြစ်စေ လက်ခံရမည့် အမွေတစ်ရပ်ဖြစ်ခဲ့ပြီး ဆက်လက် ချီတက်သယ်ဆောင်သွားရန် တာဝန်တစ်ရပ် ဖြစ်ခဲ့သည်။


နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးလမ်းပြမြေပုံ

၁။ နိုင်ငံရေးဆွေးနွေးမှုကောင်း ပြန်လည်သုံးသပ်ခြင်း
၂။ နိုင်ငံရေးဆွေးနွေးမှုကောင်း ပြန်လည်ပြင်ဆင်ခြင်း
၃။ ပြင်ဆင်အတည်ပြုပြီးဖြစ်သော နိုင်ငံရေးဆွေးနွေးမှုကောင်းနှင့်အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပခြင်း
၄။ (၂၁)ရာစုပင်လုံညီလာခံရလဒ်များအား စုစည်း၍ ပြည်ထောင်စုသဘောတူညီချက် 21st Century Panglon Conference Agreement လက်မှတ်ရေးထိုးခြင်း
၅။ ပြည်ထောင်စုသဘောတူညီချက်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသားခြင်း အတည်ပြုခြင်း
၆။ ပြင်ဆင်ရေးသားအတည်ပြုပြီးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကျင်းပခြင်း
၇။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်နှင့်အညီ ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ခြင်း

ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်ကိုင်တွယ်လာသည့် ပြည်တွင်းငြိမ်းချမ်းရေးလမ်းကြောင်းတွင် ဦးသိန်းစိန်အစိုးရ ဖွဲ့စည်းခဲ့သည့် မြန်မာငြိမ်းချမ်းရေးစင်တာ (MPC) ကို အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အဖြစ် အမည်ပြောင်းလဲကာ အဖွဲ့ဝင် အားလုံးနီးပါး ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

NCA အရ အကောင်အထည်ဖော်ရမည်ဖြစ်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျင်းပနိုင်ရန်အတွက် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံကျင်းပရေးဗဟိုကော်မတီကို ဖွဲ့စည်းသည်။ ယင်း ဗဟိုကော်မတီမှတစ်ဆင့် ၂၁ ရာစု ပင်လုံအကြိုပြင်ဆင်ရေးကော်မတီ ၁၊ ၂ တို့ကို ဖွဲ့စည်းကာ ဦးသိန်းစိန်လက်ထက်တွင် ပထမဆုံး ပြုလုပ်ခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို 'ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ' အဖြစ် အမည်သမုတ်ကာ ဆက်လက်ကျင်းပနိုင်ရေး ပြင်ဆင်သည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- ၂၁ ရာစုပင်လုံ ပထမအကြိမ်အစည်းအဝေးတွင် တိုင်းရင်းသားလက်နက်အဖွဲ့ အားလုံးနီးပါး စုံလင်စွာ တက်ရောက်ခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံ အစည်းအဝေးများကို ၂၀၁၇ ခုနှစ် မေလ ၂၄ ရက်မှ ၂၉ ရက် အထိ တစ်ကြိမ်နှင့် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၁ ရက်မှ ၁၆ ရက်အထိ တစ်ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အချက် ၅၁ ချက် ပါဝင်သော ပြည်ထောင်စု အစိတ်အပိုင်း ၁၊ ၂ ကို ရရှိခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကတော့ ၂၀၁၉ ခုနှစ်အတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံအစည်းအဝေးကို သုံးကြိမ်အထိ ပြုလုပ်နိုင်ရန် ရည်မှန်းခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်မှ စတုတ္ထအကြိမ်မြောက် ၂၁ ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံကို ကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၃ ကို ရရှိခဲ့ပါသည်။

တစ်ဖက်တွင် ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သော ငြိမ်းချမ်းရေးကော်မရှင် (PC) အနေဖြင့် NCA လက်မှတ်မထိုးရသေးသော EAOs များ NCA တွင် ပါဝင်လာရေးအတွက် တွေ့ဆုံဆွေးနွေး ညှိနှိုင်းရမည် ဖြစ်သည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် မွန်ပြည်သစ်ပါတီ (NMSP)၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့နှင့် အစိုးရ၊ တပ်မတော်အကြား NCA လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အခြားသော NCA တွင် မပါဝင်သေးသည့် EAOs များနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

ထို့အပြင် NCA အရ ဖြစ်ပေါ်လာသော တရားဝင်ဆွေးနွေးပွဲများတွင် ယာယီပါဝင်မှု ရပ်ဆိုင်းထားသည့် KNU ၊ RCSS/SSA တို့နှင့်လည်း တရားဝင်ဆွေးနွေးပွဲများတွင် ပြန်လည်ပါဝင်လာနိုင်ရေး အလွတ်သဘော တွေ့ဆုံဆွေးနွေးလျက် ရှိသည်။

## တပ်မတော်ပါဝင်မှု

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် တပ်မတော်သည် တပ်မတော်အငြိမ်းစားအများစု ဦးဆောင်သော ဦးသိန်းစိန်အစိုးရလက်ထက် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အပေးအယူမှုတစ်ခုကို ဖြတ်သန်းနိုင်ခဲ့ပါသည်။ အလားတူ ပြောင်းလဲလာသော NLD အစိုးရသစ်နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ သို့သော် ဦးသိန်းစိန်အစိုးရလက်ထက် ကလောက်တော့ အစိုးရနှင့် တပ်မတော်အကြား အပေးအယူမှုတခြင်း မရှိဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွက် အစိုးရ (အင်အားစု) နှစ်ရပ်ကို ဆွေးနွေးညှိနှိုင်းရသလို ဖြစ်နေသည်ဟု NCA-S EAOs ခေါင်းဆောင်အချို့က ပြောဆိုပါသည်။

NCA အရ ဖြစ်ပေါ်လာသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစု ပင်လုံကျင်းပနိုင်ရေး အတွက် ကဏ္ဍအလိုက် အကြိုညှိနှိုင်းဆွေးနွေးရသော UPDJC တွင်လည်းကောင်း၊ ပစ်ခတ် တိုက်ခိုက်မှုဆိုင်ရာ ပူးတွဲစောင့်ကြည့်ရသည့် JMC တွင်လည်းကောင်း တပ်မတော်သား ကိုယ်စားလှယ်များ ကသာ အမြဲတမ်းဥက္ကဋ္ဌနေရာမှ ပါဝင်နေသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၁၉ ခုနှစ် ဧပြီလ ၃၀ ရက်အထိ စစ်တိုင်းကြီး ငါးခုတွင် တပ်မတော်၏ စစ်ရေးလှုပ်ရှားမှုများအား ယာယီ ရပ်ဆိုင်းကြောင်း မြန်မာ့တပ်မတော်ဘက်က ကြေညာခဲ့သည်။

တစ်ဖက်တွင်တော့ NCA လက်မှတ်ရေးထိုးထားသော KNU ၊ RCSS/SSA တို့နှင့် တပ်မတော် အကြား တိုက်ပွဲဖြစ်ပွားမှု ရှိနေသလို NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် မြောက်ပိုင်းတိုင်း ရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်လည်း တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။ ၂၀၁၈ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၁၉ ခုနှစ်အတွင်းတွင်တော့ ULA/AA နှင့် မြန်မာ့တပ်မတော်အကြား ရခိုင်ပြည်နယ် မြို့နယ်များနှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တို့တွင် တိုက်ပွဲများပြင်းထန်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအလွန် ရက်ပိုင်းမှစပြီး တပ်မတော်နှင့် ULA/ AA အကြား ရုတ်တရက် တိုက်ပွဲများ ရပ်တန့်သွားခဲ့သည်။

သို့သော် စစ်ကိုင်းတိုင်းဒေသကြီး နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်လည်း နာဂ လက်နက်ကိုင်အဖွဲ့ဖြစ်သည့် NSCN-K ၏ စခန်းအချို့ကို တပ်မတော်မှ ဝင်ရောက်သိမ်းပိုက်ထားသည်။

# EAOs တို့၏ အခန်းကဏ္ဍ

ဦးသိန်းစိန်အစိုးရလက်ထက်တွင် အရေးပါသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြင့် စုဖွဲ့ထားသော UNFC ရှိသည်။ UNFC မှ တစ်ဆင့် အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် အဖွဲ့ ၁၆ ဖွဲ့ ပါသော NCCT ကို ဖွဲ့စည်းကာ NCA မူကြမ်းရရှိရေး ကြိုးပမ်းခဲ့သည်။ NCA ပထမ မူကြမ်း အပြီးတွင်တော့ UNFC မှ SD ကိုဖွဲ့ကာ NCA မူကြမ်း အချောသပ်နိုင်ရေး ပြင်ဆင်ခဲ့သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း ဦးသိန်းစိန်အစိုးရနှင့် NCA လက်မှတ်ထိုးချိန်တွင်တော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ဖွဲ့သာ ပါဝင်နိုင်ခဲ့သည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ စုဖွဲ့ထားသည့် UNFC တွင် NCA-S EAOs နှင့် Non-NCA EAOs အဖြစ် အုပ်စုနှစ်စု ပေါ်လာခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ဖွဲ့ပါဝင်သည့် NCA-S EAOs သည် NLD အစိုးရ လက်ထက်တွင် နှစ်ဖွဲ့တိုးလာကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ ရှိလာပြီဖြစ်သည်။ NCA-SEAOs အနေဖြင့် PPST ကို ဖွဲ့စည်းကာ NCA အရ ဖြစ်ပေါ်လာသော JICM ၊ UPDJC နှင့် JMC တို့တွင် လူဦးရေခွဲတမ်းအလိုက် ပါဝင်ကာ ၂၁ ရာစုပင်လုံမှ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများ ရရှိနိုင်ရေးအတွက် ဆွေးနွေးလျက်ရှိပါသည်။

သို့သော် NCA အရ သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း လမ်းကြောင်းလွဲနေသည်ဟု ဆိုကာ ပြန်လည်သုံးသပ်ရန်အတွက် PPST ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌများ ဖြစ်သော KNU ၊ RCSS/SSA ခေါင်းဆောင်များက တရားဝင် ဆွေးနွေးပွဲများတွင် ပါဝင်မှုကို ယာယီရပ်ဆိုင်းကာ အလွတ်သဘော ဆွေးနွေးမှုများဖြင့် အဖြေရှာရန် ပြင်ဆင်လာကြသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင်မှ လေးလကြာ ရပ်နားထားသည့် PPST အစည်းအဝေးကို ပြန်လည်ခေါ်ယူကာ PPST တွင် ခေါင်းဆောင်မှု အပြောင်းအလဲ ဖြစ်ခဲ့သည်။ အစိုးရငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် PPST ၊ KNU ၊ RCSS/SSA တို့အကြား သီးခြားစီ အလွတ်သဘောတွေ့ဆုံမှုများ ပြုလုပ်ကာ NCA အရ တရားဝင်ဆွေးနွေးပွဲများ ပြန်လည် စတင်နိုင်ရန် ဆွေးနွေးလျက်ရှိသည်။

Non-NCA EAOs ဘက်တွင်တော့ UWSA ဦးဆောင်သည့် မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့ ပါဝင်သော FPNCC ရှိနေပြီး UNFC တွင် ပါဝင်နေသော KNPP ရှိနေပါသည်။ ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် အိန္ဒိယအရှေ့မြောက်ပိုင်းတွင် အခြေစိုက်သော NSCN-K လည်း ရှိနေပါသည်။

NCA မဟုတ်သော နိုင်ငံရေးနည်းလမ်းဖြင့် အစိုးရနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာရန် FPNCC မှ တောင်းဆိုထားပြီး PC အနေဖြင့်တော့ EAO တစ်ဖွဲ့ချင်းစီနှင့်သာ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ အလားတူ KNPP နှင့် PC အကြားတွင်လည်း NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက် ရှိသည်။

တိုက်ပွဲဖြစ်ပွားမှုတွင်တော့ NCA-S EAOs ထဲမှ KNU ၊ RCSS/SSA တို့နှင့်လည်းကောင်း၊ (N-NCA-EAOs) FPNCC အဖွဲ့ဝင်များထဲမှ KIO/KIA ၊ TNLA ၊ MNDAA ၊ SSPP/SSA ၊ ULA/AA တို့နှင့်လည်းကောင်း မြန်မာ့တပ်မတော်အကြားတိုက်ပွဲများ ဖြစ်ပွားမှုများရှိခဲ့သည်။ ULA/AA နှင့် မြန်မာ့တပ်မတော်အကြား ရခိုင်ဒေသရှိ တိုက်ပွဲဖြစ်ပွားမှုများကတော့ ပြင်းထန်နေဆဲဖြစ်သည်။

## JICM ၊ UPDJC နှင့် JMC

NCA အရ JICM ၊ UPDJC နှင့် JMC တို့ကို ဖြစ်ပေါ်စေခဲ့ပြီး JICM သည် အမြင့်ဆုံး အစည်းအဝေးဟု ဆိုရမည် ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံအတွက် ကဏ္ဍအလိုက် ဆွေးနွေးလျက်ရှိသော UPDJC တွင် သဘောတူညီမှု မရသည့်အခါမျိုးတွင် JICM ကို ခေါ်ယူကာ ဆုံးဖြတ်ချက်ရယူသည့် သဘောဖြစ်သည်။ JICM တွင် အစိုးရ၊ တပ်မတော်၊ လွှတ်တော်နှင့် NCA-S EAOs ခေါင်းဆောင်များ ပါဝင်သည်။

UPDJC နှင့် JMC တို့တွင်တော့ အစိုးရ၊ တပ်မတော်၊ လွှတ်တော်နှင့် NCA-S EAOs တို့၏ ကိုယ်စားလှယ်အစုအဖွဲ့များအပြင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အနိုင်ရရှိသော ပါတီများအစုအဖွဲ့တို့ ပါဝင်သည်။ UPDJC သည် ၂၁ ရာစုပင်လုံအစည်းအဝေးတွင် ဆွေးနွေးမည့် အကြောင်းအရာများကို ဆွေးနွေးရခြင်းဖြစ်ပြီး JMCကတော့ JMC-U၊ JMC-S နှင့် JMC-Lတို့ကို ဖွဲ့စည်းကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားခြင်းကို ခိုင်မာစေရန်နှင့် ပစ်ခတ်တိုက်ခိုက်မှုများကို ထိန်းချုပ်ရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။ JMC အဆင့်ဆင့်တွင် အရပ်သားကိုယ်စားလှယ်အချို့ ပါဝင်သလို NCA-S EAOs ကိုယ်စားလှယ်အချို့လည်း အချိုးအစားအလိုက် ပါဝင်သည်။ UPDJC နှင့် JMC တို့၏ အဆုံးအဖြတ်ပေးနိုင်သော ဥက္ကဋ္ဌတာဝန်များကိုတော့ တပ်မတော်သားကိုယ်စားလှယ်အချို့က ရယူထားပါသည်။

| အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန - NRPC | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၁၁ ဇူလိုင် ၂၀၁၆ |
| ရုံးချုပ် | - နေပြည်တော် |
| ဥက္ကဋ္ဌ | - နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် |
| ဥက္ကဋ္ဌ - ၁ | - ဦးကျော်တင့်ဆွေ |
| ဥက္ကဋ္ဌ - ၂ | - ဒေါက်တာတင်မျိုးဝင်း |

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အစိုးရအဖွဲ့ ထွက်ပေါ်လာပြီး သုံးလအကြာတွင် ဦးသိန်းစိန်အစိုးရလက်ထက်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းများတွင် အဓိက အခန်းကဏ္ဍတွင် ရှိခဲ့သည့် မြန်မာငြိမ်းချမ်းရေးစင်တာ (MPC) ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (National Reconciliation and Peace Centre- NRPC) ဟု အမည်ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ တစ်ချိန်တည်းတွင် NCPC ဒုဥက္ကဋ္ဌ ၂ အဖြစ် ပါဝင်လာသော ဒေါက်တာတင်မျိုးဝင်းကို ဥက္ကဋ္ဌအဖြစ် ဦးဆောင်စေကာ ငြိမ်းချမ်းရေးကော်မရှင် (PC) ကို ဖွဲ့စည်းခဲ့သည်။

တစ်ဖက်တွင် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - ၂၁ ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီကို အစိုးရအဖွဲ့ဝန်ကြီးနှင့် ဒုဝန်ကြီးများ၊ PC ဥက္ကဋ္ဌနှင့် PC အတွင်းရေးမှူးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ ၎င်း ဗဟိုကော်မတီမှတစ်ဆင့် ၂၁ ရာစု ပင်လုံအကြိုပြင်ဆင်ရေးကော်မတီ ၁၊ ၂ တို့ကို ဖွဲ့စည်းကာ ဦးသိန်းစိန်အစိုးရလက်ထက်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ၂၁ ရာစုပင်လုံ ထည့်ပေါင်းကာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အရ ထွက်ပေါ်လာသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြုလုပ်ရန် ပြင်ဆင်ခဲ့သည်။

ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် ၂၁ ရာစုပင်လုံ ကျင်းပနိုင်ရေးအတွက် NCA လက်မှတ်ရေး ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရသလို NCA လက်မှတ်ရေးထိုးထားခြင်း မရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း NCA တွင် ပါဝင်လာနိုင်စေရန် အလွတ်သဘောဖြင့် ဖြစ်စေ၊ တရားဝင်ဖြစ်စေ တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်ရလျက်ရှိသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း မွန်ပြည်သစ်ပါတီ (NMSP)၊ လားဟူအမျိုးသားအစည်းအရုံး(LDU)တို့နှင့် အစိုးရ၊ တပ်မတော်တို့အကြား NCA လက်မှတ်ရေးထိုး နိုင်ခဲ့သည်။ ထို့ကြောင့် NCA လက်မှတ်ရေးထိုးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ အထိ ရှိလာခဲ့ပါသည်။ အခြားတစ်ဖက်တွင်တော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစု ပင်လုံ အစည်းအဝေးကို လေးကြိမ်အထိ ပြုလုပ်နိုင်ခဲ့ကာ ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း ၁၊ ၂ နှင့် ၃ တို့ ရရှိခဲ့သည်။

| ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ | - (PPST) |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၂၆ မတ် ၂၀၁၆ |
| ရုံးချုပ် | - ချင်းမိုင် |
| အဖွဲ့ခေါင်းဆောင် | - ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး |
| အဖွဲ့ခေါင်းဆောင် - ၁ | - ဗိုလ်ချုပ်ကြီး ယွက်ဆစ် (RCSS/SSA) |
| အဖွဲ့ဝင်များ | - NCA လက်မှတ်ထိုးသည့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ ၁၀ ဖွဲ့ |

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့ ရှစ်ဖွဲ့စုပေါင်းပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သော အစိုးရနှင့် ငြိမ်းချမ်း ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် PPST ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

NCA အရ ဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖြစ်သည့် UPDJC ၊ JMC နှင့် JICM စသည့် အစုအဖွဲ့များတွင် PPST အနေဖြင့် လိုက်ပါ ဆောင်ရွက်နေသည့်အပြင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း NCA လက်မှတ်ရေးထိုးခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့နှစ်ဖွဲ့အား ထပ်မံပေါင်းထည့်ထားသည့်အတွက် ယခုအခါ PPST တွင် NCA လက်မှတ်ထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း ၁၀ ဖွဲ့ ပါဝင်နေပြီ ဖြစ်သည်။

၂၀၁၈ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၁၉၊ ၂၀၂၀ ခုနှစ်များအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တစ်ဆို့မှုများ၊ ရှေ့မတိုးသာသည့် အခြေအနေများနှင့်အတူ PPST အဖွဲ့ခေါင်းဆောင် တာဝန်ယူ ထားသည့် KNU/KNLA နှင့် တပ်မတော်အကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားမှုကို အကြောင်းပြုပြီး PPST အတွင်း ခေါင်းဆောင်ပိုင်း အပြောင်းအလဲဖြစ်ပေါ်ခဲ့ရာ RCSS ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်ဆစ်က ယာယီအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူထားပါသည်။

| ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၆ ဖေဖော်ဝါရီ ၂၀၁၁ |
| ရုံးချုပ် | - | ချင်းမိုင် |
| ဥက္ကဋ္ဌ | - | နိုင်ဟံသာ (NMSP) |
| ဒုဥက္ကဋ္ဌ | - | ဒေါက်တာခိုင်မောင် (ANC/AA) |
| အထွေထွေအတွင်းရေးမှူး | - | ခုဦးရယ် |
| အဖွဲ့ဝင်များ | - | NMSP၊ KNPP ၊ SSPP၊ ANC၊ LDU |
| အဖွဲ့ယာယီရပ်ဆိုင်းသည့် နေ့စွဲ- | | ၂ ဩဂုတ် ၂၀၁၉ |

အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဦးတည်ပြီး KIO/KIA ဦးဆောင်ကာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးရေးအဖွဲ့ ၁၂ ဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် UNFC တပ်ပေါင်းစုသည် ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် အဖွဲ့ဝင်အသစ် လေးဖွဲ့ထပ်ပေါင်းကာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(NCCT) ကို ထပ်မံဖွဲ့စည်းပြီး ဦးသိန်းစိန်အစိုးရနှင့် ဆွေးနွေး ညှိနှိုင်းခဲ့သော်လည်း NCA မူကြမ်း ရရှိသည်အထိ ခရီးပေါက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးချိန်တွင်တော့ ဦးသိန်းစိန်အစိုးရ၏ NCCT အဖွဲ့ဝင်များအပေါ် ခွဲခြားဆက်ဆံခဲ့သဖြင့် ခိုင်မာအားကောင်းခဲ့သော UNFCအတွင်း NCAလက်မှတ်ထိုးမည့်အဖွဲ့နှင့် မထိုးမည့်အဖွဲ့များ ပေါ်ပေါက်လာကာ UNFC စုဖွဲ့မှုလည်း ယိုင်နဲ့လာခဲ့ပါသည်။ NLD ဦးဆောင်သည့် အစိုးရသစ်လက်ထက်တွင်လည်း ကျန်ရှိသော UNFC အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးမှုပေါင်း ငါးကြိမ်ထက်မနည်း ရှိခဲ့သော်လည်း အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အဆိုပြုချက် ကိုးချက်ကိုသာ အစိုးရအား တင်ပြဆွေးနွေးနိုင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လ ၂ ရက်၊ ချင်းမိုင်မြို့တွင်ကျင်းပသော UNFC အရေးပေါ်အစည်းအဝေးတွင်တော့ ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ကို ယာယီရပ်ဆိုင်းကြောင်း ဆုံးဖြတ်ခဲ့သည်ဟု UNFC ဥက္ကဋ္ဌ နိုင်ဟံသာက ပြောပါသည်။

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

## ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင်အဖွဲ့အစည်းများ၏ အဆိုပြုချက် (မူကြမ်း)

နိဒါန်း

တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) အား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့တွင် အတူတကွပါဝင်လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင်အဖွဲ့အစည်းများသည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံ တည်ထောင်ရန်၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ် ဆုံးဖြတ်အတည်ပြုရာ၌ ပါဝင်ရန်နှင့် ၂၁-ရာစုပင်လုံညီလာခံသို့ ပါဝင်တက်ရောက်ရန်တို့အတွက် အောက်ပါအချက်များကို သဘောတူညီကြသည်။

၁။ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲကြောင်း ကြေငြာခြင်းကို အစိုးရ၊ တပ်မတော်မှ ဤသဘောတူညီချက်ရရှိပြီးနောက် (၂၄) နာရီအတွင်း ထုတ်ပြန်ပြီး ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီဝင် အဖွဲ့ဝင်အဖွဲ့အစည်းများမှ (၄၈) နာရီအတွင်း အသီးသီးထုတ်ပြန်သွားရန်။

၂။ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများ အာမခံချက်အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံကို တည်ဆောက်သွားရန်။

၃။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအဆင့်ဆင့်တွင် အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်တို့၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအားလုံးတို့၏ ကိုယ်စားလှယ်များနှင့် တရားဝင် နိုင်ငံရေးပါတီကိုယ်စားလှယ်များပါဝင်စေပြီး၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့်ပါဝင် ထိုက်သောကိုယ်စားလှယ်များကို ၎င်းတို့နှင့်စပ်ဆိုင်သောကဏ္ဍများတွင်သာ ပါဝင်စေရန်။

၄။ ၂၁-ရာစုပင်လုံညီလာခံမှထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ်အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို ရေးဆွဲပြဌာန်းရန်။

၅။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုဆိုင်ရာမူဘောင်အပါအဝင် နှစ်ဘက်လိုက်နာရမည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ တပ်ပိုင်းဆိုင်ရာကျင့်ဝတ် (CoC) နှင့် စောင့်ကြည့်ရေးလုပ်ငန်းလမ်းညွှန် (ToR) နှင့် တပ်နေရာပြန်လည်နေရာချထားရေးတို့ကို ကြိုတင်သဘောတူညီမှု ရယူရန်။

၆။ အစိုးရကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အများယုံကြည်လေးစားသောပုဂ္ဂိုလ်များပါဝင်သော အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ တစ်ရပ်ကို နှစ်ဖက်သဘောတူလက်ခံနိုင်သည့် နိုင်ငံတကာမှ အစိုးရကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသော ကြီးကြပ် စောင့်ကြည့်ရေးအဖွဲ့နှင့်အတူ ဖွဲ့စည်းသွားရန်။

၇။ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (NCA) နှင့် ဤသဘောတူညီချက်ပါ လိုက်နာရမည့် တာဝန်များ၊ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ မပြေလည်မှုပေါ်ပေါက်လျှင် ပြည်တွင်းနှင့် နိုင်ငံတကာမှ နှစ်ဖက်သဘောတူညီသော ဥပဒေပညာရှင်များနှင့် တရားသူကြီးများပါဝင်သော လွတ်လပ်သည့် ဖျန်ဖြေရေးကော်မရှင်၏ ဆုံးဖြတ်မှု ခံယူရန်။

၈။ အပစ်ရပ်ဒေသအတွင်း ဒေသခံပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှုကြီးမားသောစီမံကိန်းများကို ဖော်ဆောင် ရန်ရှိပါက သဘာဝသယံဇာတများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့ (Extractive Industries Transparency Initiative – EITI) ၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းသဘောတူညီချက်ရယူ၍ အကောင်အထည် ဖော်ဆောင်ရွက်ရန်အပြင် နိုင်ငံတကာလူသားချင်းစာနာမှု အကူအညီများကို ဤသဘောတူညီချက်အရ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ရန်။

၉။ အထက်ဖော်ပြပါအချက်များကို နှစ်ဘက်ညှိနှိုင်းဆွေးနွေးသဘောတူညီမှုရရှိပြီးသည်နှင့်တပြိုင်နက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ သဘောတူညီချက် (NCA) ကို လက်မှတ်ရေးထိုးရန်။

(ဆုံး)

| ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ - (FPNCC) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၅ - ၁၉ ဧပြီ ၂၀၁၇ |
| အဖွဲ့ဝင်များ | - | UWSP/UWSA ၊ KIO/KIA ၊ SSPP/SSA ၊ MNDAA ၊ NDAA/ESS ၊ PSLF/TNLA ၊ ULA/AA |
| ဥက္ကဋ္ဌ - ၁ | - | ဦးပေါက်ယူချန် (UWSP/UWSA) |
| ဥက္ကဋ္ဌ - ၂ | - | ဗိုလ်ချုပ်ကြီး အင်ဘန်လ (KIO/KIA) |
| အတွင်းရေးမှူး | - | ဦးပေါက်ယူရီ |

၂၀၁၇ ခုနှစ် ဧပြီ ၁၅ မှ ၁၉ ရက်အထိ ဝ အထူးဒေသ ၂ တွင် ပြုလုပ်သော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ လေးကြိမ်မြောက် ပန်ခမ်းညီလာခံ ဆုံးဖြတ်ချက်ဖြင့် ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC)ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ FPNCC သည် NCA မဟုတ်သော အခြားလမ်းကြောင်းဖြင့် အစိုးရနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး နိုင်ငံရေးဆွေးနွေးညှိနှိုင်းရာတွင်လည်း FPNCC အမည်ဖြင့်သာ တစ်စုတစ်စည်းတည်း ဆွေးနွေးသွားရန် မူဝါဒများ ချမှတ်ထားကြောင်းကြေညာထားသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အစိုးရနှင့် ညှိနှိုင်းမရဘဲဖြစ်နေသော အချက်များ ရှိနေသေးသည့် UNFC ကိုလည်း ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် FPNCC မှ ကမ်းလှမ်းခဲ့သလို တွေ့ဆုံဆွေးနွေးမှုလည်း ရှိခဲ့ပါသည်။

မြန်မာနိုင်ငံငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်နိုင်ရန် တရုတ်နိုင်ငံအနေဖြင့် ပိုမို ပါဝင်ဆောင်ရွက်ရေး လုပ်ဆောင်ရန် FPNCC မှ မေတ္တာရပ်ခံထားသလို လက်ရှိ အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် FPNCC အဖွဲ့ဝင်များအကြား အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများကို တရုတ်အစိုးရအကူအညီဖြင့် ပြုလုပ်လျက်ရှိပါသည်။

တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝ အာမခံချက်ပေးနိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်ရေးအတွက် နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် အမြဲတမ်းတံခါးဖွင့်ထားကြောင်း ကြေညာထားသော်လည်း ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပသည့် ၂၁ ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံ စတုတ္ထအစည်းအဝေးသို့ တက်ရောက်ရန် အစိုးရ၏ ဖိတ်ခေါ်မှုအပေါ် ရက္ခိုင့်တပ်တော်(ULA/AA) ကို မဖိတ်သဖြင့် ၂၁ ရာစု ပင်လုံအစည်းအဝေးသို့ မတက်ရောက်တော့ကြောင်း ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၃ ရက်တွင် FPNCC က ထုတ်ပြန်ခဲ့သည်။

# ပဋိပက္ခ လေ့လာဆန်းစစ် တွေ့ရှိချက်များ

# ၂၀၁၉၊ ၂၀၂၀ သို့မဟုတ် ပြည်တွင်းစစ် အရှိန်အမြင့်ဆုံးနှစ်များ

မိမိတို့ Myanmar Peace Monitor ၏ စုဆောင်းမှတ်တမ်းပြုထားသည့် သတင်းအချက်အလက်များအရ ၂၀၁၉ နှင့် ၂၀၂၀ ခုနှစ်များသည် မြန်မာနိုင်ငံအတွင်း ပြည်တွင်းစစ် အရှိန်အမြင့်ဆုံးနှစ်များ ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ရက်ပေါင်း ၃၆၅ ရက်သာရှိသည့် ၂၀၁၉ ခုနှစ်အတွင်း တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲဖြစ်ရက်ပေါင်း ၂၆၉ ရက် အထိ ရှိခဲ့ပြီး အကြိမ်ရေအားဖြင့် ယခုထက် ပိုများနိုင်ပါသည်။ အဆိုပါ တိုက်ပွဲဖြစ်ရက်ပေါင်း ၂၆၉ ရက်သည် ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်၊ နှစ်နှစ်အတွင်း တွေ့ရှိခဲ့သည့် တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်းထက် ပိုမို များပြားနေပါသည်။ အလားတူ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့သည့် ၂၀၂၀ ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သော တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များအကြား တိုက်ပွဲဖြစ် ရက်ပေါင်းသည်လည်း ၁၄၉ ရက်အထိ ရှိခဲ့ပြီး ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲဖြစ်ရက်များထက် ပိုမို များပြားနေသည်သည်ကို တွေ့ရပါသည်။

၂၀၁၉ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲများအနက် တိုက်ပွဲဖြစ်ရက်ပေါင်း ၁၉၂ ရက်သည် ရခိုင်ပြည်နယ်တဝန်းနှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း တပ်မတော်နှင့် ရက္ခိုင့်တပ်တော် (AA) အကြား ဖြစ်ပွားသည့် တိုက်ပွဲများဖြစ်ခဲ့ပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ဖြစ်ပွားသည့် တိုက်ပွဲ

ဖြစ်ရက်ပေါင်း၏ ၇၀ ရာခိုင်နှုန်းကျော်အထိ ရှိခဲ့ပြီး ရခိုင်ပြည်နယ်တဝန်းနှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တို့သည် ပြည်တွင်းစစ်အရှိန် အမြင့်ဆုံးဒေသများ ဖြစ်ခဲ့ပါသည်။ ဒုတိယမြောက်ပြည်တွင်းစစ်အရှိန်အမြင့်ဆုံး အရပ်ဒေသများကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း မြို့နယ်အများစုနှင့် ကချင်ပြည်နယ်အတွင်း မြို့နယ်အချို့ကို တွေ့ရှိခဲ့ရပါသည်။ အဆိုပါ ဒုတိယမြောက် စစ်အရှိန်မြင့် အရပ်ဒေသများတွင် တပ်မတော်နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့(TNLA)အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သကဲ့သို့ ကချင်လွတ်လပ်ရေးတပ် (KIA) နှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့သည်။

ရက္ခိုင့်တပ်တော် (AA) နှင့် တပ်မတော်အကြားဖြစ်ပွားသည့် ပြည်တွင်းစစ်အရှိန်သည် ဆက်လက်ပြင်းထန်နေခဲ့ပြီး ၂၀၂၀ ပြည့်နှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြစ်ပွားသည့် တိုက်ပွဲဖြစ်ရက်ပေါင်း၏ ၇၀ ရာခိုင်နှုန်းနီးပါး ရှိခဲ့သည်ကို တွေ့ရှိပါသည်။ အလားတူ တပ်မတော်နှင့် TNLA အကြား တိုက်ပွဲဖြစ်ပွားမှုသည်လည်း ဒုတိယအများဆုံး ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။


၂၀၁၉ နှင့် ၂၀၂၀ ခုနှစ်များအတွင်း တွေ့ရှိရသည့် ပြည်တွင်းစစ်တွင် ပါဝင်ပတ်သက်သူ ဇာတ်ကောင်များကို လေ့လာကြည့်လျှင် တပ်မတော်ကို ဗဟိုပြုကာ ရက္ခိုင့်တပ်တော်(AA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ် (TNLA)၊ ကချင်လွတ်လပ်ရေးတပ်(KIA)၊ ရှမ်းတောင်ပိုင်းတပ် (RCSS/SSA)၊ ရှမ်းမြောက်ပိုင်းတပ်(SSPP/SSA)၊ DKBA၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ် (KNU/KNLA)၊ ကိုးကန့်တပ် (MNDAA)၊ ကရင်နီတပ်တော်(KNPP/KA)၊ မြောက်ပိုင်း မဟာမိတ်အဖွဲ့(NA-B)၊ နာဂအမျိုးသားတပ်(NSCN-K)၊ ရှမ်းနီအမျိုးသားတပ်(SNA) တို့ကို မြင်တွေ့ခဲ့ရပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသတွင် တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားသည့် အာရကန် ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့(ARSA) ကိုလည်း တွေ့ရှိခဲ့ရပါသည်။

၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လေးနှစ်တာကာလအတွင်း မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တွေ့ရှိခဲ့ရသည့် တိုက်ပွဲများကို လေ့လာကြည့်လျှင် ၂၀၁၉ ၊ ၂၀၂၀ ခုနှစ်များအတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြား ဖြစ်ပွားသည့် တိုက်ပွဲဖြစ်ပွားသည့်ရက်ပေါင်း အရှိန်မြင့်တက်လာခဲ့သော်လည်း တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အချင်းချင်း တိုက်ပွဲဖြစ်ပွားမှုများ လျော့ကျလာသည်ကို တွေ့ရပါသည်။ ၂၀၁၇၊ ၂၀၁၈ ခုနှစ်များအတွင်း တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အချင်းချင်းအကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၅၂ ရက် ရှိခဲ့သော်လည်း ၂၀၁၉၊ ၂၀၂၀ ခုနှစ်များအတွင်း အချင်းချင်းတိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၂၄ ရက်သာ ရှိခဲ့ပါသည်။

နိုင်ငံတစ်ဝန်း တိုက်ပွဲဖြစ်ပွားရာ အရပ်ဒေသများကို လေ့လာကြည့်လျှင် ရခိုင်ပြည်နယ်တစ်ဝန်းလုံးရှိ မြို့နယ်များ၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များ၊ စစ်ကိုင်းတိုင်း ဟုမ္မလင်းနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်၊ ကချင်ပြည်နယ် မိုးညှင်းနှင့် မန်စီ၊ ကရင်နီ(ကယား)ပြည်နယ် ရှားတောမြို့နယ်၊ ကရင်ပြည်နယ် ဘားအံ၊ ဖာပွန်နှင့် ကော့ကရိတ်မြို့နယ် စသည်ကို တွေ့ရှိရပါသည်။

မိမိတို့ Myanmar Peace Monitor မှ နေ့စဉ်စုဆောင်းမှတ်တမ်းပြုထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တွေ့ရှိရသည့် တိုက်ပွဲဖြစ်ပွားမှုဆိုင်ရာ ကိန်းဂဏန်းများကို အောက်ဖော်ပြပါ မြေပုံများ၊ ဂရပ်ဖစ်များတွင်လည်း လေ့လာနိုင်ပါသည်။


## တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကြား တိုက်ပွဲဖြစ်ပွားမှု အခြေအနေပြမြေပုံ ( ဇန်နဝါရီ ၂၀၁၉ - ဒီဇင်ဘာ ၂၀၂၀)





၂၀၁၉ ဇန်နဝါရီ - ဒီဇင်ဘာ ၂၀၂၀ အတွင်း ပြည်နယ်နှင့် တိုင်း အလိုက် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားသည့်ရဲပေါင်း ၄၁၈ ရက် ရှိခဲ့ပါသည်။

တိုင်းဒေသကြီး အလိုက်ကြည့်သော် ရခိုင်ပြည်နယ်မှာ တိုက်ပွဲဖြစ်ရက်ပေါင်း အများဆုံးတွေ့ရပြီး စုစုပေါင်း ၂၆၉ ရက်အထိ ဖြစ်ပွားခဲ့ပါသည်။

မြို့နယ်အလိုက်ကြည့်သော် ကျောက်တော်မြို့နယ်မှာ တိုက်ပွဲဖြစ်ရက်ပေါင်း အများဆုံးတွေ့ရပြီး စုစုပေါင်း ၅၃ ရက်ဖြစ်ပွားခဲ့ပါသည်။





MA နှင့် EAOs အကြား နှစ်အလိုက် တိုက်ပွဲဖြစ်ပွားမှု နှိုင်းယှဉ်ပြပုံ
ရက်
350
300
250
200
150
100
50
0
135
128
269
149
၂၀၁၇
၂၀၁၈
၂၀၁၉
၂၀၂၀
ခုနှစ်
တပ်မတော် နှင့် EAOs အကြား တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း


300
250
200
150
100
50
0
135
9
128
43
269
17
149
7
၂၀၁၇
၂၀၁၈
၂၀၁၉
၂၀၂၀
တပ်မတော်နှင့် EAOs အကြား တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း
EAOs အချင်းချင်း အကြား တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း

## တပ်မတော်နှင့် EAOs တစ်ဖွဲ့ချင်းစီ နှစ်အလိုက် တိုက်ပွဲဖြစ်ပွားမှု နှိုင်းယှဉ်ပြပုံ

| တပ်မတော် | EAOs | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | ၂၀၂၀ ခုနှစ် |
|---|---|---|---|---|---|
| **MA** | **ULA/AA** | ၃၀ | ၃၁ | ၁၉၂ | ၁၀၄ |
| MA | DKBA | ၁ | - | ၁ | - |
| **MA** | **KIO/KIA** | ၃၇ | ၄၇ | ၁၃ | ၇ |
| MA | KNPP | ၁ | ၁ | - | ၁ |
| **MA** | **KNU** | ၁ | ၈ | ၃ | ၈ |
| MA | MNDAA | ၅ | - | ၁ | ၁ |
| **MA** | **NA-B** | ၂၈ | ၅ | ၆ | - |
| MA | RCSS/SSA | ၉ | ၈ | ၆ | ၈ |
| **MA** | **SNA** | ၁ | - | - | ၂ |
| MA | SSPP/SSA | ၄ | ၄ | ၅ | - |
| **MA** | **TNLA** | ၁၇ | ၂၄ | ၃၃ | ၁၈ |
| MA | Unknown | ၁ | - | - | - |
| **MA** | **NSCN-K** | - | - | ၃ | - |
| MA | ARSA | - | - | ၅ | ၁ |

## တပ်မတော်နှင့် EAOs တစ်ဖွဲ့ချင်းစီအကြား နှစ်အလိုက် တိုက်ပွဲဖြစ်ပွားမှု နှိုင်းယှဉ်ပြပုံ



# စစ်ဘေးရှောင်များ
# အခြေအနေ

# စစ်ဘေးရှောင်ပြည်သူများနှင့်မြန်မာပြည်

၂၀၁၉၊ ၂၀၂၀ ခုနှစ်များအတွင်း မြန်မာနိုင်ငံ အနောက်တောင်ပိုင်းဒေသများ ဖြစ်သည့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တပ်မတော်နှင့် ရက္ခိုင့်တပ်တော် (AA) အကြား တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သကဲ့သို့ စစ်ဘေးရှောင် အရပ်သားပြည်သူအရေအတွက်သည်လည်း မိမိတို့ Myanmar Peace Monitor မှ မှတ်တမ်းပြုထားသည့် တစ်နိုင်ငံလုံးရှိ စစ်ဘေးဒုက္ခသည်အရေအတွက်၏ ၈၇ ရာခိုင်နှုန်းအထိ များပြားခဲ့သည်ကို တွေ့ရပါသည်။

မိမိတို့ Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၁၉ နှင့် ၂၀၂၀ ခုနှစ်များအတွင်း တစ်နိုင်ငံလုံးအတိုင်းတာဖြင့် စစ်ဘေးရှောင်အရပ်သားပြည်သူ ၁၂၆၄၃၃ ဦးအထိ ရှိခဲ့ပြီး ထိုအနက် ရက္ခိုင့်တပ်တော်(AA)နှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ရာ ရခိုင်ပြည်နယ်တစ်ဝန်းလုံးနှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း တိုက်ပွဲများကြောင့် အရပ်သားပြည်သူပေါင်း ၁၀၉၄၈၅ ဦး ရှိခဲ့ပါသည်။ စစ်ဘေးရှောင်အရပ်သားပြည်သူ ၁၄၅၈၈ ဦးရှိခဲ့သည့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များကတော့ ၂၀၁၉ ၊ ၂၀၂၀ ခုနှစ်များအတွင်း စစ်ဘေးရှောင်ပြည်သူ ဒုတိယအများဆုံး ဖြစ်ခဲ့ပါသည်။ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်နှင့် မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ်တို့တွင်လည်း စစ်ဘေးရှောင်ပြည်သူ ထောင်ဂဏန်းအထိ ရှိခဲ့ပါသည်။ ထူးခြားအနေဖြင့်တော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ စစ်ဘေးရှောင်ပြည်သူ ၅၀ ခန့်သည် ၂၀၂၀ ပြည့်နှစ်အတွင်း ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်အထိ ရောက်ရှိလာခဲ့သည်ကို တွေ့ရပါသည်။

စစ်ဘေးရှောင် အရပ်သားပြည်သူ အများဆုံးရှိခဲ့သည့် မြို့နယ်များအဖြစ် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၊ မင်းပြားမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့ဖြစ်ခဲ့ပြီး စစ်ဘေးရှောင်ပြည်သူများရှိရာ မြို့နယ်ပေါင်း ၂၇ မြို့နယ်အထိ ရှိခဲ့သည်ကို တွေ့ရပါသည်။ 'ကျွဲနှစ်ကောင်ခတ်ရာ မြေဇာပင်မခံသာ' ဆိုသကဲ့သို့ အသက်အန္တရာယ် လုံခြုံမှုမရှိသည့်အတွက် အိုးပစ်အိမ်ပစ် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် စစ်ဘေးရှောင်ပြည်သူများအတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) တို့မှ အထောက်အပံ့ အကူအညီများ ပေးအပ်နေခဲ့သည်တိုင် ရခိုင်ပြည်နယ်ရှိ စစ်ဘေးရှောင် အမျိုးသမီးများအတွက် လစဉ်သုံးပစ္စည်းပြတ်လပ်မှုကို ၂၀၂၀ ပြည့်နှစ် ဖွန်လအတွင်း ကြုံတွေ့ခဲ့ရပါသည်။ ထို့ပြင် ကျောက်တော်မြို့နယ် အထက်ပိုင်း တင်းမရွာအတွင်း နေအိမ်များ မီးရှို့ခံရသဖြင့် ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင်နေကြသော ဒေသခံ အရပ်သားပြည်သူများသည်လည်း ယနေ့အထိ နေရပ်မပြန်နိုင်ကြသေးသည်ကိုတွေ့ရပါသည်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၇ ရက်၊ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် ဆမီးမြို့ စစ်ဘေးရှောင်စခန်းအတွင်း အသက် ၂၃ နှစ်အရွယ် စစ်ဘေးရှောင် မသန်စွမ်း အမျိုးသမီးတစ်ဦး အဓမ္မပြုကျင့်ခံခဲ့ရပါသည်။


၂၀၂၀ ပြည့်နှစ် ဧပြီလ ၅ ရက်တွင် တပ်မတော်နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ် (TNLA) အကြား တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒေသခံ ၁၅၀ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ဖွန်လ ၂၈ရက်နေ့၊ တပ်မတော်နှင့် RCSS တိုက်ပွဲကြောင့် ကျောက်မဲမြို့နယ် ပန်လော့ကျေးရွာအုပ်စုအတွင်း ရွာသားတစ်ဦးသေဆုံးပြီး၊ တစ်ဦးဒဏ်ရာရရှိခဲ့ကာ ရွာသား ၃၀၀ ကျော် ဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ရသည်။ ဖွန်လ ၂၇ ရက်ကလည်း ကျောက်မဲမြို့နယ် ဟိုင်းကွီးကျေးရွာသားနှစ်ဦးကို တပ်မတော်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ၂၈ ရက်တွင် ပြန်လည်လွှတ်ပေးခဲ့သည်ဟု သိရသည်။ ဖွန်လ ၂၉ ရက်တွင်တော့ ဟိုင်းကွီးကျေးရွာအုပ်စု ပန်ကျန်ရွာအတွင်း လက်နက်ကြီး ကျရောက်ပေါက်ကွဲသဖြင့် အရပ်သားတစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ပါသည်။

၂၀၁၉ - ၂၀၂၀ ခုနှစ်များသည် စစ်အရှိန်အမြင့်ဆုံးနှစ်များအဖြစ် တွေ့ရှိရသည့်အတိုင်း စစ်ဖြစ်ပွားရာ အရပ်ဒေသများရှိ အရပ်သားပြည်သူများအတွက်လည်း စစ်၏ ဘေးထွက်ဆိုးကျိုးများဖြစ်သော နှစ်ဖက်တပ်ဖွဲ့များ၏ သံသယဖြင့် ဖမ်းဆီးခံရခြင်း၊ လက်နက်ကြီး လက်နက်ငယ်များ ထိမှန် သေဆုံး ဒဏ်ရာရရှိခြင်း၊ နှစ်ဖက်တပ်ဖွဲ့များ အသုံးပြုခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့ရခြင်းအပြင် အသက်အန္တရာယ်အတွက် အိုးပစ်အိမ်ပစ်၊ အလုပ်အကိုင်များကို ပစ်ခွာကာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည့် ဖြစ်စဉ်များကသာ အမှန်တရားများ ဖြစ်နေသည်ကို တွေ့ရပါသည်။


၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲမတိုင်ခင် ရခိုင်ပြည်နယ် လွှတ်တော်အမတ်လောင်းများ ဖမ်းဆီးခံရသည့်ဖြစ်စဉ်နှင့် ရွေးကောက်ပွဲအပြီး ဆန္ဒမဲရလဒ်များထွက်အပြီး နိုဝင်ဘာ ၂၁ရက်၊ ကျောက်မဲမြို့နယ် အနိုင်ရအမတ်လောင်း ဦးထိုက်ဇော်တစ်ယောက် သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှု ဖြစ်စဉ်များသည် ပြည်တွင်းစစ်နှင့် တရားဥပဒေစိုးမိုးမှုလျော့ရဲနေခြင်းကို ပြသရာရောက်ခဲ့ပြီး စစ်ပွဲများ၏ ဘေးထွက်ဆိုးကျိုးအဖြစ်လည်း ရှုမြင်နိုင်ပါသည်။

ရခိုင်ပြည်နယ်တဝန်းနှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းမှ ၂၀၂၀ ပြည့်နှစ် နှောင်းပိုင်းကာလအထိ ဖြစ်ပွားသော တိုက်ပွဲများကြောင့် ဖြစ်ပေါ်လာခဲ့သည့် စစ်ဘေးရှောင်အရပ်သားပြည်သူများ၏ အရေးကိစ္စသည် ဖြေရှင်းရန် အချိန်ယူနေရဆဲ ဖြစ်ကြောင်း တွေ့ရှိရပါသည်။


## စစ်ဘေးရှောင် အခြေပြမြေပုံ - ၂၀၁၉




## စစ်ဘေးရှောင် အခြေပြမြေပုံ - ၂၀၂၀



## တိုင်းနှင့်ပြည်နယ်အလိုက် စစ်ဘေးရှောင် အခြေပြဂရပ်ဖစ် ၂၀၁၉-၂၀၂၀



## မြို့နယ်အလိုက် စစ်ဘေးရှောင် အရေအတွက်ပြ ဂရပ်- ၂၀၁၉၊ ၂၀၂၀



# ငြိမ်းချမ်းရေးဆိုင်ရာ
# တွေ့ဆုံဆွေးနွေးမှုများ

# ငြိမ်းချမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုမှတ်တမ်းများ

Myanmar Peace Monitor မှ စုဆောင်းထားသော သတင်းအချက်အလက်များအရ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်တို့သည် ပြည်တွင်းစစ် အရှိန်အမြင့်ဆုံးကာလများ ဖြစ်သည်ကို တွေ့ရှိရသလို ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများ အားကောင်းသည့် နှစ်များလည်း ဖြစ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

နှစ်နှစ်တာအတွင်း မှတ်တမ်းပြုစုထားသည့် တွေ့ဆုံဆွေးနွေးမှုပေါင်း ၆၈ ကြိမ်ထိရှိခဲ့ပြီး ငြိမ်းချမ်းရေးကော်မရှင်နှင့် တွေ့ဆုံခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားခြင်း မရှိသော ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO/KIA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ (SSPP/SSA) တို့နှင့် အလွတ်သဘော တွေ့ဆုံခဲ့သည်ကို တွေ့ရှိရပါသည်။ တွေ့ဆုံစဉ် NCA လက်မှတ်မထိုးထားသည့် အဖွဲ့တို့ကြား ပြည်တွင်းငြိမ်းချမ်းရေးကို ရှေ့ဆက်ဖော်ဆောင်မည့် ပုံစံများအကြောင်းနှင့် NCA လက်မှတ်ထိုးပြီးနိုင်ငံရေးဆွေးနွေးပွဲများတွင်ပါဝင်လာနိုင်ရေးအပါအဝင် မြေပြင်အခြေအနေများကို အလွတ်သဘော ဆွေးနွေးခဲ့သည်များကို တွေ့ရှိရပါသည်။

ထို့ပြင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသောအဖွဲ့အစည်းများ (NCA-S EAO) အနက် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)တို့နှင့်လည်း အလွတ်သဘော တွေ့ဆုံခဲ့ပြီး ငြိမ်းချမ်းရေး

လုပ်ငန်းစဉ်များ ရှေ့ဆက်နိုင်ရန်နှင့် အစိုးရနှင့် တစ်ဆို့မှုဖြစ်နေသည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) ကိစ္စ အပါအဝင် မြေပြင်တွင် ဖြစ်ပွားနေဆဲဖြစ်သည့် ပစ်ခတ်တိုက်ခိုက်မှုကိစ္စများနှင့် ငြိမ်းချမ်းရေး ရှေ့ဆက်နိုင်မည့် နည်းလမ်းများကို အဖြေရှာ ဆွေးနွေးခဲ့သည်များကို တွေ့ရှိရပါသည်။

တစ်ဖက်မှာလည်း တရုတ်အနေဖြင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အပစ်အခတ်ရပ်စဲရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခဲ့သည်ကို တွေ့ရှိရပြီး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနက် NCA မထိုးထားသည့် အဖွဲ့များအပါအဝင် NCA ထိုးထားသည့် အဖွဲ့များနှင့်လည်း တွေ့ဆုံမှုများ ရှိခဲ့သည်များကို တွေ့ရှိရပြီး၊ ငြိမ်းချမ်းရေးကော်မရှင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်များကို တွေ့ရှိရပါသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် တရုတ်နှင့် NCA ထိုးထားခြင်းမရှိသည့် ရက္ခိုင့်တပ်တော်(AA) ခေါင်းဆောင်ပိုင်းများ လိုင်ဇာမြို့တွင်တွေ့ဆုံခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း လက်ရှိ ပေါ်ပေါက်နေသည့် တိုက်ပွဲများ ရပ်တန့်နိုင်ရေးကို အပြန်အလှန် ဆွေးနွေးခဲ့သည်ကို တွေ့ရှိရပါသည်။


ထို့ပြင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဂျပန်နိုင်ငံခြားရေး ဒု-ဝန်ကြီးတို့ တွေ့ဆုံမှုတစ်ခုလည်း ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ရှိခဲ့ပြီး၊ ရခိုင်ပြည်နယ်အရေး နှစ်ရှည်ထောင်ဒဏ်ချထားသည့် ရိုက်တာ သတင်းထောက်နှစ်ဦးအရေး၊ လေးလကြာ အပစ်အခတ် ရပ်နားထားရေး၊ စစ်ပြေးဒုက္ခသည်များ ကူညီရေး၊ အပစ်အခတ်ရပ်စဲရေးစာချုပ်များ ချုပ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုကို နှောင့်နှေးကြန့်ကြာမှုမရှိအောင် ဆောင်ရွက်ရေးတို့ကို နှစ်ဖက် အပြန်အလှန် ဆွေးနွေးခဲ့သည်ကို တွေ့ရှိရပါသည်။

ယင်းသို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်တိုင်းရင်းသားပြည်သူအားလုံးအတွက် အရေးကြီးသော ဆွေးနွေးပွဲများကို အကြိမ်ကြိမ် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြသော်လည်း တစ်ဆို့နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းများနှင့် မပြီးပြတ်မှုများသည် ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ရောက်ရှိလာခဲ့ပြီး၊ ကိုဗစ်ရောဂါပျံ့နှံ့မှုကြောင့် အွန်လိုင်းတွေ့ဆုံမှုများဖြင့် ပိုမို နှောင့်နှေးကြန့်ကြာစေခဲ့သည်ကို တွေ့ရှိရပါသည်။

ယင်းသို့ ငြိမ်းချမ်းရေးတွေ့ဆုံမှုများကို ထပ်တလဲလဲ တွေ့ဆုံဆွေးနွေး အဖြေရှာခဲ့ကြသော်လည်း တစ်ဖက်တွင် ယင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အများစုနှင့် တပ်မတော်တို့အကြား တိုက်ပွဲများ ဆက်တိုက်ပြင်းထန်ခဲ့သည်ကိုလည်း နှစ်နှစ်တာကာလအတွင်း တွေ့ရှိရရာ ရေမှုတ်တစ်ဖက်၊ မီးစတစ်ဖက်ဖြစ်ခဲ့သော ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများအနေဖြင့် တွေ့ရှိရပါသည်။

# တွေ့ဆုံဆွေးနွေးမှုနှင့် တိုက်ပွဲ အရေအတွက်ပြဂရပ် - ၂၀၁၉ ၊ ၂၀၂၀





## တွေ့ဆုံဆွေးနွေးမှုနှင့် တိုက်ပွဲအရေအတွက်ပြဇယား

| ရက်စွဲ | EAOs အချင်းချင်း တိုက်ပွဲ | တပ်မတော်နှင့် EAOs တိုက်ပွဲ | တွေ့ဆုံဆွေးနွေးမှု |
|---|---|---|---|
| ၂၀၁၉- ဇန်နဝါရီ | 3 | 21 | 16 |
| ၂၀၁၉- ဖေဖော်ဝါရီ | 5 | 21 | 6 |
| ၂၀၁၉-မတ် | 4 | 23 | 11 |
| ၂၀၁၉- ဧပြီ | | 17 | 2 |
| ၂၀၁၉-မေ | 1 | 19 | 3 |
| ၂၀၁၉-ဇွန် | | 27 | 4 |
| ၂၀၁၉-ဇူလိုင် | 1 | 24 | 7 |
| ၂၀၁၉-ဩဂုတ် | | 21 | 7 |
| ၂၀၁၉- စက်တင်ဘာ | 2 | 23 | 1 |
| ၂၀၁၉-အောက်တိုဘာ | 1 | 23 | 1 |
| ၂၀၁၉-နိုဝင်ဘာ | | 14 | 3 |
| ၂၀၁၉-ဒီဇင်ဘာ | | 36 | 7 |

# တွေ့ဆုံဆွေးနွေးမှုနှင့် တိုက်ပွဲအရေအတွက်ပြဇယား

| ရက်စွဲ | EAOs အချင်းချင်း တိုက်ပွဲ | တပ်မတော်နှင့် EAOs တိုက်ပွဲ | တွေ့ဆုံဆွေးနွေးမှု |
|---|---|---|---|
| ၂၀၂၀- ဇန်နဝါရီ | | 28 | 10 |
| ၂၀၂၀- ဖေဖော်ဝါရီ | | 29 | 6 |
| ၂၀၂၀-မတ် | | 26 | 4 |
| ၂၀၂၀- ဧပြီ | | 6 | 1 |
| ၂၀၂၀-မေ | | 4 | 13 |
| ၂၀၂၀-ဇွန် | | 1 | 10 |
| ၂၀၂၀-ဇူလိုင် | | 9 | 7 |
| ၂၀၂၀-ဩဂုတ် | | 6 | 11 |
| ၂၀၂၀- စက်တင်ဘာ | | 17 | 4 |
| ၂၀၂၀-အောက်တိုဘာ | 3 | 18 | 1 |
| ၂၀၂၀ - နိုဝင်ဘာ | | 4 | 6 |
| ၂၀၂၀-ဒီဇင်ဘာ | 4 | 1 | 5 |

## တွေ့ဆုံဆွေးနွေးမှု အခြေပြဇယား

| | | | |
|---|---|---|---|
| 13-1-2019 | ငြိမ်းချမ်းရေးကော်မရှင် (PC )+ ကရင်အမျိုးသား အစည်းအရုံး (KNU) | Chiang Mai | ဆွေးနွေးပွဲမှPCနှင့်KNUတို့အကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရှေ့ဆက်နိုင်ရန်နှင့် အလွတ်သဘောဆွေးနွေးပွဲ မှတဆင့် တရားဝင်ဆွေးနွေးပွဲများကို အမြန်ဆုံးသွားနိုင်ရန်အတွက် တိုးတက်မှုများရရှိခဲ့ကြောင်းနိုင်ငံတော်အတိုင်ပင်ခံရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောပါသည်။ |
| 14-1-2019 | ငြိမ်းချမ်းရေးကော်မရှင် (PC)+ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ (RCSS) | Chiang Mai | အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲတွင် အစိုးရနှင့် တစ်ဆို့မှုဖြစ်နေသည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) ကိစ္စ အပါအဝင် ရှမ်းပြည်နယ်တွင် ဖြစ်ပွားနေသည့် ပစ်ခတ်တိုက်ခိုက်မှုကိစ္စများနှင့် ငြိမ်းချမ်းရေး ရှေ့ဆက်နိုင်မည့်နည်းလမ်းများကို အဖြေရှာ ဆွေးနွေးခဲ့ပါသည်။ |
| 14-1-2019 | ငြိမ်းချမ်းရေးကော်မရှင် (PC)+ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) | Chiang Mai | တွေ့ဆုံပွဲတွင်- NCA လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနိုင်ရန် နယ်မြေတွင်းပြဿနာများကို အရင်ဆုံးပြေလည်အောင် ဖြေရှင်းနိုင်ရန်အတွက် လစဉ်ကျင်းပနေသည့် ပြည်နယ်အဆင့် အစည်းအဝေးသို့ PC မှ ကိုယ်စားလှယ်တစ်ဦး စေလွှတ်ပြီး ညှိနှိုင်းသွားရန်နှင့် ရရှိလာသည့် ခြေလှမ်းပေါ် မူတည်၍ NCA ရေးထိုးနိုင်ရေး ကိစ္စများကိုဆက်လက်ညှိနှိုင်းသွားရန်၊ တပ်ပိုင်းဆိုင်ရာကိစ္စ၊ KNPP ရဲဘော်သုံးဦးနှင့် အရပ်သားတစ်ဦး သေဆုံးမှုကိစ္စ၊ ပြည်နယ်အဆင့် လစဉ် အစည်းအဝေးကျင်းပမှုကိစ္စများနှင့် လက်ရှိနိုင်ငံရေးအခြေအနေများကို ဆွေးနွေးခဲ့သော်လည်း၊ ယခုဆွေးနွေးပွဲသည် အလွတ်သဘောဖြစ်ခြင်းကြောင့် ဆုံးဖြတ်ချက် တစ်စုံတစ်ရာ ချမှတ် သဘောတူညီခဲ့ခြင်းမရှိဟု KNPP က ပြောပါသည်။ |
| 8-1-2019 | Myanmar Army (MA)+ Government (GoV) | Naypyi taw | President U Win Myint led a high-level coordination meeting on national security and current international relations on Monday afternoon in Naypyitaw, following the Arakan Army (AA)'s attacks on four police outposts in Rakhine State's Buthidaung Township on Jan. 4, which left 14 police officers dead. |
| 9-1-2019 | China+ Northern Alliance Members ( SSPP/SSA, MNDAA, KIO/KIA and UWSA) | Burma-China border | China diplomat met and discussed with leaders of NDAA, KIO/KIA, SSPP/SSA and UWSA how to move Myanmar's peace process forward and address issues around stability in the China-Shan border area, the relationship between China and Burma, the stability of Mongla, and peace among locals were issues discussed in the meeting. |

| | | | |
|---|---|---|---|
| 9-1-2019 | China+ Northern Alliance Members ( SSPP/SSA, MNDAA, KIO/KIA and UWSA) | Burma-China border | China diplomat met and discussed with leaders of NDAA, KIO/KIA, SSPP/SSA and UWSA how to move Myanmar's peace process forward and address issues around stability in the China-Shan border area, the relationship between China and Burma, the stability of Mongla, and peace among locals were issues discussed in the meeting. |
| 12-1-2019 | တရုတ်+ရက္ခိုင့်တပ်တော် ( ULA/AA) | Laiza | တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်တွင် လက်ရှိ ပေါ်ပေါက်နေသည့် တိုက်ပွဲများ ရပ်တန့်နိုင်ရေးကို အမြန်အလျှင်ဆွေးနွေးခဲ့ပြီး၊ လွတ်လပ်ရေးနေ့တွင် အေအေ အဖွဲ့မှ အစိုးရ ရဲကင်းများကို ဝင်စီးနင်းသည့် ဖြစ်စဉ်အပေါ်တွင်လည်း တရုတ်ဘက်မှ မေးမြန်းခဲ့ပြီး၊ တွေ့ဆုံပွဲတွင် အေအေ ခေါင်းဆောင် ဗိုလ်ချုပ် ထွန်းမြတ်နိုင်၊ ဒေါက်တာညိုထွန်းအောင်နှင့် ဗိုလ်မှူးကြီး ကျော်ဟန် တို့လည်း ပါဝင်ခဲ့သည်။ |
| 15-1-2019 | ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော်+ မိုင်းလားအထူး ဒေ ၄ | Pankan | တွေ့ဆုံပွဲတွင်-မိုင်းလားနှင့် ဝ တို့သည်နေဒဏ်မိုးဒဏ် အန္တရာယ် အသွယ်သွယ်ကိုအတူတကွကျော်လွှားပြီး မဟာမိတ်တပ်ဖွဲ့ အဖြစ်ရပ်တည်လာခဲ့သည်မှာ နှစ်ပေါင်း ၅၀ ရှိတော့မည်ဖြစ်ပြီး၊ ဆက်လက်လက်တွဲနိုင်မြဲသွားကြမည်ဖြစ်ကြောင်း ပြောခဲ့သည်။ |
| 21-1-2019 | ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO/KIA)+ ငြိမ်းချမ်းရေး ကော်မရှင် (PC) | Kuming | PCနှင့် NCA လက်မှတ်မထိုးထားသည့် KIO အဖွဲ့တို့ကြား ပြည်တွင်းငြိမ်းချမ်းရေးကို ရှေ့ဆက်ဖော်ဆောင်မည့် ပုံစံအကြောင်းနှင့် NCA လက်မှတ်ထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်လာနိုင်ရေး အချက်များကို အခြေခံ ဆွေးနွေးခဲ့သည်။ |
| 25-1-2019 | ငြိမ်းချမ်းရေး ကော်မရှင်(PC)+ တရုတ် | Yangon | At the meeting, they discussed about the peace process in Myanmar, stability and regional development. Both sides cordially discussed and exchanged views on China's assistance and cooperation in Myanmar's peace process, The Tatmadaw's ongoing efforts for achieving eternal peace and Chinese support for efforts of the government and Tatmadaw. |
| 25-1-2019 | ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ ရှမ်းပြည်တပ်မတော် (RCSS/SSA) + China | ThaiLand | အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ် EAOs တို့ အကြား တွေ့ဆုံမှုတစ်ဆို့နေခြင်း၊ တပ်မတော်တစ်ခုတည်းထားရှိရေးမူ ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အခြေအနေနှင့်အမြန်ဆုံး အထမြောက်အောင် မြင်အောင်ရေးအပါအဝင် အားလုံးက မျှော်လင့်နေသည့် မြန်မာ့ငြိမ်းချမ်းရေး အောင်မြင်ရေးအတွက် ဆွေးနွေးခဲ့သည်။ |

| | | | |
|---|---|---|---|
| 16-1-2019 | ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်(SG MAH) + ဂျပန်နိုင်ငံခြားရေး ဒု-ဝန်ကြီး | Naypyi Taw | ရခိုင်ပြည်နယ်အရေး လွတ်လပ်သောစုံစမ်းရေးကော်မရှင်၏ စုံစမ်းစစ်ဆေးချက်များ ပွင့်လင်းမြင်သာပြီး အများယုံကြည်မှု ရှိအောင်တိတိကျကျဆောင်ရွက်ရန်နှင့် မြန်မာအစိုးရအနေဖြင့်လည်း တွေ့ရှိချက်အတိုင်း အရေးယူရေးအပြင် နှစ်ရှည်ထောင်ဒဏ်ချထားသည့် ရိုက်တာသတင်းထောက် ၂ဦးကိုလည်း သင့်တော်အောင်ပြန်ပြီးဆောင်ရွက်ပေးရေးနှင့် မြန်မာ့တပ်မတော်မှ လေးလကြာ အပစ်အခတ်ရပ်နားထားမည်ဟု ကြေညာခြင်းကိုကြိုဆိုကြောင်းစစ်ပြေးဒုက္ခသည်များအတွက် လူသားချင်းစာနာမှု အကူအညီပေးမည့်အဖွဲ့များကိုလည်း ခွင့်ပြုပေးရန် တိုက်တွန်းခဲ့ပြီး၊ မြန်မာဘက်မှလည်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပြီး အပစ်အခတ်ရပ်စဲရေးစာချုပ်များချုပ်ရန်နှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုကို နှောင့်နှေးကြန့်ကြာမှုမရှိအောင် ဆောင်ရွက်မည်ဟု ပြန်လည်ပြောဆိုခဲ့ပါသည်။ |
| 29-1-2019 | ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO/KIA)+ မြောက်ပိုင်း မဟာမိတ်အဖွဲ့ (တအောင်းပလောင်TNLA+ ရက္ခိုင့်တပ်တော် AA + ကိုးကန့် MNDAA) | Mai Ja Yang | တွေ့ဆုံပွဲတွင် KIO က ၎င်းအနေဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန NRPC တို့နှင့်တွေ့ဆုံခဲ့စဥ်တွင်ဆွေးနွေးခဲ့သည့် တစ်ဖွဲ့ချင်းအပစ်ရပ်စာချုပ် ချုပ်ဆိုခြင်း မရှိသေးသည့် AA,TNLA, MNDAA တို့နှင့် ဆွေးနွေးပွဲအတွေ့ တက်ရောက်လိုကြောင်းတောင်းဆိုခဲ့မှုအပါအဝင်၊ တွေ့ဆုံဆွေးနွေးပွဲနှင့်ပတ်သက်ပြီး ပြန်လည် ရှင်းပြခြင်းဖြစ်ကြောင်း သိရပါသည်။ |
| 22-2-2019 | ရှမ်းပြည်တိုးတက်ရေးပါတီ SSPP/SSA + ငြိမ်းချမ်းရေး ကော်မရှင်(PC) | Naypyi Taw | SSPP အနေဖြင့် လက်ရှိသွားနေသည့် NCA လမ်းကြောင်းကို မဆန့်ကျင်ကြောင်းနှင့် ARSA မှ အပ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အားလုံး ပါဝင်နိုင်ရေးကို တိုက်တွန်းကြောင်း SSPP ဒုဥက္ကဋ္ဌဗိုလ်ချုပ် စဝ်ခွန်ဆိုင်းက ပြောခဲ့ပါသည်။ |
| 27-2-2019 | နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (SC DASSK) + တရုတ် (China) | Naypyi Taw | မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့်ရခိုင်ပြည်နယ်အရေးတွင် တရုတ်နိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးနိုင်မည့် ကိစ္စများနှင့် ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာဆွန်ကော့ရှန်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ တွေ့ဆုံခဲ့ပါသည်။ |
| 5-3-2019 | NCA-S EAO + ငြိမ်းချမ်းရေး လုပ်ငန်း စဉ်ဦးဆောင်အဖွဲ့ (PPST) | Chiang Mai | အစည်းအဝေးတွင် PPST နှင့် NCA အကောင်အထည်ဖော်ဘက်များဖြစ်သည့် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူ ဒီမိုကရက်တစ် အစည်းအရုံး (LDU) တို့အကြား NCA အကောင်အထည်ဖော်မှုဆိုင်ရာများနှင့် ဆွေးနွေးမည့်အပြင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ထားရှိကြသည့် အမြင်များနှင့် မူလရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေး ကြိုးပမ်းသည့် နေရာတွင် ပြည့်မီခြင်း |

| | | | |
|---|---|---|---|
| | | | ချက်ပန်းတိုင်ရောက်ရှိရေး ကြိုးပမ်းသည့် နေရာတွင် ပြည့်မီခြင်း ရှိ၊ မရှိ၊ ပြန်လည်သုံးသပ်ညှိနှိုင်းမှု ပြုလုပ်သည့် အစည်းအဝေး တစ်ရပ်ဖြစ်ကြောင်း PPST အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးကပြောပါသည်။ |
| 23-4-2019 | ကရင်အမျိုးသားအစည်းအရုံး( KNU)+အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာ (NRPC) | KNU Area | တွေ့ဆုံပွဲတွင် KNU အနေဖြင့် NRPC နှင့် လာမည့် မေလတွင် အလွတ်သဘော ဆက်လက်တွေ့ဆုံရန်နှင့် မြေပြင်ဘက်မှ အခြေအနေများကိုလည်း ဆွေးနွေးခဲ့သည်။ |
| 30-4-2019 | အမျိုးသားပြန်လည်သင့်မြတ် ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)+ မြောက်ပိုင်း မဟာ မိတ်အဖွဲ့ (NA-B) | Muse | NRPC နှင့် NA-B တို့တွေ့ဆုံဆွေးနွေးရာတွင် တိကျသည့် သဘောတူညီချက်မရခဲ့သော်လည်း အပစ်အခတ်ရပ်စဲရေး အတွက် မေလအတွင်း ထပ်မံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြောင်း၊ KIO၏အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆိုပြုချက်ကို အဓိက ဆွေးနွေးခဲ့ပြီး ကျန်အဖွဲ့များ၏ အဆိုပြုချက်များကို လာမည့် မေလ အတွင်း ပြန်လည်တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြောင်း NRPC မှ အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက ပြောခဲ့ပါသည်။ |
| 6-5-2019 | ကရင်နီအမျိုးသား တိုးတက် ရေးပါတီ (KNPP) + ကယား ပြည်နယ်အစိုးရ အဖွဲ့(RGov) + အမျိုးသား ပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်း ရေး ဗဟိုဌာန NRPC | Loikaw | တွေ့ဆုံပွဲတွင် ကယားပြည်နယ်အစိုးရအဖွဲ့နှင့် KNPP တို့ လစဉ် ပုံမှန်အစည်းအဝေးများကို လာမည့် ဇွန်လမှ စပြီး ပုံမှန်ပြန်လည် တွေ့ဆုံဆွေးကြရန် ဆုံးဖြတ်ခဲ့ကြောင်း သိရပါသည်။ |
| 5-6-2019 | တစ်နိုင်ငံလုံးပစ်ခတ် တိုက် ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ်အဖွဲ့ (NCA) + အပစ် ရပ် တိုင်းရင်းသား လက်နက် ကိုင်တော်လှန်ရေးခေါင်း ဆောင် ကိုယ်စားလှယ် (NCA -S EAOs) | Chiang Mai | အစည်းအဝေးတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် NCA အဖွဲ့၏ စတုတ္ထအကြိမ်မြောက် ပထမ ပိုင်း ညီလာခံအစည်းအဝေး ဆုံးဖြတ်ချက်များထဲမှ တစ်စို့နေ သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာစေပြီး ကျော်လွှားနိုင်ရန်၊ NCA အကောင်အထည်ဖော်မှု ပိုမိုခိုင်မာရေး နှင့် Bilateral သဘောတူညီချက်တို့နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ ကြောင်း အဖွဲ့ခေါင်းဆောင်ဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ABSDF ဒုဥက္ကဋ္ဌ ရဲဘော် မျိုးဝင်း မှ ပြောပါသည်။ |
| 1-7-2019 | တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်အဖွဲ့ (NCA)+ NA-B | Mongla | The government's Peace Commission and representatives of the four-member Northern Alliance held formal discussions at the headquarters of Mongla's National Democratic Alliance Army (NDAA) in eastern Shan State. U Khin Zaw Oo, former military lieutenant- |

| | | | |
|---|---|---|---|
| | | | general and current secretary of the Peace Commission said that they shared a draft text of a bilateral ceasefire agreement proposal with the groups at meeting. |
| 11-7-2019 | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးထားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) + IDEA | Yangon | အလုပ်ရုံဆွေးနွေးပွဲကို လုံခြုံရေးဆိုင်ရာ မူဝါဒများချမှတ်သည့်နေရာတွင် အထောက်အကူပြုနိုင်ရန်၊ လက်ရှိ လုံခြုံရေးကဏ္ဍတွင် ဆွေးနွေးနေသည့် အခက်အခဲများကို ကျော်လွှား နိုင်ရန်နှင့် နိုင်ငံတကာ အတွေ့အကြုံများကို လေ့လာပြီး မြန်မာပြည်၏ အတွေ့အကြုံများနှင့် ကိုက်ညီစွာအသုံးချနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခဲ့ကြောင်းသိရပါသည်။ |
| 11-7-2019 | အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) + ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော် (RCSS/SSA) | Naypyi taw | တွေ့ဆုံပွဲတွင် RCSS/SSA အဖွဲ့မှ ဗိုလ်ချုပ်ဘောင်ဆေးက ၂၀၁၉ ခုနှစ်အတွင်း စတုတ္ထအကြိမ် ၂၁ ရာစုပင်လုံညီလာခံ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းရန်နှင့် ရှမ်းပြည်နယ်တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရန် သဘောတူညီခဲ့ကြောင်း၊ ငြိမ်းချမ်းရေး ရှေ့ဆက်နိုင်ဖို့ အစိုးရ၏ အဆိုပြုချက် ၄ ရပ်ကိုလည်း ဆွေးနွေးနိုင်ခဲ့ပြီး ယင်းအချက်များကို အပစ်ရပ်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကြားတွင် ပြန်လည် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောပါသည်၊ |
| 5-9-2019 | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) + အရပ်ဘက်လူ့အဖွဲ့အစည်းငြိမ်းချမ်းရေးဖိုရမ် (CSFoP) | Yangon | NCA-S EAO၏ ကိုယ်စားလှယ်ခေါင်းဆောင်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းငြိမ်းချမ်းရေးဖိုရမ်မှ ကိုယ်စားလှယ်များမှ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး အလွတ်သဘောဆွေးနွေးခဲ့ကြသည်။ |
| 20-11-2019 | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) + ငြိမ်းချမ်းရေး ကော်မရှင် (PC) | Chiang Ma | တွေ့ဆုံပွဲတွင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ဆို့ရပ်တန့်ခြင်းအဆိုပြုချက်များကို တရားဝင်အပြန် အလှန်ညှိနှိုင်း ဆွေးနွေးရန်နှင့် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များဖွဲ့စည်းထားမှု၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၊ ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာပူးတွဲ စောင့်ကြည့်ရေး ကော်မတီ (JMC)၊ လုပ်ငန်းကော်မတီ (WC)၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ND) စသည့် တရားဝင်အစည်းအဝေးများကို တစ်ဆင့်ပြီး တစ်ဆင့်ဆက်တိုက်ကျင်းပြီး၂၁ ရာစုပင်လုံစတုတ္ထအစည်းအဝေးဆီ ချီတက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ပါသည်။ |
| 2-8-2019 | NCA-S EAO meeting | Yangon | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ |

| | | | |
|---|---|---|---|
| | | | အစည်းများ (NCA-S EAO)၏ (၁၁) ကြိမ်မြောက် လုံခြုံရေးကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေးကို ဩဂုတ်လ ၂ ရက်မှ ၃ရက်ထိ ကျင်းပခဲ့ သည်။ |
| 25-10-2019 | NCA-S EAO +NRPC | Naypyitaw | JICM အကြိုညှိနှိုင်းအစည်းအဝေးတွင် အခက်အခဲ အမျိုးမျိုး၊ စိန်ခေါ်မှုအဖုံဖုံကြားမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အားသွန်ခွန်စိုက်ဆောင်ရွက်နေခြင်းသည် မိမိတစ်ဦးတည်း၊ မိမိတစ်ဖွဲ့တည်း၏ အကျိုးကိုလိုချင်ခြင်းက ပဓာနမဟုတ်ဘဲ ပြည်ထောင်စုသားအားလုံးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်ကို သတိမူမိဖို့လိုအပ်ကြောင်း NCA-S EAO JICM ဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စိုလ်မှူးကြီးစိုင်းငင်း ပြောကြားခဲ့ပါ သည်။ |
| 15-12-2019 | NCA-S EAO + NCA | Chiang Mai | အစည်းအဝေးတွင် လက်ရှိနိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ စစ်ရေးအခြေအနေများကို ဆွေးနွေးသုံးသပ်ခြင်း၊ JICM အစည်းအဝေးကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ရေး အစည်းအဝေးကျင်းပခြင်းကိစ္စ၊ ဖက်ဒရယ်တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ပါအကြောင်းအရာများနှင့် အခြားအရေးပါသည့် ကိစ္စရပ်များကို ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်းသိရပါသည်။ |
| 3-3-2020 | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST)+ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) | Chiang Mai | အစည်းအဝေးတွင် အစိုးရနှင့် မိမိတို့ NCA-S EAOတို့၏ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များ (၂)ကြိမ်တွေ့ဆုံမှုမှ ရရှိလာသော ရလဒ်များကိုဆွေးနွေးပြီး ညှိနှိုင်းရေးအဖွဲ့အတွက် လမ်းညွှန်ချက်များချမှတ်ပေးနိုင်ခဲ့ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ရာစု ပင်လုံ စတုတ္ထအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများ၊ UPDJCနှင့် JMC အစည်းအဝေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများအတွက် အခင်းအကျင်းများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အားလုံးပါဝင်နိုင်ရေးနည်းလမ်းများကို နှစ်ရက်တာ အစည်းအဝေးတွင် အပြန်အလှန်ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကြောင်း၊ လက်ရှိနိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ စစ်ရေးအခြေအနေတို့နှင့် လိုက်လျောညီထွေဖြစ်သည့် ရှေ့လုပ်ငန်းစဉ်များကို ဝိုင်းဝန်းချမှတ်နိုင်ခဲ့ပြီး၊ လွှတ်တော်အတွင်းမှာ ဆောင်ရွက်နေသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဆောင်ရွက် ခြင်းလုပ်ငန်းစဉ်ကိုလည်း ဝိုင်းဝန်းသုံးသပ်နိုင်ခဲ့ကာ အမြင်ချင်း ဖလှယ်နိုင်ခဲ့ကြောင်း PPST ယာယီအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ယွက်စစ်ကပြောပါသည်။ |
| 4-5-2020 | NCA-S EAO + NCA | Online | ဒသမအကြိမ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့အစည်းအဝေးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစု ပင်လုံ စတုတ္ထအစည်းအဝေးကို ယခုကာလအတောအတွင်း ကျင်းပပြုလုပ်ရန် ဆုံးဖြတ်ထားခဲ့သော်လည်း |

| | | | |
|---|---|---|---|
| | | | Covid-19 ကပ်ရောဂါ ကူးစက်မှုအခြေအနေကြောင့် ရွှေ့ဆိုင်းရပြီး၊ ကပ်ရောဂါအလွန်ကာလမှာ ကျင်းပနိုင်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ပါသည်။ |
| 10-7-2020 | NCA-S EAO+ PPST | Yangon | ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)တွင် ပါဝင်မည့် အဓိကအပိုင်း (၃) ပိုင်းဖြစ်သော NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများနှင့် ပတ်သက်သော လမ်းညွှန်ချက်များ၊ အပစ်အခတ်ရပ်စဲမှုနိုင်မာရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၏ အစီရင်ခံတင်ပြချက်နှင့် ပတ်သက်သောသဘောထားများ၊ PPWT ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်သော လမ်းညွှန်မှုများကို အစည်းအဝေးမှာ ချမှတ်နိုင်ခဲ့ပြီး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးဆိုင်ရာကိစ္စများ၊ ဆက်စပ်အစည်းအဝေးများ အချိန်ဇယားများကိုလည်း အတည်ပြုနိုင်ခဲ့ကြောင်းသိရပါသည်။ |
| 2-9-2020 | SG MAH+ China | Naypyi Taw | တွေ့ဆုံချိန်တွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် NCA စာချုပ်တွင် လက်နက်ကိုင်အားလုံးပါဝင်ရန်လိုကြောင်း၊ အစိုးရမှအကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသည့် အဖွဲ့အစည်းများရှိသည့်နေရာများမှလွဲ၍ ကျန်ဒေသများကို စက်တင်ဘာလ ၃၀ ရက်နေ့အထိ အပစ်အခတ်ရပ်စဲထားသည့်အကြောင်းများ အပါအဝင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကာလအတွင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ထောက်ပံ့ကူညီနေမှုများကို ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ သတင်းထုတ်ပြန်ခဲ့ပါသည်။ |
| 17-11-2020 | UWSA+ SG MAH | Monghsat | တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ငြိမ်းချမ်းရေးဆွေးနွေးမှုအပိုင်းမှာ အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာနေသည့်အတွက် လူမှုစီးပွားရေး ဖော်ဆောင်မှုများတွင် ကန့်သတ်ချက်များရှိနေနိုင်ကြောင်း၊ အင်န်စီအေလမ်းကြောင်းမှန်ပေါ်လျှောက်လှမ်းပြီးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့၏ မျိုးဆက်သစ် အနာဂတ်ကလေးငယ်များ လူမှုဘဝဖွံ့ဖြိုးရေး၊ ထာဝရငြိမ်းချမ်းရေးရရှိပြီး တိုင်းပြည်အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် ရေရှည်ကိုကြည့်ပြီး ဆောင်ရွက်ကြစေလိုကြောင်းနှင့် UWSA မှလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရှိစေရေး ဆောင်ရွက်နေ |

| | | | |
|---|---|---|---|
| | | | ကြောင်းနှင့် ဆက်လက်ပြီး ဒေသဖွံ့ဖြိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် တပ်မတော်နှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရပါသည်။ |
| 7-7-2020 | JMC-U+KNU | Naypyitaw | တွေ့ဆုံပွဲတွင်အဖွဲ့၏ ရန်ပုံငွေအခြေအနေ၊ JMC ဆိုင်ရာ လုပ်ငန်းလမ်းညွှန်များကို ပြန်လည်သုံးသပ်မှုများနှင့် ဒေသခံ အရပ်သားစောင့်ကြည့်သူများ၏ ပါဝင်မှုအခြေအနေ အစရှိသည်တို့ကို ဆွေးနွေးခဲ့ကြပါသည်။ |
| 28-7-2020 | ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ UPDJC+ NCA-S EAOs (NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ) | | ဆွေးနွေးပွဲတွင် (၈)ကြိမ်မြောက် JICM အစည်းအဝေး ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးကိစ္စ၊ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ချုပ်ဆိုနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုအခြေအနေနှင့် လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့ကြပါသည်။ |
| 10-8-2020 | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး (JICM) + S- NCA | Naypyitaw | စတုတ္ထအကြိမ် ၂၁ ရာစုပင်လုံညီလာခံတွင် ထည့်သွင်း ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၃ တွင် ပါဝင်မည့် အကြောင်းအရာများ၊ ၂၀၂၀ အလွန် အစိုးရသစ်လက်ထက်တွင် ဆက်လက်ဆွေးနွေးမည့် အခြေခံမူများနှင့် ပတ်သက်ပြီး JICM အကြိုညှိနှိုင်း အစည်းအဝေးကို ပြုလုပ်ခြင်းဖြစ်ပြီး၊ ၂ ရက်ကြာမည့် ယခုအစည်းအဝေးတွင် ညှိနှိုင်း၍ မပြီးပြတ်သေးသည့်ကိစ္စများ၊ ၂၁ ရာစု ပင်လုံညီလာခံ စတုတ္ထအစည်းအဝေးကျင်းပရေးကိစ္စများကိုဆွေးနွေးမည်ဖြစ်ပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်တိုင်းရင်းသားပြည်သူအားလုံးအတွက် အရေးကြီးသောဆွေးနွေးပွဲဖြစ်ကြောင်း တိုင်းရင်းသားခေါင်းဆောင်များက ပြောပါသည်။ |
| 11-8-2020 | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး (JICM) + S- NCA | Naypyitaw | ဆွေးနွေးပွဲတွင် သဘောတူညီမှုရရှိထားသည့် အချက် (၃) ချက်တွင် NCAအကောင်အထည်ဖော်ရေးမူဘောင် ၁၅ ချက်ရရှိထားခြင်း၊ ၂၀၂၀ အလိုမှာဆက်လက်ဆွေးနွေးသွားမည့် ခေါင်းစဉ်များနှင့် အဆင့်များခေါင်းစဉ်ကြီး ၈ ခုပေါ်တွင် သဘောတူညီမှုရရှိထားခြင်းနှင့် ပြည်ထောင်စုအခြေခံမူများ ဖက်ဒရယ် အခြေခံမူများနှင့်ပတ်သက်ပြီး ၃ ချက် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရပါသည်။ |

| | | | |
|---|---|---|---|
| 13-8-2020 | နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (SC DASSK) + တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အကောင် အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်း အစည်းအဝေး(JICM) | Naypyitaw | တွေ့ဆုံပွဲတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)သည် မြန်မာ့နိုင်ငံရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အကျပ်အတည်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ချိတ်ဆက်ပြီး ဖြေရှင်းနိုင်မည့် လမ်းကြောင်းတစ်ခုကို ဖော်ပြနိုင်တော့မည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများတွင် ခေါင်းစဉ်ကြီးရှစ်ခုကို ဖော်ထုတ်နိုင်ခဲ့ကြသော်လည်းအသေးစိတ်သွားရမည့် လုပ်ငန်းစဉ်များကိုဆက်၍ ဆွေးနွေးညှိနှိုင်းကြရဦးမည်ဖြစ်ကြောင်း၊ ပြည်နယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို မည်သို့ရေးဆွဲကြမည်၊ ပြည်ထောင်စုနှင့် ပြည်နယ်အာဏာခွဲဝေမှုများကို မည်သို့သွားကြမည်၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးကို မည်သို့ပုံစံနှင့်လုပ်ကြမည် စသည့်ကိစ္စရပ်များကို ဟန်ချက်ညီညီ အကောင်အထည်ဖော်နိုင်ရန်အတွက် အသေးစိတ်ဆွေးနွေးညှိနှိုင်းရဦးမည်ဖြစ်ကြောင်း အမျိုးသား ပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန NRPC ဥက္ကဋ္ဌနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါသည်။ |
| 14-8-2020 | တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (SG MAH)+ နိုင်ငံရေးပါတီ ၃၄ ပါတီ ( Political Parties) | Naypyitaw | ဆွေးနွေးပွဲတွင် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့အဝင်များကို ဖယ်ရှားရေး၊ကာလုံခေါ်ယူရေးနှင့် ရွေးကောက်ပွဲ မရွှေ့ရေး ပါက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနှင့် မည်ကဲ့သို့ဆောင်ရွက်ပေးမည်တို့ကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံတင်ပြမေးမြန်းခဲ့ပါသည်။ |
| 16-2-2020 | NCA-S EAO+ National Reconciliation and Peace Center (NRPC) | Yangon | Discuss about the implementation of agreements between government and ethnic armed groups. Both sides discussed their opinions for the peace process in the meeting and the matters to continue emerged from the meeting, Padho Saw Hse Gay from Karen National Union (KNU). |
| 26-11-2020 | NCA-S EAO +UPDJC | Online | အစည်းအဝေးတွင်လက်ရှိနိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ စစ်ရေးအခြေအနေများ၊ ရွေးကောက်ပွဲအလွန် ငြိမ်းချမ်းရေး အခင်း အကျင်း၊ ကိုဗစ်(၁၉) ကပ်ရောဂါ ကာကွယ်တားဆီးထိန်းချုပ်ကုသရေး ကိစ္စများနှင့်ကြားကာလ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သုံးသပ်ဆွေးနွေးခဲ့ကြပြီးလုပ်ဆောင်ရမယ့်လုပ်ငန်းတွေကို လမ်းညွှန်ပေးနိုင်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပုံစံကိစ္စ (Peace Process |

| | | | |
|---|---|---|---|
| | | | Architecture)။ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)နှင့်အညီ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ပြင်ဆင်ရေးကိစ္စ၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အဆင့်လိုက် လုပ်ငန်းစဉ်နှင့် အဆင့်လိုက်အကောင်အထည်ဖော်မှုများကိစ္စ၊ ဖက်ဒရယ်လမ်းညွှန် အခြေခံမူများကိစ္စ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ အားလုံးပါဝင်ရေးကိစ္စတို့အတွက် လမ်းညွှန်မှုများ ချမှတ်ပေးနိုင်ခဲ့ကြောင်း၊ အစိုးရသစ်တရားဝင် မဖွဲ့စည်းနိုင်မီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး အလွတ်သဘောတွေ့ဆုံညှိနှိုင်းနိုင်ရေး ညှိနှိုင်းရေးအဖွဲ့ကိုလည်း ဖွဲ့စည်း ပေးနိုင် |
| | | | ခဲ့ပြီး ၎င်းတို့၏တာဝန်များကိုလည်း သတ်မှတ်ပေးနိုင်ခဲ့ကြောင်း။ NCA-S EAO တို့၏ စတုတ္ထအကြိမ် ညီလာခံ (ဒုတိယပိုင်း)ကို လာမယ့် ၂၀၂၁ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် ကျင်းပနိုင်ရေးအတွက်လည်း လျာထားသတ်မှတ်နိုင်ခဲ့ပြီး စုဖွဲ့မှုကို ပြန်လည်သုံးသပ်ဖို့ ဆွေးနွေးနိုင်ခဲ့ကြောင်း သိရပါသည်။ |
| 11-12-2020 | EAO+ UPDJC | Online | အစည်းဝေးတွင် ဖက်ဒရယ်မူဆိုင်ရာကိစ္စများ၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)မှာ သဘောတူထားသည့်အတိုင်း နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြင်ဆင်ခြင်း၊ ဖက်ဒရယ် တည်ဆောက်ရေးဆိုင်ရာ ၂၀၂၀အလွန် အဆင့်လိုက် လုပ်ငန်းစဉ်နှင့် အဆင့်လိုက်အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များကို ဆွေးနွေး ခဲ့သည်။ |

# ပြည်ထောင်စုငြိမ်းချမ်းရေး
# ညီလာခံ - ၂၁ ရာစု ပင်လုံ

# ၂၁ ရာစု ပင်လုံ – ငြိမ်းချမ်းရေးညီလာခံ တွေ့ရှိချက်များ

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အရ ခြောက်လတွင် တစ်ကြိမ် ကျင်းပရန် လျာထားသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ သို့မဟုတ် ၂၁ ရာစု ပင်လုံညီလာခံကို ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် နှစ်နှစ်အတွင်း တစ်ကြိမ်သာ ကျင်းပနိုင်ခဲ့ခြင်းသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဖြစ်တည်နေသည့် လှိုင်းလုံးများ၊ စိန်ခေါ်မှုကြီးများကို သိသာ မြင်သာစေခဲ့ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အဓိက ဇာတ်ကောင်များဖြစ်သော အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များအပြင် နိုင်ငံရေးပါတီများ စသည်တို့တွင် အကြောင်းပြချက်ကိုယ်စီ ရှိနှင့်နေကြပါလိမ့်မည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၉ ရက်တွင် ကျင်းပမည့် ၂၁ ရာစုပင်လုံညီလာခံ စတုတ္ထအကြိမ် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားသည့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် စုဖွဲ့ထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ယာယီ ခေါင်းဆောင် ဗိုလ်ချုပ်ကြီးယွက်စစ်၏ မိန့်ခွန်းကို ရှမ်းဘာသာစကားဖြင့် မပြောရန် ပြောဆိုခံခဲ့ရခြင်းသည်ပင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွင်းမှ အဓိကဇာတ်ကောင်များ၏ မတူကွဲပြားမှုအပေါ် လက်ခံနိုင်သည့် စိတ်သဘောထားမျိုး ပြတ်လပ်နေသည်ကို လှစ်ဟစေပါသည်။

ဩဂုတ်လ ၁၇ ရက်၊ နေပြည်တော်တွင် ပြုလုပ်သော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJ-C) အစည်းအဝေးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီး ဦးကျော်တင့်ဆွေက ဗိုလ်ချုပ်ကြီးယွက်စစ်အား ပြောဆိုခဲ့ ခြင်းဖြစ်ပြီး ဩဂုတ် ၁၉ ရက် ညီလာခံအဖွင့်မိန့်ခွန်းတွင်တော့ ဗိုလ်ချုပ်ကြီးယွက်စစ်က မြန်မာဘာသာစကားဖြင့် ပြောဆိုခဲ့ရပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူများအားလုံး နားလည်နိုင်ရန် အကြောင်းပြ တောင်းဆိုခြင်းဖြစ်သော်လည်း တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ နေထိုင်သည့် မြန်မာနိုင်ငံအတွက် အခြားသောနည်းလမ်းဖြင့် ဖြေရှင်းခဲ့နိုင်ပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းမှ မတူကွဲပြားခြားနားမှုကို နားလည်လက်ခံသော လုပသည့် သဏ္ဍာန်သရုပ်ကို မြင်တွေ့ခဲ့ရဖွယ်ရှိပါသည်။

"ရှမ်းဘာသာနဲ့ ပြောခွင့်မရဘူးဆိုတော့ တန်းတူရေးဆိုတာ ဘာကို တကယ်ဆိုလိုတာလဲ။ မတူကွဲပြားမှုကိုအခြေခံပြီး အတူယှဉ်တွဲနေထိုင်နိုင်ဖို့ တည်ဆောက်ကြတဲ့ ဖက်ဒရယ်စနစ်ကို တည်ထောင်ကြမယ်လို့ NCA မှာ သဘောတူထားကြပေမယ့် ဒီမတူကွဲပြားမှုတွေကို တကယ်ရော လက်ခံကြရဲ့လားလို့ စဉ်းစားစရာ ဖြစ်စေတယ်"ဟု RCSS/ SSA ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီအဖွဲ့ဝင် စိုင်းလျန်းက သျှမ်းသံတော်ဆင့်သတင်းဌာနကို ပြောပါသည်။

ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့သည့် ၂၁ ရာစုပင်လုံ - ငြိမ်းချမ်းရေးညီလာခံ(စတုတ္ထအကြိမ်) အစည်းအဝေးအပြီးတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၃ ကို ချုပ်ဆိုနိုင်ခဲ့ပြီး NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက် ၁၅ ချက်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူသဘောတူညီချက် ငါးချက်နှင့်အတူ ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်အကောင်အထည်မှုဆိုင်ရာမှုများကို ထည့်သွင်းချုပ်ဆိုထားပါသည်။

၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်၊ ဦးသိန်းစိန်အစိုးရလက်ထက်မှ စတင်ခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်မှုသည် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၁ ရက်၊ ၂၁ ရာစုပင်လုံ-ငြိမ်းချမ်းရေးညီလာခံ(စတုတ္ထအကြိမ်) အစည်းအဝေးပြီးဆုံးချိန်အထိ ဆယ်စုနှစ်တစ်ခုကျော် ကာလအတွင်း ပြည်ထောင်စုသဘောတူစာချုပ် အပိုင်းသုံးခုကို ချုပ်ဆိုနိုင်ခဲ့ပြီး သဘောတူညီမှုရရှိခဲ့သည့် အချက်ပေါင်း ၇၁ ချက်အထိ ရှိခဲ့သည်ကို တွေ့ရပါသည်။ သို့သော် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကိုမူ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ ၁၀ ဖွဲ့ကသာ လက်မှတ်ရေးထိုးထားနိုင်ခဲ့ပါသည်။


အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရလက်ထက်တွင် NCA လက်မှတ်ရေးထိုးခဲ့သည့် မွန်ပြည်သစ်ပါတီ(NMSP)ကတော့ ပြည်ထောင်စုသဘောတူညီမှုစာချုပ် အစိတ်အပိုင်း ၃ ကို လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဆွေးနွေးခဲ့ကြသည့် အစုအဖွဲ့များအကြား အမြင်သဘောထားနီးစပ်မှု မရှိသေးသည့်အတွက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး သဘောတူညီမှု မရရှိခဲ့ခြင်းအပေါ် ၇၃ ကြိမ်မြောက် မွန်တော်လှန်ရေးနေ့တွင် မွန်ဘာသာဖြင့် ထုတ်ပြန်ဝေဖန်ခဲ့ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က ပြည်ထောင်စုသဘောတူညီချက်စာချုပ် အစိတ်အပိုင်း ၃ သည် "ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အလွန်အရေးကြီးတယ်"ဟု ပြောဆိုထားသည့်တိုင် ချင်းအမျိုးသားတပ်ဦး(CNF)၏ ကိုယ်စားလှယ် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းကတော့ "ဒီငြိမ်းချမ်းရေးသော့ချက်ကြီးဖြစ်တဲ့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပဲခေါ်ခေါ် ပြည်နယ်အခြေခံဥပဒေပဲခေါ်ခေါ် လာမယ့်ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ စတုတ္ထအစည်းအဝေးမှာ ချုပ်ဆိုမယ့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၃ မှာ ပါမလာ

ဘဲ ကျန်ရစ်သွားမှာကို ယူကြုံးမရ ဖြစ်မိပါတယ်”ဟု ဆိုပါသည်။

ချုပ်၍ဆိုရသော် ၂၀၁၉ ခုနှစ် တစ်နှစ်ပတ်လုံးနှင့် ၂၀၂၀ ပြည့်နှစ်အတွင်း တပ်မတော်နှင့် တိုက်ပွဲများ ပြင်းထန်နေခဲ့သည့် ရက္ခိုင့်တပ်တော်(AA) အပါအဝင် UWSA ၊ NDAA ၊ KIA ၊ SSPP ၊ TNLA ၊ MNDAA တို့ပါဝင်သည့် ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) သည် ၂၁ ရာစုပင်လုံ-ငြိမ်းချမ်းရေးညီလာခံ(စတုတ္ထအကြိမ်)အစည်းအဝေးကို တက်ရောက်နိုင်ခဲ့ခြင်း မရှိခဲ့သည်ကိုတွေ့ရပါသည်။ ပြည်ထောင်စုသဘောတူညီမှုစာချုပ် အပိုင်း သုံးခုစလုံးမှ သဘော တူညီချက်များကို လေ့လာကြည့်လျှင်လည်း ပြည်နယ်ဖွဲ့စည်းပုံရေးဆွဲရေး ချန်လှပ်ခံခဲ့ရသကဲ့သို့ လုံခြုံရေးဆိုင်ရာ ဆွေးနွေးနိုင်မှု သဘောတူညီမှုရရှိခဲ့သည့် အကြောင်းအချက်များ ဖြစ်ပေါ်လာခြင်း မရှိခဲ့ဟု ဆိုရပါမည်။

၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည့် ၂၁ရာစုပင်လုံ - ငြိမ်းချမ်းရေး ညီလာခံ (တတိယအကြိမ်) အစည်းအဝေးမှ သဘောတူညီလျာထားချက်များအနက် ၂၀၁၈ - ၂၀၁၉ ခုနှစ်များအတွင်း ၂၁ရာစုပင်လုံ - ငြိမ်းချမ်းရေးညီလာခံ သုံးကြိမ် ကျင်းပနိုင်ရေးသည် ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပသည့် ၂၁ရာစုပင်လုံ - ငြိမ်းချမ်းရေးညီလာခံ (စတုတ္ထအကြိမ်)အစည်း အဝေးဖြင့်သာ တစ်ခန်းရပ်ရပါသည်။



# ပင်လုံမိန့်ခွန်း ကောက်နုတ်ချက်



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစု ပင်လုံ၊ စတုတ္ထအစည်းအဝေး၊ တတိယနေ့တွင် ပြောကြားသည့် ကျေးဇူးတင်စကားမှ

ဒီကနေ့ ညီလာခံကြီးမှာ ကျွန်မအနေနဲ့ ပထမဆုံး အသိပေးပြောကြား လိုတာကတော့ "၂၀၂၀ အလွန် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အစီအစဉ်သစ်" ပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လေးနှစ်ကျော်ကာလအတွင်းမှာ ငြိမ်းချမ်းရေးဆွေးနွေးမှု၊ နိုင်ငံရေးဆွေးနွေးမှု၊ အပစ်ရပ်ပူးတွဲစောင့်ကြည့်ရေး စတဲ့လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်လို့ အတွေ့အကြုံတွေ အများကြီး ရရှိခဲ့သလို အားသာချက်တွေ၊ အားနည်းချက်တွေကိုလည်း သိရှိလာခဲ့ကြပြီဖြစ်ပါတယ်။ ၂၀၂၀ အလွန်မှာ ရှေ့ဆက်ရမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သုံးရပ်ကို ညီလာခံ ဖွင့်ပွဲအခမ်းအနားမှာ ထုတ်ဖော်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်သုံးရပ်ကို ထိထိရောက်ရောက် ဟန်ချက်ညီ ဖော်ဆောင်နိုင်မယ့် '၂၀၂၀ အလွန် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အစီအစဉ်သစ်' ကို အစုအဖွဲ့အသီးသီးရဲ့ ပြန်လည်သုံးသပ်ချက်၊ လုပ်ငန်းစဉ်တွေမှာ ပါဝင်နေသူတွေရဲ့ အကြံပြုချက်၊ လက်ရှိဖော်ဆောင်မှု အစီအစဉ်ပေါ် လေ့လာသုံးသပ်ချက်တွေကို အခြေခံပြီး ၂၀၂၀ အလွန်ကာလမှာ အရှိန်အဟုန်နဲ့ ဖော်ဆောင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီအစီအစဉ်သစ်ဟာ ဒီကနေ့ ချုပ်ဆိုလိုက်တဲ့ ပြည်ထောင်စုသဘောတူ စာချုပ်၊ အစိတ်အပိုင်း ၃ ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရပါမယ်။ ဒီအစီအစဉ်သစ်ဟာ NCA လမ်း

ကြောင်းအတိုင်း UPDJC နဲ့ JMC ယန္တရားတွေ ပိုမိုခိုင်မာအောင် အထောက်အကူပေးနိုင်ရမှာ ဖြစ်သလို NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့အစည်းတွေ ပါဝင်လာနိုင်ရေးကို လမ်းဖွင့်ပေးနိုင်ရပါမယ်။ ဒီအစီအစဉ်သစ်ဟာ ဆွေးနွေးညှိနှိုင်းမှုအဆင့်ဆင့်မှာ ပါဝင်နေတဲ့ အစုအဖွဲ့အသီးသီးက ကိုယ်စားလှယ်တွေကို ပညာရပ်ဆိုင်ရာ အထောက်အကူတွေ ပြုပေးနိုင်ရမှာဖြစ်သလို ကျွန်မတို့နိုင်ငံရဲ့ နိုင်ငံရေးပြဿနာတွေကို လက်တွေ့ကျကျ ဖြေရှင်းနိုင်မယ့် ရွေးချယ်စရာနည်းလမ်းတွေ ရှာဖွေဖော်ထုတ်ပေးနိုင်ရမယ်။ ဒါဟာ ၂၀၂၀ အလွန် ကျွန်မတို့ ပထမဆုံး ဦးစားပေး လုပ်ဆောင်ရမယ့် လုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ပြောကြားလိုတာကတော့ "ပြည်ထောင်စုသားအားလုံးက သဘောတူလက်ခံတဲ့ ပြည်ထောင်စုလက္ခဏာတစ်ရပ် တည်ဆောက်ရေး" ပဲ ဖြစ်ပါတယ်။ ဒီကနေ့ ချုပ်ဆိုခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း ၃ ရဲ့ အပိုင်း ၁ ဖြစ်တဲ့ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်တွေထဲမှာ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံ အသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံတို့ဖြင့် ပြည်ထောင်စုလက္ခဏာတစ်ရပ်ကို နိုင်ငံသားအားလုံး စုပေါင်းဖော်ဆောင်ရန်" ဆိုပြီး ပါရှိပါတယ်။

ဒီသဘောတူညီချက်ရဲ့ မှတ်ချက်ဖြစ်တဲ့ "ပြည်ထောင်စုလက္ခဏာဆိုသည်မှာ စည်းလုံး ညီညွတ်သည့်တစ်ခုတည်းသော ပြည်ထောင်စုဖြစ်သည်" ဆိုတဲ့အချက်ဟာ အထူးပဲ အရေးကြီးပါတယ်၊ စုပေါင်းဖော်ဆောင်ရမယ့် ပြည်ထောင်စုလက္ခဏာတစ်ရပ်ကို ၂၀၂၀ အလွန်ကာလမှာ ဦးစားပေး ကြိုးပမ်းဖော်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ "စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းပေါ်မှာ ရှိနေရေး" ပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့အတွေ့အကြုံတွေအရ NCA လက်မှတ်ရေးထိုးပြီးသော်လည်း အောက်ခြေဒေသအချို့မှာ ထိတွေ့မှုတွေ၊ တိုက်ပွဲတွေ ဖြစ်ပွားနေခဲ့တာတွေ ရှိပါတယ်။ တင်းမာမှုတွေ နှစ်ဖက်စလုံးမှာ ဖြစ်ပေါ်လာခဲ့ပါတယ်။ အလားတူပါပဲ။ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ရှေ့ကိုဆက်လို့ မရတော့ဘဲ ပိတ်ဆို့သွားတဲ့အခြေအနေမှာ ဆွေးနွေးပွဲတွေနဲ့ ဝေးရာကို ထွက်သွားကြတာတွေလည်း ကြုံတွေ့ခဲ့ရပါတယ်။ ဒီလိုအခြေအနေမှာ ကျွန်မတို့အစိုးရအနေနဲ့ ထွက်သွားသူတွေဆီ ရောက်အောင်သွားပါတယ်။ မကျေနပ်ချက်တွေ၊ လိုလားချက်တွေကို သေသေချာချာ နားထောင်ပါတယ်။ အောင်မြင်မှုကို ရရှိ တွေ့ကြုံလာရတဲ့ အခက်အခဲတွေရဲ့နောက်ကွယ်က ဇာစ်မြစ်အကြောင်းတရားတွေ၊ ဒီအကြောင်းတွေကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို ကျွန်မတို့ ရှာရပါတယ်။ ပြီးရင် ပြန်ပြီးတော့ တွေ့ဆုံပြီး ဒီနည်းလမ်းဆိုရင် အဆင်ပြေမလား၊ ဒီလိုသွားရင် အဆင်ပြေမလား စသဖြင့် အလွတ်သဘောတွေ့ဆုံမှု၊ ဆွေးနွေးမှု၊ ညှိနှိုင်းမှုတွေနဲ့ ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ရတာဖြစ်ပါတယ်။ နောက်ဆုံး နှစ်ဦးနှစ်ဖက် ဆုံမှတ်တစ်ခု ရောက်ရှိ၊ ဘုံသဘောထားတူညီဆိုတော့မှ တရားဝင်အစည်းအဝေးတွေကို ပြန်ပြီး ခေါ်ဦးလှည့်ရတာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်မတို့အားလုံးအတွက် ကြီးမားတဲ့ အောင်မြင်မှုကို ရရှိစေခဲ့တဲ့ အတွေ့အကြုံပဲဖြစ်ပါတယ်။ ညီလာခံအလွန်မှာရော ၂၀၂၀ အလွန်မှာပါ ဘယ်လိုအခက်အခဲပဲ ကြုံရကြုံရ ကျွန်မတို့ အစုအဖွဲ့တွေကြားမှာ တွေ့ဆုံဆွေးနွေးအမြင်ချင်းဖလှယ်ပြီး အဖြေရှာဖွေတဲ့ လမ်းကြောင်းတွေကို ဆက်လက်ဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်ကြောင်း အလေးအနက် တိုက်တွန်းပြောကြားလိုပါတယ်။

# ပင်လုံမိန့်ခွန်း ကောက်နုတ်ချက်



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် နှုတ်ခွန်းဆက်အမှာစကားမှ

ဒီနေ့မှာတော့ အဓိကကျနိုင်တဲ့ အချက် သုံးချက်ကို ကျွန်တော် ပြောလိုပါတယ်။ အဲဒါတွေကတော့ (တစ်) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်တဲ့အခါမှာ မရိုးသားမှု၊ (နှစ်) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အခြားလုပ်ငန်းစဉ်တွေနဲ့ တွဲဆက်ထားလိုမှု (သုံး) တိကျပြတ်သားတဲ့ အခြေခံမှုအပေါ်မှာ ခိုင်မြဲစွာရပ်တည်နိုင်မှု အားနည်းခြင်းတို့ပဲ ဖြစ်ပါတယ်။

ပထမအချက်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာမှာ ပါဝင်ပတ်သက်နေတဲ့ အဖွဲ့အစည်း(Stakeholder)တွေဟာ ရိုးသားကြဖို့လိုပါတယ်။ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရပြီးစကတည်းက ဖဆပလ အစိုးရဟာ အဲဒီခေတ်က အင်အားကြီးမားခဲ့တဲ့ ဗကပလက်နက်ကိုင်တွေနဲ့ စေ့စပ်ညှိနှိုင်းနိုင်ရေး အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအခြေအနေအပေါ်မှာ ဗကပအနေနဲ့အခွင့်အရေးယူဖို့ အမြတ်ထုတ်ဖို့ပဲ အစဉ်တစိုက် လုပ်ဆောင်ခဲ့ပါတယ်။ သူတို့ရဲ့ '၅၅ လမ်းစဉ်' လို့ပြောရမယ့် ၁၉၅၅ ခုနှစ် ဗကပဗဟို ကော်မတီရဲ့ ချမှတ်လိုက်တဲ့လမ်းစဉ်မှာ "ပြည်သူလူထုရဲ့ဆန္ဒနှင့်ကိုက်ညီသည့် 'ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး' ကြွေးကြော်သံတစ်ရပ်ကို နည်းပရိယာယ်တစ်ခုအနေဖြင့် ထုတ်ပြန်ပြီး ဤ ကြွေးကြော်သံဖြင့် လူထုကို စည်းရုံးရမည်။ ပြည်တွင်းစစ်ကို ဖန်တီးသော တရားခံသည် ဖဆပလအစိုးရသာ ဖြစ်ကြောင်း လှုံ့ဆော်ဖန်တီးရမည်"လို့ ချမှတ်ထားတာကို ကျွန်တော်တို့တွေ့ခဲ့ရပါတယ်။ ဒါကို ပြန်ပြောနေရခြင်းဟာ ဒီနေ့လက်တွေ့ဖြစ်နေတဲ့ အခြေအနေတွေကို ထင်ဟပ်စေချင်လို့ဖြစ်ပါတယ်။ ဒီနေ့မှာလည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေဟာ တပ်မတော်ကြောင့်ပဲ ဖြစ်ပွားသယောင် သမိုင်းကို လုပ်ကြံဖန်တီးနေတာကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ အချို့ နိုင်ငံရေးပါတီများနဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေဟာ ဗကပရဲ့ ၁၉၅၅ ခုနှစ် လမ်းစဉ်အတိုင်းပဲ ဖဆပလအစိုးရဆိုတဲ့ စကားရပ်နေရာမှာ တပ်မတော်ကို အစားထိုးပြီး လုပ်ကြံဖန်တီးထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေဟာ တပ်မတော်ရယ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAO) တွေနဲ့သာ သက်ဆိုင်ပြီး နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို တာဝန်ယူထားရတဲ့ အစိုးရနဲ့ မသက်ဆိုင်ဘူးဆိုတဲ့ အယူအဆ၊ အစိုးရက ကြားနေ သို့မဟုတ် ဒိုင်သဖွယ် ဆောင်ရွက်ပေးမယ်ဆိုတဲ့ အယူအဆတွေ၊ အပြောအဆိုတွေကိုလည်း ကျွန်တော်တို့ ကြားသိနေရပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေဟာ နိုင်ငံတော်ကို ဆန့်ကျင်နေတာဖြစ်ပါတယ်။ တက်လာတဲ့ အစိုးရတွေကို ဆန့်ကျင်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်နဲ့ အစိုးရတိုင်းကို တပ်မတော်က ကာကွယ်နေပေးတယ်ဆိုတာ ဖြစ်စဉ်ဖြစ်ရပ်များအပေါ် ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာကြည့်ရင် တွေ့နိုင်ပါတယ်။ ၁၉၅၀ ပြည့်နှစ်လောက်က အတွေးအခေါ် အယူအဆတွေနဲ့ လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆက်လက်မောင်းနှင်နေလို့တဲ့ သဘောထားတွေဟာ မရိုးဖြောင့်ဘူးလို့ပဲ ကျွန်တော်တို့ ပြောလိုပါတယ်။ အဲဒီခေတ်က ခေတ်စားခဲ့တဲ့ စကားနဲ့ပဲ ပြန်ပြောရရင် "ဆိတ်ခေါင်းချိတ်ပြီး ခွေးသားရောင်းဖို့ မကြိုးစားပါနဲ့" လို့ပဲ ဆိုချင်ပါတယ်။ တပ်မတော်ဟာ ဖြတ်သန်းလာခဲ့တဲ့ အတွေ့အကြုံအရ မဖြစ်သင့်မဖြစ်ထိုက်တာတွေ မဖြစ်အောင်၊ ဖြစ်သင့်ဖြစ်ထိုက်တာတွေ ဖြစ်အောင် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ တပ်မတော်ဟာ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဦးထိပ်ပန်ဆင်ပြီး ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ကျွန်တော်ပြောလိုတာကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အခြားလုပ်ငန်းစဉ်နဲ့ တွဲဆက်ထားလိုမှုပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံတော်ရဲ့အကျိုးစီးပွား၊ အမျိုးသားရေး အကျိုးစီးပွား (National Interests) ထက် အရေးကြီးတာ ဘာမျှ မရှိပါဘူး။ ဒီမိုကရေစီစနစ် တည်ဆောက်ရာမှာ "ဥပဒေရဲ့အထက်မှာ မည်သူမျှမရှိရ" ဆိုတဲ့ စကားရပ်ဟာ ဒီမိုကရေစီအုတ်မြစ် တည်တံ့ခိုင်မြဲစေဖို့ အခြေခံလိုက်နာရမယ့်အချက် ဖြစ်သလို နိုင်ငံတည်ဆောက်ရေး (State Building)၊ တိုင်းပြည်တည်ဆောက်ရေး (Nation Buliding) တည်ဆောက်ရာမှာလည်း "အမျိုးသားအကျိုးစီးပွား၏ အထက်မှာ မည်သည့် ပုဂ္ဂိုလ်၊ မည်သည့် အဖွဲ့အစည်းမျှ မရှိရ" ဆိုတာ ခံယူကြရမှာ ဖြစ်ပါတယ်။ ယနေ့ဖြစ်စဉ်များကို သုံးသပ်ကြည့်ရင် ကျွန်တော်တို့ တွေ့နိုင်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားဟာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ပဲ ဖြစ်ပါတယ်။ ဒီအရေးကိစ္စတွေအတွက် ကျွန်တော်တို့ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်တွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်တွေဟာ ဒီအမျိုးသားအကျိုးစီးပွားအပေါ်မှာ အစဉ်တစ်စိုက် ရပ်တည်နေဖို့၊ ရည်ညွှန်းနေဖို့လိုပါတယ်။ ဒီလိုမဟုတ်ဘဲ ပုဂ္ဂလိကဆန္ဒတွေ၊ နိုင်ငံရေးလိုဘတွေ၊ အဖွဲ့အစည်းတစ်ခုရဲ့ အကျိုးစီးပွားတွေအပေါ်မှာသာ အခြေခံတွက်ချက်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို အခြားလုပ်ငန်းစဉ်တွေနဲ့ တွဲဆက်ထားတာဟာ မူလအဓိကဖြစ်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်မှာကော၊ တွဲဆက်ထားတဲ့ လုပ်ငန်းစဉ်တွေကိုကော အောင်မြင်မှုနဲ့ အလှမ်းဝေးစေမှာ ဖြစ်ပါတယ်။ 'တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်' ဆိုတဲ့ မြန်မာဆိုရိုးဟာ လှပပေမယ့် တကယ့်တကယ် လက်တွေ့ဘဝမှာတော့ 'တစ်ချက်ခုတ်ရင် တစ်ချက်ပြတ်' နိုင်ဖို့ဟာ ပိုအရေးကြီးတယ်လို့ ယူဆပါတယ်။

တတိယအချက်အနေနဲ့ 'တိကျပြတ်သားတဲ့ အခြေခံမူအပေါ်မှာ ခိုင်မြဲစွာ ရပ်တည်ရေး' ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အခြေခံမူများ ရှိပြီး ဖြစ်ပါတယ်။ အခြေခံမူကတော့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပဲ ဖြစ်ပါတယ်။ NCA စာချုပ် ဘယ်လို ဖြစ်ပေါ်လာတာလဲ၊ NCA ထဲမှာ ဘာတွေပါတယ်၊ NCA ဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လို့ အမည်တပ်ထားပေမယ့် NCA ထဲမှာပါတဲ့ သဘောတူညီချက်တွေ၊ ရှေ့

ဆက်လက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုတာထက် ပိုမို ကျယ်ပြန့်တယ်။ အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကို ဘယ်လို တည်ဆောက်ကြမယ်ဆိုတာအထိ ပါတယ် ဆိုတာကို ကျွန်တော် အကြိမ်ကြိမ် ရှင်းလင်းပြပြီး ဖြစ်ပါတယ်။ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် သမိုင်းမှာ ဒီလိုအဖွဲ့အစည်းများစွာနဲ့ အချိန်ယူ ညှိနှိုင်းဆွေးနွေးပြီး သဘောတူလက်မှတ်ရေးထိုး ထားနိုင်ခဲ့တာ မရှိခဲ့ပါဘူး။ ဒါကြောင့် NCA ဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေရဲ့ အခြေခံမှုဖြစ်ပါတယ်။ ဒီအပေါ်မှာ ယိမ်းယိုင်နေလို့မရပါဘူး။ တာဝန်ရှိသူများကိုယ်တိုင် ဒီစာချုပ်အပေါ်မှာ သဘောထား ဝေဝါးနေတာ၊ ရပ်တည်ချက် ယိမ်းယိုင်နေတာတွေဟာ အန္တရာယ်များပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပြီး ခိုင်ခိုင်မာမာရပ်တည်ကာ အင်တိုက်အားတိုက် လုပ်ကိုင်ကြဖို့ ကျွန်တော် တိုက်တွန်း လိုပါတယ်။

# ပင်လုံမိန့်ခွန်း ကောက်နုတ်ချက်



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ပြောကြားသည့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ယွက်စစ်၏ အဖွင့်အမှာစကားမှ

၂၀၁၈ ခုနှစ်မှာ တတိယအကြိမ် ညီလာခံ ကျင်းပပြီးတဲ့နောက်ပိုင်း နှစ်နှစ်တာကာလအတွင်းမှာ ၂၁ ရာစု ပင်လုံညီလာခံကို ကျင်းပနိုင်ခဲ့ခြင်း မရှိပါဘူး။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဖက်ဒရယ် အခြေခံမူတွေမှာ ကွာဟချက်တွေကို ညှိနှိုင်းနေရလို့ပဲ ဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက်က ယုံကြည်မှု တည်ဆောက်ခြင်းကို ဆောင်ရွက်ရာမှာလည်း အားနည်းချက်တွေ ရှိလို့ပဲဖြစ်ပါတယ်။ ဒီကာလ အတွင်းမှာ နှစ်ဦးနှစ်ဖက်အနေနဲ့ အလွတ်သဘောဆွေးနွေးမှုတွေ၊ တရားဝင် ညှိနှိုင်းအစည်းအဝေး တွေကို ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ရပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် သင့်တော်တဲ့ နည်း လမ်းပေါင်းစုံ ပိုင်းဂန်းရှာဖွေခဲ့ကြတယ်။

ရှစ်ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင် အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ၏ လမ်းညွှန်ကြီးကြပ်မှု၊ တည့်မတ်ပေးမှု၊ ဆုံးဖြတ်ပေးမှုတွေကြောင့် အစိုးရနှင့် NCA စာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတို့၏ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေက ရှစ်လနီးပါး အချိန် ယူလို့ တရားဝင် ညှိနှိုင်းအစည်းအဝေး ရှစ်ကြိမ်တိုင်တိုင် အပါအဝင် အလွတ်သဘောဆွေးနွေးမှု မြောက်မြားစွာ ကျင်းပကာ အပြန်အလှန် ညှိနှိုင်းဆွေးနွေးပြီး ဒီနေ့ကျင်းပတဲ့ ညီလာခံသို့ တင်သွင်း မယ့် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း ၃ ကို ရရှိခဲ့တာ ဖြစ်ပါတယ်။ စဉ်ဆက်မပြတ် ဆွေးနွေးညှိနှိုင်းခြင်း၏ ကောင်းကျိုးပဲ ဖြစ်ပါတယ်။

ဒီလို အချိန်ယူပြီး ညှိနှိုင်းအစည်းအဝေးများ ဆက်တိုက်ကျင်းပကာ နှစ်ဖက်အတွက် မျှမျှတတ ဖြစ်စေတဲ့၊ ကျေနပ်လက်ခံတဲ့ ရလဒ်ကောင်းတွေကို ရရှိအောင် ညှိနှိုင်းဆွေးနွေးပေးခဲ့ကြတဲ့ နှစ် ဖက်ညှိနှိုင်းရေးအဖွဲ့တွေကို ကျေးဇူးအထူးတင်ရှိပါတယ်။ ဂုဏ်ပြုပါတယ်။ ညှိနှိုင်းရေးအဖွဲ့တွေရဲ့ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင် ပြောကြားလိုပါတယ်။

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၃ မှာ NCA စာချုပ် အကောင်အထည်

ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်များ၊ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ ဖယ်ဒရယ်အခြေခံမူများ စသည်တို့ ပါဝင်တယ်လို့ သိရတဲ့အတွက် နှစ်ထောင်းအားရ ဖြစ်မိပါတယ်။ ညှိနှိုင်းလို့ မရသေးတဲ့ အကြောင်းအရာတွေကို ဆက်လက် ဆွေးနွေးသွားဖို့ သဘောတူနိုင်ခဲ့တယ်လို့ ကြားသိရပါတယ်။ တချို့အကြောင်းအရာတွေဟာ အချိန်ယူ ဆွေးနွေးညှိနှိုင်းဖို့ လိုအပ်ပါတယ်။

လာမယ့် ၂၀၂၀ အလွန်ကာလမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်မှုပုံစံနဲ့ ပတ်သက်လို့ မိမိတို့ကြားမှာ သေချာညှိနှိုင်းဆွေးနွေးပြီး သဘောတူညီထားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ နိုင်ငံရေးအရ အဆင့်သုံးဆင့်မှာ ဘယ်လို အကောင်အထည်ဖော် ဆောင်ရွက်သွားကြမလဲ၊ လုံခြုံရေးအရ အဆင့်သုံးဆင့်မှာ နိုင်ငံရေး တိုးတက်ပြောင်းလဲမှုနဲ့ ဘယ်လို ဆက်စပ်ချိတ်ဆက်ပြီး ဟန်ချက်ညီစွာ ဆောင်ရွက်သွားကြမလဲ ဆိုတာတွေက ကြီးလေးတဲ့ လုပ်ငန်းစဉ်တွေပဲ ဖြစ်ပါတယ်။ ဒါတွေအတွက် မိမိတို့ကြားမှာ ရှင်းရှင်းလင်းလင်းဖြစ်တဲ့ ပုံစံ၊ တိကျတဲ့ လုပ်ငန်းစဉ်တွေကို သဘောတူထားရမှာ ဖြစ်ပါတယ်။ ဒါမှသာ ရှေ့ဆက် အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ ချောမွေ့မှာ ဖြစ်ပါတယ်။ လာမယ့် ၂၀၂၀ အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်တွေမှာ NCA စာချုပ် လက်မှတ်မရေးထိုးသေးတဲ့ ညီနောင်တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ ပါဝင်နိုင်ရေးအတွက် အားလုံးပါဝင်ရေးမူဖြင့် အလေးထား စီစဉ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ထို့အပြင် ပြည်သူလူထုနဲ့ လူမှုအခြေပြုအဖွဲ့အစည်းများ အခန်းကဏ္ဍတွေကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါကြောင်း တိုက်တွန်းလိုပါတယ်။

မိမိတို့ နှစ်ဦးနှစ်ဖက်ဟာ NCA စာချုပ်ကို လက်မှတ်ရေးထိုးထားပြီး ဖြစ်သည်နှင့်အညီ NCA စာချုပ်ပါ ပြဋ္ဌာန်းချက်များ၊ ဆောင်ရန် ရှောင်ရန် အချက်များကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ မည်သို့ပင် အခက်အခဲ တွေ့ကြုံရသော်လည်း NCA လမ်းကြောင်းအတိုင်းပဲ ဖယ်ဒရယ်ပြည်ထောင်စုဆိုတဲ့ ပန်းတိုင်ကို ရောက်ရှိအောင် ဆက်လက် လျှောက်လှမ်း ချီတက်ရမှာ ဖြစ်ပါတယ်။

NCA စာချုပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အဆင်မပြေမှုတွေ၊ ခက်ခဲမှုတွေ၊ တစ်ဆို့မှုတွေ ရှိတတ်ပါတယ်။ ရှိရင်လည်း မိမိတို့ဟာ NCA စာချုပ်ကို ပူးတွဲပိုင်ဆိုင်ထားတာ ဖြစ်လို့ မိမိတို့အနေဖြင့် ပူးတွဲဖြေရှင်း ကျော်ဖြတ်ရမှာ ဖြစ်ပါတယ်။ အောင်မြင်တယ်ဆိုရင်လည်း အောင်မြင်မှုအသီးအပွင့်ကို အတူတကွ မျှဝေ ခံစား စံစားရမှာ ဖြစ်ပါတယ်။ ကောင်းသည် ဖြစ်စေ၊ ဆိုးသည် ဖြစ်စေ မိမိတို့အားလုံးက တာဝန်ယူ၊ တာဝန်ခံရမှာ ဖြစ်ပါတယ်။



# ပင်လုံမိန့်ခွန်း ကောက်နှုတ်ချက်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ၁ စိုင်းညွန့်လွင် ပြောကြားသော ညီလာခံအဖွင့်မိန့်ခွန်းမှ

ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးအသီးသီးမှာ ရှိနေကြတဲ့ မျိုးချစ်စိတ်တွေကို စုစည်းနိုင်တဲ့၊ စည်းနှောင်ထားနိုင်တဲ့ တစ်ခုတည်းသော စိတ်ဓာတ်ကတော့ 'ပြည်ထောင်စုကို ချစ်မြတ်နိုးတဲ့ နိုင်ငံချစ်စိတ်' ဆိုတာပဲ ဖြစ်ပါတယ်။ ဆိုချင်တာက 'ပြည်ထောင်စုကို ချစ်မြတ်နိုးတဲ့ နိုင်ငံချစ်စိတ်' ကိုသာ ပထမဦးစားပေး ဆောင်ရွက်ရမှာဖြစ်ပြီး 'မျိုးချစ်စိတ်' ကိုတော့ ဒုတိယဦးစားပေး ထားကြရမှာ ဖြစ်ပါတယ်။

မျိုးချစ်စိတ်ထက်စာရင် ပြည်ထောင်စုကို ချစ်မြတ်နိုးတဲ့ နိုင်ငံချစ်စိတ်ကသာလျှင် အမျိုးသားရင်ကြားစေ့ရေးကို ဦးစီးရှေ့ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်း ညီညွတ်ရေးကို တည်ဆောက်နိုင်မှာပဲ ဖြစ်ပါတယ်။ အဲဒီလို အခြေအနေက တစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးကို ထူထောင်နိုင်မယ်လို့ ကျွန်တော်တို့က ယုံကြည်ထားပါတယ်။

တစ်စုတစ်ဖွဲ့တည်းက နိုင်ငံတစ်ခုလုံးကို ကြီးစိုးချုပ်ကိုင် ခြယ်လှယ်သွားတာမျိုး ဆိုတာလည်း မဖြစ်သင့် မဖြစ်ထိုက်တဲ့ ကိစ္စပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ စုဝေးနေထိုင်နေကြတဲ့ နိုင်ငံတစ်နိုင်ငံမှာ ပိုပြီး မဖြစ်သင့်ဘူးလို့ ပြောချင်ပါတယ်။ ဘယ်လိုလူမျိုးပဲ ဖြစ်ပါစေ၊ အရည်အချင်းရှိသူ ဘယ်သူမဆို ခေါင်းဆောင်ခွင့်ပေးရမယ့် အခြေအနေဖြစ်ပါတယ်။ အတူနေသူ တိုင်းရင်းသားအားလုံးရဲ့ အများပိုင် တိုင်းပြည်တစ်ခုအဖြစ်သာ ပုံဖော်ဖို့ ကြိုးစားအားထုတ်သင့်ပါတယ်လို့ တိုက်တွန်းလိုပါတယ်။

အထက်မှာ ဖော်ပြခဲ့တဲ့ တိုင်းရင်းသားလူမျိုး တစ်မျိုးတည်းကိုပဲ မဏ္ဍိုင်ပြုတဲ့ လက္ခဏာတွေကိုသာ ဖော်ပြနေပြီး ကျန်တဲ့ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်လက္ခဏာ (Identity) တွေကို လျစ်လျူရှုထားခဲ့တာ ကာလကြာညောင်းလာတာနဲ့အမျှ အသိအမြင် ကျယ်ပြန့်လာတဲ့ ဒီဘက်ခေတ်

အခါမှာ ဖုံးဖိထားလို့မရနိုင်တော့ပါဘူး။ တိုင်းရင်းသားလူမျိုးတစ်ခုတည်းရဲ့ မျိုးချစ်စိတ်နဲ့ သရုပ်သကန်ကိုပဲ မြှင့်တင်လာတာများလာတော့ ကျန်တဲ့ တိုင်းရင်းသားလူမျိုးစုငယ်လေးတွေဟာလည်း မိမိတိုရဲ့ယဉ်ကျေးမှုနဲ့ မျိုးချစ်စိတ်တွေကို အသီးသီး ပြန်လည်ထူထောင်လာကြပါတော့တယ်။ ဒါက ကောင်းတဲ့လက္ခဏာတစ်ခုအဖြစ် မြင်နိုင်ပေမယ့် အခုအချိန် ကျွန်တော်တို့ပြည်ထောင်စုမြန်မာနိုင်ငံမှာ အဓိကကျတဲ့ ပြည်ထောင်စုအရေးကိစ္စက ပထမဦးစားပေး မဟုတ်တော့ဘဲ မိမိတို့ လူမျိုး၊ မိမိတို့ ကိစ္စကသာလျှင် ပထမဦးစားပေးဆိုတဲ့ အခြေအနေတွေကို ရောက်နေကြတာအားလုံးအသိပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုအရေးက အမြဲတမ်း ပထမဖြစ်နေရမယ့်အစား အဖွဲ့အစည်းတွေ၊ လူမျိုးရေးလက္ခဏာတွေက ပထမနေရာကို ဂင်ယူနေတာက ညီညွတ်မှုအတွက် အခက်အခဲကြီး ဖြစ်နေတယ်ဆိုတာ သတိထားမိကြဖို့တင်ပြလိုပါတယ်။ တကယ်တော့ တိုင်းရင်းသားလူမျိုးစုတွေ လိုလားနေကြတာက တန်းတူညီမျှရေးလောက်ပဲ ဖြစ်ပါတယ်။ ဒါလောက်ကလေး တောင်းတာတောင် မအောင်မမြင်ဖြစ်လာတဲ့အတွက် တောင်းဆိုမှုတွေက တဖြည်းဖြည်း ကြီးထွားလာရတာ ဖြစ်တယ်လို့ မြင်မိပါတယ်။ တန်းတူအခွင့်အရေးလောက်ကို စဉ်းစားပေးရုံနဲ့လည်း ကိုယ့်အထဲက ဘာမှ လျော့ကျသွားစရာမရှိပါဘူး။ စိတ်စေတနာကောင်းတွေရှိနေဖို့ပဲ လိုအပ်ပါတယ်ဆိုတာ တင်ပြလိုပါတယ်။

အခု ငြိမ်းချမ်းရေးညီလာခံဟာ ၁၉၄၇ ခုနှစ် ပင်လုံမှာ ချုပ်ဆိုခဲ့တဲ့ စာချုပ်ပါ အချက်တွေကို ပြည့်ပြည့်ဂဂ အသက်ဂင်အောင် အကောင်အထည်ဖော်ဖို့ ဆောင်ရွက်နေတဲ့ ညီလာခံလို့သာ မှတ်ယူချင်ပါတယ်။ အချို့သော ပုဂ္ဂိုလ်တွေ စိုးရိမ်နေသလို ၁၉၄၇ ခုနှစ်က ချုပ်ဆိုခဲ့တဲ့ ပင်လုံစာချုပ်ကို လွှမ်းမိုးပယ်ဖျက်ဖို့ ထပ်မံလုပ်ဆောင်နေတဲ့ ညီလာခံတစ်ရပ် မဖြစ်စေချင်ပါဘူး။ မဖြစ်ရလေအောင် သတိပြုပေးကြဖို့ကိုလည်း အလေးအနက်ထား တိုက်တွန်းလိုပါတယ်။


ဒီကနေ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးမှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ဆိုတဲ့ သွေးစည်းညီညွတ်ရေး လိုအပ်ချက်ကို အမြန်ဆုံး မဖြစ်မနေ တည်ဆောက်ရမယ့် အချိန်လို့လည်း ယူဆမိပါတယ်။

# အထူးလေ့လာသုံးသပ်ချက် စာတမ်းများ

# စစ်၊ ငြိမ်းချမ်းရေးနှင့် Covid - 19

**ဇွန်၊ ၂၀၂၀။**

မြန်မာနိုင်ငံသည် ကိုဗစ်နှင့် စစ်ကို တစ်ပြိုင်တည်း ရင်ဆိုင်နေရသည်။ တစ်ဖက်တွင် ရပ်တန့်တစ်ဆို့နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကလည်း ရှိနေပြန်သည်။ ကမ္ဘာ့နိုင်ငံတော်တော်များများတွင်လည်း အလားတူ အခြေအနေမျိုး ရင်ဆိုင် ကြုံတွေ့နေရပါသည်။ ကိုဗစ် ( Covid-19) ၊ ပြည်တွင်းစစ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းဆိုင်ရာ ကိန်းဂဏန်းများကို စေ့ငုလေ့လာကြည့်ကြပါစို့။




ကမ္ဘာ့တစ်ဝန်းစစ်ပွဲများ၊ပဋိပက္ခများကိုအချက်အလက်ကောက်ယူသုတေသနပြုလျက်ရှိသော Acled Data ၏ နေ့စဉ်ဖော်ပြချက်အရတော့ ကိုဗစ်ကာလအတွင်း ကမ္ဘာ့နိုင်ငံအများစု၏ စစ်ပွဲဖြစ်ပွားမှု ကိန်းဂဏန်းများ လျော့ကျလာသည်ကို ယေဘုယျအားဖြင့် တွေ့ရသည်။ သို့သော်လည်း အချို့သော နိုင်ငံများ၏ စစ်အရှိန်က မြင့်တက်နေဆဲဖြစ်သလို စစ်အရှိန်မလျော့ဘဲ မတက်ဘဲ ပုံမှန်စစ်ဖြစ်နေသည့် နိုင်ငံများကိုလည်း တွေ့ရပါသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်အရှိန်သည်လည်း မလျော့ဘဲ၊ မတက်ဘဲ အခြေအနေတွင်ပင် ရှိနေသည်ဟု ဆိုရပါမည်။

Covid – 19 ကာလအတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲများ ဖြစ်ပွားနေဆဲဖြစ်သည်။ BNI – Myanmar Peace Monitor ၏ နေ့စဉ်စောင့်ကြည့်မှုအရတော့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော KNU၊ RCSS/SSA နှင့် တပ်မတော်အကြား တိုက်ပွဲ ဖြစ်ပွားခဲ့သလို NCA လက်မှတ်မထိုးထားသည့် KNPP ၊ TNLA ၊ SNA ၊ ULA/AA နှင့် တပ်မတော်အကြားလည်း တိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။ ထို့အပြင် တပ်မတော်နှင့် ARSA တို့ အကြားလည်း တိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။




## ကိုရိုနာဗိုင်းရပ်စ်နှင့် စစ်ဒဏ်သင့် မြေဇာပင်များ

BNI – Myanmar Peace Monitor ၏ နေ့စဉ် သတင်းစောင့်ကြည့်မှု မှတ်တမ်းအရ တိုက်ပွဲဖြစ်ပွားမှုရက်များ လျော့နည်းသွားသည်ကို တွေ့ရသော်လည်း တိုက်ပွဲဟုမမည်ဘဲ လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲခြင်း၊ မည်သည့်အဖွဲ့မှ ပစ်မှန်းမသိသော ကျည်ဆန်ထိမှန်မှုများ၊ မြေမြှုပ်မိုင်းပေါက်ကွဲမှုများ စသည့် စစ်ပွဲ၏ ဘေးထွက်ဆိုးကျိုးကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ဖမ်းဆီးခံရခြင်း စသော မြေဇာပင်ပြည်သူများ၏ ကိန်းဂဏန်းများကတော့ မြင့်တက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် (Covid-19) ပိုးတွေ့ရှိမှုနှင့် စစ်ကြောင့်ဖြစ်သော မြေဇာပင်ကိန်းဂဏန်းများကို အောက်တွင် ရှုကြည့်ပါ။




၂၀၁၉ နှစ်ကုန်ပိုင်းတွင် တရုတ်နိုင်ငံ ဝူဟန်မြို့ သားရိုင်းတိရစ္ဆာန်ဈေးတစ်ခုမှာ စတင်တွေ့ရှိခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ပိုးသည် တစ်ကမ္ဘာလုံးတွင် ကူးစက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၂၀ မတ်လ ၂၃ ရက်တွင် ချင်းပြည်နယ်၊ တီးတိန်မြို့၌ အမေရိကန်နိုင်ငံမှ ပြန်လာသူတစ်ဦးမှာ ကိုရိုနာဗိုင်းရပ်စ်ပိုး စတင် တွေ့ရှိခဲ့ပါသည်။ ဇွန်လ ၂ ရက်တွင်တော့ မြန်မာတစ်နိုင်ငံလုံးတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိသူ ၂၂၈ ဦးအထိ ရှိခဲ့ပြီဖြစ်သည်။ ရောဂါသက်သာ ပျောက်ကင်းသူ ၁၃၈ ဦးကျော် ရှိလာခဲ့ပြီး ရောဂါကြောင့် သေဆုံးသူ ခြောက်ဦး ရှိခဲ့သည်။

အထက်ပုံပါ ကိန်းဂဏန်းများသည် မတ်လ ၂၀ ရက်မှ စတင်ကာ ကာလတူအချိန်တစ်ခုကို နှိုင်းယှဉ်ပြသထားခြင်း ဖြစ်ပါသည်။ တစ်ကမ္ဘာလုံး ရင်ဆိုင်ကြုံတွေ့နေရသည့် ကူးစက်မြန် ကိုရိုနာဗိုင်းရပ်စ်ပိုးကို မိမိကိုယ်တိုင် ကာကွယ်ခြင်းနည်းလမ်းဖြင့် ရှောင်လွှဲကောင်း ရှောင်လွှဲနိုင်မည် ဖြစ်သော်လည်း စစ်ပွဲဆိုသည့် အရာကတော့ မိမိဒေသ၊ မိမိပတ်ဝန်းကျင်အနီးတွင် ဖြစ်ပွားခဲ့ပြီဆိုပါက ရှောင်လွှဲရန် ခက်ခဲပါလိမ့်မည်။ စစ်ပွဲများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးကြရသော စစ်ဘေးရှောင်ဒုက္ခသည်များ၊ ဒဏ်ရရှိမှုများ၊ သေဆုံးမှုများနှင့် သံသယဖြင့် ဖမ်းဆီးစစ်ဆေးခံကြရမှုများ စသည့် ကိန်းဂဏန်းများ သက်သေပင် ဖြစ်ပါသည်။

ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခြင်းမခံရဖို့ အသွားအလာကန့်သတ်ခြင်း၊ မိမိအိမ်တွင်သာ နေထိုင်ခြင်း၊ မကြာခဏ ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ နှာခေါင်းစည်း စည်းခြင်း စသောနည်းလမ်းများဖြင့် နိုင်ငံနှင့်တစ်ဝန်း ပြည်သူများ တွန်းလှန်ကာကွယ်နေချိန်တွင် စစ်ဖြစ်ပွားရာ ဒေသများတွင်တော့ ကိုရိုနာဗိုင်းရပ်စ်ပိုးထက် အမြောက်သံ၊ ဗုံးသံ၊ လက်နက်ကြီးပစ်ခတ်သံများကိုသာ နားစွင့်နေကြရသည်။

တစ်ကမ္ဘာလုံး ကိုရိုနာဗိုင်းရပ်စ်(Covid-19) ကပ်ရောဂါဖြစ်ပွားနေချိန်တွင် စစ်ပွဲများ ရပ်တန့်ပေးရန်အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက တိုက်တွန်းတောင်းဆိုခဲ့သော်တည်း စစ်ပွဲများကတော့ လုံးဝရပ်တန့်သွားခြင်းမရှိခဲ့ပါ။ မြန်မာနိုင်ငံတွင်လည်းစစ်ပွဲများဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပါသည်။

တပ်မတော်သည် ကုလအဖွဲ့ကြီး၏ စစ်ရပ်ရေးတောင်းဆိုချက်ကို လေးစားသောအားဖြင့် အကြမ်းဖက်အဖွဲ့အစည်းရှိရာ နယ်မြေများမှအပ မြန်မာတစ်နိုင်ငံလုံးတွင် မေလ ၁၀ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိ စစ်ရေးလှုပ်ရှားမှုများ ရပ်စဲကြောင်း မေလ ၉ ရက်တွင် ကြေညာခဲ့သည်။

သို့သော်လည်း စစ်ပွဲဆိုင်ရာ ကိန်းဂဏန်းများ အမြင့်ဆုံးရှိရာ၊ စစ်ပွဲအပြင်းထန်ဆုံးဖြစ်ပွားရာ ဒေသသည် အစိုးရမှ အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာခြင်းခံထားရသည့် ရက္ခိုင့်တပ်တော်(ULA/AA) လှုပ်ရှားရာ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် ဖြစ်နေပါသည်။ ထို့ကြောင့် တပ်မတော်၏ အပစ်ရပ် ကြေညာချက်သည် မြန်မာနိုင်ငံအတွင်း စစ်ပွဲဆိုင်ရာ ကိန်းဂဏန်းများကိုတော့ သိသိသာသာ လျော့ကျသွားစေခြင်း မရှိသည်ကို တွေ့ရပါသည်။

အထူးသဖြင့် ULA/AA လှုပ်ရှားရာ ရခိုင်ပြည်နယ် မြို့နယ်များနှင့် ချင်းပြည်နယ် ပလက်ဝဒေသတို့တွင် တိုက်ပွဲများ ပြင်းထန်လျက်ရှိသည်။ အဆိုပါ ဒေသများတွင် စစ်ကြောင့် ထွက်ပြေးတိမ်းရှောင်ရသော ပြည်သူများ၊ အသက်သေဆုံးမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများနှင့် ဖမ်းဆီးနှိပ်စက်ခံရမှုများအပြင် စားနပ်ရိက္ခာ ပြတ်လပ်မှုများပါ ကြုံတွေ့နေကြပါသည်။ ULA/AA ပြောခွင့်ရသူကတော့ ရခိုင်ပြည်နယ်မှ ကိုရိုနာဗိုင်းရပ်စ်ပိုးနှင့် စစ်ပွဲအခြေအနေကို ယခုလို ခိုင်းနှိုင်း ပြောဆိုခဲ့ဖူးပါသည်။ (https://www. mmpeacemonitor.org/2705)

"ဒီအချိန်မှာ Covid ထက် ကျွန်တော်တို့က မြန်မာစစ်တပ်ကိုပဲ ကြောက်ဖို့ကောင်းနေတယ်၊ ဒါကြောင့်မို့ ဒီကပ်ကို ကျွန်တော်တို့ရခိုင်တွေ ဘယ်လို ကျော်လွှားမလဲဆိုတာကို အာရုံစိုက်ပြီးတော့ လုပ်ဆောင်နေတယ်"

## ကိုဗစ်နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်


အခြားတစ်ဖက်တွင်ရှိသော Covid-19 ကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဖြစ်ပေါ်ပြောင်းလဲမှုများကို ဆက်လက် လေ့လာကြည့်ကြပါစို့။

ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ထိန်းချုပ်ရေးအတွက် KNU ထိန်းချုပ်နယ်မြေအတွင်းမှ KNU ၏ စစ်ဆေးဂိတ်တစ်ခုကို တပ်မတော်မှ ဝင်ရောက်ဖျက်ဆီးခဲ့သည့် သတင်း၊ RCSS/SSA တပ်ဖွဲ့ဝင်များ၏ လူမှုကူညီမှုများအား တပ်မတော်မှ တားမြစ်သည့် သတင်းနှင့် မွန်ပြည်သစ်ပါတီ၏ ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးရေးဂိတ်ကို တပ်မတော်မှ ဖိအားပေးသည့် သတင်းများကို မြင်တွေ့ ကြားသိခဲ့ရသည်။ အဆိုပါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တပ်မတော်၊ အစိုးရနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော အဖွဲ့များ ဖြစ်သည်။

အလားတူ NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆွေးနွေးလျက်ရှိသည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)နှင့် တပ်မတော်အကြား ကယားပြည်နယ် ရှားတောမြို့နယ်တွင် ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။

အထက်ပါဖြစ်စဉ်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်တော့ လက္ခဏာကောင်းများဟု ဆိုနိုင်မည် မဟုတ်ပါ။ သို့သော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အပေါင်းလက္ခဏာများလည်း အောက်ပုံပါအတိုင်း တွေ့ရှိရပါသေးသည်။

## ရခိုင်ဒေသ တိုက်ပွဲဖြစ်ပွားမှုနှင့် ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိမှု




မေ ၂၇ ရက်တွင် နိုင်ငံတော်သမ္မတလက်မှတ်ဖြင့် Covid-19 ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါအဖွဲ့မှ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပြင် လက်မှတ်မထိုးရသေးသော အဖွဲ့များနှင့်ပါ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးရန် ပြင်ဆင်လာခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တစ်ဖွဲ့ချင်းစီအလိုက် အွန်လိုင်းမှ တစ်ဆင့် ဆွေးနွေးမှုများ ရှိလာခဲ့သလို အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်လည်း ဆွေးနွေးမှုများ ရှိလာခဲ့သည်။ မည်သည့်သက်ရောက်မှုမျှ မရှိနိုင်ဟု ဝေဖန်စောကြောမှုများ ရှိခဲ့သည့် အစိုးရ ပူးပေါင်းဆောင်ရွက်ရေးကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အပြန်အလှန်ဆွေးနွေးမှု ကိန်းဂဏန်းများကိုတော့ အပေါင်းလက္ခဏာ ဆောင်စေခဲ့ပါသည်။

ဝ ပြည် သွေးစည်းညီညွတ်ရေးအဖွဲ့(UWSA)၊ မိုင်းလားအဖွဲ့(NDAA) တို့နှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့ ရှမ်းပြည်နယ်၊ ကျိုင်းတုံတွင် တွေ့ဆုံဆွေးနွေးမှု ရှိခဲ့သည်။ တပ်မတော် အနေဖြင့် KNU ၊ မွန်ပြည်သစ်ပါတီနှင့် KNPP တို့ကို Covid -19 ကာကွယ်ကုသရေးဆိုင်ရာ အထောက်အပံ့များ ပေးအပ်ခဲ့သည်။ အလားတူ ကချင်လွတ်လပ်ရေးအဖွဲ့(KIO/KIA)အဖွဲ့ကိုလည်း Covid -19 ကာကွယ်ကုသရေးဆိုင်ရာ အထောက်အပံ့များ ပေးအပ်ခဲ့သည်။


KIO ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ဂွမ်မော်က Covid-19 ကာကွယ်ထိန်းချုပ်ရေးအတွက် တပ်မတော်နှင့် တွေ့ဆုံမှုကို ယခုလို ပြောဆိုခဲ့ပါသည်။ (https:// www.mmpeacemonitor.org/3200) "အခုလိုနှစ်ဖက်ပူးပေါင်းဆောင်ရွက်ရင်းနှင့်ဒီ Trustကကျွန်တော်တို့အရှေ့ကိုဆက်သွားနိုင်မယ်လို့ မျှော်လင့်တာ ဖြစ်ပါတယ်။ ဒါ အလွတ်သဘောဆိုပေမယ့်လည်း ကျွန်တော်တို့ရဲ့ သတင်းစကားလည်း ဖြစ်ပါတယ်"

ထို့ကြောင့် Covid -19 ကပ်ရောဂါသည် မြန်မာပြည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ယုံကြည်မှုတည်ဆောက်ရေး ဝက်ဖဲတစ်ချပ် ဖြစ်ခဲ့သလားဟု တွေးဆမိပါသည်။

## သုံးသပ်

မည်သို့ဆိုစေ တစ်ကမ္ဘာလုံးရှိ ပြည်သူများကို တုန်လှုပ်ချောက်ချားစေသော Covid – 19 ကပ်ရောဂါကာလအတွင်း ကိုဗစ်၊ စစ်နှင့် ငြိမ်းချမ်းရေး ကိန်းဂဏန်းများကို ရှုကြည့်ရာတွင် မြန်မာနိုင်ငံအတွက်မှ ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိမှု ကိန်းဂဏန်းများထက် စစ်ဒဏ်ကြောင့် ပျက်စီးသွားရသော ပြည်သူများ၏ ကိန်းဂဏန်းများက ပို၍ တုန်လှုပ်ချောက်ချားစေမှာလားဆိုသည်က သံသယဖြစ်စရာ ဖြစ်နေပါသည်။

Covid -19 ကာလအတွင်း ငြိမ်းချမ်းရေးတွင် ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးနိုင်မှုအခြေအနေ




အထူးသဖြင့် စစ်ဖြစ်ပွားရာ ရခိုင်နှင့်ချင်းပြည်နယ်မှ ပြည်သူများအတွက်ဆိုလျှင် ကိုရိုနာ ဗိုင်းရပ်စ်ထက် စစ်၏ ဒဏ်ရာဒဏ်ချက်များက ပို၍ ကြောက်မက်ဖွယ်ကောင်းနေပေလိမ့်မည် မဟုတ်ပါလား။

စစ်ပွဲတစ်ခုတွင် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရကြ၊ အသက်ဆုံးရှုံးကြ၊ အိုးအိမ်များ ပျက်စီးကြ၊ နေရပ်စွန့်ခွာ ထွက်ပြေးကြဆိုသည့် အမှန်တရားများသာ အမြဲရှိနေခဲ့သော်လည်း တာဝန်ယူမည့် တရားခံကတော့ ရှာဖွေရ ခက်ခဲလေ့ ရှိပါသည်။

မေလ ၂၆ ရက် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ထဲက အောက်မီးလက်ဝရွာ မီးလောင်မှု ဖြစ်စဉ်မှာဆိုလျှင် မီးရှို့သူ တရားခံ မည်သူဆိုသည်ကို မသိရသေးပါ။ စစ်ပွဲဖြစ်နေသည့်အတွက် ရွာသူရွာသားများ ဘေးလွတ်ရာသို့ ပြေးခွာခဲ့ရသော်လည်း ကျန်ရစ်ခဲ့သော အိမ်ခြေ ၁၂၀ ခန့်ရှိသည့် ရွာကလေး မီးလောင်ခဲ့ခြင်း ဖြစ်သည်။ အောက်မီးလက်ဝရွာခံ ဘာသာရေးဆရာတစ်ဦးဖြစ်သူ ဦးကံလွတ်က ယခုလို ပြောဆိုထားပါသည်။ (https://bit.ly/3cg 61Sl)

စစ်ပွဲ၏ သက်ရောက်မှု




"ကျွန်တော် (မီးသတ်ကို) ဖုန်းဆက်တဲ့အခါ မီးငြိမ်းဖို့အတွက် သူတို့လာတယ်၊ ဒါပေမဲ့ သူတို့က သေနတ်နဲ့ အပစ်ခံရတယ်တဲ့၊ တစ်ယောက်မှ မလာရဲဘူးတဲ့၊ အဲဒါက ကျွန်တော့်အတွက် လုံးဝ မကျေနပ်စရာ ဖြစ်တယ်"

*မှတ်ချက်။ ။ ယခုသုံးသပ်ဆောင်းပါးကို BNI ၏ Myanmar Peace Monitor တွင် ၂၀၂၀ ခုနှစ် ဇွန်လ ၂ ရက်တွင် ဖော်ပြခဲ့ပါသည်။*

# စစ်၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရှမ်းပြည်နယ်၏ လားရာ

**ဒီဇင်ဘာ၊ ၂၀၂၀။**

## နိဒါန်း

မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုအနက် ရှမ်းပြည်နယ်သည် နယ်မြေအကျယ်ဝန်းဆုံးဖြစ်သည်။ ဧရိယာအကျယ်အဝန်း စတုရန်းမိုင် ၆၀၀၀၀ ကျော်ရှိပြီး ကချင်၊ စစ်ကိုင်း၊ မန္တလေး၊ ကရင်၊ ကယားတို့နှင့် ဒေသချင်း ချိတ်ဆက်လျက် ရှိပါသည်။ ထိုင်း၊ လာအိုနှင့် တရုတ်နိုင်ငံတို့နှင့်လည်း နယ်နိမိတ်ချင်းဆုံရာ အရပ်ဖြစ်သော မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံများကပင် အသိအမှတ်ပြုရသည့် ရွှေတြိဂံဒေသသည် ရှမ်းပြည်နယ်အတွင်း တည်ရှိပါသည်။

ရှမ်းပြည်နယ်သည် နယ်မြေကျယ်ဝန်းသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများဆုံး တည်ရှိရာ အရပ်ဒေသလည်း ဖြစ်နေပြန်ပါသည်။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ - ရှမ်းပြည်တပ်မတော် တောင်ပိုင်း (RCSS/SSA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ – ရှမ်းပြည်တပ်မတော်မြောက်ပိုင်း (SSPP/SSA)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ (PSLF/ TNLA)၊ ကိုးကန့်တပ်အဖွဲ့ (MNDAA)၊ မိုင်းလားအဖွဲ့ (NDAA)၊ ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (KIO/KIA)၊ ဝ ပြည်သွေးစည်းညီညွတ်ရေးအဖွဲ့ (UWSA) တို့အားလုံးသည် ရှမ်းပြည်နယ်အတွင်း လှုပ်ရှားလျက်ရှိသည်။

ရခိုင်နှင့် ချင်းပြည်နယ်အတွင်း တပ်မတော်နှင့် တိုက်ပွဲပြင်းထန်နေသည့် ရက္ခိုင့်တပ်တော်(AA) သည်ပင် အထက်ပါအဖွဲ့များထက်မှ တိုင်းရင်းသားလက်ကိုင်ခြောက်ဖွဲ့နှင့် နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုများ ရှိနေပါသည်။ ထို့ပြင် AA သည် TNLA ၊ MNDAA တို့နှင့်လည်း မြောက်ပိုင်းညီနောင် သုံးဖွဲ့အဖြစ် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများ ရှိနေပါသည်။ ယင်းညီနောင်သုံးဖွဲ့နှင့် KIA တို့၏ ပူးပေါင်းဆောင်ရွက်မှုအဖြစ် မြောက်ပိုင်းမဟာမိတ်အဖွဲ့ (NA-B) သည်လည်း ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ပင် သန္ဓေတည်ခဲ့ပါသည်။ ယခုအခါ RCSS/SSA နှင့် PNLO မှအပ ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့ကို UWSA နှင့် KIO/KIA တို့က ဦးဆောင်ကာ ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုကော်မတီ (FPNCC) ကို ဖွဲ့စည်းပြီး NCA မဟုတ်သော အခြားလမ်းကြောင်းမှတစ်ဆင့် အစိုးရ၊ တပ်မတော်တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ပြင်ဆင်ကြိုးပမ်းလျက် ရှိပါသည်။

ဆိုခဲ့ပါ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနက် RCSS/SSA နှင့် PNLO နှစ်ဖွဲ့တည်းသာ အစိုးရ၊ တပ်မတော်တို့နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးထားပြီး ကျန်အဖွဲ့များသည် တွေ့ဆုံဆွေးနွေးရေးအဆင့်တွင်သာ ရှိနေပါသေးသည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးရေးသည်ပင် ပုံမှန်ဖြစ်ပေါ်နေသည့် အခြေအနေမဟုတ်ဘဲ ရံဖန်ရံခါမှသာ ဖြစ်ထွန်းလေ့ရှိကာ ထူးခြားသည့် ရလဒ်မျိုးလည်း ထွက်ပေါ်ခြင်း မရှိသေးသည်ကို သတိပြုမိပါသည်။

ထို့ကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် တပ်မတော်နှင့် RCSS/SSA၊ တပ်မတော်နှင့် TNLA၊ တပ်မတော်နှင့် KIA၊ တပ်မတော်နှင့် MNDAA၊ တပ်မတော်နှင့် SSPP/SSA တို့၏ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုများကို တွေ့ရပါသည်။ တပ်မတော်နှင့် TNLA အကြား တိုက်ပွဲဖြစ်ပွားမှု အများဆုံးဖြစ်ခဲ့သလို တပ်မတော်နှင့် RCSS/SSA အကြားတွင်လည်း NCA လက်မှတ်ရေးထိုးထားသည့်တိုင်အောင် မကြာခဏဆိုသလို တိုက်ပွဲများ ဖြစ်ပွားလေ့ရှိပါသည်။

UWSA၊ NDAA နှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားမရှိခဲ့သလို PNLO နှင့် တပ်မတော်အကြားတွင်လည်း တိုက်ပွဲဖြစ်ပွားမှု မရှိခဲ့ပါ။ သို့သော် RCSS/SSA နှင့် PNLO အကြား နယ်မြေဖြတ်ကျော်မှု အကြောင်းပြုကာ ထိတွေ့မှုအချို့ ရှိခဲ့သလို TNLA နှင့် RCSS အကြားတွင်လည်း ထိတွေ့မှုတိုက်ပွဲအချို့ ရှိခဲ့ပါသည်။

တိုက်ပွဲများကြောင့် ရှမ်းပြည်နယ်အတွင်းရှိ အထူးသဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများရှိ ဒေသခံပြည်သူလူထုသည် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲဖြစ်တိုင်း၊ သေနတ်သံကြားတိုင်း နေရပ်စွန့်ခွာ ထွက်ပြေးကြရသလို တိုက်ပွဲများ ငြိမ်သက်သွားသည့်အခါတွင်မှ မိမိနေရပ်သို့ ပြန်လာကြရပါသည်။ တပ်မတော်အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများပြားသည့်အလျောက် မြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့် လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုများကြောင့် ဒေသခံများအတွက် ဘေးကင်းလုံခြုံမှု မရှိသလို မူးယစ်ဆေးဝါးအန္တရာယ်နှင့် အမည်မသိလက်နက်ကိုင်အုပ်စုများကြောင့်လည်း ရှမ်းပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးသည် အဆင့်နိမ့်ကျလျက် ရှိနေပါသည်။

## နောက်ခံအကြောင်းတရားများ


ရှမ်းပြည်နယ်ကို ကျိုင်းတုံ၊ ကျောက်မဲ၊ တာချီလိတ်၊ တောင်ကြီး၊ မက်မန်း၊ မိုင်းဆတ်၊ မိုးမိတ်၊ မူဆယ်၊ လင်းခေး၊ လားရှိုး၊ လောက်ကိုင်၊ လွိုင်လင်နှင့် ဟိုပန်ဟူသည့် ခရိုင် ၁၃ ခုဖြင့် ဖွဲ့စည်းထားပြီး မြို့နယ်ပေါင်း ၅၅ မြို့နယ်အထိ ရှိပါသည်။ တိုင်း(ရှမ်း)၊ အာခါ(ကော်)၊ ခွန် (ဂုံရှမ်း)၊ တိုင်းလိုင်၊ တိုင်းလု၊ တိုင်းလင်း (ဆမ်တောက်ရှမ်း)၊ လားဟူ (မူဆေး)၊ လီရှော၊ ပအိုဝ်း၊ ဓနု၊ တောင်ရိုး၊ အင်းသား၊ ပလေး(ငွေပလောင်)၊ ပဒေါင်(ကယန်း)၊ ယင်းကြား၊ ယင်းနက်၊ ဝ၊ ကိုးကန့်၊ ယင်းကြား၊ ပလောင်၊ ကယန်း (လထ)၊ တိုင်းလိ (လိရှမ်း)၊ တိုင်းနေ(ရှမ်းတရုတ်)၊ မြောင်ဇီး၊ တိုင်းမော(မောရှမ်း)၊ တိုင်းလွိုင(လွိုင်ရှမ်း)၊ တိုင်းဆာ၊ တိုင်းယွန်း စသည့် တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ကြသည်။


လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုလောက်ကို ပြန်ကြည့်မည်ဆိုပါက ယခု တိုက်ပွဲများ ဖြစ်ပွားနေသည့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများသည် ၂၀၁၀ ပြည့်နှစ် မတိုင်မီအချိန်ထိ ဒေသတွင်း လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တပ်မတော်အစိုးရတို့အကြား အပစ်ရပ်စဲထားသည့် နယ်မြေများ ဖြစ်ခဲ့ပါသည်။ယနေ့ တိုက်ပွဲများ မြင်တွေ့ရခဲ့သည့် ရှမ်းပြည်နယ်တောင်ပိုင်းဒေသချို့တွင်သာ တပ်မတော်နှင့် RCSS/ SSA အကြား တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့ပါသည်။ ထိုအချိန်က စစ်ကိုင်း၊ ချင်း၊ ရခိုင်နှင့် ကရင်ဒေသများတွင်သာ တိုက်ပွဲဖြစ်ပွားရာ ပဋိပက္ခဒေရိယာများ ဖြစ်ခဲ့သည်။


တပ်မတော်အစိုးရမှတစ်ဆင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခိုင်အမာ ပြင်ဆင်ပြဋ္ဌာန်းကာ ပါတီစုံဒီမိုကရေစီစနစ်ကို ကြွေးကြော်ကာ အပြောင်းအလဲအတွက် ပြင်ဆင်လာချိန်တွင်တော့ အပစ်ရပ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း နယ်ခြားစောင့်တပ် (BGF) သို့ ပြောင်းလဲရန် တပ်မတော်အစိုးရက ဖိအားပေးခဲ့သည်။ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အလွန် သမ္မတ ဦးသိန်းစိန်လက်ထက် ၂၀၁၁ ခုနှစ် အစောပိုင်းကစပြီး ကချင်ပြည်နယ်နှင့် ရှမ်းမြောက်ဒေသများတွင် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲများ ပြင်းထန်လာခဲ့သည်။


၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်တွင်တော့ သမ္မတဦးသိန်းစိန်က တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆွေးနွေးကြရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ဖိတ်ခေါ်ကာ ငြိမ်းချမ်းရေးလမ်းကို စတင်ဖွင့်လှစ်ခဲ့သည်။ မူလက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(EAO)များနှင့် တစ်ဖွဲ့ချင်းဆွေးနွေးကာ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိရေးအတွက် ဖိတ်ခေါ်သည့်ပုံစံ ဖြစ်ခဲ့သော်လည်း ၂၀၁၃ ခုနှစ်တွင်တော့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပုံစံ အကြောင်းဖန်လာသည်။ ဦးသိန်းစိန်၏ သမ္မတသက်တမ်းကုန်ခါနီးအထိ အကြိမ်ပေါင်းရာချီကာ ဆွေးနွေးခဲ့ရပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်တော့ EAO ရှစ်ဖွဲ့နှင့် အစိုးရ၊ တပ်မတော်အကြား NCA လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ထို ရှစ်ဖွဲ့တွင် ပြည်နယ်အတွင်းမှ RCSS/SSA နှင့် PNLO တို့ ပါဝင်လာခဲ့သည်။


သို့သော် PNLOနှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားမှု မရှိခြင်းမှ တစ်ပါး NCA လက်မှတ်ရေးထိုးထားသည့် RCSS/SSA နှင့် တပ်မတော်တို့ တိုက်ပွဲများ အမှန်တကယ် ရပ်တန့်မသွားခဲ့သလို NCA အတွက် ဆွေးနွေးချိန်တွင်ပါဝင်ပြီး လက်မှတ်ရေးထိုးချိန်တွင်မှ မပါဝင်နိုင်ခဲ့သည့် SSPP/SSA၊ KIA၊ TNLA၊ MNDAA၊ AA တို့နှင့် တပ်မတော်အကြား တိုက်ပွဲ ဖြစ်ပွားနေဆဲ ဖြစ်ပါသည်။ UWSA ၊ NDAA နှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ခြင်းတော့ မရှိခဲ့ပါ။


ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့်
တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တိုက်ပွဲအခြေအနေ
၂၀၂၀ပြည့် ဇန်နဝါရီ ၁ရက်မှ စတင်ပြီး ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကို နေ့အလိုက် စုပေါင်းပြသခြင်း
20
14
13
2
1
2
2
ရှမ်းပြည်နယ်အတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအလိုက် တိုက်ပွဲဖြစ်ပွားမှုအခြေအနေ
ရှမ်းပြည်နယ်အတွင်း မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှု အခြေအနေ
Source: Myanmar Peace Monitor . Infographic By Hninn Ko


ရှမ်းပြည်နယ်အတွင်း IDP အခြေအနေ
Hseni
Hsipaw
Kutkai
Laukkaing
Manton
Muse
Namhkam
Namtu
Mansi
0
500
1000
1500
2000
2500
3000
3500
4000
4500
5000
မြေမြှုပ်မိုင်းအခြေအနေ
မြေမြှုပ်မိုင်းပေါက်ကွဲမှု
Source: UNOCHA , UNICEF-Mine Action . Infographic By Hninn Ko



မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်၏ အရေးပါပုံ
နှင့် ရွှေသဘာဝဓာတ်ငွေ့ ပိုက်လိုင်း မြေပုံ
2050.98
1209.09
Source: Myanmar Peace Monitor, Infographic By Hninn Ko


၂၀၂၀ ပြည့်နှစ် မတိုင်ခင် ပဋိပက္ခဧရိယာနှင့် အပစ်ရပ်ဧရိယာကို ယှဉ်တွဲပြသခြင်း
NSCN-K (စစ်ကိုင်း) ; CNF (ချင်း)
ALP (ရခိုင်); RCSS/SSA (ရှမ်း)
KNU (ကရင်) နှင့် ABSDF
KIA, KDA, NDA-K, SSPP/SSA, PSLF, NDAA, PNLO, UWSA, SNPLO KNLP, KNPLF, DKBA နှင့် NMSP
Source: Myanmar Peace Monitor . Infographic By Hninn Ko


၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် နယ်စခန်းအလိုက် ကုန်သွယ်မှုပမာဏအခြေအနေ
5000
4500
4000
3500
3000
2500
2000
1500
1000
500
0
0.41
2.76
5.04
11.55
18.84
41.77
50.88
140.75
141.73
142.14
280.89
360.52
541.49
736.81
1209.09
2050.98
4867.94
Source: Commerce.gov.mm • By Hninn Ko

## ရှမ်းပြည်နယ်လွှတ်တော် အခင်းအကျင်း

2020 | 2015 | 2010



| Party | 2020 | 2015 | 2010 |
|---|---|---|---|
| NLD | 33 | 24 | |
| SNLD | 26 | 24 | |
| TNP | 7 | 7 | 4 |
| PNO | 7 | 6 | 6 |
| WNP | 2 | | |
| LNDP | 2 | 2 | 1 |
| SNDP | 1 | 1 | 31 |
| KNP | 1 | | 2 |
| WDP | | 2 | 3 |
| LNUP | | 1 | |
| KDUP | | 1 | |
| WNUP | | 1 | |
| INDP | | | 3 |
| ANDP | | 1 | |
| Individual | 1 | 1 | 2 |
| USDP | 25 | 32 | 54 |
| Tamataw | 34 | 34 | 36 |

Source: UEC • By Hninn Ko

## ရှမ်းပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများနှင့် ဒေသတွင်း လက္ခဏာများ

လူဦးရေ ခြောက်သန်းကျော်ရှိပြီး မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနက် ဧရိယာ အကျယ်ဝန်ဆုံး ပြည်နယ် ဖြစ်သည်။ တောင်တန်းဒေသဖြစ်ပြီး မြို့တော်သည် တောင်ကြီးမြို့ ဖြစ်သည်။ တပ်မတော်အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပြင် အမည်မသိသော လက်နက်ကိုင်အုပ်စုများလည်း ထူပြောပြီး မြို့တော်ဖြစ်သည့် တောင်ကြီးမြို့ပေါ်တွင်ပင် လူသတ်မှုများ တစ်ခုထက်မက ဖြစ်ပေါ်လျက်ရှိပါသည်။

တိုက်ပွဲများ၊ စစ်ဘေးရှောင်ပြည်သူများ၊ မြေမြှုပ်မိုင်းများ စသည့် စစ်၏ ဘေးထွက်ဆိုးကျိုးများ အားလုံးကို ရှမ်းပြည်နယ်အတွင်း မြင်တွေ့ရပြီး ဒေသတွင်း ဖွံ့ဖြိုးရေးစီမံကိန်းများ၊ နိုင်ငံတကာနှင့် ချိတ်ဆက်နေသော အကြီးစားစီမံကိန်းကြီးများနှင့် နိုင်ငံ့စီးပွားရေးအတွက် အကြီးဆုံးကုန်သွယ်ရေး ဒေါက်တိုင်ကြီးဖြစ်သည့် ကုန်သွယ်ရေးစခန်းများ၊ ရှည်လျားသည့် နိုင်ငံတကာနယ်နိမိတ်ချင်း ထိစပ်မှုများ စသည့် ဝိသေသလက္ခဏာရပ်သည် ရှမ်းပြည်နယ်၏ ပြယုဂ်များ ဖြစ်နေပါသည်။

ထို့ပြင် ပုံရိပ်မလှသည့် တရားဥပဒေစိုးမိုးရေးအညွှန်းကိန်းများနှင့် မူးယစ်ဆေးဝါးပြဿနာ ရပ်များကတော့ ရှမ်းပြည်နယ်လူထုနှင့် အစိုးရအဖွဲ့အတွက် ကြီးမားသည့် စိန်ခေါ်မှုများ ဖြစ်နေပါသည်။

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြောင်း

ရှမ်းပြည်နယ်အတွင်း အမည်မသိ လက်နက်ကိုင်အဖွဲ့အစည်း များစွာရှိသလို အစိုးရ၊ တပ်မတော်တို့နှင့် အပစ်ရပ်ရေး ဆွေးနွေးနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများလည်း ရှိပါသည်။ ထို့အပြင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများလည်း ရှိနေပြန်ပါသည်။ တစ်ဆက်တည်းတွင် တပ်မတော် အပါအဝင် နယ်ခြားစောင့်တပ်(BGF)နှင့် ပြည်သူ့စစ်အဖွဲ့များလည်း ရှိနေပါသည်။

အပစ်ရပ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အစိုးရ၊ တပ်မတော်တို့နှင့် တွေ့ဆုံဆွေးနွေးနေကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့နှင့် ပူးပေါင်းအဖွဲ့များအကြောင်း အကျဉ်းမျှ တင်ပြလိုပါသည်။

## ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC)

၂၀၁၇ ခုနှစ် ဧပြီ ၁၅ မှ ၁၉ ရက်အထိ ဝ အထူးဒေသ ၂ တွင် ပြုလုပ်သော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ လေးကြိမ်မြောက် ပန်ခမ်းညီလာခံဆုံးဖြတ်ချက်ဖြင့် ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

UWSA နှင့် KIO/KIA တို့ ဦးဆောင်ပါဝင်ပြီး မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့ပါဝင်သော FPNCC သည် NCA မဟုတ်သော အခြားလမ်းကြောင်းဖြင့် အစိုးရနှင့် နိုင်ငံရေး အရ တွေ့ဆုံဆွေးနွေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ထို့ပြင် နိုင်ငံရေးဆွေးနွေးညှိနှိုင်းရာတွင်လည်း

FPNCC အမည်ဖြင့်သာ တစ်စုတစ်စည်းတည်း ဆွေးနွေးသွားရန် မူဝါဒများ ချမှတ်ထားကြောင်း ကြေညာထားသည်။ အစိုးရဘက်မှတော့ တစ်ဖွဲ့ချင်း တွေ့ဆုံဆွေးနွေးရေးကိုသာ ဆောင်ရွက်လိုသည့် သဘောမျိုးတွေ့ရပါသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်အောင်မြင်နိုင်ရန် အိမ်နီးချင်း တရုတ်နိုင်ငံအနေဖြင့် ပိုမိုပါဝင်ဆောင်ရွက်ရေး လုပ်ဆောင်ရန် FPNCC မှ မေတ္တာရပ်ခံထားသလို လက်ရှိ အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် FPNCC အဖွဲ့ဝင်များဖြစ်သော UWSA အပါအဝင် KIO/KIA ၊ NDAA ၊ MNDAA ၊ TNLA ၊ AA ၊ SSPP/SSA တို့အကြား အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများကို တရုတ်အစိုးရအကူအညီဖြင့် ပြုလုပ်နေပါသည်။ ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် အမြဲတမ်း တံခါးဖွင့်ထားကြောင်း FPNCC မှ ကြေညာထားသည်။

## ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (KIO/KIA)

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများတွင် လက်နက်ကိုင်တော်လှန်လှုပ်ရှားလျက်ရှိသော ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့/တပ် (KIO/KIA)သည် ယခုဆိုလျှင် နှစ် ၆၀ တိုင်ခဲ့ပြီဖြစ်သည်။ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့သော်လည်း ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်၊ အရပ်သားတစ်ပိုင်း ဦးသိန်းစိန်အစိုးရ တက်ပြီး သုံးလအကြာတွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။

၂၀၁၂ ခုနှစ်တွင် စတင်လာခဲ့သည့် ဦးသိန်းစိန်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနည်းတူ ပါဝင်ဆွေးနွေးညှိနှိုင်းခဲ့သည်။ သို့သော် ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးကြရာတွင်တော့ လက်နက်ကိုင်အဖွဲ့အားလုံး ပါဝင်ရေးမူကို ကိုင်စွဲထားသည့် KIO/KIA သည် ပါဝင် လက်မှတ်ရေးထိုးနိုင်ခြင်း မရှိခဲ့ပေ။

ဦးသိန်းစိန်အစိုးရလက်ထက်တွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လျက် NCCT မှတစ်ဆင့် NCA သဘောတူညီချက်အတွက် ပါဝင်ဆွေးနွေးခဲ့သည်။ သို့သော် UNFC တွင် ပါဝင်သော အဖွဲ့များအကြား NCA လက်မှတ်ထိုးကြသော အဖွဲ့နှင့် လက်မှတ်မထိုးသော အဖွဲ့များအဖြစ် ကွဲပြားသွားခဲ့ရာ KIO/KIA သည် UNFC မှ နုတ်ထွက်ခဲ့ပြီး မြောက်ပိုင်းရှိ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လာခဲ့သည်။

ထို့ပြင် ၂၀၁၇ခုနှစ်အတွင်း ပေါ်ပေါက်လာသော ဝ ပြည်သွေးစည်းညီညွတ်ရေးအဖွဲ့(UWSA) ဦးဆောင်သည့် ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှုကော်မတီ (FPNCC) တွင် ပါဝင်ကာ လက်ရှိအစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆွေးနွေး ညှိနှိုင်းလျက်ရှိသည်။ တစ်ဖက်တွင်လည်း တရုတ်အစိုးရ၏ ကြားဝင်ကူညီမှုနှင့်အတူ အစိုးရငြိမ်းချမ်းရေးကော်မရှင် (PC) နှင့်သော်လည်းကောင်း၊ တပ်မတော်နှင့်သော် လည်းကောင်း တရုတ်နိုင်ငံတွင် တရားဝင်တွေ့ဆုံဆွေးနွေးပွဲနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

ဒုတိယအကြိမ်နှင့် တတိယအကြိမ်ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ သို့မဟုတ် ၂၁ ရာစုပင်လုံညီလာခံတွင် FPNCC အဖွဲ့ဝင်များနှင့်တူ လေ့လာသူအဖြစ် တက်ရောက်ခဲ့ပါသည်။

## မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်အဖွဲ့(ကိုးကန့်တပ်ဖွဲ့) (MNDAA)

မြန်မာအမျိုးသား အမှန်တရားနှင့် တရားမျှတမှုပါတီ (MNTJP) နှင့် မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်လက်နက်ကိုင်အဖွဲ့(MNDAA) ကို ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)မှ ခွဲထွက်လာသည့် ဖုန်ကြားရှင် ဦးဆောင်ကာ ၁၉၈၉ ခုနှစ်တွင် ထူထောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းနှစ်အတွင်းမှာပင် တပ်မတော်အစိုးရနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှုရယူကာ ကိုးကန့်ဒေသသည်လည်း ရှမ်းပြည်နယ် အထူးဒေသ ၁ ဖြစ်လာသည်။ ၂၀၀၉ ခုနှစ် စက်တင်ဘာတွင်တော့ MNDAA ကို တပ်မတော် လက်အောက်ခံ နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် ပြောင်းလဲရန် စစ်အစိုးရဘက်မှ ဖိအားပေးရာမှ စကာ တပ်မတော်နှင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။

UNFC တွင် ၂၀၁၃ ခုနှစ်ကတည်းက ပါဝင်နေသော်လည်း ငြိမ်းချမ်းရေးလမ်း လျှောက်လှမ်းနေသည့် ဦးသိန်းစိန်အစိုးရနှင့် တပ်မတော်ဘက်မှ အသိအမှတ်ပြုခြင်း မရှိဟုဆိုကာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီမှ စကာ တပ်မတော်နှင့် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ ဇွန်လ ၁၀ရက်တွင်တော့ တစ်ဖက်သတ် အပစ်ရပ်ကြောင်း MNDAA မှ ကြေညာခဲ့သည်။

တစ်ဖက်တွင်တော့ UWSA ဦးဆောင်သော FPNCC တွင် မြောက်ပိုင်းအဖွဲ့ဝင်များနှင့်အတူ ပါဝင်ကာ NCA မဟုတ်သော လမ်းကြောင်းဖြင့် အစိုးရနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် ပြင်ဆင်နေပါသည်။ ထို့အပြင် မြောက်ပိုင်းအဖွဲ့အနေဖြင့်လည်း အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများကို တရုတ်အစိုးရ၏ စေ့စပ်ညှိနှိုင်းပေးခြင်းဖြင့် ပြုလုပ်လျက်ရှိပါသည်။ MNDAA အနေဖြင့်တော့ FPNCC ၏ ဆုံးဖြတ်ချက်အတိုင်း ရပ်တည်သွားမည်ဟုလည်း ဆိုထားပါသည်။

## အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေးအဖွဲ့ (NDAA)

မိုင်းလားအဖွဲ့ဟု လူသိများသည့် အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေးအဖွဲ့ (NDAA) သည် ဗမာပြည်ကွန်မြူနစ်ပါတီ(CPB)မှ ခွဲထွက်ပြီး ၁၉၈၉ ခုနှစ်တွင် တည်ထောင်ခဲ့သောအဖွဲ့ ဖြစ်သည်။ ထိုအချိန်က တပ်မတော်အစိုးရနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲကာ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလားမြို့တွင် အခြေစိုက်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည်။

၂၀၁၁ ခုနှစ်ကတည်းက ဦးသိန်းစိန်အစိုးရနှင့် NDAA အကြား ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှု ရရှိထားပါသည်။ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များအတွင်း သမ္မတဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အပါအဝင် လွှတ်တော်ဥက္ကဋ္ဌများနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ရှိခဲ့သလို ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း သဘောတူညီချက်အချို့လည်း ရှိခဲ့ပါသည်။ သို့သော်လည်း နေပြည်တော်တွင် ပြုလုပ်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပွဲတွင်တော့ မပါဝင်ခဲ့ပါ။

NDAAသည် UWSA ဦးဆောင်သော ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးရေးကော်မတီ (FPNCC) တွင် ပါဝင်ကာ NCA လမ်းကြောင်းပေါ်မှာ နိုင်ငံရေးမှုဘောင်ဆွေးနွေးပွဲနှင့် ၂၁ ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံတို့ကို လေ့လာသူအဖြစ် ၂၀၁၈ ခုနှစ်တွင် တက်ရောက်ခဲ့ပါသည်။

## ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးထားသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO/ PNLA) သည် NCA လမ်းကြောင်းအတိုင်း ခိုင်မာစွာ ရပ်တည်သွားမည်ဟု ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၆ မှ ၂၈ ရက်အထိ ကျင်းပသော PNLO နှစ်ပတ်လည် ဗဟိုကော်မတီအစည်းအဝေးအပြီးတွင် ကြေညာခဲ့သည်။

ရှမ်းပြည်နယ် ဆီဆိုင်၊ ဟိုပုန်း၊ နမ့်စန်၊ လင်းခေးနှင့် မောက်မယ်ဒေသများတွင် လှုပ်ရှားလျက်ရှိသော PNLO သည် ရှမ်းပြည်နယ်တောင်ပိုင်း အခြေစိုက်ရာ RCSS လှုပ်ရှားရာဒေသများနှင့် နယ်မြေအားဖြင့် ထိစပ်လျက်ရှိရာ ၂၀၁၈ ခုနှစ်အတွင်း တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။ တစ်ဖက်တွင်လည်း RCSSသည် ၎င်းတို့အဖွဲ့နှစ်ဖွဲ့အကြား ထိတွေ့တိုက်ပွဲအချို့တွင် PNLO ဘက် မှ မြန်မာ့တပ်မတော် ပါဝင်နေသည်ဟု သံသယရှိနေသည်ကို တွေ့ရသည်။ ယနေ့အထိ PNLO နှင့် မြန်မာ့တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားခြင်း မရှိသေးပါ။

## ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/SSA)

ရှမ်းပြည်နယ်တောင်ပိုင်း အခြေစိုက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) ကို ရှမ်းပြည်ညီညွတ်သောတော်လှန်ရေးတပ်ဖွဲ့ (SURA) နှင့် တပ်မတော်အစိုးရတို့အကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူခဲ့ရာမှ ၎င်းသဘောတူညီမှုကို လက်မခံလိုသော ဒုဗိုလ်ချုပ်ကြီး ယွက်ဆစ်က ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ဗိုလ်ချုပ်စဝ်စိုင်းယီ ဦးဆောင်သည့် ရှမ်းပြည်နယ်အမျိုးသားတပ်မတော် (SSNA) နှင့် ပူးပေါင်းခဲ့ရာ အင်အား ပိုမို တောင့်တင်းလာခဲ့ပါသည်။

၂၀၁၁ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ ဖြစ်တည်လာခဲ့သည့် ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း RCSS/SSA လည်း အခြား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနည်းတူ ပါဝင်ခဲ့ပြီး ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) အထိ ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ NCA အရ ဖြစ်ပေါ်လာသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုအဆင့်တိုင်းတွင် ပါဝင်ဆွေးနွေးလျက်ရှိသလို ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (သို့မဟုတ်) ၂၁ရာစု ပင်လုံအစည်းအဝေးများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

တစ်ဖက်တွင်တော့ မြန်မာ့တပ်မတော်နှင့် RCSS/SSA အကြား တိုက်ပွဲများက ရပ်စဲမသွားခဲ့ပါ။ NCA ကို ချိုးဖောက်ကြောင်း တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် စွပ်စွဲပြောဆိုမှုများကြားကပင် NCA သက်တမ်း သုံးနှစ်အတွင်း တိုက်ပွဲ ၈၀ နီးပါး ဖြစ်ပွားခဲ့သည်ဟု ဆိုပါသည်။ ထို့အပြင် အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဖြစ်သည့် SSPP/SSA ၊ TNLA ၊ PNLO ၊ PNO (BGF) တို့နှင့်လည်း ၂၀၁၈ ခုနှစ်အတွင်း တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ အထိ SSPP/SSA ၊ TNLAတို့ နှင့် တိုက်ပွဲများ ပြင်းထန်ခဲ့သည်။

တပ်မတော်မှ အဆိုပြုလာသည့် တစ်ခုတည်းသော တပ်မတော်ထားရှိရေးနှင့် ပြည်ထောင်စုမှ ခွဲမထွက်ရေး ကိစ္စရပ်များကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ် တုံ့ဆိုင်းနေသည့် လက်ရှိကာလတွင် RCSS/

SSA သည် NCA အရ ဖြစ်ပေါ်လာသော တရားဝင် ဆွေးနွေးပွဲများတွင် ပါဝင်မှုကို ရပ်ဆိုင်းခဲ့သည်။

အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီး တပ်မတော်နှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက်လည်း ပြင်ဆင်လျက်ရှိသည်။ RCSS/SSA အနေဖြင့် NCA လမ်းကြောင်းမှ သွေဖည်သွားမည် မဟုတ်ကြောင်းတော့ အတိအလင်း ပြောဆိုထားပါသည်။

## တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ (PSLF/TNLA)

၁၉၆၃ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့သည့် ပလောင်အမျိုးသားတပ်ဖွဲ့ကို ၁၉၇၆ ခုနှစ်တွင် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဖွဲ့ (PSLA) အဖြစ် အမည်ပြောင်း ဖွဲ့စည်းခဲ့သည်။ ၁၉၉၁ ခုနှစ် ဧပြီလတွင်တော့ PSLA နှင့် စစ်အစိုးရအကြား အပစ်အခတ်ရပ်စဲခဲ့သည်။ အပစ်အခတ် ရပ်စဲပြီးနောက်ပိုင်း အဖွဲ့အတွင်း သဘောထားကွဲလွဲမှုများဖြစ်ကာ ၁၉၉၂ ခုနှစ် ဇန်နဝါရီတွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) ကို ဖွဲ့စည်းခဲ့ကြသည်။ ၂၀၀၉ ခုနှစ်တွင်တော့ တအာင်း (ပလောင်) ဒေသကို လက်တွေ့ကာကွယ်နိုင်ရန် ရည်ရွယ်ကာ TNLA ကို အတည်ပြုဖွဲ့စည်းခဲ့သည်။

မြန်မာ့တပ်မတော်နှင့် TNLA အကြား တိုက်ပွဲဖြစ်ပွားမှုသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ငါးနှစ်အတွင်း အကြိမ်ရေ ၇၅၀ နီးပါး ဖြစ်ပွားခဲ့ပါသည်။ ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း PSLF/TNLA အနေဖြင့် UNFC တွင် ပါဝင်ကာ NCA မူကြမ်း ဖြစ်ပေါ်လာသည်အထိ တွေ့ဆုံဆွေးနွေးမှုများတွင် ပါဝင်ခဲ့သော်လည်း NCA လက်မှတ်ရေးထိုးချိန်တွင်တော့ တိုက်ပွဲများ ဖြစ်ပွားနေသည်ဟု အကြောင်းပြကာ အစိုးရဘက်မှ ဖိတ်ခေါ်ခြင်း မရှိခဲ့ပါ။

တစ်ဖက်တွင်တော့ မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များနှင့်အတူ မြန်မာငြိမ်းချမ်းရေးကော်မရှင်နှင့် အပစ်အခတ် ရပ်စဲရေးဆိုင်ရာ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ရှိလာခဲ့ပါသည်။ PSLF/ TNLA သည် UWSA နှင့် KIO/ KIA တို့ ဦးဆောင်သော မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင် (၇) ဖွဲ့ပါဝင်သည့် ဖက်ဒရယ်နိုင်ငံရေးတွေ့ဆုံညှိနှိုင်းရေးကော်မတီ (FPNCC) တွင် ပါဝင်ကာ နိုင်ငံရေးအရ ရပိုင်ခွင့်များကို တောင်းဆိုလျက်ရှိပါသည်။

## ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA)

ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများတွင် လှုပ်ရှားလျက်ရှိသော ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/ SSA) ကို ၁၉၇၁ ခုနှစ်တွင် ထူထောင်ခဲ့သည်။ ၁၉၈၉ခုနှစ် ၊ စက်တင်ဘာ ၂ ရက်တွင် တပ်မတော်အစိုးရနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှု ရယူခဲ့သည်။ ဆယ်စုနှစ်နှစ်ခု ကျော်ကြာ အပစ်အခတ် ရပ်စဲခဲ့သော်လည်း ၂၀၁၀ ခုနှစ်တွင် SSPP/SSA အား နယ်ခြားစောင့်တပ် (BGF) အသွင်ပြောင်းရန် အစိုးရမှ ဖိအားပေးခဲ့ရာ SSPP ဗိုလ်မှူးကြီးပန်ဖ ဦးဆောင်သည့် တပ်မဟာ ၁ မှ ငြင်းဆန်ခဲ့သည်။ ယင်းနောက် လက်ရှိ ဒုဗိုလ်ချုပ်ကြီးပန်ဖ ဦးဆောင်က SSPP/ SSA ကို အသက်ဝင်စေခဲ့သည်။ တပ်မတော်နှင့် တိုက်ပွဲများ ပြန်ဖြစ်ခဲ့သည်။

ဦးသိန်းစိန်အစိုးရလက်ထက် ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ၂၀၁၂ ခုနှစ်တွင် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း တစ်နိုင်ငံလုံး

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင်တော့ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း မရှိခဲ့ပါ။

တစ်ဖက်တွင်တော့ ရှမ်းပြည်နယ် တောင်ပိုင်းအခြေစိုက် RCSS/SSA နှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ရှမ်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ခုအကြား တိုက်ပွဲဖြစ်နေခြင်းကို ဒေသခံပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများမှ ကန့်ကွက်ရှုတ်ချကာ စေ့စပ်ညှိနှိုင်းအဖြေရှာကြရန် တိုက်တွန်းထားသော်လည်း တိုက်ပွဲများ ရပ်စဲခြင်း မရှိသေးပါ။ ထူးခြားချက်အဖြစ် စစ်ဖြစ်ပွားလျက်ရှိသော RCSS/SSA နှင့်အတူ ရှမ်းပြည်ညီညွတ်ရေးကော်မတီ (CSSU) တွင်လည်း ပါဝင်ကာ လူထုအခြေပြုနိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။

SSPP/SSA သည် NCA မဟုတ်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းအနေဖြင့် အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် ဆွေးနွေးလျက်ရှိသော UWSA ဦးဆောင်သည့် FPNCC တွင် ပါဝင်နေသလို NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် အလွတ်သဘောရော၊ တရားဝင် တွေ့ဆုံဆွေးနွေးမှုများပါ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

## ရခိုင်အမျိုးသားအဖွဲ့ချုပ်/ရက္ခိုင့်တပ်တော် (ULA/AA)

ရခိုင်အမျိုးသားအဖွဲ့ချုပ်(ULA)၏ လက်နက်ကိုင်အဖွဲ့ (AA) ကို ၂၀၀၉ ခုနှစ် ဧပြီ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပါသည်။ KIO/KIA ထိန်းချုပ်နယ်မြေအတွင်း ယာယီရုံးစိုက်ထားပြီး ၂၀၁၁ ခုနှစ်နောက်ပိုင်း KIAနှင့် အတူ တွဲဖက်ကာ မြန်မာ့တပ်မတော်နှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

တပ်မတော်နှင့် AA အကြား တိုက်ပွဲဖြစ်ပွားမှုသည် ရခိုင်နှင့် ချင်းပြည်နယ်တွင် အပြင်းထန်ဆုံးအဆင့်အထိ ရောက်ရှိခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲပြီးချိန်တွင်တော့ ရုတ်တရက်ရပ်တန့်ကာ ရခိုင်ပြည်နယ်အတွင်း မကျင်းပနိုင်ခဲ့သည့် မဲဆန္ဒနယ်မြေများအား ရွေးကောက်ပွဲကျင်းပပေးရန် တောင်းဆိုခဲ့သည်။ ယခုအခါတွင်တော့ UWSA ၏ ထိန်းချုပ်နယ်မြေအတွင်း တပ်မတော်နှင့် AA အကြား တွေ့ဆုံဆွေးနွေးမှုအချို့ ပြုလုပ်လျက်ရှိသည်။

တစ်ဖက်တွင်တော့ အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် အပစ်ရပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများကို တရုတ်အစိုးရ၏ အကူအညီဖြင့် ပြုလုပ်လျက်ရှိပါသည်။ ထို့အပြင် UWSA ဦးဆောင်သော FPNCC တွင်လည်း ပါဝင်ကာ အစိုးရနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးနိုင်ရန် ကြိုးပမ်းလျက်ပါသည်။

## ဝ ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA)

ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ) ပြိုကွဲသွားပြီးနောက်ပိုင်း ဝ ပြည် သွေးစည်းညီညွတ်ရေးပါတီကို ထူထောင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိ ပြည်တွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲတွင် အင်အားအတောင့်တင်းဆုံးဖြစ်သည့် UWSA သည် ၁၉၈၈ ခုနှစ် မေလ ၁၈ ရက်တွင် တပ်မတော်အစိုးရနှင့် အပစ်အခတ် ရပ်စဲခဲ့ပါသည်။ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များတွင် တရုတ်နိုင်ငံအစိုးရနှင့် နီးကပ်သည့် ဆက်ဆံရေးရှိပြီး တရုတ်ဘာသာစကားကို ပါတီသုံးစကားအဖြစ် အသိ

အမှတ်ပြုထားသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှမ်းပြည်နယ်အတွင်းရှိ ဟိုပန်၊ မိုင်းမော၊ ပန်ဝေ၊ နားဖန်း၊ မက်မန်း၊ ပန်ဆန်း(ပန်ခမ်း) စသော ဒေသ ခြောက်ခုဖြင့် ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ဖွဲ့စည်းထားသော်လည်း UWSA ၏ ထိန်းချုပ်မှုအောက်တွင် မိုင်းမော၊ ပန်ဝေ၊ နားဖန်းနှင့် ပန်ဆန်းဒေသတို့သာ ရှိပါသည်။ ဟိုပန်နှင့် မက်မန်းဒေသတို့သည် အစိုးရထိန်းချုပ်မှုအောက်တွင် ရှိနေခဲ့ပါသည်။ ၂၀၀၉ခု နှစ်တွင် နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် တပ်မတော်အစိုးရမှ ဖိအားပေးခြင်းကို UWSA မှ ငြင်းဆန်ခဲ့သော်လည်း တိုက်ပွဲအဆင့်ထိတော့ ဖြစ်ပွားခဲ့ခြင်း မရှိပါ။

အရပ်သားတစ်ပိုင်း ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၁ ခုနှစ်တွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူလက်မှတ်ထိုးထားပြီး NCA တွင်တော့ ပါဝင် လက်မှတ်ရေးထိုးခြင်း မရှိခဲ့ပေ။ သို့သော် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ဒုတိယအပတ်အတွင်း ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်ကာ 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဝ ပြည်နယ်' ကို အသိအမှတ်ပြုပေးရန် တင်ပြခဲ့သည်။

ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် လက်ရှိအစိုးရလက်ထက်တွင်လည်း အစိုးရ၏ ဖိတ်ခေါ်မှုနှင့်အတူ ၂၁ ရာစု ပင်လုံအစည်းအဝေး (၃၁ ရက်၊ ဩဂုတ် - ၄ ရက် စက်တင်ဘာ ၂၀၁၆) သို့ တခြားသော မြောက်ပိုင်းဒေသရှိ လက်နက်ကိုင်အဖွဲ့များကို ဦးဆောင်ကာ လေ့လာသူအဖြစ် တက်ရောက်ခဲ့ပါသည်။ UWSA သည် မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့ ခြောက်ဖွဲ့ကို ဦးဆောင်ကာ ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) ကို ကမကထပြု ဖွဲ့စည်းခဲ့ပြီး NCA လမ်းကြောင်း မဟုတ်သည့် အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးရေး ဆောင်ရွက်လျက်ရှိသည်။

## တိုက်ပွဲဖြစ်ပွားမှု၊ စစ်ဘေးရှောင်အရေးနှင့် မြေမြှုပ်မိုင်းအန္တရာယ်

ရှမ်းပြည်နယ်အတွင်း တိုက်ပွဲဖြစ်ပွားမှုများကို လေ့လာကြည့်ပါက တပ်မတော်နှင့် TNLA အကြား တိုက်ပွဲဖြစ်ပွားမှုသည် အများဆုံးဖြစ်ခဲ့ပြီး NCA လက်မှတ်ရေးထိုးထားသည့် RCSS/SSA နှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားမှုသည် ဒုတိယအများဆုံး ဖြစ်နေသည်ကို တွေ့ရပါသည်။ တတိယအများဆုံး တိုက်ပွဲဖြစ်မှုကတော့ တပ်မတော်နှင့် KIA အကြား ဖြစ်ပါသည်။

ထို့ပြင် MNDAA နှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားမှု အချို့ရှိခဲ့သလို မြောက်ပိုင်းမဟာမိတ်လေးဖွဲ့ပါဝင်သည့် ပူးပေါင်းအဖွဲ့နှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားမှုအချို့ ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ထူးခြားသည်ကတော့ ရှမ်းပြည်နယ်အတွင်းရှိ အင်အားအကြီးဆုံးဟုဆိုရမည့် UWSA နှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားမှု မရှိခဲ့သလို UWSA နှင့် နီးစပ်သည့် NDAA နှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားမှုလည်း လုံးဝ မရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ထို့ပြင် PNLO နှင့် တပ်မတော်အကြားတွင်လည်း တိုက်ပွဲဖြစ်ပွားမှု မတွေ့ရပါ။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဒီဇင်ဘာ ၁၅ ရက်အထိ ရှမ်းပြည်နယ်အတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း ၅၀ ကျော်အထိ ရှိခဲ့ကြောင်း မိမိတို့ငြိမ်းချမ်းရေးစောင့်ကြည့်အဖွဲ့ (BNI-Myanmar Peace Monitor) က တွေ့ရှိထားပါသည်။

ရှမ်းပြည်နယ်အတွင်း တိုက်ပွဲဖြစ်ပွားမှု အများဆုံးမြို့နယ်သည် မြောက်ပိုင်းဒေသဖြစ်သည့်

ကွတ်ခိုင်မြို့နယ်ဖြစ်ပြီး ဒုတိယနှင့် တတိယမြောက် တိုက်ပွဲဖြစ်ပွားမှု အများဆုံးနေရာများကတော့ ကျောက်မဲမြို့နယ်နှင့် မူဆယ်မြို့နယ်တို့ဖြစ်ကြောင်း သိရပါသည်။

အခြားသောမြို့နယ်များဖြစ်သည့် နမ့်ခမ်း၊ မိုင်းကိုင်၊ လားရှိုး၊ တန့်ယန်း၊ ပန်ဆမ်း၊ သီပေါ၊ မိုင်းဆက်၊ မိုင်းပန်၊ မိုင်းတုံ၊ မိုင်းမိတ်၊ နန့်စံ စသည့်မြို့နယ်များတွင်လည်း တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အကြားက မိုးကုတ်မြို့နယ်တွင်လည်း တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့ပါသည်။

ရှမ်းပြည်နယ်သည် လက်နက်ကိုင်အဖွဲ့အစည်းများစွာ ရှိသည့်အလျောက် တပ်မတော်နှင့် မဟုတ်ဘဲ တိုင်းရင်းသားလက်နက်အချင်းချင်း တိုက်ပွဲဖြစ်ပွားမှုများလည်း ရှိနေပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း RCSS/SSA နှင့် TNLA အကြား တိုက်ပွဲဖြစ်ပွားမှု နှစ်ကြိမ် ဖြစ်ပွားခဲ့ပြီး RCSS/SSA နှင့် SSPP/SSA အကြား တိုက်ပွဲဖြစ်ပွားမှု နှစ်ကြိမ် ရှိခဲ့သည်။

## စစ်ဘေးရှောင်အရေး

တိုက်ပွဲများကြောင့် လည်းကောင်း၊ တပ်သားစုဆောင်းမှုများကြောင့် လည်းကောင်း ရှမ်းပြည်နယ်အတွင်း နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသည့် စစ်ဘေးရှောင် (IDP) များ ရှိနေပါသည်။ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလကုန်အထိ UNOCHA ၏ စာရင်းအရ ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများဖြစ်သည့် သိန္နီ၊ သီပေါ၊ ကွတ်ခိုင်၊ လောက်ကိုင်၊ မန်တုံ၊ မူဆယ်၊ နမ့်ခမ်းနှင့် နမ္မတူမြို့နယ်များတွင် IDP အရေအတွက် ၁၀၀၀၀ ဝန်းကျင်ရှိပြီး ကချင်ပြည်နယ်၊ မန်စီမြို့နယ်အတွင်းထိပင် ရှမ်းမြောက်ဒေသမှ IDP အရေအတွက် ၅၀၀၀ ဝန်းကျင် ရှိနေပါသည်။

ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တပ်မတော်အကြား တိုက်ပွဲများကို အကြောင်းပြုကာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများရှိ IDP အရေအတွက်သည် တစ်သိန်းကျော်အထိ ရှိနေပါသည်။

မိမိတို့ BNI – Myanmar Peace Monitorမှ လေ့လာတွေ့ရှိချက်များအရတော့ ရှမ်းပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများ၏ အခြေအနေသည် တိုက်ပွဲဖြစ်ပွားချိန်နှင့် သေနတ်သံ၊ ပုံးသံကြားရတိုင်း စိုးရိမ်ထိတ်လန့်ကာ နေရပ်စွန့်ခွာ ထွက်ပြေးနေကြရသည့် အခြေအနေ ရှိပါသည်။ ထို့ပြင် တပ်မတော် စစ်ကြောင်းမြင်လျှင် ထွက်ပြေးတိမ်းရှောင်နေရကြောင်း သတင်းဖော်ပြမှုများတွင် တွေ့ရပါသည်။

## မြေမြှုပ်မိုင်းအန္တရာယ်

တပ်မတော်အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အများဆုံး လှုပ်ရှားရာဒေသ၊ ဆယ်စုနှစ်ချီကာ တိုက်ပွဲဖြစ်ပွားရဒေသ ဖြစ်သည့်အလျောက် ရှမ်းပြည်နယ်တွင် မြေမြှုပ်မိုင်းအန္တရာယ်ကလည်း ကြီးမားနေသည်ဟု ဆိုရပါမည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်အထိ ယူနီဆက် - Mine Action ၏ ထုတ်ပြန်ချက်အရ တစ်နိုင်ငံလုံး အတိုင်းအတာ မြေမြှုပ်မိုင်းပေါက်ကွဲမှု၏ ၂၆ ရာခိုင်နှုန်းသည် ရှမ်းပြည်နယ်အတွင်းတွင် ဖြစ်ပွားခဲ့သည်။ ရှမ်းပြည်နယ်အတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှု ၃၅ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ

၁၂ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၄၄ ဦးအထိ ရှိခဲ့ကြောင်း သိရပါသည်။

မြန်မာတစ်နိုင်ငံလုံးတွင် မြေမြှုပ်မိုင်းရှင်းလင်းလုပ်ငန်းစဉ်များကို အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသော်လည်း ထိရောက်သည့် ရလဒ် တစ်စုံတစ်ရာမရှိသေးဘဲ တချို့သောဒေသများတွင် တိုက်ပွဲများ ရပ်တန့်သွားသည့်တိုင် မြေမြှုပ်မိုင်းအန္တရာယ်ကြောင့် ဒေသခံပြည်သူများအတွက် လုံခြုံစိတ်ချရမှုကို ကြီးစွာ ထိခိုက်လျက်ရှိပါသည်။

## ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေအနေ

မြန်မာတစ်နိုင်ငံလုံးရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနက် ဧရိယာအကျယ်ဆုံးဖြစ်သည့် ရှမ်းပြည်နယ်ကို ရှမ်းအရှေ့၊ ရှမ်းတောင်နှင့် ရှမ်းမြောက်ဟူ၍ သုံးပိုင်းခွဲကြည့်ပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများဆုံးနှင့် တိုက်ပွဲဖြစ်ပွားမှု၊ IDPနှင့် မြေမြှုပ်မိုင်းအန္တရာယ်အများဆုံးရှိသော၊ တစ်နည်းအားဖြင့် ငြိမ်းချမ်းမှုမရှိဆုံး နယ်မြေဒေသသည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဒေသများဖြစ်ပါသည်။

ငြိမ်းချမ်းရေးအတွက် လမ်းစတစ်စဖြစ်သော တွေ့ဆုံညှိနှိုင်းရေးအခြေအနေကို အကဲခတ်ကြည့်ပါက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် UWSA ခေါင်းဆောင်များ တွေ့ဆုံမှုသည် ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်ကြိမ်ထက်မနည်း တွေ့ရှိခဲ့သည်ကိုတွေ့ရပြီး အမှန်တကယ် တိုက်ပွဲဖြစ်ပွားနေသည့် TNLA ၊ KIA ခေါင်းဆောင်များနှင့် တွေ့ဆုံမှုမျိုးတော့ မရှိခဲ့ပါဘူး။

မြောက်ပိုင်း မဟာမိတ်(KIA၊ TNLA၊ MNDAA၊ AA) နှင့် တပ်မတော်၊ အစိုးရ ငြိမ်းချမ်းရေးကော်မရှင်အကြား အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုအချို့ ရှိခဲ့သော်လည်း ကောင်းမွန်သည့်ရလဒ်မျိုး ထွက်ပေါ်လာခဲ့ခြင်းမရှိဘဲ ရှေ့ဆက်ဆွေးနွေးနိုင်ရေး သဘောတူသည်ဆိုသည်ထက် မပိုခဲ့ပေ။

TNLA အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးချုပ် တာဘုန်းကျော်က ယခုလို ဥပမာ ပေးသည်။

"ကျွန်တော်တို့ တစ်ခုပြောရမယ်ဆိုရင် KIO/KIA အဖွဲ့နဲ့ မြန်မာ့တပ်မတော်နဲ့ သီးသန့်တွေ့တယ်။ အဲဒီလိုတွေ့တဲ့အချိန်မှာ မြန်မာ့တပ်မတော်ဘက်က တက်တဲ့ ဗိုလ်ချုပ်တွေက တော်တော်ကို စကားလုံးကြမ်းကြမ်းတွေနဲ့ ပြောတဲ့အတွက်ကြောင့် ရှေ့ဆက်နိုင်တဲ့ လုပ်ငန်းတွေ သူတို့ နှစ်ဖက်ကြားထဲမှာ တော်တော်ရပ်တန့်သွားတာ ကျွန်တော်တို့ တွေ့ရတယ်"

ထို့ပြင် မြောက်ပိုင်းမဟာမိတ်လေးဖွဲ့ ပူးပေါင်းတွေ့ဆုံ ဆွေးနွေးရသည့် အစည်းအဝေးပွဲများတွင်လည်း မြန်မာ့တပ်မတော်ဘက်က အပြုသဘောဆောင်သည့် အစည်းအဝေး တော်တော်နည်းသည်ဟု နိုဝင်ဘာ ၁၈ရက်၊ မဇ္ဈိမ မီဒီယာနှင့် အင်တာဗျူးတွင် ဗိုလ်မှူးချုပ်တာဘုန်းကျော်က ပြောဆိုထားပါသည်။

ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရမှ လမ်းကြောင်းပေးသည့် လုပ်ငန်းစဉ်မျိုး မတွေ့ရဘဲ တပ်မတော်၏ သဘောထားများကိုသာ တွေ့ရကြောင်း ၎င်းက ရှုမြင်ထားပါသည်။

"အဲဒါကြောင့်မလို့ ကျွန်တော်တို့ကြားထဲမှာ နားလည်မှုရခါနီး ရခါနီးမှာ တချို့ အဲဒီလို ကွဲလွဲတဲ့ဟာတွေ ကြီးကြီးမားမား ပြန်ဖြစ်ပြီးတော့မှ တိကျတဲ့ Bilateral စာချုပ် ချုပ်ခါနီး ချုပ်ခါနီး၊ ဆွေး

နွေးပွဲတစ်ခု တက်ခါနီး တက်ခါနီး ကျွန်တော်တို့ မတွေ့နိုင်ဘူးပေါ့”ဟု ဗိုလ်မှူးချုပ်တာဘုန်းကျော်က ဆိုပါသည်။

အခြားတဖက်မှ NCA လက်မှတ်ရေးထိုးထားသည့် RCSS/SSA နှင့် PNLO တို့ပါဝင်သည့် ငြိမ်းချမ်းရေးလမ်းကြောင်းသည်လည်း အားရကျေနပ်ဖွယ်ရလဒ်မျိုး မတွေ့ရှိရသေးဟု ဆိုရပါလိမ့်မည်။ ယခုနှစ် အစောကပိုင်း ဖြစ်ပွားခဲ့သည့် RCSS/SSA နှင့် PNLO အကြား ထိတွေ့မှုဖြစ်စဉ်ကိုပင် NCA အရ ဖြစ်ပေါ်လာသည့် ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) မှ တစ်ဆင့် ဖြေရှင်းနိုင်ရေး ကြိုးပမ်းခဲ့ရာ RCSS/SSA ဘက်က JMC နှင့် ဆက်စပ်အစည်းအဝေးများ ပါဝင်မှု ရပ်ဆိုင်းထားသည့်အတွက် အခက်ကြုံခဲ့ရပါသည်။

NCA လက်မှတ်ရေးထိုးထားသည့်တိုင် တပ်မတော်နှင့် RCSS/SSA အကြား တိုက်ပွဲဖြစ်ပွားမှုများ ဆက်ရှိနေဆဲဖြစ်ပါသည်။ နယ်မြေကျော်လှုပ်ရှားနှင့် မူးယစ်ဆေးဝါးကိစ္စကို အကြောင်းပြကာ အပြန်အလှန်စွပ်စွဲမှုများ ရှိခဲ့သည်။ ပိုဆိုးသည်ကတော့ NCA အရ ဖြစ်ပေါ်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးရေးအစီအစဉ်များကို တပ်မတော်မှ ဟန့်တားနေသည့် ကိစ္စရပ်ပင် ဖြစ်ပါသည်။

ဒေသခံပြည်သူများ၊ နယ်ပယ်အလိုက်ခေါင်းဆောင်များနှင့် အမျိုးသားအဆင့် တွေ့ဆုံဆွေးနွေးကာ အကြံပြုချက်များ ရယူပြီးမှသာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးညီလာခံ၊ တစ်နည်းအားဖြင့် ၂၁ ရာစု ပင်လုံအစည်းအဝေးများတွင် တင်ပြနိုင်မည်ဖြစ်ပါသည်။ ယနေ့ထိလည်း RCSS/SSA အပါအဝင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွက် ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးနိုင်မှုအပိုင်းတွင် အဟန့်အတားများ ရှိနေကြောင်း သတိပြုမိပါသည်။

လက်ရှိအချိန်ထိတော့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်ပိုင်းက အားရဖွယ်မရှိသေးသလို ရှမ်းပြည်နယ်အတွင်းတွင်လည်း တိုက်ပွဲများ၊ စစ်ရှောင်ပြည်သူများနှင့် မြေမြှုပ်မိုင်းအန္တရာယ်များက ကာလအတန်ကြာအထိ ဆက်ရှိနေဦးမည်ဟု ရှုမြင်မိပါသည်။

## ဖွံ့ဖြိုးရေး

လက်နက်ကိုင်တိုက်ပွဲများ၊ စစ်ဘေးရှောင်များ၊ မြေမြှုပ်မိုင်းများစသည့် ငြိမ်းချမ်းမှုကို ဖေ့ရာနေရဆဲ ရှမ်းပြည်နယ်သည် မြန်မာတစ်နိုင်ငံလုံးရှိ ဧရိယာ၏ ၂၃ ရာခိုင်နှုန်းအထိ ကျယ်ဝန်းသည်နှင့်အညီ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ဆက်စပ်လုပ်ငန်းများ၊ စက်မှုကုန်ထုတ်လုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာလုပ်ငန်းများကတော့ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများအတွက် အလားအလာကောင်းများ ရှိနေကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က အစီရင်ခံထားပါသည်။

ပြည်တွင်းရှိ ပြည်နယ်များ၊ တိုင်းဒေသကြီးများနှင့် နယ်နိမိတ်ထိဆက်မှုများစွာ ရှိနေသလို တရုတ်၊ ထိုင်း၊ လာအိုစသည့် နိုင်ငံများနှင့်လည်း ရှည်လျားသည့် နယ်နိမိတ်ထိစပ်မှုများကြောင့် စီးပွားရေး၊ နိုင်ငံရေးအရ အချက်အချာကျသည့် ပြည်နယ်တစ်ခု ဖြစ်ပါသည်။

၂၀၁၉-၂၀၂၀ပြည့်နှစ်ဘဏ္ဍာနှစ်အတွင်းတစ်နိုင်ငံလုံးရှိနယ်စပ်ကုန်သွယ်ရေးစခန်းအားလုံး၏ စုစုပေါင်းပမာဏအနက် ၄၅ရာခိုင်နှုန်းကို ရှမ်းပြည်နယ်အတွင်းရှိ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုတည်းမှ ရရှိခဲ့ခြင်းဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်းလည်း ယင်းပမာဏပတ်ဝန်းကျင် ရှိခဲ့ပြီး

မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍအတွက် အဓိကကျသည်ဟု ဆိုရပါမည်။

၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်၊ တပ်မတော်နည်းပညာတက္ကသိုလ်အပါအဝင် ပြင်ဦးလွင်နှင့် နောင်ချိုမြို့နယ်များအတွင်း နေရာငါးခုတွင် TNLA ၊ MNDAA နှင့် AA တို့ ပူးပေါင်းပါဝင်သည့် မြောက်ပိုင်းသုံးဖွဲ့ ဝင်ရောက်တိုက်ခိုက်မှုကြောင့် မန္တလေး-မူဆယ်လမ်းကြောင်းရှိ ကုန်သွယ်ရေး လုပ်ငန်းများကို ရက်အတန်ကြာ ရပ်တန့်စေခဲ့သည်။

ကုန်သွယ်ရေးလမ်းကြောင်း၏ အဓိကကျသော ဂုတ်တွင်းတံတား မိုင်းခွဲခံခဲ့ရသလို ကွတ်ခိုင် နှင့် မူဆယ်အကြား ပြည်ထောင်စုလမ်းမတစ်လျှောက် တိုက်ပွဲများဖြစ်ပွားခဲ့သဖြင့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ကုန်တင်ယာဉ် ၃၀၀ ကျော် သောင်တင်ခဲ့ရသည်။ နေ့စဉ်ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်လေ့ရှိသည့် အခြေအနေမှသည် ဩဂုတ်လ ၁၅ ရက်နောက်ပိုင်း တစ်ရက်ကို အမေရိကန်ဒေါ်လာ တစ်သန်းဖိုးပင် မပြည့်တော့ဘဲ လုံးဝ ရပ်တန့်သွားခဲ့ရကြောင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ၂ ဦးဝင်းအောင်ခန့်က ဆိုပါသည်။

"၂၀၁၆ တုန်းကလည်း ၁၀၅ မိုင်ကို ဝင်ပြီးတော့ ပစ်တာပဲ၊ မကြာဘူး နာရီပိုင်းပဲ။ ပစ်ခတ်ပြီးတော့ ဆုတ်ခွာသွားကြတဲ့အတွက် အခြေအနေက ဒီလောက် ဆိုးဆိုးဝါးဝါး မဖြစ်ဘူး"

မငြိမ်းချမ်းသေးသောဒေသအတွင်း အထူးသတိပြုရဦးမည့် အချက်ကတော့ အိမ်နီးချင်းတရုတ် နိုင်ငံ၏ စီးပွားရေးစင်္ကြန်ပါ အဓိကကျသော စီမံကိန်းအများစုသည် ရှမ်းပြည်နယ်အတွင်း ပါဝင် နေခြင်းဖြစ်ပါသည်။ မူဆယ် - မန္တလေး လျှပ်စစ်ရထားလမ်းစီမံကိန်း၊ ရွှေလီ - မန္တလေး- ကျောက်ဖြူ အမြန်လမ်းစီမံကိန်း၊ ရွှေလီ-မန္တလေး - ကျောက်ဖြူရထားလမ်းစီမံကိန်း၊ မူဆယ်စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးဇုန်၊ ချင်းရွှေဟော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်၊ တံတားနှင့်လမ်းသစ်စီမံကိန်း (ဂုတ်ထိပ်၊ နောင်ချို)၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှုဇုန် (ရပ်စောက်)၊ မန္တလေး - ထီးချိုင့် - မူဆယ် အမြန်လမ်း စီမံကိန်း၊ ကွမ်းလုံ တံတားစီမံကိန်း၊ ဝတလုံး ဥမင်လိုဏ်ခေါင်း စီမံကိန်း၊ တရုတ်-မြန်မာနယ်စပ် ဖြတ်ကျော် ဓာတ်အားလိုင်းစီမံကိန်း စသဖြင့် အကြီးစားစီမံကိန်းပေါင်း ၁၀ ခုထက်မနည်း ရှိနေပါသည်။

ထို့ကြောင့် ရှမ်းပြည်နယ်၏ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကိုလည်း တရုတ် နိုင်ငံဘက်မှ လျစ်လျူရှုထားဖွယ် မရှိပါ။ ထို့အတူ တရုတ်နိုင်ငံ၏ စိတ်ပါဝင်စားမှုဆိုသည်ကလည်း ရှမ်းပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးအတွက် မည်သို့သော အခြေအနေကို ဦး တည်နေမလဲဆိုသည်ကလည်း မှန်းဆရခက်ခဲဖွယ် ရှိနေပါသည်။

## တရားဥပဒေစိုးမိုးရေး

ရှမ်းပြည်နယ်သည် အစိုးရ၊ တပ်မတော်တို့နှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးဘက် လက် နက်ကိုင်အဖွဲ့အစည်းများစွာ လှုပ်ရှားသည့် အရပ်ဒေသဖြစ်သလို ဒေသအလိုက် ပြည်သူ့စစ်အဖွဲ့ အစည်းများ၊ နယ်ခြားစောင့်တပ်ဖွဲ့များ စသည့် လက်နက်ကိုင်အစုအဖွဲ့များစွာလည်း ရှင်သန် လှုပ် ရှားနေကြသည်ဟု ဆိုရပါမည်။ ထို့အပြင် အမည်မသိသော လက်နက်ကိုင်အုပ်စုများ၏ တရား ဥပဒေမဲ့စွာ လူသတ်မှုဖြစ်စဉ်များလည်း ထူပြောရာ အရပ်ဒေသ ဖြစ်ပါသည်။

သျှမ်းသံတော်ဆင့်သတင်းဌာန၏ အဆိုအရ ၂၀၁၅ ခုနှစ်နောက်ပိုင်း လူသတ်မှုဖြစ်စဉ်အများစု တွင် တစ်ကြိမ်တစ်ခါမျှပင် တရားခံ ဖမ်းဆီးနိုင်ခြင်းမရှိသေးဟု သိရပါသည်။ ၂၀၁၉ ခုနှစ်အတွင်း

ကျောက်မဲနှင့် သီပေါမြို့နယ်တို့အတွင်း လုပ်ကြံသတ်ဖြတ်ခံရသူ ၁၀ ဦးထက်မနည်း ရှိနေကြောင်း သိရှိရပါသည်။ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မတိုင်ခင် ရက်ပိုင်းအလိုတွင်လည်း ကျောက်မဲမြို့နယ် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနေအိမ်အား သေနတ်ဖြင့် ပစ်ခတ်မှု ဖြစ်ပွားခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအပြီး နိုဝင်ဘာ ၂၁ ရက်တွင်တော့ မြန်မာနိုင်ငံအပြင် ကမ္ဘာ့သတင်းမီဒီယာများတွင်ပါ ဖော်ပြခဲ့ကြသည်အထိ ထူးခြားတုန်လှုပ်ဖွယ်လုပ်ကြံသတ်ဖြတ်မှု တစ်ခု ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်အတွင်း ဖြစ်ပွားခဲ့ပါသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမတ်လောင်း ဦးထိုက်ဇော်တစ်ယောက် သေနတ်ဖြင့် ပစ်သတ်ခံရခြင်း ဖြစ်ပါသည်။

ယင်းအသတ်ခံရမှုအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်း စစ်ဆေးနေပြီဖြစ်သော်လည်း ယခုထိတော့ တရားခံနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ ထုတ်ဖော်ပြောဆိုနိုင်ခြင်း မရှိသေးပါ။ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ကတော့ ငြိမ်းချမ်းရေး မရရှိသည့်အတွက် တရားဥပဒေစိုးမိုးမှု မရှိရခြင်း ဖြစ်ကြောင်း ပြောဆိုထားပါသည်။

## ရှမ်းပြည်နယ်နှင့် ၂၀၂၀ ရွေးကောက်ပွဲ အခြေအနေ

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရရှိမှုနှင့် နှိုင်းယှဉ်ကြည့်ပါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ ရှမ်းပြည်နယ်လွှတ်တော်အတွင်း အမတ်နေရာ ရရှိမှုသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပိုမို များပြားလာခဲ့သည်ကို တွေ့ရပါသည်။ ထို့အပြင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)နှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) တို့လည်း နေရာအချို့ ပိုမို ရရှိလာပါသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ၎င်းတို့၏ အနိုင်ရ မဲဆန္ဒနယ်မြေများ ဆုံးရှုံးသွားခဲ့ပါသည်။

သို့နှင့်တိုင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပေးထားချက်အရ ရှမ်းပြည်နယ်လွှတ်တော်အတွင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၃၄ ဦး ရောက်ရှိလာမည်ဖြစ်သည့်အတွက် တပ်မတော်နှင့်နီးစပ်သည့် USDP အနေဖြင့် တပ်မတော်နှင့်သာ ပူးပေါင်းနိုင်ခဲ့ပါက ရှမ်းပြည်နယ်လွှတ်တော်အတွင်း နေရာ ၅၉ နေရာအထိ တွက်ခြေကိုက်နိုင်ပါသည်။ ထို့ကြောင့် NLD အနေဖြင့် တိုင်းရင်းသားပါတီများနှင့်သာ ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှု မရရှိပါက ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌအပါအဝင် ပြည်နယ်လွှတ်တော်၏ အခန်းကဏ္ဍကို ဆုံးရှုံးရပါလိမ့်မည်။ ရှမ်းပြည်နယ်လွှတ်တော်သည် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် အလွန်ကာလတစ်လျှောက် USDP ကသာ လွှတ်တော်ဥက္ကဋ္ဌနေရာမှ ဦးဆောင်ခဲ့သည်။

## ရွေးကောက်ပွဲအလွန် ရှမ်းပြည်နယ် ငြိမ်းချမ်းရေးလားရာ

Myanmar Peace Monitor မှ ဆက်သွယ်မေးမြန်းထားသည့် မိုင်းကိုင်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံကတော့ လာမည့် တတိယအကြိမ် လွှတ်တော်သက်တမ်းတွင် အစိုးရအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံးပိုမိုလွတ်လပ်စွာဆွေးနွေးနိုင်ပါစေကြောင်း

တိုက်တွန်းပါသည်။

"သတ္တိရှိရှိနဲ့ လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်ပါစေလို့ပဲ တိုက်တွန်းချင်တယ်"

ဦးစိုင်းလုံသည် မိုင်းကိုင်မြို့နယ်အတွင်း တပ်မတော်နှင့် RCSS/SSA အကြားတိုက်ပွဲများအပေါ် ကြယ်ပွင့်ပြ မေးခွန်းထုတ်ခဲ့သော်လည်း ရှမ်းပြည်နယ်အတွင်း တိုက်ပွဲများသည် ပြည်နယ်နှင့် မသက်ဆိုင်ဘဲ ပြည်ထောင်စုအဆင့်နှင့် သက်ဆိုင်သည်ဟုဆိုကာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ပယ်ချမှုကို ကြုံခဲ့ရဖူးသူ ဖြစ်သည်။

"တရားဥပဒေစိုးမိုးရေးနဲ့ အပစ်အခတ်ရပ်စဲရေးဆိုတာကတော့ သတ္တိရှိမှပဲ လုပ်လို့ရတယ်။ ရှမ်းပြည်နယ်အစိုးရအနေနဲ့ သတ္တိမရှိဘူးလို့ ယူဆတယ်။ ပြဿနာကို ဖြေရှင်းဖို့အတွက်ကတော့ လက်နက်ကိုင်အဖွဲ့အစည်းတွေတိုင်းမှာ တာဝန်ရှိတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေအတွက် တော့ မြေဇာပင်ပြည်သူတွေဘက်ကပဲ ရပ်တည်တယ်"ဟု ဦးစိုင်းလုံက ဆိုပါသည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၇ ရက်၊ ရှမ်းပြည်နယ်အစိုးရ၏ စတုတ္ထနှစ်တာကာလအတွင်း လုပ်ဆောင်ချက်များအပေါ် ရှင်းလင်းပွဲတွင်တော့ NLD အစိုးရသက်တမ်းတစ်လျှောက် ရှမ်းပြည် ငြိမ်းချမ်းရေးကြိုးပမ်းမှုခရီးစဉ်သည် အကြီးမားဆုံး စိန်ခေါ်မှုဖြစ်ကြောင်း ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က ဆိုပါသည်။ "တိုက်ပွဲရှောင်ပြည်သူတွေရဲ့ ဒုက္ခသောကကို ဖြေရှင်းဆောင်ရွက်တဲ့အခါ ကျွန်တော်တို့အစိုးရအဖွဲ့ အကြီးမားဆုံး အခက်အခဲ တွေ့ကြုံရတယ်" ဟု ၎င်းက ညည်းတွားသည်။ ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းမှသာ ဖွံ့ဖြိုးတိုးတက်မည်ဟု ဒေါက်တာလင်းထွဋ်က ယုံကြည် ထားဟန်ရှိသည်။

RCSS/SSA ဒုဗိုလ်မှူးကြီး စိုင်းအုမ်ခေးကတော့ တိုက်ပွဲများရပ်ပြီး ငြိမ်းချမ်းရေးလမ်းကို ဖြောင့် ဖြောင့်တန်းတန်း သွားနိုင်ရေးအတွက်ဆိုလျှင် နံပါတ် တစ်၊ တပ်မတော်အနေဖြင့် လက်နက်ကိုင် အဖွဲ့အစည်းတိုင်းကို NCA တွင် ပါဝင်လာရေး သဘောထားကြီးစွာနှင့် ကြိုဆိုညှိနှိုင်းသင့်ပြီး နံပါတ် နှစ်၊ လက်နက်ကိုင်အဖွဲ့အစည်းများကလည်း သူ့အဖွဲ့ကိုယ့်အဖွဲ့ဆိုသည်ထက် အတူယှဉ်တွဲနေ ထိုင်နိုင်ရေး ဆွေးနွေးညှိနှိုင်းသည့် နည်းလမ်းကိုသာ အသုံးပြုသင့်ကြောင်း အချက်နှစ်ချက်ဖြင့် သုံး သပ်ပါသည်။

"တပ်မတော်ကသာ ဦးဆောင်ဦးရွက်ပြုမယ်ဆိုရင် ပိုပြီး အဆင်ပြေမယ်လို့ မြင်ပါတယ်၊ သူက အင်အားကြီးတာကိုး။ ဒါပေမဲ့ တပ်မတော်ကနေပြီးတော့ တစ်ဖွဲ့ကို ဖိလိုက်၊ တစ်ဖွဲ့ကို မြှောက်ပေး လိုက်ဆိုတဲ့ ပုံစံမျိုး ဆိုရင်တော့ အဆင်မပြေဘူးပေါ့နော်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းအားလုံးအပေါ်မှာ စိတ်သဘောထားကြီးကြီး၊ စေတနာမှန်မှန်နဲ့ ဆောင်ရွက်သွားမယ်ဆိုရင် တော့ NCA မှာလည်း အားလုံး ပါဝင်လာနိုင်မယ့် အလားလာ ရှိတယ်"ဟု စိုင်းအုမ်ခေးက Myanmar Peace Monitor ကို ပြောပါသည်။

သျှမ်းသံတော်ဆင့်မှ ထုတ်လုပ်သော 'ရှမ်းပြည်နယ်အစိုးရအဖွဲ့မှာ ရှမ်းပြည်သူတွေ ဘယ် လို မြင်ချင်လဲ' ဆိုသည့် အမြင်သဘောထားမှတ်တမ်းတွင် ပအိုဝ်းလူငယ်အစည်းအရုံး (YPO) ဥက္ကဋ္ဌ ခွန်ဦးက "စစ်ပွဲက ရှမ်းပြည်သားတွေ ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေတယ်၊ စစ်ပွဲ မရှိ အောင် လုပ်ပေးမယ့် အစိုးရမျိုး လိုချင်တယ်"ဟု ဆိုထားသည်။ ရှမ်းပြည်နယ်အခြေစိုက် ကချင် လူမှုအဖွဲ့အစည်းမှ မိုင်းမိုင်ကလည်း "စစ်ရေးပဋိပက္ခတွေ တောက်လျှောက်ရှိနေတဲ့အတွက် ကြောင့်မလို့ ဒီ ရှမ်းပြည်အတွက် ဝန်ကြီးချုပ်ဖြစ်မယ့်သူက ဒီ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ဟာကို နားလည်သဘောပေါက်ပြီးမှ တကယ့်ကို လက်တွေ့ခံစားနေရတဲ့ IDP အရေး၊ နေရပ်ပြန်ရေးပြောတဲ့ အချိန်မှာ တကယ်ကို ငြိမ်းချမ်းပြီလား အနေအထားကို နားလည်ပြီးမှ လုပ်ပေးနိုင်တဲ့ ဝန်ကြီးကို မျှော်လင့်တယ်" ဟု ပြောပါသည်။

ရှမ်းပြည်နယ်အပါအဝင် လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၏ အခန်းကဏ္ဍသည် မှေးမှိန်ပျောက်ဆုံးနေသည်ကို သတိပြုရပါသည်။ ဦးသိန်းစိန် အစိုးရအပါအဝင် ယခင်အစိုးရခေတ်များတွင်တော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပြည်နယ်အစိုးရအဖွဲ့ဝင်များ ပါဝင်လေ့ရှိသည့်အတွက် ဖြစ်ပေါ်တိုးတက်မှုအခြေအနေ ကောင်းခဲ့ကြောင်း NCA လက်မှတ်ရေးထိုးထားသည့် PNLO နာယက ခွန်ဥက္ကာက ထောက်ပြပါသည်။ NLD ဦးဆောင်သည့် အစိုးရလက်ထက်တွင်တော့ ပြည်နယ်အစိုးရ ဝန်ကြီးချုပ်များသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) မှ မဖိတ်ခေါ်လျှင် မပါဝင်နိုင်သည့်အနေအထား ဖြစ်နေကြောင်း သုံးသပ်ပါသည်။

"အထူးသဖြင့် ဝေးလံသော နယ်မြေဒေသတွေက ကိစ္စတွေကို ဗဟိုက လက်လှမ်းမမီဘူး။ အစိုးရသစ်က အဲဒီ အတွေ့အကြုံကို သင်ခန်းစာယူပြီး ပြင်ဆင်တာတွေ လုပ်သင့်တယ်။ တိုက်ပွဲတွေ မဖြစ်ဖို့ကတော့ တိုက်ပွဲဖြစ်နေတဲ့ ခေါင်းဆောင်တွေရဲ့ မူဝါဒ၊ ဆင်ခြင်တုံတရားနဲ့ အတွေးအခေါ်နဲ့ပဲ ဆိုင်ပါတယ်"

TNLA ပြောခွင့်ရ မိုင်းအိုက်ကျော်ကတော့ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအလွန် ရှမ်းပြည်နယ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် "တိုက်ပွဲဖြစ်ရင် ကြားကနေ ဘယ်သူမှန်လဲ၊ ဘယ်သူမှားလဲ ညှိနှိုင်းဖျန်ဖြေပေးမယ့် အစိုးရအဖွဲ့မျိုး လိုချင်တယ်၊ NCA လက်မှတ်ထိုးထားတဲ့သူတွေ တိုက်ပွဲပြန်ဖြစ်တာတွေ့တော့ အဲဒီလိုပုံစံ မသွားချင်ဘူး" ဟု Myanmar Peace Monitor ကို ပြောပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးမှု လုပ်ငန်းစဉ်တွင် ပြည်နယ်အစိုးရ အဖွဲ့ဝင်များ ပါဝင်နိုင်ရေးအတွက်မူ အစိုးရအဖွဲ့နှင့်သက်ဆိုင်ကြောင်း သူက ဆိုပါသည်။

ရှမ်းပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လက်နက်ကိုင်ပဋိပက္ခ တိုက်ပွဲများ ချုပ်ငြိမ်းနိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးဆိုသည်က မလွယ်ကူနိုင်သော်လည်း တိုင်းရင်းသားပြည်သူများ၏အသံကို နားထောင်ပြီး ညှိနှိုင်းဆောင်ရွက်မည်၊ တိုင်းရင်းသားပြည်သူများ၏ ဆန္ဒကို အတတ်နိုင်ဆုံး လိုက်လျောပေးမည်ဆိုပါက စစ်ပွဲများ ချုပ်ငြိမ်းဖို့နှင့် ငြိမ်းချမ်းရေးပန်းတိုင်လည်း နီးစပ်လာဖွယ်ရှိမည်ဖြစ်ကြောင်း မိုင်းကိုင်မြို့နယ် ပြည်နယ်လွှတ်တော်အမတ် ဦးစိုင်းလုံက သုံးသပ်ပါသည်။

"အခု အနိုင်ရပါတီက ရှင်းရှင်းပြောရရင် တိုင်းရင်းသားတွေအပေါ်မှာ ကြည့်ရှုစောင့်ရှောက်တာကတော့ အားနည်းနေတယ်"

## အကြံပြုချက်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တိုက်ပွဲဖြစ်ပွားမှုများသည် မီးနှင့် ရေ အားပြိုင်မှုမျိုးဟု ဆိုရပါမည်။ မီးများ မီးနိုင်၊ ရေများ ရေနိုင်ဆိုသလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ထိရောက်သည့် အညွှန်းကိန်းများ ရရှိရေး အတွက် တိုက်ပွဲဖြစ်ပွားမှု ကိန်းဂဏန်းများကို လျှော့ချနိုင်ရပါလိမ့်မည်။

RCSS/SSA မှ ဒုဗိုလ်မှူးကြီး စိုင်းအုမ်ခေးကတော့ တိုက်ပွဲဖြစ်ပွားမှုသည် တပ်မတော်နှင့်သာ သက်ဆိုင်ပြီး အစိုးရနှင့် မသက်ဆိုင်သည့် အမြင်မျိုးမှ ဖောက်ထွက်ပြီး တိုက်ပွဲဖြစ်ပွားသည့် ဘက်နှစ်ဖက်အကြား အစိုးရအနေဖြင့် ကြားဝင်ညှိနှိုင်းဖြေရှင်းခြင်းကသာ ငြိမ်းချမ်းရေးအတွက် ထိရောက်မှုရှိနိုင်ကြောင်း အကြံပြုပါသည်။ ထို့အပြင် တပ်မတော်နှင့် အစိုးရသည် အချင်းချင်း အမြင်သဘောထားဖလှယ်ကာ နားလည်မှုရယူပြီး တိုင်းရင်းသားများအပေါ် ထားသည့် သဘော

ထားသည် တစ်ထပ်တည်းဖြစ်နေရန် လိုအပ်ကြောင်း တိုက်တွန်းပါသည်။

ထိုအချက်သည် PNLO နာယက ဗိုလ်မှူးကြီးခွန်ဥက္ကာနှင့်လည်း ထပ်တူကျနေပါသည်။ အစိုးရအဖွဲ့နှင့် တပ်မတော်ဆွေးနွေးရေးအဖွဲ့များ၏ သဘောထားများ တစ်ထပ်တည်းမကျ ဖြစ်နေခြင်းသည် ဆွေးနွေးဘက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွက် ကြီးမားသည့် အခက်အခဲဖြစ်စေသည်ဟု ဆိုပါသည်။ ထို့အပြင် တိုက်ပွဲများလျှော့ချရေး၊ အပစ်အခတ်ရပ်စဲရေးအတွက် NCA လက်မှတ်ရေးထိုးထားကြသည့်တိုင် ဘုံသဘောတူညီချက်မရှိဘဲ NCA အပေါ် လိုရာဆွဲ အဓိပ္ပာယ်ဖွင့်ကာ လုပ်ဆောင်ချက်များသည်လည်း ငြိမ်းချမ်းရေးဆွေးနွေးမှု ဖြစ်စဉ်အတွက် အထောက်အကူမပြုဘဲ တိုက်ပွဲများကိုသာ ဦးတည်စေခဲ့ကြောင်း ဗိုလ်မှူးကြီးခွန်ဥက္ကာက ရှုမြင်ပါသည်။

ထို့အပြင် NCA စာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်လက်နက်ကိုင်အဖွဲ့အစည်းအချင်းချင်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှုကို ဖြေရှင်းနိုင်မည့်နည်းလမ်း မပါဝင်ဘဲ အစိုးရဘက်မှ ကြားဝင်ညှိနှိုင်းပေးနိုင်သည့် အခင်းအကျင်းလည်း မရှိသည့်အတွက် NCA အဖွဲ့ဝင်အချင်းချင်းညှိနှိုင်းမှုဖြင့်သာ ဖြေရှင်းနေရကြောင်း ၎င်းက ပြောပါသည်။

"နိုင်ငံရေးအရ မြင့်မားတဲ့ရလဒ်ရဖို့ အစိုးရဘက်က လိုလိုချင်ချင်ရှိပေမယ့် တပ်မတော်ဘက်က လုံခြုံရေး ပြန်လည်ပေါင်းစည်းခြင်းဘက်က စဉ်းစားနေတော့ နိုင်ငံရေးရလဒ်က ထင်သလောက် မရနိုင်ဖြစ်နေတယ်။ EAOs တွေဘက်ကလည်း နိုင်ငံရေးရလဒ်လည်း ရသင့်ရထိုက်တာရ၊ လုံခြုံရေးရလဒ်ပါ တစ်ဆင့်ချင်း တိုးတက်တာ လိုချင်ပါတယ်"ဟု ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင်လည်း ဖြစ်သည့် ဗိုလ်မှူးကြီးခွန်ဥက္ကာက ရှုမြင်သုံးသပ်ပါသည်။

မြောက်ပိုင်းမဟာမိတ် လေးဖွဲ့ဖြစ်သည့် KIA ၊ MNDAA၊ AA နှင့် TNLA တို့အနေဖြင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး(Bilateral)ကို တစ်နေရာတည်း တစ်ချိန်တည်း လက်မှတ်ရေးထိုးချင်ကြသော်လည်း တပ်မတော်ဘက်မှ တစ်ဖွဲ့ချင်းစီနှင့်သာ အပစ်အခတ်ရပ်စဲရေး လုပ်ဆောင်ချင်နေကြောင်း TNLA ပြောခွင့်ရသူက ဆိုပါသည်။အားလုံး တစ်ပြိုင်နက် လက်မှတ်ရေးထိုးပြီးမှသာ တပ်နေရာချထားရေးအတွက် တစ်ဖွဲ့ချင်းစီဖြင့် ဆွေးနွေးရန် TNLA က အကြံပြုပါသည်။

ရှမ်းပြည်နယ်အတွင်း တိုက်ပွဲများ ချုပ်ငြိမ်းရပ်တန့်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးလမ်း ဖြောင့်တန်းနိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ခြင်း မရှိခဲ့သည့် မိုင်းကိုင်မြို့နယ်၏ လက်ရှိ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကတော့ ယခုလို အကြံပြုပါသည်။

"အဓိကတော့ လက်နက်ကိုင်အဖွဲ့အစည်းတိုင်းမှာ ကိုယ်ချင်းစာစိတ်ရှိဖို့က အဓိကပါပဲ"

*မှတ်ချက်။ ။ ယခုသုံးသပ်စာတမ်းကို BNI-Myanmar Peace Monitor တွင် ၂၀၂၀ခုနှစ် ဒီဇင်ဘာလတွင် ဖော်ပြခဲ့ပါသည်။*

# ရခိုင်နှင့် ချင်းဒေသမှ စစ်ရေး – နိုင်ငံရေး အားပြိုင်မှုများနှင့် အနာဂတ်မြန်မာ

ဩဂုတ်၊ ၂၀၂၀။

## နိဒါန်း

၂၀၁၁ ခုနှစ်တွင် စတင်ခဲ့သော နိုင်ငံရေးဖြေလျှော့မှုများနှင့်အတူ အသွင်ကူးပြောင်းရေးဖြစ်စဉ်များကြောင့် မြန်မာ့လူ့အဖွဲ့အစည်းတွင် ကြီးစွာသောပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဟု ခေါ်ဝေါ်ကြသော ရခိုင်ပြည်နယ်အတွင်းတွင် ကြီးမားသော အပြောင်းအလဲများကို မြင်တွေ့ခဲ့ရပါသည်။ ထို့အပြင် ရခိုင်ပြည်နယ်တွင် အိမ်နီးချင်း အင်အားကြီးနိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ စီးပွားရေး၊ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားများရှိနေခြင်းသည်လည်း အဆိုပါ ရခိုင်ပြည်နယ်၏ ကောင်းခြင်း၊ ဆိုးခြင်းအပေါ် ရာခိုင်နှုန်းများစွာ ရိုက်ခတ်မှုရှိနေပါသည်။ တရုတ် - မြန်မာစီးပွားရေးစင်္ကြံလမ်းတွင်ပါဝင်သည့် အဓိက စီမံကိန်းကြီးများ တည်ရှိနေသည့်အပြင် အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာမြောက် ကုလားတန်စီမံကိန်းများ၏ ပင်မသဖွယ်ဖြစ်နေသော ရခိုင်ပြည်နယ်အနေဖြင့် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းတွင် သမိုင်းတစ်လျှောက် မကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များ၊ ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်ကို အထင်အရှား တွေ့နိုင်ပါသည်။

ထို့အပြင် ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ရက္ခိုင့်တပ်တော် (Arakan Army) နှင့်

မြန်မာ့တပ်မတော်တို့အကြား တိုက်ပွဲဖြစ်ပွားမှုကိန်းဂဏန်းများ သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်အတွင်း အရပ်သား သေဆုံးမှုများ၊ ဖမ်းဆီးခံရမှုများ၊ နေရပ်စွန့်ခွာစစ်ဘေးရှောင်ဒုက္ခသည် အရေအတွက်များသည်လည်း ရခိုင်ပြည်နယ်အတွင်းသာမက ချင်းပြည်နယ်၊ ပလက်ဝဒေသတွင်ပါ ပိုမို များပြားလာခဲ့ပါသည်။ အဆိုပါ လက်နက်ကိုင်ပဋိပက္ခများ မဖြစ်ပေါ်မီကာလများတွင် ရက္ခိုင့်တပ်တော်အနေဖြင့် သမ္မတဟောင်း ဦးသိန်းစိန် စတင်ခဲ့သော ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ခဲ့သော်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ထိုးရာတွင် ပါဝင်ခဲ့ခြင်း မရှိဘဲ နောက်ပိုင်းတွင် မြောက်ပိုင်းမဟာမိတ်ညီနောင်များအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်ပြင်ပတွင် မြန်မာ့တပ်မတော်နှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ထို့မှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်းတွင် ရံဖန်ရံခါ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ယခုအခါ တိုက်ပွဲဖြစ်ပွားမှု အမြင့်မားဆုံးအခြေအနေသို့ ရောက်ရှိခဲ့သည်ကို တွေ့နိုင်ပါသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် အာဏာရရှိလာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အစိုးရသည်လည်း ယခင် ဆောင်ရွက်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်ကို လက်ဆင့်ကမ်း ဆောင်ရွက်လာခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရက္ခိုင့်တပ်တော်နှင့်လည်း ငြိမ်းချမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါသည်။ သို့သော် ကောင်းမွန်သော၊ အပြုသဘောဆောင်သော သဘောတူညီမှုများ ရရှိနိုင်ခဲ့ခြင်းမရှိဘဲ တိုက်ပွဲများသာ ပိုမိုမြင့်တက်လာခဲ့ပါသည်။ ပြည်တွင်းမှ နိုင်ငံရေး လေ့လာစောင့်ကြည့်သူများ၏ အဆိုအရ ရက္ခိုင့်တပ်တော်အနေဖြင့် ၂၀၁၅ ခုနှစ်မှ စတင်ပြီး ရခိုင်ပြည်နယ်အတွင်းတွင် ခြေကုပ်ရယူနိုင်ရန် ကြိုးစားမှုများ ရှိလာခဲ့သည်ဟု သိရှိရပါသည်။ ထို့အပြင် ရက္ခိုင့်တပ်တော်မှ ခေါင်းဆောင်များအနေဖြင့် ကွန်ဖယ်ဒရေးရှင်း (Confederation) ဟူသော နိုင်ငံရေးပုံစံကို အတိအလင်း ထုတ်ဖော်ပြောဆိုမှုများကို အင်တာဗျူးများ၊ ဗီဒီယိုဖိုင်များမှတစ်ဆင့် ပြုလုပ်လာခဲ့ပါသည်။ ထိုကဲ့သို့ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုခြင်းကြောင့်ပင်လျှင် ရခိုင်ပြည်နယ်အတွင်းတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့် ရက္ခိုင့်တပ်တော်အပေါ် မြန်မာ့တပ်မတော်နှင့် အစိုးရတို့၏ ရှုမြင်ပုံ ပြောင်းလဲလာဟန် ရှိသည်ဟု ယူဆနိုင်ပါသည်။

ရက္ခိုင့်တပ်တော်အနေဖြင့်လည်း လူမှုကွန်ရက်စာမျက်နှာများ၊ ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးချပြီး ရခိုင်ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့မှုများ ဆောင်ရွက်ကာ သတင်းစကားများကို ထုတ်ပြန်လေ့ရှိသည်။ အထူးသဖြင့် "ရက္ခိုတအိပ်မက် ၂၀၂၀" (Arakan Dream 2020) ဟူသော ကြွေးကြော်သံတစ်ခုကို ပြည်သူလူထုထံသို့ နိုင်ငံရေးသတင်းစကားအဖြစ် တပ်လှန့်နှိုးဆော်သံတစ်ခုကို ဆောင်ရွက်ထားရှိပါသည်။ အဆိုပါ ကြွေးကြော်သံနှင့်ပတ်သက်ပြီး တိုက်ရိုက်အဓိပ္ပာယ်ပြန်ဆိုမှုများ မရှိသော်လည်း ရက္ခိုင့်တပ်တော် ဦးဆောင်သူများအနေဖြင့် အဆိုပါ ကြွေးကြော်သံသည် ရခိုင်ပြည်သူလူထုတို့၏ အတိတ်တွင် ဆုံးရှုံးခဲ့သော နိုင်ငံရေးဆိုင်ရာ နစ်နာချက်များအတွက် တပ်လှန့်နှိုးဆော်ခြင်းဖြစ်သည်ဟု မကြာခဏ ဖွင့်ပြောဆိုလေ့ရှိပါသည်။ ထို့အပြင် ထိုတော်လှန်ရေးသည် ကမ္ဘာတစ်ဝန်းလုံးတွင် ပြန့်ကျဲရောက်ရှိနေသော ရခိုင်လူမျိုးတို့၏ အိမ်ပြန်ချိန်ဖြစ်ကြောင်းနှင့် အဆိုပါ တော်လှန်ရေးသည် တစ်ကမ္ဘာလုံးတွင် ရောက်ရှိနေသော ရခိုင်လူမျိုးများ၏ အမျိုးသားကွန်ရက်ကြီးတစ်ခုအဖြစ် ပုံဖော်ဖန်တီးရမည့် အရာတစ်ခုဖြစ်ကြောင်း ပြောဆိုထားခြင်းများ ရှိပါသည်။

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် ကနဦးစုဖွဲ့မှုများဖြစ်သည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းမှုအဖွဲ့ (NCCT) က အစပြု၍ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖယ်ဒရယ်ကောင်စီ (UNFC)၊ ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးရေးညှိနှိုင်းရေးကော်မတီ (FPNCC)တို့ ဖွဲ့စည်းချိန်အထိ ရက္ခိုင့်တပ်တော်နှင့် အစိုးရတို့အကြား ဆက်စပ်ဆွေးနွေးမှုများ ရှိခဲ့ပါသည်။ သို့သော်

အစိုးရအနေဖြင့် ရက္ခိုင့်တပ်တော်အား မတ်လ ၂၃ ရက်၊ ၂၀၂၀ ခုနှစ်တွင် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာလိုက်ချိန်မှစပြီး ပိုမိုဆိုးရွားသော လက်နက်ကိုင်ပဋိပက္ခများဆီသို့ ဦးတည်စေခဲ့ပါသည်။ မြန်မာ့တပ်မတော်၏ သောင်းကျန်းသူနှိမ်နင်းမှု စစ်ဆင်ရေး (မြန်မာ့တပ်မတော် အခေါ်အဝေါ်) ရခိုင်ပြည်နယ်အတွင်းမှ ရက္ခိုင့်တပ်တော်အား တိုက်ခိုက်မှုများသည် ပိုမိုပြီး နိုင်ငံရေးအရ တရားဝင်မှု အနေအထားကို အစိုးရအနေဖြင့် အသိအမှတ်ပြုလိုက်သည်ဟူသော ဝေဖန်သံများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ တပ်မတော်၏ စစ်ဆင်ရေးများသည် ပိုမိုပြီး လက်ရဲဇက်ရဲ ဖြစ်လာသည်ကို မြေပြင်သတင်းများအရ သိရှိရပါသည်။ ဆိုလိုသည်မှာ အစိုးရအနေဖြင့် တပ်မတော်၏ စစ်ရေးလှုပ်ရှားမှုများကို နိုင်ငံရေးအရ တာဝန်ယူမှုကို ဆိုလိုခြင်းဖြစ်ပါသည်။

ထို့အပြင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းစာရှင်းလင်းချက်များအရ ရခိုင်ပြည်နယ်သည် အဖြူရောင်နယ်မြေဖြစ်သည်ဟူသော စကားကို ထပ်ခါတလဲလဲ သုံးစွဲလေ့ရှိသည်ကို တွေ့ရှိရပါသည်။ အကြောင်းမူ ရခိုင်ပြည်နယ်အတွင်းတွင် ၁၉၈၀ ခုနှစ် နောက်ပိုင်းမှ စတင်ပြီး လက်နက်ကိုင်တပ်ဖွဲ့များမရှိသည့် အဖြူရောင်နယ်မြေဖြစ်သဖြင့် လက်နက်ကိုင်တပ်ဖွဲ့တစ်ခုခု အခြေစိုက်လာခြင်းကို လက်ခံနိုင်ခြင်းမရှိဘဲ ယခုကဲ့သို့ ရက္ခိုင့်တပ်တော်မှ အခြေစိုက်လာခြင်းကို တပ်မတော်က ပြတ်သားစွာ နှိမ်နင်းသွားမည်ဟူသော သတင်းစကားများကို တွေ့ရှိရပါသည်။

တစ်ချိန်တည်းတွင် ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲများပြင်းထန်လာသည်နှင့်အမျှ လူမှုကွန်ရက်ပေါ်တွင် လူမျိုးရေးကို အခြေခံလျက် အမုန်းစကားပြောဆိုမှုများ ပိုမို များပြားလာခဲ့သည်ကို ထောက်ပြပြောဆိုမှုများလည်း ရှိခဲ့ပါသည်။ ထိုကာလများမတိုင်မီကပင် ရက္ခိုင့်တပ်တော် ထိပ်ပိုင်းခေါင်းဆောင်များ၏ လူမှုကွန်ရက်ပေါ်မှ အကောင့်များ၊ အဆိုပါ အဖွဲ့အစည်းများ၏ လူမှုကွန်ရက်စာမျက်နှာများကို ဖယ်ရှားခံရသော ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ပါသည်။ အစိုးရအနေဖြင့်လည်း တပ်မတော်၏ စစ်ဆင်ရေးများကို အထောက်အကူပြုစေရန်အတွက် ရခိုင်ဒေသအတွင်းရှိ မြို့နယ်အချို့၏ အင်တာနက်ကွန်ရက်များအား ဖြတ်တောက်ထားခြင်းများကို အစိုးရအနေဖြင့် ပြုလုပ်ခဲ့ပါသည်။ ထိုကဲ့သို့ ဖြတ်တောက်မှုများသည် ရခိုင်ပြည်နယ်၏ တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းရေး အလို့ငှာ ဆောင်ရွက်ရခြင်းဖြစ်သည်ဟု အစိုးရဘက်မှ ထပ်ခါတလဲလဲ ပြောဆိုမှုများရှိသော်လည်း မြေပြင်တွင် ရခိုင်ပြည်သူလူထုနှင့် ချင်းပြည်နယ်၊ ပလက်ဝဒေသမှ ချင်းလူမျိုးတို့အပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖုံးကွယ်ထားရန် အထောက်အပံ့ဖြစ်နေကြောင်း အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပြည်တွင်းလေ့လာသူများက ထောက်ပြဝေဖန်လျက် ရှိပါသည်။

မည်သို့ပင်ဆိုစေ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများသည် ကန့်သတ်စစ် (Limited War) သဘောထက် အဆုံးစွန်သောစစ် (Total War) သဘောကို ပိုမိုဆောင်လာကာ စစ်ပွဲ၏ သဘောသဘာဝအတိုင်း နစ်ဖက်သေကျေမှုများ၊ အရပ်သားသေဆုံးမှုများ၊ နေရပ်စွန့်ခွာ စစ်ဘေးရှောင်ဒုက္ခသည် အရေအတွက်နှင့် အမုန်းတရားများသာ တဖြည်းဖြည်း တိုးပွားလာခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။ အာဏာရအစိုးရအနေဖြင့်လည်း အဆိုပါ လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးပြဿနာတစ်ရပ်အနေဖြင့် ဖြေရှင်းရန် ကြိုးစားသည်ထက် လက်နက်ကိုင်တပ်ဖွဲ့များ၏ အင်အားသုံးဖြေရှင်းခြင်းအပေါ် နိုင်ငံရေးအရ တရားဝင်ခွင့်ပြု ပေးအပ်လိုက်ခြင်းသည် အဆိုပါ ပဋိပက္ခများကို ပိုမိုဆိုးရွားစေသည်ဆိုသည့် သဘောသဘာဝအဖြစ် ပုံဖော်နေပါသည်။ လက်နက်ကိုင်ပဋိပက္ခများ ပိုမိုပြင်းထန်လာလေလေ ရခိုင်ပြည်နယ်ကို အရပ်ဘက်အုပ်ချုပ်ရေးနှင့် ဝေးကွာရာသို့ တဖြည်းဖြည်း တွန်းပို့နေသကဲ့သို့ ဖြစ်လာလေလေဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းမှု ဖြစ်စဉ်များအပေါ်တွင်လည်း ရိုက်ခတ်မှုများ ရှိလာနိုင်ပါသည်။

## နောက်ခံအကြောင်းတရားများ

လက်တင်အမေရိက၊ အာဖရိက၊ ဘောလ်ကန်နိုင်ငံများနှင့် အာရှနိုင်ငံများရှိ ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ကုလသမဂ္ဂအရာရှိတစ်ဦးက လက်ရှိ မြန်မာနိုင်ငံ ကြုံတွေ့နေရသည့် အခြေအနေကို 'ကြုံတွေ့ဖူးသမျှထဲတွင် အရှုပ်ထွေးဆုံးအခြေအနေ' ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ သမ္မတ၊ အစိုးရကာကွယ်ရေးဦးစီးချုပ်၊ စစ်တပ်နှင့် လွှတ်တော်တို့အကြား အာဏာခွဲဝေထားသည့် အစိုးရနှင့် ဒါဇင်ချီသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ စစ်ဗိုလ်ချုပ်များ၊ စစ်ဗိုလ်ချုပ်ဟောင်းများနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ သူ၏ NLD ပါတီကြားက ပြိုင်ဆိုင်မှုများ၊ ဒါဇင်ချီသည့် အခြားသော နိုင်ငံရေးပါတီများနှင့် ရာချီသည့် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အနာဂတ်အရေးအတွက် အားလုံးက တစ်စုံတစ်ရာ ပါဝင်ပြောဆိုနိုင်ခွင့်ရလိုမှုတို့နှင့် ဗုဒ္ဓဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များ အကြား အကြမ်းဖက်မှုများ မြင့်တက်လာသည့် ရခိုင်ပြည်နယ်နှင့် အခြားဒေသများသို့ ကူးစက်မှုစသည့် အခြေအနေမျိုးစုံဖြင့် ရှုပ်ထွေးနေခဲ့သည်။ ထို့အပြင် တရုတ်၊ အမေရိကန်၊ ဂျပန်၊ အိန္ဒိယ၊ ယူကေနှင့် အခြားသော နိုင်ငံများကလည်း မြန်မာ့အရေးတွင် အပြိုင်အဆိုင် သြဇာလွှမ်းမိုးမှု ပြုချင်နေကြသည်။

ရခိုင်ပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ပါဝင်သည့် အနောက်ဘက်မှ ပြည်နယ်တစ်ခုအဖြစ် ရှိနေသော်လည်း ယနေ့ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများသည်မှ အတိတ်ကာလ ရခိုင်ပြည်သူတို့၏ ပဒေသရာဇ်နိုင်ငံတော်သမိုင်းများနှင့် ရခိုင်လူမျိုးတို့၏ အမျိုးသားရေးအခြေခံသော နိုင်ငံရေးတိမ်းညွှတ်မှုများက များစွာလွှမ်းမိုးမှု ရှိနေပါသည်။ အဆိုပါ ပြဿနာများ၏ ပင်မအရင်းခံ ပြဿနာများသည် ဒုတိယကမ္ဘာစစ်အပြီး မြန်မာနိုင်ငံ၏ အမျိုးသား နိုင်ငံတော်တည်ထောင်ခြင်း (Nation Building) ပုံသဏ္ဌာန်မှားယွင်းခဲ့မှုများအပေါ် အရင်းခံလျက် ရှေးယခင်ကတည်းက မီးခဲပြာဖုံး အနေအထားရှိခဲ့သော ရခိုင်လူမျိုးတို့၏ အမျိုးသားရေးစိတ်ဓာတ်များ တဖန် ပြန်လည် နိုးထလာခဲ့မှုများကြောင့်ဟု အဓိက ဆိုနိုင်ပါသည်။

ကိုလိုနီခေတ်ဦးကာလများကတည်းက ရခိုင်ဒေသအတွင်း နိုင်ငံရေးလှုပ်ရှားမှုများ အချိန်နှင့်အမျှ ရှိနေခဲ့ပြီး ဂျပန်တော်လှန်ရေးကာလ၊ လွတ်လပ်ရေး ခေတ်ကြိုကာလ၊ လွတ်လပ်ရေး ခေတ်ဦးကာလများအထိ ခေတ်အဆက်ဆက် ရှိနေခဲ့ပါသည်။ ရက္ခိုင့်တပ်တော်တစ်ခုတည်းမဟုတ်ဘဲ လွတ်လပ်ရေးခေတ်ကြိုကာလများမှစတင်ပြီး ယခုအချိန်ထိ နေရာ၊ ဒေသအမျိုးမျိုးတွင် ဖွဲ့စည်းခဲ့ကြသော ရခိုင်လက်နက်ကိုင်အဖွဲ့အစည်းများသည် ရခိုင်ပြည်နယ်အတွင်း အခြေစိုက်ရန် ကြိုးစားခဲ့ကြသည်ကို သမိုင်းစဉ်တစ်လျှောက်လုံးတွင် တွေ့နိုင်ပါသည်။ သို့သော် ရခိုင်ပြည်နယ်၏ တစ်မူထူးခြားသော ပထဝီမြေမျက်နှာသွင်ပြင် အနေအထားတို့ကြောင့် ရခိုင်လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ၏ ရခိုင်ပြည်နယ်အတွင်း အခြေစိုက်ရန်ကိစ္စသည် လွယ်လွယ်ကူကူ မဖြစ်ခဲ့ပါ။ အထူးသဖြင့် ပလက်ဝဒေသ(ချင်းပြည်နယ်)နှင့် အိန္ဒိယနယ်စပ်တို့မှ စတင်ချဉ်းကပ်ခဲ့ကြသော မှတ်တမ်းမှတ်ရာများစွာရှိခဲ့သော်လည်း မအောင်မြင်ခဲ့ကြသဖြင့် ယခု ရက္ခိုင့်တပ်တော်၏ ရခိုင်ပြည်နယ်အတွင်းဝင်ရောက်နိုင်မှု၊ တိုက်ပွဲများ ဖော်ဆောင်နိုင်မှုသည်ပင်လျှင် ရခိုင်လူမျိုးတို့၏ စိတ်သန္တာန်ထဲတွင် ကြီးစွာသော အပြောင်းအလဲတစ်ခု ဖြစ်ခဲ့ပါသည်။

ရက္ခိုင့်တပ်တော်၏ စစ်ဦးစီးချုပ် ထွန်းမြတ်နိုင်က စတင်ခဲ့သော 'ရက္ခိတအိပ်မက် ၂၀၂၀' ဆိုသည့် အယူအဆသည် ရခိုင်လူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် 'ရက္ခိတလမ်းစဉ်' ဖြင့် ၂၀၂၀ ခုနှစ်မှစ၍ တိုက်ပွဲဝင်သွားမည်ဆိုသည့် သတင်းစကားသည် ရခိုင်ပြည်သူများအကြား

ပျံ့နှံ့သွားစေခဲ့သည်။ ထိုသတင်းစကားက ရခိုင်ပြည်သူများအကြား အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်လာစေပြီး၊ ရှေးယခင် ဘုရင်များလက်ထက်က ရှိခဲ့ဖူးသည့် လူမျိုးရေးပဋိပက္ခများကိုပါ ပြန်လည်နှိုးဆွလိုက်သကဲ့သို့ဖြစ်လာခဲ့သည်။ သမိုင်းပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက "ဒါဟာ တိုက်ဆိုင်မှုတစ်ခုမဟုတ်ပါဘူး။ အခြားအတွေးအခေါ် အယူအဆတွေ၊ ဒါမှမဟုတ် အစီအစဉ်တွေ လစ်လပ်နေတုန်းမှာ အမျိုးသားရေး ဝိသေသအခြေခံတဲ့ လှုံ့ဆော်မှုတွေဟာ နိုင်ငံရေး အမြတ်ထုတ်ဖို့ လုပ်တဲ့နည်းလမ်းတွေမှန်း သိသာပါတယ်" ဟု သူ့စာအုပ် 'The Hidden History of Burma' တွင် ရေးသားခဲ့သည်။

ထို့အပြင် ၂၀၁၁ ခုနှစ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများမှ စတင်ခဲ့သော ပါတီနိုင်ငံရေး အခန်းကဏ္ဍသည်လည်း ရခိုင်ပြည်သူလူထု၏ နိုင်ငံရေးရေချိန်ကို တဖြည်းဖြည်း မြှင့်တင်လာနိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ဒေါက်တာအေးမောင် ဦးဆောင်ခဲ့သော ရခိုင်အမျိုးသားတိုးတက်ရေးပါတီ (RNDP)နှင့် ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ALD) တို့အနေဖြင့် 'ရခိုင်အမျိုးသားညီညွတ်ရေး' ဟူသော မျှော်မှန်းချက်ဖြင့် ၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက်တွင် ရခိုင်အမျိုးသားပါတီ (ANP) ကို ထူထောင်ရန် သဘောတူညီမှုများ ရရှိခဲ့ကြသည်ဟု သိရှိရပါသည်။ သို့သော် နောက်ပိုင်း ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြသည့် ရခိုင်ပြည်နယ်လွှတ်တော်အတွင်းမှ ရခိုင်အမျိုးသားပါတီဝင် အမတ်များအနေဖြင့် အာဏာရပါတီ၏ တိုင်းရင်းသားနိုင်ငံရေးပါတီများအပေါ်ထားရှိသော နိုင်ငံရေးဆိုင်ရာ သဘောထားများကို စိတ်ပျက်ခဲ့ကြကြောင်း သတင်းမီဒီယာများတွင် မကြာခဏ ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။

အဆိုပါ ပြဿနာများသည် ၂၀၀၈ အခြေခံဥပဒေ၏ ကန့်သတ်ချက်များကြောင့်ဟု အာဏာရပါတီက ပြောဆိုမှုများရှိခဲ့သော်လည်း ရခိုင်ပြည်သူလူထုအနေဖြင့် လွှတ်တော်နိုင်ငံရေး နည်းလမ်းသည် ရခိုင်ပြည်သူများ လိုချင်သော တန်းတူရေးမှုကို အာမခံနိုင်သည်ဟူသော ယုံကြည်ချက်များ ပျောက်ဆုံးလာဟန်တူခဲ့ပါသည်။ ထို့အပြင် နောက်ထပ်ထွက်ပေါက်တစ်ခုဖြစ်သည်ဟု ယုံကြည်ကြသော ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင်လည်း တစ်ဆို့မှုများကို မြင့်တွေ့လာခဲ့ကြသောအခါ ရက္ခိုင့်တပ်တော် ဦးဆောင်သော လက်နက်ကိုင်တော်လှန်ရေးလမ်းကြောင်းသည် ပိုမိုအားကောင်းလာခဲ့ပါသည်။ တစ်ချိန်တည်းတွင် ရခိုင်ပြည်နယ်အတွင်းရှိ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ထင်မှတ်ထားသကဲ့သို့ ကောင်းမွန်လာခဲ့ခြင်းမရှိဘဲ နိုင်ငံရေးပြဿနာများနှင့်သာ လုံးလည်ချာလည်လိုက်နေခဲ့ပြီး မထင်မှတ်ထားသည့် ပြဿနာများစွာက ယနေ့ရခိုင်ပြည်နယ်အတွင်းတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများသို့ တွန်းပို့ရာ နောက်ခံအကြောင်းတရားများ ဖြစ်လာခဲ့ပါသည်။

## ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများအပေါ် လေ့လာဆန်းစစ်ခြင်း

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်၊ ပလက်ဝဒေသတို့တွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများကို လေ့လာဆန်းစစ်ရာတွင် လူပုဂ္ဂိုလ်ပေါင်းများစွာက ရှုထောင့်ပေါင်းစုံဖြင့် လေ့လာဆန်းစစ်မှုများစွာ ပြုလုပ်၊ ပြောဆိုထားသည်ကိုတွေ့ရှိရပါသည်။ အဆိုပါ လေ့လာဆန်းစစ်မှုများကို ပြန်လည်သုံးသပ်ကြည့်ပါက ရခိုင်ပြည်နယ်အတွင်း ယခုဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများအပေါ်

တွင် အခြေပြုသည့် လေ့လာဆန်းစစ်မှုများသာ များပြားသည်ကို တွေ့ရှိရပါသည်။ သို့သော် မိမိတို့အနေဖြင့် ကနဦးတွင် တင်ပြခဲ့သကဲ့သို့ ရခိုင်ပြည်နယ်အတွင်းမှ လက်နက်ကိုင်ပဋိပက္ခများသည် သမိုင်းဆိုင်ရာ အရင်းခံအကြောင်းတရားများ ပေါင်းစပ်ပါဝင်နေသကဲ့သို့၊ ကမ္ဘာ့နိုင်ငံရေး ချိန်ခွင်လျှာ အပြောင်းအလဲများနှင့် တိုက်ဆိုင်နေခဲ့သည်ကိုလည်းတွေ့ရှိနိုင်ပါသည်။ ထို့အပြင် ပြည်တွင်း နိုင်ငံရေးဆိုင်ရာ အုပ်စုများအကြား အကျိုးစီးပွားများ ရောယှက်နေမှုများ၊ ပြည်သူလူထုများအကြား လူမျိုးရေး / ဘာသာရေးအခြေပြု အမျိုးသားရေးစိတ်ဓာတ်များ ပြင်းထန်လာမှုအပြင် မြန်မာ့နိုင်ငံရေး အသွင်ကူးပြောင်းမှု၏ အဓိကသော့ချက်ဟုဆိုရမည့် အရပ်ဘက် - စစ်ဘက် ဆက်ဆံရေးတို့အပေါ်တွင် အပြန်အလှန် မှီခိုမှုများ ရှိနေပါသည်။ ဆိုလိုသည်မှာ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများသည် ရှေးယခင် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်တော်လှန်ရေးများထက် ပိုမိုပြီး ထိလွယ်၊ ရှလွယ်ဖြစ်သည့်အပြင် လူမျိုးရေးဆိုင်ရာ အကဲဆတ်မှုများကို ပိုမိုတွေ့မြင်ရသည်ဟု ပြောမည်ဆိုလျှင် မှားလိမ့်မည်မဟုတ်ပေ။

အထူးသဖြင့် ရှေးယခင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခများနှင့် ယနေ့ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ၏ နောက်ခံအခြေအနေ မတူညီမှုများသည် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်နေကြသော အစုအဖွဲ့များ အားလုံးအပေါ်တွင် ရာခိုင်နှုန်း အနည်းနှင့် အများ သက်ရောက်မှုရှိနေပါသည်။ ရက္ခိုင့်တပ်တော် အနေဖြင့်ရှေး ယခင် တိုင်းရင်းသားလက်နက်ကိုင်များကဲ့သို့ တပ်သားသစ်စုဆောင်းခြင်း၊ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံမှု၊ နိုင်ငံရေး လိုလားချက်များအား ဆွဲဆောင်စည်းရုံးခြင်း၊ ဘဏ္ဍာရေး ရှာဖွေမှု၊ လက်နက်ခဲယမ်းမီးကျောက်များ ဝယ်ယူစုဆောင်းခြင်း အစရှိသော လုပ်ငန်းစဉ်များကို ဒစ်ဂျစ်တယ်ပလက်ဖောင်းများပေါ်တွင် ပိုမိုလွယ်ကူစွာနှင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်သည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ ထို့ကြောင့် ရက္ခိုင့်တပ်တော်အနေဖြင့် ဆယ်စုနှစ်တစ်ခုအတွင်း ယခုကဲ့သို့ ပိုမိုအင်အား ကောင်းမွန်ပြီး ပိုမိုတောင့်တင်းသော လက်နက်ကိုင်တပ်ဖွဲ့တစ်ခု ဖြစ်လာစေရန် အဓိက အကူအညီဖြစ်ခဲ့သော အရာသည် ၂၁ ရာစု ခေတ်မီ သတင်းအချက်အလက်နည်းပညာများကို စနစ်တကျ အသုံးပြုခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် အစိုးရနှင့် တပ်မတော်အနေဖြင့် ရခိုင်ပြည်နယ်အတွင်း မြို့နယ်အချို့တွင် အင်တာနက်ကွန်ရက်များ ဖြတ်တောက်ခြင်းကို စစ်ရေးရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည်ကို အထင်အရှား တွေ့မြင်နိုင်ပါသည်။

ထို့အပြင် ရက္ခိုင့်တပ်တော်ကို နောက်ထပ် အဓိက အကူအညီဖြစ်စေခဲ့သော အရာသည် တခြားသော တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ကြီးများနှင့် ကောင်းမွန်သော မဟာမိတ်အဖြစ် တည်ဆောက်ထားနိုင်သော မဟာဗျူဟာကြောင့် ဖြစ်ပါသည်။ ရက္ခိုင့်တပ်တော်အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ အချင်းချင်းသာမက ပြည်ပနိုင်ငံများ ဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် တရားဝင်ဆက်ဆံရေး မဟုတ်သော်လည်း အဆိုပါနိုင်ငံများမှ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းများ သို့မဟုတ် ဩဇာအာဏာရှိသော ပုဂ္ဂိုလ်များနှင့် ဆက်ဆံရေး တည်ဆောက်ထားနိုင်သည်ဟူသော အချက်သည်လည်း အစိုးရနှင့် တပ်မတော်တို့အတွက် စိုးရိမ်ဖွယ်အခြေအနေတစ်ရပ်အဖြစ် ယူဆနိုင်ဟန် ရှိပါသည်။

ရက္ခိုင့်တပ်တော်တပ်ဖွဲ့ဝင်များ ရခိုင်ပြည်နယ်အတွင်းသို့ အခြေချရောက်ရှိလာသည်ဟု ခန့်မှန်းရသော အချိန်မှစတင်ပြီး ရခိုင်ပြည်နယ်ထဲတွင် အစိုးရ၊ တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ ပိုမို များပြားလာသည့်အချက်မှာလည်း ယခင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးကာလများနှင့် တစ်မူထူးခြားစွာ ကွဲထွက်နေသည်ဟု ပြောဆိုနိုင်ပါသည်။

ထို့အပြင် ရက္ခိုင့်တပ်တော် ထိပ်ပိုင်းခေါင်းဆောင်အချို့ကလည်း လူမှုကွန်ရက်ပေါ်တွင် 'တရားလည်း ရှိတယ်၊ ဓားလည်း ရှိတယ်' ဟူသော စကားလုံးအချို့ကို ပြောဆိုခဲ့ခြင်းများ ရှိသည်ကို တွေ့ရှိရပါသည်။ ရက္ခိုင့်တပ်တော်အနေဖြင့် အဆိုပါစကားကို တရားဝင်သုံးနှုန်းခြင်းမျိုး မဟုတ်သောကြောင့် အဓိပ္ပာယ်ပြန်ဆိုရန် ခက်ခဲပါသည်။ ထို့အပြင် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားနှင့် လုံခြုံရေးဆိုင်ရာ အဖွဲ့များကို ရက္ခိုင့်တပ်တော်၏ အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ယန္တရားများဖြင့် အစားထိုးပြီး မိမိတို့၏ ရပ်တည်မှုကို အခိုင်အမာတည်ဆောက်လိုခြင်းများ ရှိကြောင်းကို ရက္ခိုင့်တပ်တော်၏ လုပ်ဆောင်ချက်များအား အခြေခံပြီး သုံးသပ်နိုင်ပါသည်။

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့် ပတ်သက်ပြီး အစိုးရနှင့် တပ်မတော်တို့၏ ရပ်တည်ချက် တူညီနေမှုသည် ယခုပဋိပက္ခ၏ နောက်ထပ် ထူးခြားသောအရာ ဖြစ်ပါသည်။ အထူးသဖြင့် တပ်မတော်၏ 'သောင်းကျန်းသူနှိမ်နင်းမှု စစ်ဆင်ရေး' (တပ်မတော်အခေါ်)ကို အရပ်သားအစိုးရအနေဖြင့် နိုင်ငံရေးအရ တရားဝင်မှုပေးခြင်းများကို အထင်အရှား တွေ့နိုင်ပါသည်။ ဆိုလိုသည်မှာ ယခု ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများကို တပ်မတော်သာမက အရပ်သားအစိုးရကိုယ်တိုင်ကပါ အမျိုးသားလုံခြုံရေးနှင့်ပတ်သက်သော ကိစ္စရပ်ဖြစ်သည်ဟု ယူဆပုံရပါသည်။ အရပ်သားအစိုးရအနေဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ခေါ်ယူခြင်းမရှိခဲ့သော်လည်း တပ်မတော်၏ ထိပ်ပိုင်းခေါင်းဆောင်များနှင့် ပဋိပက္ခများ မပြင်းထန်မီကာလများတွင် တွေ့ဆုံခဲ့မှုများ ရှိခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်တွင် တိုက်ပွဲဝင်နေသော တပ်မတော်သားများကို အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုကြောင်းကြေညာချက်ထုတ်ပြန်လိုက်ခြင်းသည် အဆိုပါယူဆချက်ကိုပိုမိုခိုင်မာစေခဲ့ပါသည်။ အစိုးရ၊ တပ်မတော်အနေဖြင့်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် သာမက အိန္ဒိယနိုင်ငံနှင့်ပါ ဆက်ဆံရေးပိုမိုကောင်းမွန်လာအောင် တည်ဆောက်ခြင်းများကို နိုင်ငံတော်သမ္မတ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်များ၏ ခရီးစဉ်များက သက်သေထူလျက် ရှိပါသည်။ အဆိုပါ ခရီးစဉ်များသည် ဒေသတွင်း နိုင်ငံတကာဆက်ဆံရေး ပါဝါချိန်ခွင်လျှာ ညီမျှအောင်ပြုလုပ်သော မဟာဗျူဟာတစ်ခုတည်းသာမကဘဲ ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်များ၊ အထူးသဖြင့် ရက္ခိုင့်တပ်တော်၏ အိန္ဒိယ - မြန်မာနယ်စပ်နှင့် မြန်မာ - ဘင်္ဂလားဒေ့ရှ်နယ်စပ်တို့တွင် တည်ရှိနေမှုကို တန်ပြန်ရာတွင် အကူအညီအဖြစ် ရယူလိုခြင်းတို့ကြောင့် ဖြစ်ဟန်တူသည်။

## အရပ်သားများ သေဆုံးခြင်းနှင့် ဖမ်းဆီးခံရခြင်း

အရပ်သားများသေဆုံးခြင်းနှင့် ဖမ်းဆီးခံရသော ပြဿနာများသည် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်၊ ပလက်ဝဒေသတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ စတင်ကတည်းက ယနေ့အချိန်အထိ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသော ပြဿနာတစ်ရပ် ဖြစ်လာပါသည်။ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် အရပ်သားသေဆုံးမှုနှုန်း မြင့်မားရခြင်းသည် အဆိုပါ ပဋိပက္ခအပေါ်တွင် အာရုံစိုက်သင့်သော အဓိက အကြောင်းတရား ဖြစ်လာပြီဟု International Crisis Groupမှ ထုတ်ဝေသော 'An Avoidable War : Politics and Armed Conflict in Myanmar’s Rakhine State' အစီရင်ခံစာတွင် အကျယ် တဝင့် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် အရပ်သားများကို ဖမ်းဆီးစစ်ဆေးခံရရင်း သေဆုံးသွားသည့် ကိစ္စများသည်လည်း သတင်းမီဒီယာများတွင် မကြာခဏ ဖော်ပြမှုများကို တွေ့ရှိနေရသည့်အပြင် အဆိုပါ သေဆုံးမှုများ အတွက် နိုင်ငံတော် တာဝန်ရှိသူများ၏ ထုတ်ဖော်ပြောဆိုခြင်းများ၊ တာဝန်ယူသော အပြုအမူများ တစ်စုံတစ်ရာမျှမတွေ့ရသေးပေ။တစ်ချိန်တည်းတွင်ရခိုင်ပြည်နယ်အတွင်းလုပ်ကြံသတ်ဖြတ်မှုများ၊ ဖမ်းဆီးခေါ်ဆောင်ခြင်းများကိုလည်း ပိုမို တွေ့ရှိလာရပါသည်။ အဆိုပါပြဿနာများကို ခေါင်းစဉ် မျိုးစုံတပ်ပြီးပြောဆိုကြသော်လည်း အဓိက အရင်းအမြစ်ပြဿနာသည် လက်နက်ကိုင်ပဋိပက္ခများ ကြောင့်သာဖြစ်ပါသည်။ တိုင်းရင်းသားအရေး လေ့လာသူတစ်ဦးကလည်း "တိုက်ပွဲတွေ၊ လက်နက် ကိုင်ပဋိပက္ခတွေဖြစ်တိုင်းမှာ အရပ်သားတွေဟာ အဲဒီလို မြေဇာပင် ဖြစ်ကြရပါတယ်။ မြန်မာ့သမိုင်း မှာရော၊ ကမ္ဘာ့သမိုင်းမှာရော အခုလိုဖြစ်ရပ်မျိုးတွေ ဖြစ်ဖူးပါတယ်။ အဲဒါကို လျှော့ချတာတို့၊ မဖြစ်အောင် တားဆီးတာမျိုးလုပ်ဖို့က အတော်ခက်ခဲပါတယ်။ အဓိက ပင်မအရင်းအမြစ်ပြဿနာ ဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခနဲ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်မှာသာ ဒီလို အရပ်သား သေဆုံးမှုနဲ့ ဖမ်းဆီးခံရမှုတွေကို တားဆီးနိုင်မှာ ဖြစ်ပါတယ်" ဟု မိမိတို့ ပြုလုပ်သော အင်တာဗျူး တစ်ခုတွင် မှတ်ချက်ပေးခဲ့ပါသည်။

ရခိုင်ပြည်နယ်အတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်နေသော အရပ်ဘက် အဖွဲ့အစည်းတစ်ခုမှ ခေါင်းဆောင်တစ်ဦးကလည်း "ရခိုင်ပြည်နယ်အတွင်းမှာ အရပ်သားသေဆုံးမှု တွေ ပိုပိုပြီးများလာတယ်။ ကိန်းဂဏန်းအရ ဘယ်ရွေ့ဘယ်မျှလောက်ဆိုတာကို အဖွဲ့အစည်း အသီးသီးက စနစ်တကျ စောင့်ကြည့် မှတ်တမ်းတင်မှုတွေ ရှိကြပါတယ်။ ဒါပေမဲ့ အဲဒါတွေထက် ပိုအရေးကြီးတာက မသင်္ကာမှုတွေနဲ့ ဖမ်းဆီးခံရတဲ့ လူတွေအားလုံးဟာ တရားဥပဒေအရ ကာကွယ် ပိုင်ခွင့်နဲ့ ဖမ်းဆီးထားတုန်းမှာ ဥပဒေရဲ့လုပ်ထုံးလုပ်နည်းကနေ သွေဖည်ပြီး အကြမ်းဖက်စစ်ဆေးမှု တွေ ရှိနေတဲ့ကိစ္စတွေ ဖြစ်ပါတယ်။ မီဒီယာတွေမှာလည်း တွေ့ပါလိမ့်မယ်။ ဘယ်သူကတော့ဖြင့် ဖမ်းဆီးခံရစဉ်အတွင်း စစ်ဆေးရင်း သေဆုံးသွားတာတို့၊ ဖမ်းဆီးစစ်ဆေးခံရအပြီး ဆေးရုံတက် ရတာတို့တွေပေါ့။ ဒီကိစ္စတွေကို ပိုပြီး အာရုံစိုက်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ လုံခြုံရေး အဖွဲ့အစည်းတွေက လုံခြုံရေးကို အကြောင်းပြုပြီး အခုလို အရပ်သားတွေကို တရားဥပဒေမဲ့ ဖမ်းဆီး၊ စစ်ဆေးမှုတွေ၊ အကြမ်းဖက်မှုတွေ ဖြစ်လာပြီဆိုရင် ဒီနိုင်ငံရဲ့ အလားအလာက သိပ်ကို ဆိုးရွားသွားနိုင်ပါတယ်။ ရခိုင်ပြည်သူတွေဟာလည်း နိုင်ငံသားတွေပဲ ဖြစ်တဲ့အတွက် သူတို့အတွက် ဥပဒေဆိုင်ရာ အကာအကွယ်ပေးမှုတွေ အရေးတကြီး လိုအပ်ပါတယ်။ အဲဒီလိုမျိုး ဥပဒေအရ အကာအကွယ်မရှိတာမျိုး များလာရင် သူတို့တွေကပဲ ဒီပဋိပက္ခကြီးထဲကို ဝင်ရောက်သွားနိုင်ပါတယ်။ ဒါကြောင့် လက်နက်ကိုင်ပဋိပက္ခရဲ့ ပင်မပြဿနာတွေကို မဖြေရှင်းနိုင်သေးတဲ့ကာလမှာ မသင်္ကာမှု နဲ့ ဖမ်းဆီးတာပဲ ဖြစ်ဖြစ်၊ စစ်ဆေးတာပဲ ဖြစ်ဖြစ် လုပ်ရင် တရားဥပဒေဘောင်ထဲကပဲ လုပ်ဖို့၊ အရပ်သားအစိုးရအနေနဲ့ ဒီကိစ္စတွေကို သေချာကြပ်မတ်ဖို့ လိုအပ်ပါတယ်" ဟု ဖြေကြားခဲ့ပါသည်။

တပ်မတော်အနေဖြင့် ဖမ်းဆီးစစ်ဆေးရာတွင် ဥပဒေကိုကျော်လွန်ပြီး လုပ်ဆောင်ခြင်းများ၊ ဖမ်းဆီးစစ်ဆေးခြင်းများသည် စစ်မြေပြင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Rules of Engagement) ကို ကျော်လွန်ပြီး လုပ်ဆောင်ခြင်းများ မရှိသည့်အပြင် လူမှုကွန်ရက်များတွင် တွေ့ခဲ့ရသည့် ဗီဒီယို ဖိုင်များသည်လည်း တပ်မတော်သားများ၏ စိတ်ထွက်ပေါက်အရ ဖြစ်ပျက်ခဲ့ကြောင်းနှင့် တပ်မ တော်တွင် ထိုကဲ့သို့ သုံ့ပန်းများ၊ မသင်္ကာသူများကို ဖမ်းမိတိုင်း ကြမ်းကြမ်းတမ်းတမ်း စစ်ဆေးရ

မည်ဟု စည်းကမ်းထုတ်ထားခြင်းမျိုးမရှိဟု တပ်မတော်နှင့် နီးစပ်သည့် သုတေသနအဖွဲ့တစ်ခုက ပြောဆိုခဲ့ပါသည်။ သို့သော် အဆိုပါ ဖြစ်စဉ်ကဲ့သို့သော ဖြစ်ရပ်များ မကြာခဏ ဖြစ်ပွားနေသည်ကတော့ မေးခွန်းထုတ်ဖွယ်ရာ ဖြစ်ပါသည်။

အထူးသဖြင့် အရပ်သားသေဆုံးမှုများကို အဓိကဖြစ်ပွားစေသော အကြောင်းအရာများထဲတွင် လက်နက်ကြီးများ ရပ်ရွာထဲတွင် ကျရောက်ပြီး ပေါက်ကွဲမှုများ ဖြစ်ပွားခြင်းကလည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ အဆိုပါ လက်နက်ကြီးများ ပစ်ခတ်မှုကို ပဋိပက္ခထဲတွင် ပါဝင်နေကြသော အစုအဖွဲ့များအနေဖြင့် တာဝန်ခံမှုများ မရှိခြင်း၊ တစ်ဖက်ကို တစ်ဖက် လွှဲချခြင်းများကိုသာ ရံဖန်ရံခါ ကြားရလေ့ရှိပြီး အဆိုပါ ဖြစ်စဉ်များအတွက် အစိုးရအနေဖြင့် တစ်စုံတစ်ရာ ဂင်ရောက်ပြောဆိုခြင်းကို မတွေ့ရှိရပါ။ သို့သော် မီဒီယာများတွင် ဖော်ပြသော သတင်းများအရ အချို့သော လက်နက်ကြီးကျည် ကျရောက်မှုများတွင် မည်သည့်အဖွဲ့အစည်းက သုံးစွဲသော လက်နက်များဖြစ်သည်ကို ဖော်ပြကြသော်လည်း နောက်ဆက်တွဲ တာဝန်ခံမှုများ ကင်းမဲ့နေသည်ကို တွေ့ရှိရပါသည်။ ထိုကဲ့သို့သော အဖြစ်အပျက်များ၊ အကြောင်းအရာများသည် ပဋိပက္ခကို ပိုမိုဆိုးရွားလာစေပြီး ဒေသခံပြည်သူများအနေဖြင့်လည်း နာကြည်းမှု၊ မုန်းတီးမှုစသော စိတ်ခံစားချက်များအပေါ် အရင်းခံလျက် လူမျိုးရေးပဋိပက္ခများဆီသို့ ဦးတည်သွားစေနိုင်ပါသည်။

## နေရပ်စွန့်ခွာ စစ်ဘေးရှောင်များ တိုးပွားလာခြင်း

ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် ချင်းပြည်နယ်၊ ပလက်ဝဒေသတို့တွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် စစ်ဘေးဒုက္ခသည် အရေအတွက်သည် နေ့စဉ် များပြားလျက်ရှိသည်။ စစ်ဘေးရှောင်ဒုက္ခသည်များသည် စစ်ပွဲကြောင့် မိမိတို့ရပ်ရွာမှ ဘေးကင်းရာဒေသသို့ ပြောင်းရွှေ့၍သော် လည်းကောင်း၊ လုံခြုံသောနေရာများတွင် စစ်ဘေးရှောင်စခန်းများ ဖွင့်လှစ်ပြီး နေထိုင်၍သော် လည်းကောင်း၊ ရပ်ရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဆွေမျိုးများထံတွင် လည်းကောင်း နေထိုင်လျက်ရှိကြပါသည်။ Rakhine Ethnic Congress (REC)၏ အချက်အလက်များအရ ရခိုင်ပြည်နယ်တစ်ခုလုံးတွင် စစ်ဘေးရှောင်အရေအတွက် တစ်သိန်းငါးသောင်းကျော်ခန့်ရှိပြီး Relief and Rehabilitation for Chin IDPs -RRCCI၏ အချက်အလက်များအရ ချင်းပြည်နယ်၊ ပလက်ဝဒေသတွင်လည်း စုစုပေါင်းလူဦးရေ၏ လေးပုံတစ်ပုံခန့်(တစ်သောင်းခွဲ) ရှိသည်ဟု သိရှိရပါသည်။

စစ်ဘေးဒုက္ခသည်များ ကြုံတွေ့ရသည့် အဓိကပြဿနာများထဲတွင် အစားအစာ၊ သောက်သုံးရေနှင့်လောင်စာရရှိမှုခက်ခဲခြင်းတို့ပါဝင်သည်။ စစ်ဘေးရှောင်များအတွက် အစားအသောက်များနှင့် အခြားသော အထောက်အပံ့များကို မြို့ပေါ်ရှိ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏လှူဒါန်းမှုများမှ အဓိကရရှိပြီး အစိုးရအသိအမှတ်ပြုသော စစ်ဘေးရှောင်စခန်းများတွင် အစိုးရ၏ အထောက်အပံ့တချို့ ရရှိသည်ဟု အရပ်ဘက်အဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင်တစ်ဦးက မိမိတို့ပြုလုပ်သော အင်တာဗျူးတစ်ခုတွင် ပြောဆိုခဲ့ပါသည်။ သို့သော် အဆိုပါ အထောက်အပံ့များသည် ကားလမ်းမကြီးနှင့်နီးသော စစ်ဘေးရှောင်စခန်းများဆီသို့သာ လွယ်လွယ်ကူကူရောက်ရှိနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော စစ်ဘေးရှောင်စခန်းများနှင့် ရပ်ရွာများတွင်မူ အရပ်ဘက်အဖွဲ့အစည်းများနှင့် မြို့ပေါ်ရှိ ရပ်မိရပ်ဖများမှ သွားရောက်လှူဒါန်းမှုများ ပြုလုပ်ကြ

ရပါသည်။ အထူးသဖြင့် ကုလားတန်မြစ်ကြောင်း တစ်လျှောက်တွင် နေထိုင်ကြသော ကျေးရွာများနှင့် စစ်ဘေးရှောင်စခန်းများတွင် စစ်တပ်၏ ကုန်းလမ်း၊ ရေလမ်းပိတ်ဆို့မှုများကြောင့် အထောက်အပံ့များ ရောက်ရှိနိုင်ခြင်းမရှိပေ။ ထို့ကြောင့် ပိတ်မိနေသော ဒေသခံများနှင့် စစ်ဘေးရှောင်များအတွက် အစားအသောက်နှင့် ရိက္ခာများ ပြတ်လပ်မှုများကို မကြာခဏဆိုသလို ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

ဒုတိယကြုံတွေ့ရသော အခက်အခဲများသည် လုံခြုံရေးဖြစ်သည်ဟု သိရှိရပါသည်။ စစ်ဘေးရှောင်များသည် သူတို့နေထိုင်ရာရပ်ရွာနှင့်နီးသော စစ်ဘေးရှောင်စခန်းများတွင် နေထိုင်ကာ စစ်ပွဲငြိမ်သက်ချိန်တွင် ရွာအတွင်းကျန်ခဲ့သော ပစ္စည်းများနှင့် အိမ်မွေးတိရစ္ဆာန်များကို ပြန်လည်ကြည့်ရှုကြရသည်ဖြစ်ရာ ရွာသို့ ပြန်လည်ကြည့်ရှုကြသည့်အခါများတွင် စစ်တပ်မှ ပစ်ခတ်ခြင်းများကို မကြာခဏဆိုသလို တွေ့ရှိရသည်ဟု စစ်ဘေးရှောင်စခန်းတွင် နေထိုင်လျက်ရှိသည့် ရပ်ရွာခေါင်းဆောင်တစ်ဦးက ပြောပါသည်။

စစ်ဘေးဒုက္ခသည်များအနေဖြင့် အစိုးရ ဆောက်လုပ်ပေးသော စစ်ရှောင်စခန်းများတွင် နေထိုင်လိုကြခြင်း မရှိကြပါ။ အကြောင်းမှာ အစိုးရက သတ်မှတ်ပေးထားသော စစ်ရှောင်စခန်းများသည် ၎င်းတို့၏ ရပ်ရွာများနှင့် အလွန်ဝေးကွာပြီး အဆိုပါ စစ်ရှောင်စခန်းများမှ ၎င်းတို့၏ လယ်ယာမြေများဆီသို့ သွားရောက်သောအခါ မြေမြှုပ်မိုင်းနင်းမိခြင်း စသည်တို့ကို ကြုံတွေ့ရပါသည်။ ထို့အပြင် စစ်ဘေးရှောင်စခန်းများကို စစ်တပ်မှ အချိန်မရွေး ဝင်ရောက်စစ်ဆေးခြင်းများ ပြုလုပ်လေ့ရှိသောကြောင့် စစ်ဘေးရှောင်ဒုက္ခသည်များ (အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ)အနေဖြင့် လုံခြုံမှုမရှိဟု ခံစားရကြောင်း သိရှိရပါသည်။

ချင်းပြည်နယ်တွင် စစ်ဘေးဒုက္ခသည်များအရေး လှုပ်ရှားသူတစ်ဦးက "စစ်ဘေးရှောင်တွေက စစ်တပ်ကိုရော၊ ရက္ခိုင့်တပ်တော်ကိုရော ကြောက်ကြတယ်ပေါ့လေ။ ရက္ခိုင့်တပ်တော်ဘက်က အရပ်သားတွေကို ပစ်ခတ်တာမျိုးတော မကြုံရသော်လည်း တစ်ဖက်စစ်တပ်က ပစ်ခတ်တာတွေကိုတော့ ခဏခဏလို ကြုံရတယ်။ ဒါပေမဲ့ နောက်တစ်ခုက စစ်တပ်ဘက်က ပစ်ရင် အစိုးရကို တိုင်လို့ရတယ်။ ရက္ခိုင့်တပ်တော်ဘက်ကပစ်ရင် ဘယ်သူ့ကို တိုင်ရမှန်းမသိတာမျိုးတွေ ဖြစ်တာပေါ့။ အရေးယူတာ မယူတာက နောက်ပြဿနာပေါ့ဗျာ" ဟု မိမိတို့ အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့ပါသည်။

ထို့အပြင် စစ်ဘေးဒုက္ခသည်များသည် ကျန်းမာရေး၊ ပညာရေးနှင့်ပတ်သက်ပြီး အခက်အခဲများစွာ ကြုံတွေ့ရသည်ဟု သိရှိရပါသည်။ စစ်ဘေးရှောင်ဒေသများတွင် ဆေးရုံ၊ ဆေးခန်း၊ ဆေးဝါးပစ္စည်းများ လုံလောက်မှုမရှိသည့်အပြင် ကျန်းမာရေးဝန်ထမ်းများ၏ လုံခြုံရေးသည်လည်း စိုးရိမ်ဖွယ်အနေအထားရှိကြောင်းကို တွေ့မြင်ရပါသည်။ မြန်မာ့တပ်မတော်၏ သွားလာရေး ကန့်သတ်ထားမှုကြောင့် မြို့ပေါ်ရှိ ဆေးရုံများတွင် အချိန်မီ ရောက်ရှိနိုင်ခြင်းမရှိဘဲ သေဆုံးသွားသည့် ဖြစ်စဉ်များကိုလည်း ရံဖန်ရံခါ ကြားသိရပါသည်။ ယခု Covid-19 သည် တစ်ကမ္ဘာလုံးတွင် ပျံ့နှံ့လျက်ရှိပြီး ကြောက်ရွံ့ဖွယ်ရာဖြစ်နေသော်လည်း စစ်ဘေးရှောင်များတွင်မူ Covid-19 ကပ်ရောဂါကို ဂရုမစိုက်နိုင်ဘဲ နေ့စဉ်စားဝတ်နေရေးနှင့် အသက်ရှင်သန်ရေးကိုသာ ဂရုစိုက်နေရသည်ဟု သိရှိရပါသည်။ ထို့အပြင် ပညာရေးဌာနများတွင်လည်း ကျောင်းဆရာ/မများအနေဖြင့် စစ်ပွဲများကြောင့် ကျောင်းတက်ရာတွင် အခက်အခဲများ ကြုံတွေ့ရသည်ဟု သိရှိရပြီး ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင်

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ ကျောင်းဆရာ/မ ၁၇၇ ကျော်သည် စစ်ပွဲကြောင့် ပြောင်းရွှေ့ခွင့်တင်ကြသည်ဟု မီဒီယာများတွင် ဖော်ပြချက်အရ သိရှိရပါသည်။ ရခိုင်ပြည်နယ်တွင်လည်း စစ်ပွဲများကြောင့် ကျောင်းပြန်ဖွင့်ရန် မသေချာသည့် အနေအထားတွင် ရှိနေပြီး မိဘများသည်လည်း ကလေးများ၏ လုံခြုံရေးအတွက် အထူးပင် စိုးရိမ်မှုများရှိသည်ဟု သိရှိရပါသည်။

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် - ပလက်ဝဒေသတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများသည် မည်သည့်အချိန်တွင် ပြီးဆုံးမည်ကို မသိရှိရသော်လည်း ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် - ပလက်ဝဒေသတွင် စစ်ဘေးရှောင်ဒုက္ခသည်များအရေးကို မလွဲမသွေ ဖြေရှင်းရန် လိုအပ်လာမည် ဖြစ်ပါသည်။ ထို့ကြောင့် ကချင်ပြည်နယ် စစ်ဘေးရှောင်အရေးကို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့သော အရပ်ဘက်အဖွဲ့အစည်းမှ ခေါင်းဆောင်တစ်ဦးက "ကချင်ပြည်နယ် အတွေ့အကြုံအရပြောရရင် အစပိုင်းမှာအရမ်းခက်ခဲပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ကို အစိုးရကလည်း မယုံဘူး။ နိုင်ငံတကာအဖွဲ့တွေကလည်း မယုံဘူးပေါ့ဗျာ။ အဲဒီတော့ အချိန်အကြာကြီး သူတို့နဲ့ ရင်းနှီးမှု၊ ယုံကြည်မှု တည်ဆောက်ရတယ်။ အဲဒီလို တည်ဆောက်တဲ့အခါမှာလည်း အရပ်ဘက်အဖွဲ့အစည်းတွေအနေနဲ့ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းကို ဖောက်ချလုပ်ကိုင်ဖို့ လိုအပ်ပါတယ်။ ဒါမှလည်း ပိုပြီး နားလည်ကျွမ်းဝင်တာမျိုးတွေ၊ ယုံကြည်တာမျိုးတွေ ဖြစ်လာပြီး စစ်ဘေးရှောင်အရေးကို သေချာကူညီနိုင်မှာ ဖြစ်ပါတယ်" ဟု မိမိတို့ပြုလုပ်သော အင်တာဗျူးတွင် ဖြေကြားခဲ့ပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးခြင်း

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်၊ ပလက်ဝဒေသတွင် ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများကို ဖြေရှင်းပေးနိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးခြင်းသာ ဖြစ်ကြောင်း စစ်ရေး၊ နိုင်ငံရေးလေ့လာသုံးသပ်သူများသာမက နယ်ပယ်စုံမှ ပညာရှင်များက ထောက်ပြလေ့ရှိကြပါသည်။ သို့သော် လက်တွေ့အခြေအနေတွင်မူ အစိုးရ၊ တပ်မတော်နှင့် ရက္ခိုင့်တပ်တော်တို့အကြား အားရဖွယ်ရာ တွေ့ဆုံဆွေးနွေးမှုများ မရှိခဲ့ပါ။ ဆွေးနွေးပွဲများကို ပြန်ကြည့်မည်ဆိုပါက ၂၀၁၇ ခုနှစ် မေလတွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံအခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် မြောက်ပိုင်းခုနစ်ဖွဲ့တို့ တွေ့ဆုံခဲ့ကြပြီး အစိုးရ၏ နိုင်ငံရေးရပ်တည်ချက်များကို ပြောကြားခဲ့သည်။ ထို့အပြင် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့နှင့် မြောက်ပိုင်းခုနစ်ဖွဲ့တို့ တွေ့ဆုံရန် အစိုးရက စီစဉ်ဆောင်ရွက်နေသည်ဟု ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ တတိယအစည်းအဝေး မစတင်မီ ပြောကြားခဲ့ပြီး အဆိုပါ အစည်းအဝေးကာလတွင်လည်း တွေ့ဆုံခဲ့ကြပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစုပင်လုံ (တတိယအကြိမ်)အပြီး ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် တပ်မတော်နှင့် မြောက်ပိုင်းစစ်ရေးမဟာမိတ်အဖွဲ့များ ထပ်မံတွေ့ဆုံရန် လျာထားခဲ့ကြသော်လည်း တွေ့ဆုံပွဲကို ရွှေ့ဆိုင်းခဲ့ကြပါသည်။ ထို့နောက်တွင် မြောက်ပိုင်းမဟာမိတ် သုံးဖွဲ့နှင့် ငြိမ်းချမ်းရေးကော်မရှင်တို့သည် တရုတ်နိုင်ငံ၊ ကူမင်းမြို့တွင် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြန်ပါသည်။ ၂၀၁၉ ခုနှစ်တွင်မူ အစိုးရ၊ တပ်မတော်တို့နှင့် တွေ့ဆုံ

ဆွေးနွေးမှုများ မဖြစ်မြောက်ခဲ့ဘဲ ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) အဖွဲ့ဝင်များအနေဖြင့်သာ ဇွန်လတွင် ဝ ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ဌာနချုပ် အခြေစိုက်ရာ ပန်ဆန်းမြို့တွင် တွေ့ဆုံခဲ့ကြပါသည်။ ၂၀၂၀ ခုနှစ်တွင် အစိုးရ၊ တပ်မတော်နှင့် ရက္ခိုင့်တပ်တော်တို့အကြား တွေ့ဆုံခြင်းမရှိဘဲ တပ်မတော်၏ အပစ်အခတ်ရပ်စဲရေး ကာလများတွင်လည်း ရခိုင်ပြည်နယ်အား အမြဲတမ်း ချန်လှပ်ထားခဲ့သည်ကို တွေ့ရပြီး တိုက်ပွဲများသာ ပိုမိုပြင်းထန်လာခဲ့ပါသည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင် ဖြစ်မြောက်စေရန်အတွက် အဓိကကျသောအရာမှာ နိုင်ငံရေးစိတ်ဆန္ဒ (Political Will) ပင်ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အာဏာရရှိလာသည့်အချိန်တွင် ယခင်အစိုးရ အကောင်အထည်ဖော်ခဲ့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များအတိုင်း ဆက်လက် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်သည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များကို ပြောင်းလဲခဲ့သော်လည်း ပိုမိုကောင်းမွန်သည့် ရလဒ်များထွက်ပေါ်လာခြင်းမရှိသည်မှာ သတိပြုဖွယ်ရာဖြစ်သည်။ ထို့အပြင် အရပ်သားအစိုးရနှင့် တပ်မတော်အကြားမှ ဆက်ဆံရေးသည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများအတွက် အရေးကြီးသော အကြောင်းအရာတစ်ခုဖြစ်ပါသည်။ သို့သော် အစိုးရအနေဖြင့် ရက္ခိုင့်တပ်တော်ကို အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်လိုက်သည့်အချိန်မှ စတင်ပြီး ရက္ခိုင့်တပ်တော်နှင့် အစိုးရ၊ တပ်မတော်တို့အကြား ငြိမ်းချမ်းရေး ဆွေးနွေးမှုများသည် ရှေ့တိုးရန်ခက်ခဲသည့် အနေအထားသို့ ရောက်ရှိခဲ့လေသည်။

ရခိုင်ပြည်နယ်အတွင်းရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင်တစ်ဦးက "အစိုးရနဲ့ တပ်မတော်အနေနဲ့ ရက္ခိုင့်တပ်တော်အပေါ် နိုင်ငံရေးအရ ဘယ်လိုသဘောထားလဲပေ့ါ။ ဒါက သိပ်အရေးကြီးတယ်။ စစ်တပ်အနေနဲ့လည်း ရက္ခိုင့်တပ်တော်ရဲ့တည်ရှိမှုကို လိုင်ဇာမှာပဲ အသိအမှတ်ပြုမယ် ပြောလိုက်၊ အသိအမှတ်မပြုတော့ဘူး ပြောလိုက်၊ ရခိုင်ပြည်နယ်မှာ တပ်စွဲခွင့်မပေးဘူး ပြောလိုက် စသည်ဖြင့် ဟိုပြော၊ ဒီပြော ပြောနေတာထက်စာရင် အစိုးရက ကြားထဲကနေ စစ်ရေးပြဿနာပုံစံမျိုးမဟုတ်ဘဲ နိုင်ငံရေး ပြဿနာဆိုတာကို အရင်ဆုံး အသိအမှတ်ပြုရမယ်။ ဒါမှ ရှေ့ဆက်ဆွေးနွေးလို့ရမယ်။ အခု ကြည့်လိုက်၊ စစ်တပ်ကရော အစိုးရကရော အသိအမှတ်ပြုတာ၊ မပြုတာ အသာထား၊ လက်တွေ့မှာ ရက္ခိုင့်တပ်တော်က ရခိုင်ပြည်နယ်တနံတလျားမှာ စစ်ဆင်ရေးတွေ လုပ်ပြီး တည်ရှိမှုကို သက်သေပြနေပြီ" ဟု BNI က ပြုလုပ်သည့် အင်တာဗျူးတစ်ခုတွင် ဖြေဆိုခဲ့ပါသည်။

ထို့အပြင် ၎င်းက "ပထမတော့ အရပ်သားအစိုးရကို တကယ်မျှော်လင့်ခဲ့တယ်ဗျာ။ လက်နက်ကိုင်အဖွဲ့အစည်းတွေကြားထဲကို ဝင်ပြီး ဖြေရှင်းပေးနိုင်တဲ့ ပုံစံမျိုးအနေနဲ့ ရှိနေမယ်ဆိုပြီးတော့ပေါ့လေ။ ဒါပေမဲ့ အရပ်သားအစိုးရအနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခုကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်၊ စစ်ဆင်ရေးထဲက စစ်သားတွေကို သူရဲကောင်းလိုချီးကျူးတာမျိုးတွေ တွေ့လိုက်ရတော့ သူတို့ ပြောပြောနေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ တိုင်းရင်းသားတွေအတွက်မဟုတ်ဘူးဆိုတာ သေချာ သိသွားတာပါပဲ"ဟု ဆက်လက် ပြောဆိုပါသည်။

ထို့အပြင် လက်နက်ကိုင်ပဋိပက္ခများကို ရပ်တန့်ရန်အတွက် အရေးပါသည့် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများဖြစ်ပေါ်ရန်အတွက် အလွတ်သဘော တွေ့ဆုံမှုများသည်လည်း အရေးပါလှပါသည်။ အစိုးရအနေဖြင့် နိုင်ငံရေးစိတ်ဆန္ဒအပြည့်ဖြင့် ပဋိပက္ခတွင်ပါဝင်နေသည့်

လက်နက်ကိုင်အစုအဖွဲ့အားလုံးနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် အပူတပြင်း လိုအပ်ပါသည်။ ထိုကဲ့သို့ နိုင်ငံရေးစိတ်ဆန္ဒရှိရန် ဆိုသည်မှာလည်း ယခုဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများကို အမျိုးသားလုံခြုံရေးအမြင်မျိုး မဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်များနှင့် အစိုးရတို့အကြား နိုင်ငံရေးတန်းတူခွင့်၊ အမျိုးသားရေးတန်းတူခွင့် အစရှိသည့် ဖယ်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်လိုခြင်း ဟူသော အမြင်မျိုးဖြင့် ချဉ်းကပ်ရန် လိုအပ်ပါသည်။ သို့မှသာ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားမှုများကို ပြန်လည်ပယ်ဖျက်ပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးကိစ္စများ၊ အပစ်အခတ်ရပ်စဲရေးကိစ္စများအတွက် လမ်းစပြန်လည်ပွင့်နိုင်မည်ဖြစ်ပါသည်။ သို့မဟုတ်ပါက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်၊ ပလက်ဝဒေသတွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများသည် ပိုမိုဆိုးရွားသည့် အခြေအနေများသို့ ရောက်ရှိသွားနိုင်ပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ရန်ပင် နောက်ကျသွားနိုင်ပါသည်။

## အင်တာနက်ဖြတ်တောက်မှုနှင့် သတင်းလွတ်လပ်ခွင့်များ

ရခိုင်ပြည်နယ်ထဲမှ မြို့နယ်အများစုနှင့် ချင်းပြည်နယ်၊ ပလက်ဝဒေသတို့ကို အင်တာနက်လိုင်းဖြတ်တောက်ထားခဲ့သည်မှာ ၂၀၂၀ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် တစ်နှစ် ပြည့်မြောက်သွားခဲ့ပြီဖြစ်သည်။ ထိုကဲ့သို့ ဖြတ်တောက်ထားရခြင်းမှာ အစိုးရအနေဖြင့် အများပြည်သူအကျိုးစီးပွားအတွက်ဟု အကြောင်းပြချက်ပေးသော်လည်း တပ်မတော်၏ စစ်ရေးရည်ရွယ်ချက်များအတွက် ဖြတ်တောက်ရခြင်းဖြစ်သည်ဟု အများစုက ဝေဖန်ကြပါသည်။ မြန်မာ့တပ်မတော်အနေဖြင့် ရက္ခိုင့်တပ်တော်အပေါ်တွင် စစ်ရေးအသာစီးရယူလိုမှုကြောင့် ယခုကဲ့သို့ အင်တာနက်လိုင်း ဖြတ်တောက်ရခြင်းဖြစ်သည်ဟုယူဆကြပြီး အဆိုပါလုပ်ရပ်ကြောင့် မြန်မာ့တပ်မတော်အနေဖြင့် ရက္ခိုင့်တပ်တော်၏ ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်နိုင်ခြင်းမရှိကြောင်းကို သုံးသပ်မှုများလည်း တွေ့ရှိရပါသည်။

အင်တာနက်လိုင်းဖြတ်တောက်မှု၏ဆိုးကျိုးများကို အဓိက ခံစားရသူများမှာ အရပ်သားပြည်သူများ ဖြစ်ပါသည်။ အထူးသဖြင့် စစ်ဘေးဒဏ်ကြောင့် ထွက်ပြေးတိမ်းရှောင်ရမှုများ၊ မတရားသဖြင့် ဖမ်းဆီးခံရမှုများ၊ စားနပ်ရိက္ခာပြတ်တောက်မှုများနှင့် အိုးအိမ်စည်းစိမ်များ ဖျက်ဆီးခံရမှုများ၊ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်စော်ကားမှုများ အစရှိသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို သတင်းမီဒီယာများတွင်တိကျစွာ ဖော်ပြနိုင်ခြင်း လျော့နည်းလာရခြင်းတို့မှာ အဆိုပါ အင်တာနက်လိုင်းဖြတ်တောက်ထားမှု၏ နောက်ဆက်တွဲ အကျိုးဆက်များပင်ဖြစ်သည်။ ထို့အပြင် စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးဆိုင်ရာ အရေးအရာများတွင်လည်း ရခိုင်ပြည်သူများနှင့် ချင်းပြည်နယ်၊ ပလက်ဝဒေသမှ ပြည်သူများအနေဖြင့် အင်တာနက်လိုင်း ဖြတ်တောက်ခံထားရမှု၏ အကျိုးဆက်ကို ခံစားရပါသည်။

ရခိုင်ပြည်နယ်အခြေစိုက် သတင်းသမားတစ်ဦးက "ရခိုင်ပြည်နယ်မှာ အင်တာနက် ဖြတ်တောက်ထားလို့ အဓိက ဆိုးကျိုးခံစားရတာက ပြည်သူလူထုတွေပါပဲ။ ကျွန်တော်တို့ သတင်းသမားတွေဆိုရင် အရင်တုန်းက သတင်းရယူပြီးရင် ဘယ်နားကနေနေ မိခင်သတင်းဌာနကို ပေးပို့လို့ ရတယ်။ အခုကျတော့ စစ်တွေကို ရောက်အောင်သွားတာတို့၊ ဒါမှမဟုတ် အဲဒီသတင်းအရင်းအမြစ်တွေကို လူကြုံနဲ့ ပေးပို့တာတို့ လုပ်ရတယ်။ အဲဒီလိုလုပ်တော့ ကျွန်တော်တို့အတွက် အရမ်း

အန္တရာယ်များပါတယ်။ တစ်မြို့ကနေ နောက်တစ်မြို့ကို ကူးသန်းရတာ ရခိုင်ပြည်နယ်မှာ အခုက အန္တရာယ်အများဆုံးလို့တောင် ပြောလို့ရပါတယ်။ ဘာလို့လဲဆိုတော့ သူတို့(တပ်မတော်)က ခရီးသွားတွေရဲ့ လက်ကိုင်ဖုန်းတွေကို အကုန်စစ်တယ်။ မတော်တဆများ တစ်ခုခု အမှတ်တမဲ့ သိမ်းထားမိတာများရှိရင် သွားပြီပေါ့။ အဲဒီတော့ ကျွန်တော်တို့လို သတင်းသမားတွေအတွက်က အရမ်းအန္တရာယ်များပါတယ်။ ပြီးတော့ ကုန်ကျစရိတ်ပေါ့။ အရင်တုန်းကတော့ ဘယ်နားကနေနေ ပို့လိုရတယ်ဆိုပေမယ့် အခုကျတော့ စစ်တွေကို ရောက်အောင်သွားရတော့၊ ကုန်ကျစရိတ်တွေ ပိုကုန်ပါတယ်။ ဒါက သတင်းသမားတွေ နေ့စဉ်ကြုံတွေ့နေရတဲ့ အခက်အခဲတွေပဲ ရှိပါသေးတယ်။ တခြားသော သတင်းယူတာမျိုးတွေအတွက်ဆိုရင်လည်း ကျွန်တော်တို့မှာ အခက်အခဲ အများကြီး ရှိပါတယ်”ဟု မိမိတို့ အင်တာဗျူးတစ်ခုတွင် ဖြေဆိုခဲ့ပါသည်။

ထို့အပြင် အရပ်ဘက် အဖွဲ့အစည်းခေါင်းဆောင်တစ်ဦးကလည်း “ကျွန်တော်တို့ ပြည်သူ့အကျိုးပြုလုပ်နေတဲ့ စီမံကိန်းတွေ တော်တော်များများ ရပ်ဆိုင်းထားရတယ်။ ကျွန်တော်တို့မှာဆိုရင် တခြားမြို့တွေမှာ ရုံးခွဲတွေ ရှိတယ်။ အခု အင်တာနက်မရတော့ ဆက်သွယ်ရတာ၊ အလုပ်လုပ်ရတာ အင်မတန်မှ ခက်ခဲပါတယ်။ ပြီးတော့ စီးပွားရေးလုပ်ကိုင်နေကြတဲ့ သာမန်ပြည်သူတွေဆိုရင် ငွေလွှဲ၊ ငွေထုတ်တာကအစ စစ်တွေကို သွားရတယ်။ ပိုက်ဆံထုပ်ကြီး ကိုင်ပြီး ပြန်ရတာ လုံးဝမလုံခြုံဘူး။ ပြီးတော့ လူငယ်တွေ အင်တာနက်မရှိတော့ ဘာသတင်းအချက်အလက်မှ မရတော့ဘူး။ အရင်တုန်းကတော့ အင်တာနက်မရှိဘဲ နေထိုင်ရှင်သန်ခဲ့ရတယ်ဆိုပေမယ့် အခုကျတော့ အင်တာနက်က လူသားတွေရဲ့ အခြေခံလိုအပ်ချက်လို့တောင် ဖြစ်နေပြီမဟုတ်လား။ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးကအစ အင်တာနက်ပေါ်ကနေ အလုပ်လုပ်နေကြရပြီလေ။ ရခိုင်မှာက လူငယ်တွေ၊ သားသမီးတွေက နိုင်ငံရပ်ခြားမှာ အလုပ်သွားလုပ်ကြရတာ များတယ်။ အခုလို ကိုဗစ်ဖြစ်နေတဲ့အချိန်မှာ မိဘတွေက သားသမီးတွေ အဆင်ပြေရဲ့လား၊ သားသမီးတွေကလည်း မိဘတွေ စစ်ပွဲကြားတွေမှာ အဆင်ပြေကြရဲ့လား သိချင်ကြတယ်။ ဒါပေမဲ့ အင်တာနက်မရတော့ အဆက်အသွယ် အရင်လိုလုပ်ရတာ မလွယ်ကူတော့ဘူး။ ဒီကြားထဲ မြို့ပေါ်ကိုသွားရင် အစစ်အဆေးကခံရသေးတယ်။ တစ်ခုခု မသင်္ကာစရာတွေ့လို့ကတော့ နောက်ဆက်တွဲ ပြဿနာတွေ မတွေးရဲဘူး။ အင်တာနက်ဖြတ်တောက်ခံထားရတာ ရခိုင်ပြည်သူလူထုအတွက်ကတော့ အတော်ကြီးဆုံးရှုံးမှုတွေများပါတယ်” ဟု ဖြေဆိုခဲ့ပါသည်။

ထို့အပြင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်၊ ပလက်ဝဒေသတွင် ဖြစ်ပွားနေသော ပဋိပက္ခများအတွက် ရက္ခိုင့်တပ်တော်ထံ သတင်းအင်တာဗျူးများ ပြုလုပ်သော သတင်းဌာနများကိုလည်း မတရားအသင်းဆက်သွယ်မှု ပုဒ်မများ၊ အကြမ်းဖက်တိုက်ဖျက်မှု ဥပဒေပုဒ်မများ အစရှိသည်တို့ဖြင့် တရားစွဲဆိုမှုများ၊ ဖမ်းဆီးမှုများကို ပြုလုပ်သည်ကို တွေ့ရှိရပါသည်။ ထို့အပြင် အင်တာနက်လိုင်းဖြတ်တောက်ထားမှု တစ်နှစ်ပြည့်အတွက် လှုပ်ရှားကြသော တက်ကြွလှုပ်ရှားသူအချို့မှာလည်း တရားစွဲဆိုမှုများ ပြုလုပ်ခံထားရသည်ကို တွေ့မြင်ရပါသည်။

ထိုကဲ့သို့သော သတင်းလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းများကို အစိုးရအနေဖြင့် ကန့်သတ်ဆောင်ရွက်လာခြင်းမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ကောင်းမွန်သော လက္ခဏာရပ် မဟုတ်ပေ။ ပြည်သူများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများနှင့် ပတ်သက်ပြီး ပါဝင်သော အစုအဖွဲ့များ၏အသံကို နားစွင့်နိုင်သည်ဟူသော အခွင့်အရေးရှိသည့်အပြင်၊ သတင်းဌာနများအနေဖြင့်လည်း ဘက်လိုက်မှုကင်းသော သတင်းများ ထုတ်လုပ်နိုင်ရေးအတွက် မျှတသော

သတင်းရယူမှုများဖြစ်စေရန် အရေးကြီးလှပါသည်။ သို့သော် ယခုကဲ့သို့ သတင်းမီဒီယာများ၏ လွတ်လပ်ခွင့်များကို ကန့်သတ်နှောင့်ယှက်မှုကြောင့် မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်သည် အနုတ်လက္ခဏာဆောင်သည့် အခြေအနေသို့ ရောက်ရှိနေပါသည်။

## နိဂုံး

အချုပ်အားဖြင့်ဆိုရသော် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်၊ ပလက်ဝဒေသတွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများသည် မသေချာမှု၊ မရေရာမှုများနှင့် ပြည့်နှက်နေပြီး တစ်စထက်တစ်စ ဆိုးရွားလျက်ရှိပါသည်။ အထူးသဖြင့် အဆိုပါဒေသများတွင် တိုက်ပွဲများကို ရပ်ဆိုင်းနိုင်ခြင်း မရှိပါက စစ်ဘေးရှောင်အရေအတွက် ပိုမို များပြားလာမည်ဖြစ်သည့်အပြင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် ပလက်ဝဒေသ၏ လူမှုစီးပွားအကျပ်အတည်းကို ပိုမို ဖြစ်ပွားစေမည်ဖြစ်သည်။ အဆိုပါ အကျပ်အတည်းများသည် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် ပလက်ဝဒေသတို့ကိုသာ ရိုက်ခတ်မှုများ ရှိနေမည်မဟုတ်ဘဲ ပဋိပက္ခကြောင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး အစရှိသော မျက်နှာစာများတွင်ပါ ရိုက်ခတ်မှုများ ဖြစ်လာနိုင်ပါသည်။ အထူးသဖြင့် Covid - 19 ကြောင့် ကမ္ဘာလုံးချီသည့် စီးပွားပျက်ကပ် ဖြစ်ပွားနေသည့်အချိန်တွင် မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးပြဿနာများသာမကဘဲ အဆိုပါ ပဋိပက္ခများ၏ နောက်ဆက်တွဲပြဿနာများ ဖြစ်နိုင်သည့် တိုင်းရင်းသားဒေသများတွင် နိုင်ငံရေးဆိုင်ရာ မကျေလည်မှုများ ကြီးထွားလာခြင်း၊ စစ်ဘေးရှောင်များအတွက် လူသားချင်းကူညီစောင့်ရှောက်မှုများ အရေးတကြီး လိုအပ်လာခြင်း၊ နိုင်ငံ၏ ဘဏ္ဍာရေးလိုငွေ များပြားလာခြင်း၊ လူသားရွှေ့ပြောင်းမှုများမှတစ်ဆင့် လူကုန်ကူးမှု/ မူးယစ်ဆေးဝါး အစရှိသည့် နယ်စပ်ဖြတ်ကျော်ပြဿနာများ ပိုမိုများပြားလာခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ကျဆင်းလာခြင်း၊ နိုင်ငံတကာအသိုင်းအဝန်းမှ အရေးယူပိတ်ဆို့မှုများ ပိုမို များပြားလာခြင်း အစရှိသည့် ပြဿနာများကို ရင်ဆိုင်လာရဖွယ်ရှိပါသည်။

နိုင်ငံတွင်း မတည်ငြိမ်မှုများသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုပါ ရိုက်ခတ်မှုများ ရှိနိုင်သောကြောင့် လက်နက်ကိုင်ပဋိပက္ခများသည် လုံခြုံရေးအမြင်သက်သက်ဖြင့် ဖြေရှင်းရမည့် ပြဿနာမဟုတ်ကြောင်းကို အစိုးရအနေဖြင့် သိရှိ နားလည် လက်ခံရန် လိုအပ်ပါသည်။ ပြည်ထောင်စုသရုပ်သကန်တည်ဆောက်ခြင်း (Nation Building) အတွက် အရေးကြီးသည့် လူမှုသဟဇာတဖြစ်ရေး (Social Cohesion) သည် ယခု ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်၊ ပလက်ဝ ဒေသတွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခကို ဖြေရှင်းရာတွင် ထည့်သွင်းစဉ်းစားသင့်သော အဓိက အကြောင်းအချက်တစ်ခုလည်း ဖြစ်ပါသည်။ လူမျိုးရေးအသွင်ဆောင်လာသော ပဋိပက္ခများ မဖြစ်ပေါ်စေရေးအတွက် အစိုးရအနေဖြင့် ကြိုတင်ပြီး တွေးဆထားရန် လိုအပ်ပါသည်။ ထိုသို့ ကြိုတင်ကာကွယ်ရာတွင်လည်း အင်အားကိုအသုံးပြုပြီးဖြေရှင်းခြင်းထက်တရားနည်းလမ်းကျသော

တွေ့ဆုံဆွေးနွေးခြင်းများ၊ စစ်မှန်သော နိုင်ငံရေးစိတ်ဆန္ဒများဖြင့် စေ့စပ်ညှိနှိုင်းခြင်းများ၊ စနစ်ကျသော အစုအဖွဲ့များဖွဲ့စည်းပြီး အလွတ်သဘော တွေ့ဆုံခြင်းများ ပြုလုပ်နိုင်ရန် လိုအပ်ပါသည်။


ထို့အပြင် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် ပလက်ဝဒေသတွင် ရွေးကောက်ပွဲများ မပြုလုပ်နိုင်မည်ကို စိုးရိမ်မှုများ ရှိကြသော်လည်း ယခုအခါ ရွေးကောက်ပွဲများ ကျင်းပမည်ဟု ရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ သိရှိရပါသည်။ သို့သော် ရွေးကောက်ပွဲ ကျင်းပမည်ဟု ကြေညာရုံနှင့် မပြီးဘဲ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ၏ နောက်ဆက်တွဲကိစ္စများဖြစ်သည့် မဲဆွယ်စည်းရုံးမှုများ၊ မဲစာရင်းစစ်ဆေးမှုများ၊ မဲပေးခြင်းများ၊ မဲရလဒ် ရေတွက်ခြင်းများ၊ မဲရလဒ် ကြေညာခြင်းများကို ပြုလုပ်နိုင်ရန် ပိုမိုပြီး အရေးကြီးလှပါသည်။ အဆိုပါကိစ္စရပ်များ ပြုလုပ်နိုင်ရန် အတွက် တိုက်ပွဲများရပ်စဲရန် လိုအပ်ပါသည်။ သို့မှသာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လုံခြုံသော ပတ်ဝန်းကျင်တွင် မဲထည့်ခြင်းကို လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် အစိုးရအနေဖြင့် အဆိုပါ နောက်ဆက်တွဲကိစ္စများကို လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်နေကြသည့် လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပြောဆိုဆွေးနွေးရန် လိုအပ်ပါသည်။

၂၀၂၀ ရွေးကောက်ပွဲရလဒ်နှင့် နိုင်ငံရေးအရွေ့သည် ယခု ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်၊ ပလက်ဝဒေသတွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများအပေါ် များစွာရိုက်ခတ်မှု ရှိနိုင်ပါသည်။ ရခိုင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲနှင့် ပါတီနိုင်ငံရေးအပေါ်တွင် စိတ်ပါဝင်စားမှု နည်းပါးသော်လည်း ရွေးကောက်ပွဲဖြင့် တက်လာမည့် အစိုးရနှင့် ရခိုင်ပြည်နယ်တွင် အများဆုံး အနိုင်ရရှိမည့် နိုင်ငံရေးပါတီများအတွက် အဆိုပါ ပဋိပက္ခများကို ရပ်တန့်နိုင်သည့် နိုင်ငံရေးအခင်းအကျင်း အသစ်တစ်ခု ဖြစ်ကောင်း ဖြစ်လာနိုင်ပါသည်။

အကြောင်းမှု စစ်ပွဲများ၊ သေဆုံးမှုများ၊ အနိဋ္ဌာရုံများဖြင့် စိတ်ပျက်ညည်းညူနေကြသည့် ရခိုင်ပြည်သူများ၏ ဘဝနှင့် စိတ်ခံစားမှုများကို အပြုသဘောဆောင်ပြီး အနာဂတ်ကို မျှော်ကြည့်နိုင်သည့် နိုင်ငံရေးရပ်ဝန်းတစ်ခုကို ဖန်တီးပေးနိုင်သည့် အခွင့်အလမ်း ရှိလာနိုင်သောကြောင့် ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရ၏ နိုင်ငံရေးသဘောထားကြီးမှုများ၊ တိုင်းရင်းသားများအပေါ် ထားရှိသော အမျိုးသားရင်ကြားစေ့ရေးမူဝါဒများသည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများကို လျော့ပါးစေနိုင်သည့် အနေအထားတွင် ရှိနေဆဲပင် ဖြစ်သည်။ သို့သော် အဆိုပါ အနေအထားသည် အချိန်အတိုင်းအတာတစ်ခုအတွင်းတွင်သာ ရှိနေမည်ဖြစ်ပြီး အချိန်မီပြန်လည် ကြိုးစားခြင်းမပြုမှုပါက ယခုအခြေအနေထက် ပိုမိုဆိုးရွားသော အနေအထားတစ်ခုဆီသို့ ဦးတည်သွားမည်ကို အထူးပင် သတိထားသင့်ပါသည်။


ထို့အပြင် မြန်မာနိုင်ငံ၏ အရပ်ဘက် - စစ်ဘက် ဆက်ဆံရေး အခြေအနေများသည် မြန်မာ့နိုင်ငံရေး၏ အစိတ်အပိုင်း အားလုံးအပေါ်တွင် လွှမ်းမိုးမှုရှိနေဆဲဖြစ်ပြီး ၂၀၂၀ ခုနှစ်ရွေးကောက်ပွဲနှင့် ဖြစ်ပေါ်လာမည့် ချိန်ခွင်လျှာနှစ်ခုကို အစိုးရအနေဖြင့် သတိကြီးစွာထားပြီး ထိန်းညှိရန် လိုအပ်ကြောင်း ယခု ဆန်းစစ်လေ့လာမှုစာစောင်မှ တင်ပြတိုက်တွန်းအပ်ပါသည်။


## ၂၀၂၀ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှ ဇူလိုင်လ (၂၄) ရက်နေ့အထိ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် - ပလက်ဝဒေသတို့တွင် ရက္ခိုင့်တပ်တော်နှင့် မြန်မာ့တပ်မတော်တို့အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများ




*(မှတ်ချက် - ယခုအချက်အလက်များသည် သတင်းမီဒီယာများတွင်ဖော်ပြထားသော ကိန်းဂဏန်းများကို အခြေပြုပြီး ဖော်ပြထားခြင်း ဖြစ်သည်။)*

## ၂၀၂၀ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့ မှ ဇူလိုင်လ (၂၄) ရက်နေ့အထိ အချက်အလက်များ




*(မှတ်ချက် - ယခုအချက်အလက်များသည် သတင်းမီဒီယာများတွင်ဖော်ပြထားသော ကိန်းဂဏန်းများကို အခြေပြုပြီး ဖော်ပြထားခြင်း ဖြစ်သည်။)*

# မြန်မာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာ အခန်းကဏ္ဍ

# တရုတ်

တရုတ်နိုင်ငံသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးကြီးသောအခန်း ကဏ္ဍတွင် ပါဝင်နေပါသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ကီလိုမီတာ နှစ်ထောင်ကျော်ရှည်လျားသည့် နယ်နိမိတ်ချင်း ထိစပ်နေပါသည်။ တရုတ်နိုင်ငံသည် အဆိုပါ နယ်စပ်ဒေသတလျှောက် တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။ ၁၉၅၀ ခုနှစ်တွင် စတင်ခဲ့သည့် တရုတ်-မြန်မာ သံတမန်ဆက်ဆံမှုသည် ၂၀၂၀ ပြည့်နှစ်တွင် နှစ် ၇၀ ပြည့်မြောက်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) ကို ထူထောင်သည့် နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးပြီး ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (BRI) တွင် တရားဝင် ပူးပေါင်းဆောင်ရွက်သော နိုင်ငံအဖြစ် ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း တရုတ်၏ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအများအပြားရှိနေသောကြောင့် တရုတ်နိုင်ငံက ပြည်တွင်းတည်ငြိမ်မှုကို လိုလားသည်။ အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထိတွေ့ဆက်ဆံမှုကို ပြုလုပ်နေသည်။ ၂၀၁၉ ခုနှစ်အတွင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးသံတမန် ဆွန်ကော့ရှန်သည် သက်ဆိုင်သူများနှင့် မကြာခဏတွေ့ဆုံမှုများ ပြုလုပ်ခဲ့သည်။ တခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တရုတ်၏ ပါဝင်မှုသည် ထဲထဲဝင်ဝင်ရှိသည်ဟု ဆိုနိုင်သည်။

## ၂၀၁၉ ရက်စွဲမှတ်တမ်း

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၁။ | တရုတ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန၏ အာရှရေးရာ အထူးသံတမန် ဆွန်ကော့ရှန်သည် “ဝ” ပြည်နယ် မြို့တော်ပန်ဆန်းသို့ ဇန်နဝါရီ (၁၇) ရက်နေ့တွင် သွားရောက်ခဲ့သည်။ | ဖက်ဒရယ် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ မြန်မာနိုင်ငံ အမျိုးသား ပြန်လည် သင့်မြတ်ရေးနှင့် အနာဂတ် “ဝ” ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ |
| ၂။ | အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) မှ တာဝန်ရှိသူများ နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဂွမ်မော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ဇန်နဝါရီ (၂၁) ရက်နေ့တွင် တရုတ်နိုင်ငံ ကူမင်းတွင် အလွတ်သဘော တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ | မြောက်ပိုင်းမဟာမိတ်အဖွဲ့အား တစ်ဖွဲ့အတည်းအဖြစ် အစိုးရနှင့် တွေ့ဆုံရန် တောင်းဆိုခဲ့သည်။ |
| ၃။ | ဇန်နဝါရီ (၂၂) ရက်တွင် အထူးသံတမန် ဆွန်ကော့ရှန်သည် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အပစ်အခတ်ရပ်စဲရေးနှင့် ရခိုင်အရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ | |
| ၄။ | ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းသည် အထူးသံတမန် ဆွန်ကော့ရှန် ဦးဆောင်သည့်အဖွဲ့အား ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ဇန်နဝါရီ (၂၄) ရက်တွင် တွေ့ဆုံခဲ့ကြသည်။ | |
| ၅။ | တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇန်နဝါရီ (၂၂) ရက်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ခန်းမ၌ အထူးသံတမန်ဆွန်ကော့ရှန်အား လက်ခံတွေ့ဆုံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်သည်။ | မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရန် တပ်မတော်၏ ကြိုးပမ်းအားထုတ်မှုများနှင့် အစိုးရနှင့် တပ်မတော်တို့၏ ကြိုးပမ်းအားထုတ်မှုများအတွက် တရုတ်၏ ပံ့ပိုးကူညီမှုများနှင့် ပတ်သက်၍ နှစ်ဖက်စလုံးက ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ပြီး အမြင်ချင်းဖလှယ်ခဲ့ကြသည်။ |
| ၆။ | မြန်မာ့ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့နှင့် မြောက်ပိုင်းမဟာမိတ်အဖွဲ့တို့ကြား အလွတ်သဘော ဆွေးနွေးပွဲကို တရုတ်နိုင်ငံကူမင်းတွင် ဖေဖော်ဝါရီ (၂၅) နေ့က လက်ခံကျင်းပခဲ့သည်။ | |
| ၇။ | ဖေဖော်ဝါရီလ (၂၅) နေ့တွင် အထူးသံတမန် ဆွန်ကော့ရှန်သည် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံပြီး၊ | |

| | | |
|---|---|---|
| | မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရခိုင်အရေးကိစ္စများဆောင်ရွက်ရာတွင် တရုတ်နိုင်ငံ၏ အပြုသဘောဆောင်သော ဆက်လက်ကူညီမှုများကို ဆွေးနွေးခဲ့ကြပါသည်။ | |
| ၈။ | ဖေဖော်ဝါရီလ (၂၈) ရက်တွင် အထူးသံတမန် ဆွန်ကော့ရှန်သည် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တွေ့ဆုံခဲ့ပြီးမြန်မာငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆွေးနွေးခဲ့ပါသည်။ | |
| ၉။ | ဧပြီလ (၂၄) ရက်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့တရုတ်နိုင်ငံပေကျင်းတွင်တွေ့ဆုံခဲ့ကြသည်။ | တရုတ်နိုင်ငံသည် မြန်မာနိုင်ငံကို စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ၏ အသက်မွေး ဝမ်းကျောင်းမှုမြင့်တင်ရာတွင် မြန်မာဘက်မှ ပံ့ပိုးကူညီပြီး ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး တိုးတက်စေရန်အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို ကျေးဇူးတင်ကြောင်းပြောကြားခဲ့သည်။ |
| ၁၀။ | မေ (၃၀) ရက်တွင် အထူးသံတမန် ဆွန်ကော့ရှန်သည်အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) မှတာဝန်ရှိသူများနှင့်တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်လက်မှတ်မထိုးထားသည့်အဖွဲ့များနှင့်ပတ်သတ်ပြီး မူဆယ်တွင် ဆွေးနွေးခဲ့ကြသည်။ | |
| ၁၁။ | တရုတ်သံအမတ် မစ္စတာဟုန်လျန်သည် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မေလ (၁၃) ရက်နေ့က နေပြည်တော်တွင် တွေ့ဆုံခဲ့ကြသည်။ | |
| ၁၂။ | အထူးသံတမန် ဆွန်ကော့ရှန်သည် ဇွန်လ (၂၄) ရက်တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နေပြည်တော်တွင်တွေ့ဆုံခဲ့ကြသည်။ | တွေ့ဆုံပွဲအတွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရခိုင်ပြည်နယ်အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံ၏ အပြုသဘောဆောင်သော ပံ့ပိုးကူညီမှုများအား ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ |
| ၁၃။ | အထူးသံတမန်ဆွန်ကော့ရှန်သည် ဒေါက်တာ တင်မျိုးဝင်းနှင့် ဇွန်လ (၂၆) ရက်တွင် ရန်ကုန်မြို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် တွေ့ဆုံခဲ့ကြသည်။ | တွေ့ဆုံပွဲအတွင်း ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)၊ မြန်မာအမျိုးသားအမှန်တရားနှင့် တရားမျှရေးပါတီ (MNTJP)၊ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF) နှင့် ရခိုင်အမျိုးသားအဖွဲ့ချုပ် (ULA) တို့ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးရန်၊ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ |

| | | |
|---|---|---|
| ၁၄။ | အထူးသံတမန် ဆွန်ကော့ရှန်နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် ဩဂုတ်လ (၁၃) ရက်နေ့တွင် နေပြည်တော်တွင်တွေ့ဆုံခဲ့ကြပြီး ငြိမ်းချမ်းရေး၊ ရခိုင်အရေးဒေသတွင်းလုံခြုံရေး၊ တရုတ်၏ကူညီထောက်ပံ့မှုနှင့် အပစ်အခတ်ရပ်စဲရေးများကို ဆွေးနွေးခဲ့ကြသည်။ | |
| ၁၅။ | အထူးသံတမန် ဆွန်ကော့ရှန်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ဩဂုတ်လ (၁၄) ရက်နေ့၌ နေပြည်တော်တွင်တွေ့ဆုံခဲ့ကြပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်အရေးများဆွေးနွေးခဲ့ကြသည်။ | |
| ၁၆။ | တရုတ်သံအမတ်ချန်ဟိုင်းသည် ဩဂုတ်လ (၂၃) ရက်တွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နေပြည်တော်တွင်တွေ့ဆုံခဲ့ကြပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နယ်စပ်လုံခြုံရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ | |
| ၁၇။ | အထူးသံတမန် ဆွန်ကော့ရှန်သည် "ဝ" ပြည်သွေးစည်း ညီညွတ်ရေးတပ်မတော် (UWSA) ဦးဆောင်သည့် ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) ကို ဩဂုတ် (၂၀) ရက်နေ့က တရုတ်နိုင်ငံ ကူမင်းမြို့သို့ ခေါ်ယူတွေ့ဆုံခဲ့သည်။ | ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ဖြစ်ပွားနေသည့် စစ်ဆင်ရေးရပ်တန့်ပေးရန် မြောက်ပိုင်းမဟာမိတ်အဖွဲ့ကို ဖိအားပေးခဲ့သည်။ |
| ၁၈။ | အထူးသံတမန် ဆွန်ကော့ရှန်သည် စက်တင်ဘာ (၁၃) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်တွင်တွေ့ဆုံခဲ့ကြသည်။ | တွေ့ဆုံစဉ် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် လတ်တလော ဖြစ်ပေါ်တိုးတက်မှုများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို တရုတ်နိုင်ငံ၏ အပြုသဘောဆောင်သော ပံ့ပိုးကူညီမှုများ ဆက်လက်ပေးအပ်နိုင်ရေးတို့ကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။ |
| ၁၉။ | အထူးသံတမန် ဆွန်ကော့ရှန်သည် အောက်တိုဘာလ (၃၀) ရက်နေ့တွင် မြောက်ပိုင်း မဟာမိတ်ကိုယ်စားလှယ်များနှင့် တရုတ်နိုင်ငံယူနန်တွင်တွေ့ဆုံခဲ့ကြသည်။ | အထူးသံတမန်ဆွန်ကော့ရှန်သည်မြန်မာငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်ထောက်ခံမှုကိုအဓိကဆွေးနွေးခဲ့ပြီး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပရန် တောင်းဆိုခဲ့သည်။ |
| ၂၀။ | အထူးသံတမန် ဆွန်ကော့ရှန်သည် နိုဝင်ဘာလ (၆) ရက်နေ့တွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) သို့ ဒေါ်လာ (၄၀၀,၀၀၀) လှူဒါန်းခဲ့သည်။ | |

| | | |
|---|---|---|
| ၂၁။ | နိုဝင်ဘာလ (၈) ရက်နေ့တွင် အထူးသံတမန် ဆွန်ကော့ရှန်သည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ (JMC-U) သို့ ဒေါ်လာ (၃၀၀,၀၀၀)နှင့် ငြိမ်းချမ်းရေးကော်မရှင်သို့ ဒေါ်လာ (၃၀၀,၀၀၀) လှူဒါန်းခဲ့သည်။ | |
| ၂၂။ | တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင် ထိပ်တန်း မြန်မာတာဝန်ရှိသူများနှင့် ဒီဇင်ဘာ (၈) ရက်နေ့တွင် တွေ့ဆုံခဲ့ကြသည်။ | |
| ၂၃၊ | အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) နှင့် မြောက်ပိုင်း မဟာမိတ်အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တရုတ်နိုင်ငံကူမင်း၌ ဒီဇင်ဘာလ (၁၅) ရက်နေ့တွင် လက်ခံကျင်းပခဲ့သည်။ | |

## ၂၀၂၀ ရက်စွဲမှတ်တမ်း

| စဉ် | အကြောင်းအရာ | နေ့စွဲ | နေရာ |
|---|---|---|---|
| ၁။ | အထူးသံတမန် ဆွန်ကော့ရှန်သည် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်မှခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ | ဇန်နဝါရီ ၇ | မိုင်းလား |
| ၂။ | အထူးသံတမန်ဆွန်ကော့ရှန်သည်ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် ရက္ခိုင့်တပ်တော်(AA)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြသည်။ | ဇန်နဝါရီ ၁၀ | လိုင်ဇာ |
| ၃။ | အထူးသံတမန် ဆွန်ကော့ရှန်သည် ကချင်လွတ်မြောက်ရေး အဖွဲ့အစည်း (KIO) နှင့် ရက္ခိုင့်တပ်တော် (AA) မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြသည်။ | ဇန်နဝါရီ ၁၇ | လိုင်ဇာ |
| ၄။ | တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်သည် နိုင်ငံတော် သမ္မတဦးဝင်းမြင့်၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နှင့် သီးခြားစီ တွေ့ဆုံခဲ့ကြသည်။ | ဇန်နဝါရီ ၁၇/၁၈ | နေပြည်တော် |
| ၅။ | တရုတ်သံအမတ်ကြီး မစ္စတာချမ်ဟိုင်းနှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွေ့ဆုံခဲ့ကြသည်။ | ဇူလိုင် ၁၆ | နေပြည်တော် |
| ၇။ | တရုတ်နိုင်ငံကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ ပြည်ပရေးရာကော်မရှင်ရုံး ညွှန်ကြားရေးမှူး ယန်ကျဲ့ချီ သည် သမ္မတဦးဝင်းမြင့်၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့နှင့် သီးခြားစီတွေ့ဆုံခဲ့ကြသည်။ | စက်တင်ဘာ (၁) | နေပြည်တော် |
| ၈။ | တရုတ်နိုင်ငံကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ ပြည်ပရေးရာကော်မရှင်ရုံး ညွှန်ကြားရေးမှူး ယန်ကျဲ့ချီနှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွေ့ဆုံခဲ့ကြသည်။ | စက်တင်ဘာ (၂) | နေပြည်တော် |

# ဥရောပသမဂ္ဂ

မြန်မာနိုင်ငံသည် ထူးခြားသော ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းကို လျှောက်လှမ်းကာ နိုင်ငံတကာသို့တံခါးဖွင့်လှစ်ပေးသောကြောင့်ဥရောပသမဂ္ဂ (အီးယူ) သည်နိုင်ငံတကာအသိုက်အဝန်း၏ ပြန်လည်ထိတွေ့ဆက်ဆံမှုတွင် ရှေ့ဆုံးမှ ဦးဆောင်နေပါသည်။ အီးယူသည် ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးဆီသို့ လျှောက်လှမ်းရာတွင် တိုင်းပြည်နှင့် ပြည်သူများနှင့်အတူ လိုက်ပါသွားရန် ခိုင်မာသော ကတိကဝတ်ကို ပြသခဲ့သည်။

ဥရောပသမဂ္ဂ (အီးယူ) သည် မြန်မာနိုင်ငံတွင် နိုင်ငံရေး အပြောင်းအလဲများကို လျင်မြန်စွာ တုံ့ပြန်ခဲ့ပြီး ဒီမိုကရေစီနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အစကတည်းက အခိုင်အမာ ထောက်ခံအားပေးခဲ့သည်။ ဥရောပသမဂ္ဂ (အီးယူ) သည် မြန်မာနိုင်ငံသို့ ကျန်းမာရေးစောင့်ရှောက်မှုနှင့် HIV/AIDS ပရိုဂရမ်များနှင့် နေရပ်ပြန်ပို့ရေး အစီအစဉ်များပေါ်တွင် အဓိကအာရုံစိုက်ပြီး ၁၉၉၆ ခုနှစ်မှ စတင်ကာ အကူအညီများ ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံအတွက် ပထမဆုံးသော ဥရောပသမဂ္ဂ (အီးယူ) အကူအညီပေးရေး မဟာဗျူဟာကို ၂၀၀၇ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး တစ်နှစ်အကြာ နာဂစ်မုန်တိုင်းအပြီး ပြန်လည်ထူထောင်ရေးတွင် ဥရောပသမဂ္ဂ (အီးယူ) ၏ အကူအညီသည် အရေးပါပါသည်။ အီးယူသည် ပိတ်ဆို့အရေးယူမှုများကို ဆိုင်းငံ့ကာ ၂၀၁၂ ခုနှစ်တွင် ရုံးဖွင့်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် လက်တွဲဆောင်ရွက်ခြင်းမှတစ်ဆင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုအတွက်လည်း ထောက်ပံ့ပေးခဲ့ပါသည်။ နောက်နှစ်တွင် လက်နက်ရောင်းချမှုမှ လွဲ၍ ဥရောပသမဂ္ဂမှ ပိတ်ဆို့အရေးယူမှုအားလုံးကို ရုပ်သိမ်းခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် အီးယူသည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို နိုင်ငံတကာ သက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ၎င်း၏ အဓိက အခန်းကဏ္ဍကို ပြသခဲ့သည်။ အီးယူသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးအကြီးဆုံး အလှူရှင်များထဲမှ တစ်ခုဖြစ်သည်။ အီးယူသည် အခြားသော အဓိက ငြိမ်းချမ်းရေး အလှူရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပြီး Myanmar Peace Center (ယခု National Peace and Reconciliation Centre) ကို ပံ့ပိုးကူညီခဲ့ပါသည်။

၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ပံ့ပိုးပေးသည့် စေ့စပ်ညှိနှိုင်းမှုများနှင့် လူ့အခွင့်အရေးကို ကာကွယ်ရန် ရည်ရွယ်၍ ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်း အများအပြား ထောက်ပံ့ကူညီခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်ပေးခြင်းအားဖြင့် ပံ့ပိုးကူညီပါသည်။ အီးယူသည် Shalom ဖောင်ဒေးရှင်းမှတစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နောက်အဆင့်များအတွက် အစိုးရသစ်နှင့် ဆွေးနွေးညှိနှိုင်းရာတွင် တိုင်းရင်းသားခေါင်းဆောင်များအား ပံ့ပိုးကူညီမှုများလည်း ပေးခဲ့သည်။ အီးယူကထောက်ပံ့သည့် အထင်ကရ စီမံကိန်းများမှာ (၁) LIFT (Livelihoods and Food Security Trust Fund) (၂) 'STEP Democracy' (၃) 'My Justice' (၄) The 'Joint Peace Fund' နှင့် (၅) 'SMART Myanmar' တို့ ဖြစ်သည်။

## ၂၀၁၉ ရက်စွဲမှတ်တမ်း

| စဉ် | အကြောင်းအရာ | ရက်စွဲ | မှတ်ချက် |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ်မှ ကိုယ်စားလှယ်အဖွဲ့ကို ဥရောပသမဂ္ဂရုံး၌ လက်ခံတွေ့ဆုံခဲ့သည်။ | ဖေဖော်ဝါရီ ၁၁ ရက် | Kachin Baptist Convention အဖွဲ့မှ Rev. Dr. Hkalam Samson နှင့် Rev. Hpauyawng Tu Mai တို့သည် မြန်မာနိုင်ငံဆိုင်ရာ အီးယူသံအမတ်ကြီး Kristian Schmidt နှင့်အဖွဲ့သားများအား ငြိမ်းချမ်းရေးဖြစ်စဉ်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စိုးရိမ်စရာများ၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများနှင့် ဒေသခံတို့၏ အသက်မွေးဝမ်းကျောင်းနှင့် ယဉ်ကျေးမှုလက္ခဏာတို့ကို ထိခိုက်စေနိုင်သည့် ပရောဂျက်များနှင့် ပတ်သက်၍ ဒေသခံများနှင့် ညှိနှိုင်းတိုင်ပင်ရန် လိုအပ်သည်များနှင့် စပ်လျဉ်း၍ နောက်ဆုံးအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါသည်။ |
| ၂။ | အထွေထွေအတွင်းရေးမှူး Saw Tah Doh Moo ဦးဆောင်သော ကရင်အမျိုးသားအစည်းအရုံး (ကေအင်န်ယူ) ကိုယ်စားလှယ်သည် အီးယူသံအမတ် Kristian Schmidt နှင့်တကွ မြန်မာနိုင်ငံဆိုင်ရာ အီးယူ အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်များနှင့် ဥရောပသမဂ္ဂရုံး၌ တွေ့ဆုံခဲ့ကြသည်။ | မတ် ၁၃ ရက် | ဥရောပသမဂ္ဂသည်လည်း မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ဒုက္ခသည်များ ငြိမ်းချမ်းစွာ နေရပ်ပြန်နိုင်ရေးအတွက် ၎င်း၏အခိုင်အမာ ထောက်ခံအားပေးမှုကို ထပ်လောင်းပြောကြားခဲ့ပြီး အားလုံးပါဝင်သော အပြုသဘောဆောင်သည့် နိုင်ငံရေးဆွေးနွေးပွဲတွင် ပါတီအဖွဲ့များအားလုံး ပါဝင်ရန် လိုအပ်မှုကိုလည်း အလေးပေး ပြောကြားသွားခဲ့ပါသည်။ |
| ၃။ | ကချင်ဒီမိုကရက်တစ်ပါတီမှ ခေါင်းဆောင်များအား ဥရောပသမဂ္ဂ(အီးယူ) ရုံးတွင် လက်ခံတွေ့ဆုံခဲ့ပါသည်။ | မေ ၃ ရက် | ကချင်ပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် ၂၀၂၀ ရွေးကောက်ပွဲနှင့် စပ်လျဉ်းပြီး အနာဂတ်နိုင်ငံရေး အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ ဥရောပသမဂ္ဂ (အီးယူ) အနေဖြင့် ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးနှင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အခိုင်အမာ ဆက်လက် ထောက်ခံကြောင်းနှင့် သက်ဆိုင်ရာ အဖွဲ့များအနေဖြင့် အပြုသဘောဆောင်သော နိုင်ငံရေး ဆွေးနွေးမှုများတွင် ပါဝင်ကြရန် တိုက်တွန်း ပြောကြားခဲ့သည်။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | မှတ်ချက် |
|---|---|---|---|
| ၄။ | Rural Indigenous Sustainable Education(RISE)ကပြုလုပ်ခဲ့သည့် အခြေခံ အစီရင်ခံစာ နှစ်စောင် မိတ်ဆက်ခြင်း အခမ်းအနားကိုကျင်းပခဲ့သည်။ | မေ ၂၃ ရက် | ဥရောပသမဂ္ဂဆိုင်ရာ သံအမတ်ကြီး ခရစ်ရှန်ရှမစ်သည် RISE မှတစ်ဆင့် တိုင်းရင်းသားနယ်မြေများ၏ ပညာရေးအတွက် နောင်ငါးနှစ်စာ ယူရို ၂၀ မီလီယံ ထောက်ပံ့ငွေ ပေးအပ်ကြောင်း ကြေညာခဲ့ပါသည်။ |
| ၅။ | ဥရောပသမဂ္ဂဆိုင်ရာ သံအမတ်ကြီး ခရစ်ရှန်ရှမစ်နှင့် ဥရောပသမဂ္ဂအဖွဲ့သည် Joint Strategy Team ၏ အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်းဖြင့် ကချင်ပြည်နယ်ဆိုင်ရာ လုပ်ငန်းစဉ်ကို စတင်ခဲ့ပါသည်။ | ဇွန် ၂၀ ရက် | ငြိမ်းချမ်းရေးဖြစ်စဉ်၏ လက်ရှိအခြေအနေ၊ စစ်ဘေးရှောင်ဒုက္ခသည်များ နေရပ်ပြန်ရေးကိစ္စ၊ ကချင်ပြည်နယ်ရှိ ပြည်သူလူထုအားထောက်ပံ့ကူညီနေမှုများကို လုပ်ဆောင်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အရေးပါသည့် အခန်းကဏ္ဍတို့နှင့် စပ်လျဉ်းသော ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ |
| ၆။ | ဥရောပသမဂ္ဂ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အကြီးအကဲ ဒေါက်တာ Johann Hesse နှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၏ နိုင်ငံကိုယ်စားလှယ် Mr Rama Balakrishnan သည် လာမည့် သုံးနှစ်တာကာလအတွင်း မြန်မာနိုင်ငံတွင် ယူရို ငါးသန်းကို ကူညီထောက်ပံ့မည့် 'အမျိုးသမီးနှင့် မိန်းကလေးများအား ဦးစားပေးရေး' အစီအစဉ်၏ ဒုတိယပိုင်းကို ပံ့ပိုးပေးရန်အတွက် စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးခဲ့ပါသည်။ | ဇူလိုင် ၅ ရက် | စီမံကိန်းကို ကျား-မအခြေပြု အကြမ်းဖက်မှုနှင့် သားဆက်ခြားကျန်းမာရေးနှင့်အခွင့်အရေးဆိုင်ရာတို့အတွက် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုစီမံကိန်းအရ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဌာနများနှင့် ပဋိပက္ခထိခိုက်ခံဒေသများတွင် အမျိုးသမီးများအား ပံ့ပိုးပေးမည့် ရွှေ့လျားဆေးခန်းများကို ဖွင့်လှစ် စီမံဆောင်ရွက်သွားမည် ဖြစ်သည်။ |
| ၇။ | 'ပဋိပက္ခ ဖြစ်ပွားနေသော ဒေသများအတွက် ပညာရေး အထောက်အကူ Conflict Areas Support for Education 2 Learn (CASE2 Learn)' စီမံကိန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ပါသည်။ | စက်တင်ဘာ ၃ ရက် | ဥရောပသမဂ္ဂက ထောက်ပံ့ငွေ ယူရိုသန်း ၂၀ ပံ့ပိုးပေးထားသော CASE2Learn သည် ဌာနေတိုင်းရင်းသား ပညာရေးဝန်ဆောင်မှုများကို တိုးမြင့်ကျယ်ပြန့်စေရန် ကျောင်းသားများ၏ သင်ယူမှုအား ထောက်ပံ့ပေးရေးအတွက် စာသင်ကျောင်းများ၏ အရည်အသွေးစံနှုန်းနှင့် သင်ကြားမှုစွမ်းရည်တို့ တိုးမြှင့်ရေးကို ဦးတည်ထားသည်။၎င်းစီမံကိန်းကို ADRA က RISE Network နှင့်ပူးပေါင်းလျက်အကောင်အထည်ဖော်ပါသည်။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | မှတ်ချက် |
|---|---|---|---|
| ၈။ | ဥရောပသမဂ္ဂသည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှစီမံဆောင်ရွက်လျက်ရှိသော 'အမျိုးသမီးနှင့် မိန်းကလေးများအား ဦးစားပေးရေး'ဟူသော စီမံကိန်းအား ယူရို ၆၊သန်း ထောက်ပံ့ပေးဝေခဲ့ပါသည်။ | စက်တင်ဘာ ၂၄ ရက် | ထိုငွေကြေးထောက်ပံ့မှုသည် UNFPA အား ထိုစီမံကိန်းမှတစ်ဆင့် လိင်အခြေပြု အကြမ်းဖက်ခြင်းများအား ကာကွယ်တုံ့ပြန်ရန်နှင့် ပဋိပက္ခဖြစ်ပွားလျက်ရှိသော ဒေသများတွင် ထိခိုက်ခံစားရမှု အများဆုံးသော အမျိုးသမီးများ၊ မိန်းကလေးများနှင့် လူငယ်များ၏ စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ပေးနိုင်မှုတို့အပေါ်တွင် အရှိန်အဟုန်မြှင့် စွမ်းဆောင်ပေးနိုင်ရန် အထောက်အကူ ဖြစ်စေပါသည်။ |

## ၂၀၂၀ ရက်စွဲမှတ်တမ်း

| စဉ် | အကြောင်းအရာ | ရက်စွဲ | မှတ်ချက် |
|---|---|---|---|
| ၁။ | ဥရောပသမဂ္ဂသံအမတ်ကြီး ခရစ္စရှန်ရှမစ် ဦးဆောင်သော ဘယ်လ်ဂျီယမ်၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ လစ်သူရေးနီးယား၊ ပိုလန်နှင့် စပိန်နိုင်ငံတို့မှ သံအမတ်ကြီးများနှင့် ဆွီဒင်နိုင်ငံရုံးမှ အကြီးအကဲတို့ ပါဝင်သည့် အဖွဲ့သည် ကရင်ပြည်နယ်သို့ သွားရောက်ခဲ့ကြသည်။ | ဇန်နဝါရီ ၂၇ ရက် မှ ၂၈ ရက် အထိ | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တိုးတက်မှုများအား သွားရောက်လေ့လာခဲ့သည်။ |
| ၂။ | ဩစတြေးလျ၊ ကနေဒါ၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ဖင်လန်နိုင်ငံ၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေ၊ ပိုလန်၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ တူရကီ၊ ဗြိတိန်၊ အမေရိကန်နိုင်ငံတို့မှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်များ၏ ထုတ်ပြန်ချက် ထုတ်ပြန်ခဲ့ပါသည်။ | ဧပြီ ၁ ရက် | သံအမတ်များသည်ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ကမ္ဘာအရပ်ရပ်မှလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး အပစ်အခတ်ရပ်စဲကြရန် တိုက်တွန်းချက်အားသဘောတူထောက်ခံကြပါသည်။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | မှတ်ချက် |
|---|---|---|---|
| ၃။ | ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ ပဋိပက္ခဒဏ်သင့်ဒေသများရှိ IDP စခန်းများ၌ COVID-19 အန္တရာယ်အား တုံ့ပြန်ရာတွင် အလျင်အမြန်ဆုံး လိုအပ်နေသည့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူများအတွက် ယူရိုငွေ နှစ်သန်း (၃.၁ ဘီလီယံကျပ်) အသုံးပြုရန် ပြန်လည်သတ်မှတ်ပေးခဲ့သည်။ | ဧပြီ ၁၇ ရက် | |
| ၄။ | ဥရောပသမဂ္ဂသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသမီး ကိုယ်စားလှယ်လောင်းများကို ပံ့ပိုးအားပေးရန်နှင့် နေ့စဉ်ဘဝတွင် ကြုံတွေ့နေရသော ခွဲခြားဆက်ဆံမှုများနှင့် ထိပါးနှောင့်ယှက်မှုများကို တိုက်ဖျက်ရန်အတွက် ဒို့အသံတွေနဲ့ ပံ့ပိုးမယ့် ၂၀၂၀ ကမ်ပိန်းတွင် ပါဝင်ကြဖို့ တိုက်တွန်းကြောင်း ထုတ်ပြန်ခဲ့ပါသည်။ | စက်တင်ဘာ ၂၄ ရက် | မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ တည်ဆောက်နိုင်ရန်အတွက် နိုင်ငံရေးနယ်ပယ်၌ အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုကို ပံ့ပိုးအားပေးကြဖို့ အလွန်အရေးကြီးပါသည်။ အမျိုးသမီးများ အနေဖြင့် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိမှသာ လွတ်လပ်မျှတသော ရွေးကောက်ပွဲတစ်ရပ် ဖြစ်နိုင်ပေမည်ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | မှတ်ချက် |
|---|---|---|---|
| ၅။ | ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ၏ တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည် အခါသမယတွင် ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။ | အောက်တိုဘာ ၁၅ ရက် | ဥရောပသမဂ္ဂသည် ၂၀၁၅ ခုနှစ်ကတည်းကပင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းအတွက် ယူရိုငွေ ၉၃ မီလီယံ (မြန်မာ ကျပ် ၁၄၃ ဘီလီယံ)ကို ထောက်ပံ့ပေးထားပါသည်။ ယင်းပံ့ပိုးမှုကို ရေရှည် တည်တံ့ခိုင်မြဲပြီး အားလုံးအကျုံးဝင်ပါဝင်သော ငြိမ်းချမ်းရေးဆီသို့ ဦးတည်လုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေ (Joint Peace Fund) နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး အစီအစဉ် (Durable Peace Programme) တို့ အပါအဝင် အမျိုးမျိုးသော အကြီးစားစီမံကိန်းများတွင် ခွဲဝေအသုံးပြုထားပါသည်။ |
| ၆။ | ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ၏ နှစ် ၂၀ ပြည့် နှစ်ပတ်လည်ကို အထိမ်းအမှတ်ပြုသည့်အနေဖြင့် အမျိုးသမီးရေးရာ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ်တို့၏ အခြေအနေနှင့် စပ်လျဉ်းပြီး လွန်ခဲ့သည့် နှစ် နှစ်ဆယ်စာအတွက် မိမိတို့၏ ထင်မြင်ယူဆချက်များအကြောင်း အမျိုးသမီးငြိမ်းချမ်းရေးဖော်ဆောင်သူများနှင့် ကျွမ်းကျင်ပညာရှင်များမှ မျှဝေပြောပြသည့် အွန်လိုင်းအခမ်းအနားတစ်ခုကို ကုလသမဂ္ဂနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး အစီအစဉ် (Durable Peace Programme - DPP) တို့က ကြီးမှူး ကျင်းပခဲ့ကြပါသည်။ | အောက်တိုဘာ ၃၁ ရက် | ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် (UNSCR)အမှတ် ၁၃၂၅ သည် ပဋိပက္ခကြိုတင်တားဆီးရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ပဋိပက္ခကာလလွန် ပြန်လည်တည်ဆောက်ရေးတို့တွင် အမျိုးသမီးများ၏ အရေးပါလှသော အခန်းကဏ္ဍကို ထပ်လောင်းအတည်ပြုပေးသည့် အရေးကြီး ဆုံးဖြတ်ချက်တစ်ခု ဖြစ်သည်။ |

# အိန္ဒိယ

မြန်မာနိုင်ငံသည် အိန္ဒိယ-အရှေ့တောင်အာရှ ပထဝီအနေအထား၏ အလယ်ဗဟိုတွင် တည်ရှိသောကြောင့် အိန္ဒိယနိုင်ငံအတွက် ပထဝီနိုင်ငံရေးအရ အရေးပါပါသည်။

အိန္ဒိယ အရှေ့မြောက်ပိုင်းနှင့် ကုန်းမြေနယ်နိမိတ် ၁၆၂၄ ကီလိုမီတာနှင့် ဘင်္ဂလား ပင်လယ်အော်တွင် ၇၂၅ ကီလိုမီတာ ရေကြောင်းနယ်နိမိတ်ရှိသည့် တစ်ခုတည်းသော အရှေ့တောင်အာရှနိုင်ငံဖြစ်သည်။ အိန္ဒိယ၏ အိမ်နီးချင်းဦးစားပေးမူဝါဒ ('Neighbourhood First' Policy) နှင့် အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဝါဒ ('Act East' Policy) မူဝါဒများဆုံရာ တစ်ခုတည်းသော နိုင်ငံဖြစ်သောကြောင့် မြန်မာနိုင်ငံသည် အိန္ဒိယ၏ ဒေသတွင်း သံခင်းတမန်ခင်း ကျင့်သုံးမှုတွင် မရှိမဖြစ်အရေးပါသော အချက်တစ်ချက်ဖြစ်ပြီး၊ တောင်အာရှနှင့် အရှေ့တောင်အာရှကို ဆက်သွယ်ပေးသည့် ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်ပေးပါသည်။

အိန္ဒိယသည် အရှေ့တောင်အာရှနှင့် နယ်မြေချင်းဆက်စပ်နေသောကြောင့် အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသ၏ တည်ငြိမ်မှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးပါသည်။ မတူကွဲပြားသော လူ့အဖွဲ့အစည်းတစ်ခုအနေဖြင့် အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ဒီမိုကရေစီတိုးတက်ဖြစ်ထွန်းရေးနှင့် အားလုံးပါဝင်သည့် ချဉ်းကပ်မှုဖြစ်ကြောင်း အခိုင်အမာ ယုံကြည်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုသည် နယ်စပ်တစ်လျှောက် အိန္ဒိယ၏ လုံခြုံရေးကို ထိန်းသိမ်းရန် အဓိကသော့ချက်ဖြစ်သောကြောင့် မိုဒီအစိုးရသည် မြန်မာနိုင်ငံ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် ပါဝင် သက်သေအဖြစ် လက်မှတ်ရေးထိုးခြင်း အပါအဝင် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးရရှိရန် မြန်မာ၏ ကြိုးပမ်းအားထုတ်မှုကို ထောက်ခံအားပေးခဲ့သည်။

## ရက်စွဲမှတ်တမ်း- ၂၀၁၉

### ဇွန်

အိန္ဒိယနိုင်ငံအစိုးရမှ လှူဒါန်းသော လယ်ထွန်စက်များ၊ စပါးရိတ်သိမ်းစက်များနှင့် ကွန်ပျူတာများအား ရခိုင်ပြည်နယ်အစိုးရသို့ လွှဲပြောင်းပေးအပ်သော အခမ်းအနားကို ပြုလုပ်ခဲ့ကြောင်း အိန္ဒိယနိုင်ငံသံရုံး၊ ရန်ကုန်၏ သတင်းထုတ်ပြန်ခဲ့သည်။ အိန္ဒိယနိုင်ငံသံရုံးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့သည် နားလည်မှုစာချွန်လွှာ နှစ်ရပ်အား ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ဒေသအတွင်းရှိ လယ်သမားများ၏ လူနေမှုဘဝများ မြှင့်တင်ပေးရန်အတွက် ရခိုင်ပြည်နယ်အစိုးရ၏ မေတ္တာရပ်ခံချက်အရ အိန္ဒိယနိုင်ငံအစိုးရသည် ရခိုင်ပြည်နယ်အစိုးရသို့ လယ်ထွန်စက် ၁၅ စီးနှင့် စပါးရိတ်သိမ်းစက် ၁၅ စီး ထောက်ပံ့ပေးခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ပေးပို့သောအကူအညီဖြင့် ပြည်နယ်အတွင်း စက်မှုလယ်ယာကူးပြောင်းခြင်းအား မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

အခြားသော နားလည်မှုစာချွန်လွှာမှာ ရခိုင်ပြည်နယ်အစိုးရ၊ လူမှုရေးဌာနနှင့် အိန္ဒိယနိုင်ငံသံရုံး၊ ရန်ကုန်မြို့တို့ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး ထို နားလည်မှုစာချွန်လွှာအရ အိန္ဒိယနိုင်ငံမှ စစ်တွေ

ကွန်ပျူတာတက္ကသိုလ်သို့ ကွန်ပျူတာအလုံး ၄၀ နှင့် ဆက်စပ်ပစ္စည်းများ ကူညီထောက်ပံ့မည် ဖြစ်ပါသည်။ ဤသို့ထောက်ပံ့မှုသည် ရခိုင်ပြည်နယ်အတွင်းရှိ လူငယ်များအား ကွန်ပျူတာပညာရပ်များ သင်ယူနိုင်ရန် အားပေးနိုင်မည်ဖြစ်ပြီး ရေရှည်တွင် ဆော့ဖ်ဝဲလ်ကဏ္ဍ၌ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေနိုင်မည်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း အထူးစိန်ခေါ်မှုများနှင့် လိုအပ်ချက်များဖြစ်သော ပြည်နယ်အတွင်း နေထိုင်သူများအတွက် ကဏ္ဍစုံတွင် ညီမျှစွာ ဖွံ့ဖြိုးတိုးတက်ရန်မှာ လူမှုအသိုက်အဝန်းအတွင်း လိုက်လျောညီထွေဖြစ်မှု၊ ငြိမ်းချမ်းမှုနှင့် ကြွယ်ဝမှုတို့သည် အဓိကဖြစ်ကြောင်း သတိပြုမိသောကြောင့် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အတွက် သီးခြားသဘောတူညီချက် ရခဲ့ပါသည်။ ထိုအစီအစဉ်အရ အိန္ဒိယနိုင်ငံသည် ငါးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၂၅ သန်း ကူညီထောက်ပံ့မည် ဖြစ်ပါသည်။ ဤအထောက်အပံ့သည် ရခိုင်ပြည်နယ်အတွင်း စီမံကိန်းများအတွက် ရည်ညွှန်းသတ်မှတ်ပြီး ပထမတစ်ခုမှာ အသင့်ထုတ်လုပ်ပြီး အစိတ်အပိုင်းများဖြင့် ဆောက်လုပ်သော အိမ်ပေါင်း ၂၅၀ အား ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နေရပ်စွန့်ခွာသူများအတွက် ဆောက်လုပ်ခြင်းဖြစ်သည်။

## ဇူလိုင်

အိန္ဒိယနိုင်ငံသည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နေရပ်စွန့်ခွာသူများအတွက် အသင့်နေထိုင်နိုင်သော နေအိမ် ၂၅၀ လုံး တည်ဆောက်ပြီး၊ ထိုအိမ်များအား ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

## နိုဝင်ဘာ

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာဟင်ဒရာမိုဒီသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်တွင် ကျင်းပမည့် ၁၆ ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးအကြိုကာလတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့သည်။ တည်ငြိမ်ပြီး ငြိမ်းချမ်းသော နယ်နိမိတ်သည် နှစ်နိုင်ငံ၏ မိတ်ဖက်ဆက်ဆံရေး ဆက်လက်ခိုင်မြဲထွန်းရန်အတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ခေါင်းဆောင်နှစ်ဦး သဘောတူညီခဲ့ကြသည်။

# ၂၀၂၀-ရက်စွဲမှတ်တမ်း

## ဇန်နဝါရီ

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးသည် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများ၏ အကျိုးဆက်အဖြစ် နေရပ်စွန့်ခွာသူများအတွက် အိန္ဒိယနိုင်ငံ အစိုးရ၏ ကူညီထောက်ပံ့သည့် ပစ္စည်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ရန်ကုန်ရှိ အိန္ဒိယနိုင်ငံသံရုံးက သတင်းထုတ်ပြန်ခဲ့သည်။ ထိုသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားအား

၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်တွင် စစ်တွေမြို့၌ ကျင်းပခဲ့ပြီး၊ ထို ကူညီထောက်ပံ့သည့် ပစ္စည်းများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၅၄၅၆ ဖြစ်သည်။ ယခုကဲ့သို့ ကူညီထောက်ပံ့သည့် ပစ္စည်းများပေးအပ်ခြင်းမှာ ရခိုင်ပြည်နယ်၏ လူမှုစီးပွား ဖွံ့ဖြိုး တိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ကူညီထောက်ပံ့ရန် အိန္ဒိယနိုင်ငံအစိုးရ၏ ဆောင်ရွက်ချက်များထဲမှ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ ရခိုင်ပြည်နယ်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံမှ အကူအညီများ ပေးအပ်ရန် နှစ်နိုင်ငံဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်အား ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုး ခဲ့ပါသည်။

ထိုနားလည်မှုစာချွန်လွှာတွင် ပါဝင်သောအစီအစဉ်များမှာ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုး ရေးနှင့် ဆက်နွှယ်သော ဆောင်ရွက်ချက်များ၊ သီးနှံနှင့် စိုက်ပျိုးရေးပညာ ဆက်နွှယ်မှု လေ့လာသည့် ပညာ၊ လူမှုအသိုက်အဝန်း တိုးတက်ရေးကဏ္ဍများအတွက် အခြေခံအဆောက်အအုံများ ဖန်တီးပေး ခြင်းနှင့် ထိုကဏ္ဍများနှင့် ဆက်စပ်သော သင်တန်းများဆောင်ရွက်ပေးခြင်းတို့ပါဝင်သည်။

အထက်ပါ နားလည်မှုစာချွန်လွှာအရ နေရပ်စွန့်ခွာသွားရသူများအတွက် အသင့်နေထိုင်နိုင် သော အိမ် ၂၅၀ တည်ဆောက်ပြီး၊ ထိုအိမ်များအား ၂၀၁၉ ခုနှစ် ဇူလိုင်လ ၉ ရက်တွင် ရခိုင် ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်သည်။

## ဖေဖော်ဝါရီ

အိန္ဒိယနိုင်ငံ သမ္မတကြီး ရှရီရမ်နက်သ်ကိုဗင့်ဒ်နှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ဖေဖော်ဝါရီလ ၂၆ ရက်မှ ၂၉ ရက်အထိ အိန္ဒိယနိုင်ငံသို့ နိုင်ငံတော်အလည်အပတ်ခရီး သွားရောက်ခဲ့ပါသည်။ နိုင်ငံ တော်သမ္မတ ဦးဝင်းမြင့်သည် အိန္ဒိယဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီနှင့် ဟိုက်ဒြာဘတ်အိမ်တော်တွင် လည်းကောင်း၊ အိန္ဒိယနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်နှင့် ရပ်စ်ထရာပတိဘာဝန်အိမ်တော်တွင် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းတွေ့ဆုံပွဲများတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာစေရေး၊ ကုန်သွယ် မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပေါင်းစည်းဆက်နွှယ်မှု စွမ်းအင်၊ စိုက်ပျိုးရေး၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုး တက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး အပါအဝင် ကဏ္ဍစုံ အကျိုးတူပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြှင့်တင်သွားရေး၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအား အောင်မြင်စွာ အကောင်အထည်ဖော်သွားရေး၊ ရခိုင်ပြည်နယ်တွင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယ နိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးသွားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ရခိုင်ကိစ္စဖြေရှင်းရေးတို့အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ် နေမှုများကို အိန္ဒိယနိုင်ငံက ဆက်လက်ထောက်ခံကူညီသွားရေး၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံ တကာအဖွဲ့အစည်းနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် နီးကပ်စွာ ဆက်လက် ပူးပေါင်းဆောင် ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း နားလည်မှုစာချွန်လွှာ ငါးခု အပါအဝင် သဘောတူညီချက် ၁၀ ခုကို လက်မှတ်ရေးထိုးခဲ့ပြီး နှစ်နိုင်ငံပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ပူးတွဲကြေညာချက်တွင် နှစ်ဖက်စလုံးက ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုး တက်လာစေရန်၊ ကဏ္ဍစုံ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့်

စီးပွားရေးဆက်သွယ်မှုများ တိုးမြှင့်ရန်၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် အကျိုးတူကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် မြန်မာနိုင်ငံ၏ 'လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ' နှင့် အိန္ဒိယနိုင်ငံ၏ 'အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဝါဒ' နှင့် 'အိမ်နီးချင်း ဦးစားပေးမူဝါဒ' တို့၏ အပြန်အလှန် အကျိုးပြုလျက်ရှိမှုအပေါ် အခြေခံ၍ ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်သစ်များကို ရှာဖွေဖော်ထုတ်သွားကြရန် သဘောတူညီခဲ့သည်။ မြန်မာအစိုးရ၏ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် မြန်မာနိုင်ငံနှင့် ရခိုင်ပြည်နယ်တွင် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းမှုများကို အိန္ဒိယဘက်မှ ဆက်လက်ထောက်ခံရန် ထပ်လောင်း အတည်ပြုခဲ့သည်။

အိန္ဒိယနိုင်ငံသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ရန် ကြိုးပမ်းအားထုတ်မှုများကိုထောက်ခံကြောင်း ထပ်မံအတည်ပြုခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ်သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် မူဘောင်အရ အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် ဆောင်ရွက်နေသည့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အပြည့်အဝ ထောက်ခံကြောင်း ဖော်ပြခဲ့သည်။နှစ်နိုင်ငံခေါင်းဆောင်များသည် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးတူညီသော အမျိုးသားရေးပန်းတိုင်ကို အရောက်လှမ်းရာတွင် တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေး၏ အရေးကြီးပုံကို အလေးပေး ဖော်ပြခဲ့သည်။

# ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ် မစ္စတာ ယိုဟဲအိ ဆာဆာကာဝါနဲ့အတူ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိသည်။

နိပွန်ဖောင်ဒေးရှင်းသည် ၁၉၇၆ ခုနှစ်ကတည်းက မြန်မာနိုင်ငံတွင် စီမံကိန်းများကို ပံ့ပိုးကူညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ကနဦးစီမံကိန်းများအဖြစ် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု Z နှင့် အနာကြီးရောဂါသည်များ ကုသရေးအတွက် ဆေးဝါးများ ဖြန့်ချိရေးကို လုပ်ဆောင်ခဲ့ပါသည်။ ထို့နောက်တွင် နယ်ပယ်ပေါင်းစုံတွင် လုပ်ငန်းများကို ချဲ့ထွင်ခဲ့သည်။ လက်ရှိလုပ်ဆောင်မှုများတွင် ကျန်းမာရေး၊ ပညာရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ မသန်စွမ်းသူများအတွက် အထောက်အပံ့များ ပြုလုပ်ခြင်းနှင့် ပဋိပက္ခဒဏ်ခံ ရပ်ရွာများသို့ ပံ့ပိုးကူညီမှုများ ပါဝင်ပါသည်။ လက်ရှိတွင် နိပွန်ဖောင်ဒေးရှင်းက မြန်မာနိုင်ငံတွင် လုပ်ဆောင်နေသည့် စီမံကိန်း ၂၃ ခု ရှိပြီး၊ အဆိုပါ စီမံကိန်းများအနက် ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ပတ်သက်သည့် စီမံကိန်း ခြောက်ခု ပါဝင်ပါသည်။

ငြိမ်းချမ်းရေးတည်ဆောက်မှု စီမံကိန်းများအတွက် စုစုပေါင်းထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၆၃၆၉၁၁၀၀ ကို နိပွန်ဖောင်ဒေးရှင်းက ထောက်ပံ့ပေးထားပါသည်။

## ရက်စွဲမှတ်တမ်း-၂၀၁၉

၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် သူ၏ ဂျပန်ခရီးစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံခဲ့ပါသည်။ တိုင်းရင်းသားဒေသများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက "မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ် မစ္စတာ ဆာဆာကာဝါနှင့် အတူတကွ ဂျပန်နိုင်ငံသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်ရေးအတွက် ပံ့ပိုးကူညီမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "အထူးကိုယ်စားလှယ်၏ ကူညီထောက်ပံ့မှုနှင့် တိုင်းရင်းသားဒေသများရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ဂျပန်၏ ကူညီမှုများကို ကျေးဇူးတင်ကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာဂျပန်နိုင်ငံအစိုးရ၏အထူးကိုယ်စားလှယ် မစ္စတာ ဆာဆာကာဝါနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ် Mr. Maruyama Ichiro တို့သည် မြန်မာနိုင်ငံ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် မွန်းလွဲ တစ်နာရီ၌ သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့ပြီး အဆိုပါပြည်နယ်မှ ပဋိပက္ခများ သက်ရောက်မှုဒဏ်ကို ခံရသည့် ဒေသများတွင် ဒုက္ခသည်များ နေရပ်ပြန်လည် နေရာချထားရေးအတွက် ဂျပန်နိုင်ငံအစိုးရက အထောက်အပံ့ပေးအပ်မည့် အကြောင်းကို ထုတ်ပြန်ခဲ့ပါသည်။

## ရက်စွဲမှတ်တမ်း-၂၀၂၀

၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၉ ရက် ညနေလေးနာရီခန့်တွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. MOTEGI Toshimitsu နှင့် မြန်မာနိုင်ငံ၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် မိနစ် ၂၀ ခန့် တယ်လီဖုန်းဖြင့် ဆက်သွယ် ဆွေးနွေးပြောကြားခဲ့ပါသည်။

ဝန်ကြီး Mr. MOTEGI က ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံနှင့်အတူ ရပ်တည်လျက် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးကို အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းကာ ဆက်လက်၍ အစွမ်းကုန် ကူညီထောက်ပံ့လျက်ရှိပါကြောင်း ပြောဆိုခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂျပန်နိုင်ငံ၏ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုကို မျှော်လင့်လျက်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၄ ရက်တွင် ရန်ကုန်မြို့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ် Mr. MARUYAMA Ichiro နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme, UNDP) မြန်မာနိုင်ငံရုံး၏ တာဝန်ခံအရာရှိ၊ ဒုတိယဌာနေကိုယ်စားလှယ် Ms. Dawn Del Rio တို့သည် ဂျပန်ယန်း ၁၈၁ သန်း တန်ဖိုးရှိသော 'ရွေးကောက်ပွဲအကူအညီပေးရေးစီမံကိန်း' အထောက်အပံ့နှင့်ပတ်သက်သည့် စာချွန်လွှာကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်၊ ဂျပန်နိုင်ငံအစိုးရ၏ မြန်မာနိုင်ငံ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့ခေါင်းဆောင်၊ နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါတို့သည် ၂၀၂၀ ခုနှစ် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်၌ တွေ့ဆုံခဲ့သည်။ အဆိုပါတွေ့ဆုံပွဲတွင် ရွေးကောက်ပွဲနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း နိုင်ငံတော်

အတိုင်ပင်ခံရုံးက သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် အပြည့်အဝ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ရရှိထားသည့် နယ်မြေဒေသများတွင် ငြိမ်းချမ်းရေး အသီးအပွင့်များ ရရှိ ခံစားနိုင်စေရေးအတွက် နိပ္ပွန်ဖောင်ဒေးရှင်းက ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရရှိရန်အတွက် အထူးကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ထပ်ဖွဲ့စည်းမည့် အစိုးရသစ်လက်ထက်တွင် ငြိမ်းချမ်းရေးအောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်းလည်း နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါက ပြောကြားခဲ့သည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် ကူညီမှုများကို ကျေးဇူးတင်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဂျပန်နိုင်ငံအစိုးရက စေလွှတ်သော လေ့လာရေးအဖွဲ့အနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့ခြင်းအတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ပြည်တွင်း နေရပ်စွန့်ခွာသူများနှင့် ပတ်ဝန်းကျင်ကျေးရွာလူထုများအတွက် ကျန်းမာရေး၊ ရေ၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး (WASH) နှင့် ပညာရေးဆိုင်ရာ အထောက်အပံ့စီမံကိန်းနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ပတ်ဝန်းကျင်ကျေးရွာလူထုများ အတွက် အာဟာရဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းတို့အတွက် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ အထောက်အပံ့ပေးအပ်ရေး စာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်ခြင်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် ပြုလုပ်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ် မစ္စတာမာရုယာမနှင့် ကုလသမဂ္ဂအဖွဲ့အစည်းနှစ်ခုမှ ကိုယ်စားလှယ်များဖြစ်ကြသည့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ လက်ထောက်ကိုယ်စားလှယ် Ms. Alessandra Dentice နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဒုတိယဌာနေကိုယ်စားလှယ် Mr.MarcusPrior တို့သည် စုစုပေါင်းဂျပန်ယန်း ၉၉၅ သန်း (အမေရိကန်ဒေါ်လာ ၉.၄သန်းခန့်) တန်ဖိုးရှိသော အထောက်အပံ့စီမံကိန်းများအတွက် စာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြပါသည်။

# အမေရိကန်ပြည်ထောင်စု

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) သည် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ USAID သည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်ကတည်းက မြန်မာနိုင်ငံ ထိခိုက်လွယ်သည့် ပြည်သူများကို ထိုင်းနိုင်ငံနယ်စပ်တစ်လျှောက်တွင် လည်းကောင်း၊ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် အလယ်ပိုင်း အပူပိုင်းဇုန်ဒေသများတွင် လည်းကောင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများ ကူညီပံ့ပိုးပေးခဲ့ပါသည်။ USAID အဖွဲ့သည် ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် တရားဝင် စတင်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကြီးမားသည့် ပြုပြင်ပြောင်းလဲမှုများတွင် ထိထိရောက်ရောက် ပံ့ပိုးပေးခဲ့ပါသည်။ ထိခိုက်လွယ်သည့် ပြည်သူများ ကြံ့ကြံ့ခံအားကောင်းလာစေရန်နှင့် အရေးအခင်းကိစ္စရပ်များကို ကြုံတွေ့ခဲ့ရသူများ

(အထူးသဖြင့် ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့ရှိ ပြည်သူများ)၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကူညီပံ့ပိုးပေးပါသည်။ ကာလရှည်ကြာ ဖြစ်ပေါ်နေသည့် ပဋိပက္ခများကို ခိုင်မာသည့်ငြိမ်းချမ်းရေး ရရှိရန်နှင့် အားလုံးပါဝင်သော ပွင့်လင်းမြင်သာသည့် နိုင်ငံရေးနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်လည်း ကူညီပေးပါသည်။ ဖြစ်ပေါ်နေသော ပဋိပက္ခများကို ပိုမို မဆိုးရွားလာစေရန်နှင့် အနာဂတ်တွင် လူမှုအသိုင်းအဝိုင်းအားလုံး ပါဝင်သည့် အနာဂတ်တစ်ခု တည်ဆောက်နိုင်ရေးအတွက်လည်း အစီအစဉ်များ ရေးဆွဲလုပ်ဆောင်ပါသည်။

## ရက်စွဲ မှတ်တမ်း- ၂၀၁၉

### ဇန်နဝါရီ ၃၁ ရက်

အရပ်ဘက်အဖွဲ့အစည်း၊ မီဒီယာနှင့် ဒေသခံလူမှုအသိုက်အဝန်းများ ပိုမိုအားကောင်းစေရေးအတွက် ဒေါ်လာ ၇၂ သန်းတန် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ၏ အစီအစဉ်များ စတင်ခြင်းကို သတင်းထုတ်ပြန်ခဲ့ပါသည်။ မြန်မာနိုင်ငံက ဆက်လက်ဖော်ဆောင်နေသည့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အားပေးကူညီနိုင်ရန်အတွက် ငါးနှစ်တာဖော်ဆောင်မည့် စုစုပေါင်း ရန်ပုံငွေ ဒေါ်လာ ၇၂ သန်းနီးပါး (မြန်မာငွေကျပ် ၁၀၈ ဘီလီယံ)တန် စီမံကိန်းအသစ်နှစ်ခုအတွက် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီက ရန်ပုံငွေ ထောက်ပံ့ပေးလျက်ရှိပါသည်။ ဤအစီအစဉ်က အရပ်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာများကို ပိုမို အားကောင်းစေမည်ဖြစ်ပြီး ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ လူမှုအသိုက်အဝန်းများ သဘာဝဘေးနှင့် ပဋိပက္ခဘေးဒဏ်တို့မှ ပြန်လည်ထူထောင်နိုင်ရန်နှင့် ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို ရှေ့တိုး ဖော်ဆောင်နိုင်ရန်အတွက်လည်း အကူအညီပေးသွားမည် ဖြစ်ပါသည်။

"ဒီစီမံကိန်းတွေဟာ ပိုမိုပွင့်လင်းပြီး သည်းခံမှုရှိကြတဲ့ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်နဲ့အတူ ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နေတဲ့ မြန်မာပြည်သူလူထုအတွက် အမေရိကန်အစိုးရက အားပေးကူညီဖို့ ချမှတ်ထားတဲ့ သန္နိဋ္ဌာန်ကို ထင်ဟပ်ပါတယ်" ဟုအမေရိကန် သံအမတ်ကြီး မာစီရယ်က ပြောပါသည်။

"ကျွန်မတို့ရဲ့ရည်မှန်းချက်က မြန်မာနိုင်ငံရဲ့ ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းတွေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ ပိုမိုအားကောင်းလာစေဖို့ ဖြစ်ပါတယ်။ ဒါမှလည်း နိုင်ငံရဲ့ ဒီမိုကရေစနစ်နဲ့ စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းတွေမှာ နောက်ထပ် ပြည်သူများစွာ ဒီထက်ပိုပြီး ပါဝင်နိုင်ဖို့အခွင့်အလမ်းတွေ ရကြမှာဖြစ်ပါတယ်" ဟု အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ၏ ဌာနေညွှန်ကြားရေးမှူး ထရီဆာမက်ဂီက ပြောပါသည်။

### မတ် ၆ ရက်

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မာစီရယ်နှင့် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီဌာနေညွှန်ကြားရေးမှူး ထရီဆာမက်ဂီတို့သည် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးတွင် ပါဝင်ပံ့ပိုးနေသော အမျိုးသမီးများအတွက် ဂုဏ်ပြုဆင်နွှဲခြင်း အခမ်းအနားတစ်ခုကို 'ငြိမ်းချမ်းရေးတွင် ပါဝင်ပံ့ပိုးပေးနေသော အမျိုးသမီးများ' ပုံကားချပ်များ စီမံကိန်းအကြောင်း ရှင်းလင်း တင်ပြ

ခြင်းဖြင့် မတ်လ ၆ ရက်က မီလီယာဟိုတယ်တွင် ကျင်းပခဲ့ပါသည်။ ငြိမ်းချမ်းရေးတွင် အမျိုးသမီးများ အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်ပံ့ပိုးပေးခြင်းဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ခုသည် ရေရှည် တည်တံ့သော ငြိမ်းချမ်းရေးကို ပိုမို ဦးတည်စေသည့်အကြောင်း လေ့လာချက်များက ဖော်ပြကြ ပါသည်။ ဤ ပုံကားချပ်များတွင် အဖွဲ့အစည်း ၃၈၀ ကျော် ပါဝင်ကာ အမျိုးသမီးများ၏ ကျွမ်းကျင်ရာ နယ်ပယ်များကိုလည်း ဖော်ပြထားပြီး အမျိုးသမီးများပါဝင်သော ငြိမ်းချမ်းရေးနှင့် ဆက်နွယ်သည့် လှုပ်ရှားဆောင်ရွက်မှုများတွင် ရှေ့ဆက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် ခြေလှမ်းများကို လည်း ပံ့ပိုးပေးထားပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ကြိုးပမ်း အားထုတ်မှု ပိုမို အားကောင်းစေရေး ဆောင်ရွက်ရာတွင် အမျိုးသမီးများ ပါဝင်လာစေရေးအတွက် ဤပုံကားချပ်များတွင် ပါရှိသော အချက်အလက်များကို အသုံးပြုရန် ငြိမ်းချမ်းရေးတွင် ပါဝင် ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များကို သံအမတ်ကြီးမာစီရယ်က တိုက်တွန်းပြောကြားခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု အားလုံးတွင် အမျိုးသမီး ၆၇၀ ဦးသည် ငြိမ်းချမ်းရေးတွင် ပါဝင်ပံ့ပိုးပေးလျက်ရှိကြောင်း အမေရိကန် နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီ၏ ကမ်းလက်အစီအစဉ် နှင့် Nonviolent Peaceforce တို့ ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းအရ သိရှိရပါသည်။ "ဒီပုံ ကားချပ်တွေဟာ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အမျိုးသမီးတွေရဲ့ ပူးပေါင်းပါဝင်မှု ဆိုတာထက် ပိုပြီး အထောက်အကူပြုပါတယ်။ စီးပွားရေးနဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ရှေ့ဆက်ဖော်ဆောင်ရာမှာ အမြင်ရှုထောင့်အားလုံးကနေ အမျိုးသမီးတွေ ပါဝင်နိုင်ဖို့ အထောက်အကူပစ္စည်းတစ်ခုလည်း ဖြစ်ပါတယ်" ဟု ထရီဆာမက်ဂီက ပြောပါသည်။

## မေ ၁ ရက်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးအတွင်းဝန် ဒေးဗစ်ဟေးလ်သည် ၎င်း၏ အင်ဒို-ပစိဖိတ်ဒေသသို့ ပထမဆုံးခရီးစဉ်၏ အစိတ်အပိုင်းအဖြစ် မေလ ၁ ရက်မှ မေလ ၃ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။ ၎င်း၏ ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူး ပြောင်းရေးတွင် အမေရိကန်ပြည်ထောင်စု၏ ဆက်လက်ပံ့ပိုးကူညီမှု၊ ပဋိပက္ခများအဆုံးသတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း ဆိုးရွားလှသည့် လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာနှင့် လူ့အခွင့်အရေးအကျပ်အတည်းများကို ဖြေရှင်းရန် မြန်မာအစိုးရ၊ အရပ်ဘက်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ဒေးဗစ်ဟေးလ်သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ ပြီး မြန်မာနိုင်ငံနှင့် ဆက်ဆံရေးတွင် လက်ရှိဖြစ်ပေါ်နေသော စိန်ခေါ်မှုများ၊ မြန်မာပြည်တွင်းရှိ စိန် ခေါ်မှုများနှင့် ရှေ့ဆက်သွားမည့် နည်းလမ်းများအကြောင်း ဆွေးနွေးခဲ့ပါသည်။ ရန်ကုန်တွင် တက်ကြွလှုပ်ရှားသူများ၊ သံတမန်များနှင့် တခြားသူများနှင့် တွေ့ဆုံခဲ့ပါသည်။ ထို့အပြင် ရခိုင်ပြည် နယ်ကို သွားရောက်ခဲ့ပြီး ရိုဟင်ဂျာအသိုင်းအဝန်းမှ ကိုယ်စားလှယ်များနှင့် လူသားချင်းစာနာထောက် ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းတွေအပါအဝင် အစိုးရ၊ ရပ်ရွာခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ ပါသည်။

ရခိုင်ပြည်နယ်နှင့် အခြားပဋိပက္ခဇုန်များဖြစ်သည့် ကချင်နှင့် ရှမ်းပြည်နယ်ရှိ စစ်ဘေးရှောင် ပြည်သူများအား လူသားချင်းစာနာမှုအကူအညီများ တိုးမြှင့်ပေးအပ်ရန် အစိုးရကို တိုက်တွန်းခဲ့ ပါသည်။ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းရေးရယူရန်နှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရန် အင်အားစုအားလုံးကို တောင်းဆိုခဲ့သည်။

### မေ ၃ ရက်

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးအတွင်းဝန် ဒေးဗစ်ဟေးလ်အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းရေးအတွက် မြန်မာနိုင်ငံ၏ လတ်တလော ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် အမေရိကန်မှ အကူအညီပေးအပ်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

### မေ ၃၁ ရက်

ဖက်ဒရယ်စနစ်အကြောင်း ဆွေးနွေးနီးနှောဖလှယ်ပွဲကို မေ ၃၀ မှ ဇွန် ၁ ရက်အထိ အမေရိကန်စင်တာ ရန်ကုန်တွင် အမေရိကန်သံရုံးက ကျင်းပပေးခဲ့ပါသည်။ အဆိုပါ ဆွေးနွေးနီးနှောဖလှယ်ပွဲသည် စတုတ္ထအကြိမ်ဖြစ်ပြီး အစိုးရ၊ စစ်တပ်၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် အရပ်ဘက်အဖွဲ့အစည်းတို့ အတူတကွတွေ့ဆုံ၍ ဖက်ဒရယ်စနစ်အကြောင်း စူးစမ်းလေ့လာ ဆွေးနွေးနီးနှောကြသည့် ဖိုရမ်တစ်ခု ဖြစ်ပါသည်။ အမေရိကန်သံရုံးက ပံ့ပိုးကူညီသော ဖက်ဒရယ်စနစ်အကြောင်း ဆွေးနွေးနီးနှောဖလှယ်ပွဲ သုံးကြိမ်ကို ၂၀၁၇ နှင့် ၂၀၁၈ အတွင်းက နေပြည်တော်တွင် လည်းကောင်း၊ မန္တလေးတွင် ၂၀၁၉ ဖေဖော်ဝါရီလက လည်းကောင်း အသီးသီးကျင်းပခဲ့ပြီးဖြစ်ပါသည်။ အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီကလည်း မြန်မာနိုင်ငံအတွင်း လက်တွေ့ကျကျဖြစ်နိုင်သော ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံတစ်ဝန်းမှ လူပေါင်း ၅၀၀၀ နီးပါးအတွက် ပညာပေးရာတွင် အသုံးပြုရန်နှင့် သင်တန်းများပေးအပ်ရန်အတွက် ကူညီပံ့ပိုးမှုကို အင်န်ဂျီအိုအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

## ရက်စွဲမှတ်တမ်း-၂၀၂၀

### ဇွန် ၂၇ ရက်

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာအနီးတွင် မြန်မာစစ်တပ်၏ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး အစီရင်ခံစာများနှင့် ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် ချင်းပြည်နယ်တောင်ပိုင်းတို့တွင် လူသားချင်းစာနာထောက်ထားမှုနှင့် လုံခြုံရေးအခြေအနေများ ပိုမိုဆိုးရွားလာသည့်အတွက် စိုးရိမ်ကြောင်း အမေရိကန်သံရုံးက ဩစတြေးလျ၊ ကနေဒါ၊ ယူနိုက်တက်ကင်းဒမ်းသံရုံးတို့နှင့် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဖြစ်ပွားနေသော ပဋိပက္ခများ၏ အကျိုးဆက်ကို အရပ်သားများက ဆက်လက်ခံနေကြရကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများအကြား တွေ့ဆုံဆွေးနွေးရေးသည် အရေးတကြီး လိုအပ်နေကြောင်း အဆိုပါ ပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

## အောက်တိုဘာ ၂၇ ရက်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာအတွင်းဝန် ဒေးဗစ်ဟေးလ်သည် မြန်မာနိုင်ငံ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ယနေ့ ဖုန်းဆက်စကားပြောဆို၍ မြန်မာနိုင်ငံအတွင်း ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲမှု၊ လူသားချင်းစာနာမှုဆိုင်ရာ ကယ်ဆယ်ရေး ကြိုးပမ်းအားထုတ်နေမှု၊ နိုဝင်ဘာလအတွင်း ကျင်းပမည့် အများလက်ခံယုံကြည်၍ ပွင့်လင်း မြင်သာမှုရှိသော အားလုံးပါဝင်သည့် ရွေးကောက်ပွဲအတွက် အမေရိကန်က ထောက်ခံအားပေး နေမှုကို ထပ်လောင်းအတည်ပြု ပြောကြားခဲ့ပါသည်။ နိုင်ငံတစ်ဝန်း ပဋိပက္ခများ အဆုံးသတ်ရေးနှင့် ရိုဟင်ဂျာ၊ အခြားဒုက္ခသည်များနှင့် ပြည်တွင်း နေရပ်စွန့်ခွာထွက်ပြေးနေရသူများ ၎င်းတို့၏ သဘော ဆန္ဒအလျောက် လုံလုံခြုံခြုံ၊ ဂုဏ်သိက္ခာရှိစွာဖြင့် ပြန်လာနိုင်ရေးအတွက်လည်း မြန်မာအစိုးရအား အတွင်းဝန် ဒေးဗစ်ဟေးလ်က တိုက်တွန်းပြောကြားခဲ့ပါသည်။

## ဒီဇင်ဘာ ၁၇ ရက်

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E. Mr. Stephen E. Biegun အား တယ်လီကွန်ဖရင့်ဖြင့် လက်ခံဆွေးနွေးခဲ့သည်။ ယင်းသို့ ဆွေးနွေးရာတွင် အမေရိကန်နိုင်ငံခြားရေး ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် မကြာမီက ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် လာမည့် မြန်မာအစိုးရ သစ်သက်တမ်းတွင်လည်း အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူး ပြောင်းရေးလုပ်ငန်းစဉ်များတွင် ဆက်လက် ထောက်ခံသွားမည်ဖြစ်ကြောင်းကို ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အမေရိကန်နိုင်ငံခြားရေး ဒုတိယဝန်ကြီးတို့သည် ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာ-အမေရိကန် မိတ်ဖက်ဆက်ဆံရေးယန္တရားကို သင့်လျော်သည့် အချိန်တွင် ပြန်လည်စတင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏ Covid-19 ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ် များတွင် အမေရိကန်မှ အကူအညီပေးအပ်နေမှု အခြေအနေ၊ အမေရိကန်စီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်သွားရန်ကိစ္စ၊ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီးသစ် Mr. Thomas L. Vajda မကြာမီ လာရောက်တာဝန်ထမ်းဆောင်မည့်ကိစ္စနှင့် ရခိုင်ပြည်နယ်ကိစ္စအား ဖြေရှင်းရာတွင် ငြိမ်းချမ်းပြီး ရေရှည်တည်တံ့မည့် နည်းလမ်းအား ရှာဖွေသွားရန်နှင့် ရခိုင်ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နေရပ်စွန့်ခွာသွားသူများအတွက် ပတ်ဝန်းကျင် ကောင်း ဖန်တီးရေးကိစ္စများတွင် မြန်မာ-အမေရိကန်နှစ်နိုင်ငံအကြား အပြုသဘော ပူးပေါင်းဆောင် ရွက်မှုများ ပြုလုပ်သွားနိုင်မည့်ကိစ္စ စသည်တို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

| | | |
|---|---|---|
| **Aus Aid**<br><br>https://bit.ly/3K5tHKD | **The Australian Government's development policy Australian Aid:**<br><br>ဩစတြေးလျအစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့်အညီ အကူအညီပေးသည့် အစီအစဉ်ဖြစ်ပါသည်။ ဆင်းရဲမွဲတေမှုလျှော့ချပြီး ဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံတည်ငြိမ်မှုနဲ့ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရန် အစရှိသည့် ကဏ္ဍများတွင် ထိထိရောက်ရောက် အကူအညီပေးနိုင်ရန်ဖြစ်ပါသည်။ | |
| **USAID**<br><br>https://www.usaid.gov/ | **USAID:** When the **United States Agency for International Development (USAID)**<br><br>USAID objective is to support partners to become self-reliant and capable of leading their own development journeys. We make progress toward this by reducing the reach of conflict, preventing the spread of pandemic disease, and counteracting the drivers of violence, instability, transnational crime and other security threats. We promote American prosperity through investments that expand markets for U.S. exports; create a level playing field for U.S. businesses; and support more stable, resilient, and democratic societies. We stand with people when disaster strikes or crisis emerges as the world leader in humanitarian assistance.<br><br>**USAID:** ရည်ရွယ်ချက်မှာ မိတ်ဖက်များ ကိုယ်ပိုင်ရပ်တည်ပြီး ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ဦးဆောင်နိုင်သည်အထိ ကူညီပံ့ပိုးပေးရန်ဖြစ်သည်။ ထို့အပြင် ပဋိပက္ခများကို လျှော့ချခြင်း၊ ကူးစက်ရောဂါပြန့်ပွားမှုကို ကာကွယ်ခြင်း၊ အကြမ်းဖက်မှု၊ မတည်ငြိမ်မှုများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် အခြားသောလုံခြုံရေးခြိမ်းခြောက်မှု အစရှိသည်များကို တုံ့ပြန်အရေးယူလုပ်ဆောင်ခြင်းလည်း ရှိပါသည်။ တည်ငြိမ်ပြီး ခံနိုင်ရည်ရှိတဲ့ ဒီမိုကရေစီ လူ့အဖွဲ့အစည်းဖြစ်ရန်အတွက်လည်း ပံ့ပိုးကူညီပေးပါသည်။ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ သို့မဟုတ် အကျပ်အတည်းများ ကြုံရတဲ့အခါတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကိုလည်း ပံ့ပိုးကူညီပေးပါသည်။ | |

| | | |
|---|---|---|
| **UK Aid**<br><br>https://www.ukaiddirect.org/ | **UK Aid Direct** is a £150 million programme which has changed the lives of over *9.5 million of the world's poorest people with UK aid from the UK Government.<br><br>The Global Goals have set out the urgency to improve basic services, like education, sanitation and affordable energy.<br><br>For example, by training health workers and teachers, providing technology and solar panels in schools, and offering health care such as maternal and neonatal care and cancer support.<br><br>**UK Aid:** UK အစိုးရရဲ့အကူအညီဖြင့် ကမ္ဘာ့အဆင်းရဲဆုံး လူပေါင်း (၉.၅) သန်းကျော်၏ ဘဝများကို ပြောင်းလဲပေးသည့် ပေါင် သန်း (၁၅၀) တန် ပရိုဂရမ်ဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်မှာ ပညာရေး၊ စွမ်းအင်နှင့် အခြေခံဝန်ဆောင်မှုများကို မြှင့်တင်ရန် စသည်တို့ဖြစ်သည်။ ဥပမာအားဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာများကို လေ့ကျင့်သင်ကြားပေးခြင်း၊ ကျောင်းများတွင် နည်းပညာနှင့် ဆိုလာပြားများ ပံ့ပိုးပေးခြင်း၊ မိခင်နှင့် မွေးကင်းစကလေးစောင့်ရှောက်မှု၊ ကင်ဆာရောဂါဆိုင်ရာ ပံ့ပိုးမှုလိုမျိုး ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း စသည် တို့ဖြစ်ပါသည်။ | UKaid<br>from the British people |
| **EU Aid**<br><br>https://bit.ly/3hlrLkl | **EU Aid:** Whenever there is a disaster or humanitarian emergency, the EU provides assistance for the affected countries and populations.<br><br>In line with the four principles grounded in International Humanitarian Law, EU humanitarian aid:<br><br>The EU Civil Protection and Humanitarian Aid Operations department has been provid- | EUROPEAID |
| | ing assistance to people in need since 1992. Its annual humanitarian budget is just over €1 billion, and helps millions of people across the globe each year. | |

| | | |
|---|---|---|
| | **EU Aid:** ဘေးအန္တရာယ် သို့မဟုတ် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အရေးပေါ် အခြေအနေများ ကြုံလာတိုင်း အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဥပဒေပါ အခြေခံမှု (၄)ချက်နှင့်အညီ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအကူအညီတွေပေးပါသည်။ EU အရပ်ဘက်ကာကွယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးဌာနသည် (၁၉၉၂) ခုနှစ်ကတည်းက လိုအပ်နေသူတွေကို အကူအညီတွေ ပေးလျက်ရှိပါတယ်။ EU Aid ၏ နှစ်စဉ် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဘတ်ဂျက်သည် ယူရို (၁) ဘီလီယံကျော်ရှိပြီး နှစ်စဉ် ကမ္ဘာတစ်ဝှမ်းက သန်းချီသည့်လူများကို ကူညီပေးလျက်ရှိပါသည်။ | |
| **DRC**<br><br>https://drc.ngo/ | **The Danish Refugee Council (DRC)** is a private humanitarian organisation, founded in 1956. DRC is an umbrella organisation, including member organisations and volunteer groups. National or humanitarian organisations are eligible for the Danish Refugee Council. However, all member organisations must be non-political.<br><br>As a private humanitarian organisation, DRC's work covers all aspects of refugee issues based on humanitarian principles and human rights. Our overarching mission is to assist and protect refugees and to empower them towards a better future.<br><br>We strive to provide sustainable solutions for refugees, displaced people and host communities coupled with the objective of enabling those we assist to live dignified lives. | DRC DANISH REFUGEE COUNCIL |

| | | |
|---|---|---|
| | **The Danish Refugee Council (DRC):** ဒိန်းမတ်ဒုက္ခသည်များဆိုင်ရာကောင်စီ(DRC) သည် (၁၉၅၆)ခုနှစ်မှာ စတင်တည်ထောင်ခဲ့သည့် ပုဂ္ဂလိက လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ပြည်တွင်းအဖွဲ့အစည်းသို့မဟုတ် လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများသည်ဒိန်းမတ်ဒုက္ခသည်များဆိုင်ရာကောင်စီ၏ အထောက်အပံ့အတွက် အရည်အချင်း ပြည့်မီပါသည်။ သို့သော်လည်း အဖွဲ့ဝင် အဖွဲ့အစည်း အားလုံးသည် နိုင်ငံရေးနှင့်ကင်းရှင်းရပါမည်။ ပုဂ္ဂလိက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုအနေဖြင့် DRCသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများနှင့် လူ့အခွင့်အရေးများကိုအခြေခံပြီးဒုက္ခသည်ဆိုင်ရာ ပြဿနာများအားလုံးကို ကူညီဆောင်ရွက်ပေးပါသည်။ DRC ၏ အဓိကတာဝန်မှာ ဒုက္ခသည်များကို ကူညီကာကွယ်စောင့်ရှောက်ဖို့နှင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ဆီ အရောက်လှမ်းနိုင်ဖို့ဖြစ်ပါသည်။ ဒုက္ခသည်များ၊ အိုးမဲ့အိမ်မဲ့များ၊ ရွှေ့ပြောင်းနေထိုင်ရသူများနှင့် ၎င်းတို့ကိုလက်ခံကူညီပေးနေသူများအတွက် ရေရှည်ကူညီပံ့ပိုးပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ | |
| **FHI 360**<br><br>https://www.fhi360.org/ | **FHI 360:** is an international nonprofit working to improve the health and well-being of people in the United States and around the world.<br><br>We partner with governments, the private sector and civil society to bring about positive social change and to provide lifesaving health care, quality education and opportunities for meaningful economic participation. We do this by using research and evidence to design and deliver innovative programs that change behaviors, increase access to services and improve lives. | |

| | | |
|---|---|---|
| | **FHI 360:** အမေရိကန်ပြည်ထောင်စုနှင့် ကမ္ဘာတဝှမ်းကလူများ၏ ကျန်းမာရေးနှင့် သုခချမ်းသာကိုမြှင့်တင်ရန် အကျိုးအမြတ်မယူပဲ လုပ်ဆောင်နေသည့်အဖွဲ့အစည်းဖြစ်ပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အပြုသဘောဆောင်သည့် လူမှုရေးပြောင်းလဲမှုကိုဆောင်ကြဉ်းပေးရန်၊ အရည်အသွေးပြည့်ဝသည့် ပညာရေးနှင့် အဓိပ္ပာယ်ပြည့်ဝသည့် စီးပွားရေးပါဝင်မှုတွေအတွက် အခွင့်အလမ်းတွေပေးအပ်ရန်အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါသည်။ | |
| **DFID**<br><br>https://bit.ly/2G4uOKT | The **Department for International Development (DFID)**:is a United Kingdom government department responsible for administering overseas aid. The goal of the department is "to promote sustainable development and eliminate world poverty". DFID is headed by the United Kingdom's Secretary of State for International Development.<br><br>**The Department for International Development (DFID):** နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဌာန (DFID) သည် နိုင်ငံရပ်ခြားအကူအညီများကို စီမံခန့်ခွဲကြီးကြပ်ရန်အတွက် စီစဉ်ဖွဲ့စည်းထားသည့် ဗြိတိန်အစိုးရ၏ဌာနတစ်ခုဖြစ်ပါသည်။ DFID ၏ ရည်မှန်းချက်မှာ "စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့ဆင်းရဲမွဲတေမှု ပပျောက်ရေး" ဖြစ်ပါသည်။ DFID ကို အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက ဦးဆောင်ပါသည်။ | |
| **IMS**<br><br>https://bit.ly/2KiHfZ7 | IMS is the biggest media development organisation in the Nordic region. We work in more than 30 countries across four continents promoting press freedom, good journalism and safety for journalists.<br><br>နိုင်ငံတကာမီဒီယာ ကူညီထောက်ပံ့ရေးအဖွဲ့သည် Nordic ဒေသရှိ အကြီးမားဆုံး မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းဖြစ်ပါသည်။Nordic ဒေသလို့ဆိုတဲ့အခါမှာ ဒိန်းမတ်၊ နော်ဝေး၊ ဆွီဒင်၊ ဖင်လန်၊ အိုက်စ်လန်းန်၊ ဖာရိုးကျွန်းစု၊ ဂရင်းလန်းန်နဲ့ Åland ကျွန်းစုတို့ပါဝင်ပါသည်။ IMS သည် သတင်းမီဒီယာ | |

| | | |
|---|---|---|
| | လွတ်လပ်ခွင့်၊ အဆင့်မြင့် သတင်းစာပညာနှင့် သတင်းသမားတွေအတွက်ဘေးကင်းလုံခြုံမှုကို မြှင့်တင်ပေးရန် ကမ္ဘာ့တိုက်ကြီး (၄) ခုက နိုင်ငံပေါင်း (၃၀) ကျော်တွင် လုပ်ဆောင်နေပါသည်။ | |
| **Internews**<br><br>https://bit.ly/2FZndgX | Internews empowers people worldwide with the trustworthy, high-quality news and information they need to make informed decisions, participate in their communities, and hold power to account. Our vision is to unleash human potential everywhere by turning on the bright light of information.<br><br>Internews သည် သတင်းသမားများနှင့် ဒစ်ဂျစ်တယ်အခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူများကို လေ့ကျင့်ပေးခြင်း၊ မဟုတ်မမှန်သတင်းတွေကို ကိုင်တွယ်ဖြေရှင်းရန်နှင့် မီဒီယာများ ငွေကြေးအရ ရေရှည် တည်တံ့နိုင်ဖို့အတွက် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှုတွေကို ကမ်းလှမ်းပြီး ကူညီပံ့ပိုးလုပ်ဆောင်ပေးပါသည်။ အကောင်အထည်ဖော် လုပ်ဆောင်ရာတွင်လည်း ဒေသဆိုင်ရာ အသိုင်းအဝိုင်းများနှင့်ပူးပေါင်းပြီးတော့ လုပ်ဆောင်ပါသည်။ နိုင်ငံပေါင်း (၁၀၀) မှ အမှီအခိုကင်းသည့် မီဒီယာများ၊ ဒုက္ခသည်စခန်းများမှ ရေဒီယိုအသံလွှင့်ဌာနများ၊ ဒေသဆိုင်ရာ သတင်းဌာနများနှင့် သတင်းထောက်တစ်ဦးချင်းစီအထိ ပံ့ပိုးပေးပါသည်။ | Internews |
| **Japan JICA**<br><br>https://bit.ly/2Z110b1 | The Japan International Cooperation Agency (JICA) is advancing its activities around the pillars of a field-oriented approach, human security, and enhanced effectiveness, | JICA Japan International Cooperation Agency |
| | efficiency, and speed.<br><br>ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) သည် လူသားတစ်ခုလုံး၏ လုံခြုံရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုတို့ကို ဦးတည်ချဉ်းကပ်ပြီး ထိရောက်မှုရှိရှိနဲ့ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။ JICA သည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပဋိညာဉ် စာတမ်းနှင့်အညီ လူသားလုံခြုံရေးနှင့် အရည်အသွေးတိုးတက်မှုအတွက် လုပ်ဆောင်သွားမှာဖြစ်ပါသည်။ | |

| | | |
|---|---|---|
| **JPF**<br><br>https://bit.ly/2KiN9cE | မြန်မာနိုင်ငံတွင် ပြည်တွင်း၌ တာဝန်ယူဆောင်ရွက်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပံ့ပိုးရာတွင် နိုင်ငံတကာအထောက်အပံ့များအနေဖြင့် ပိုမိုထိရောက်အကျိုးရှိစေရန် အလှူရှင်များနှင့် သံတမန်များမှ ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေ (Joint Peace Fund- JPF) ကို တည်ထောင်ခဲ့ပါသည်။<br><br>JPF အနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပြည်တွင်း၌ တာဝန်ယူဆောင်ရွက်မှုကို ပံ့ပိုးပါသည်။ ပြည်တွင်း၌တာဝန်ယူဆောင်ရွက်မှုဟု ဆိုရာတွင်အစိုးရ၏ ဦးဆောင်ဦးရွက်ပြုမှု၊ အစိုးရအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ရှိ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများပါ ပါဝင်ရန် လိုအပ်ကြောင်းကို JPF အနေဖြင့် သိမြင်နားလည်ပါသည်။ | |
| **KPSN**<br><br>https://www.karenpeace.org/ | KPSN is the largest Karen civil society network consisting of 30 organizations in Burma and Thailand. Its members have been providing support for vulnerable people and communities in this conflict-torn region for decades, striving to empower local communities, building transparent and accountable institutions, and helping to create a sustainable and equitable peace in Burma.<br><br>KPSN သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံက အဖွဲ့အစည်းပေါင်း (၃၀) ပါဝင်သည့် အကြီးဆုံး ကရင်လူမှုအဖွဲ့အစည်းကွန်ရက် ဖြစ်ပါသည်။ KPSN ၏ အဖွဲ့ဝင်များသည် ပဋိပက္ခဒဏ်သင့်နေသည့် ဒေသများတွင်ရှိသော ထိခိုက်လွယ်သူများနှင့် လူမှုအသိုက်အဝန်းတွေအတွက် ဆယ်စုနှစ်များစွာကြာ ပံ့ပိုးကူညီမှုများ ပေးလျက်ရှိပါတယ်။ ထို့အပြင် ဒေသခံပြည်သူလူထုများ၏ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများရရှိရန်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိသည့် အဖွဲ့အစည်းများကိုတည်ဆောက်ပြီး မြန်မာနိုင်ငံမှာ ရေရှည်တည်တံ့ပြီး မျှတသည့်ငြိမ်းချမ်းရေးကို ဖန်တီးပေးနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ အဓိကရည်မှန်းချက်မှာ စစ်မှန်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး၊ လူမှုရေးနဲ့နိုင်ငံရေး တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် ဖက်ဒရယ်ဒီမိုကရေစီကို ထူထောင်ရေး ဖြစ်ပါသည်။ | |

| | | |
|---|---|---|
| **NPA**<br><br>https://www.npaid.org/ | **Norwegian People's Aid** is a politically independent organization. Norwegian People's Aid maintains an independent standpoint in relation to its work tasks which, at any given time, are laid down in the organization's principles programmed.<br><br>Norwegian People's Aid သည် နော်ဝေနှင့် ကမ္ဘာ တဝှမ်းရှိ နိုင်ငံပေါင်း (၃၀) ကျော်မှ အဖွဲ့ဝင်များကို | |
| | အခြေပြုထားသည့် နိုင်ငံရေးအရ အမှီအခိုကင်း သည်အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ (၁၉၃၉) ခုနှစ် တွင် အလုပ်သမားလှုပ်ရှားမှု၏ လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ သွေးစည်းညီညွတ်ရေး အဖွဲ့ အစည်းအဖြစ် Norwegian People's Aid ကို တည် ထောင်ခဲ့ပြီး ပြည်သူများ၏လူနေမှုဘဝများကို မြှင့် တင်ရန်နှင့် ဒီမိုကရေစီ၊ တရားမျှတပြီး လုံခြုံသော လူ့အဖွဲ့အစည်းကိုဖန်တီးရန် ရည်ရွယ်ပါသည်။ Norwegian People's Aid ရဲ့ နိုင်ငံတကာ လုပ် ဆောင်မှုအနေဖြင့် မိုင်းလှုပ်ရှားမှုနဲ့ လက်နက်ဖျက် သိမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက် ထားမှုဆိုင်ရာကယ်ဆယ်ရေးအကူအညီများ စသည့် အဓိကနယ်ပယ် (၃) ရပ် ပါဝင်ပါသည်။ | |
| **Nyein (Shalom) Foundation**<br><br>https://bit.ly/36OhJGQ | The non-governmental organization Nyein (Shalom) Foundation was established by Reverend Dr. Saboi Jum. Nyein (Shalom) Foundation's Advisory Board and Working Committee are composed of community and religious leaders from different ethnic races. "Friends of Shalom " has also been informal established with members from the international community, where they play an important role in advising and evaluating the activities of the foundation helping with international support and networking.<br><br>The foundation is officially registered with the Ministry of Home Affairs as a local NGO. The foundation has two offices at present, main office in Myitkyina, Kachin State and head office in Yangon and four states | |

| | | |
|---|---|---|
| | coordinating offices: Kayin, Kayah, Chin and Mon with a total 150 staff members. Nyein (Shalom) Foundation also runs the multi-purpose Peace Center at 11th Mile Nawng Nang, Myitkyina, Kachin State, funded by the Grassroots Grants Assistance Scheme of the people and government of Japan.<br><br>ငြိမ်းဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံရှိ လူသားအားလုံးအတွက် ငြိမ်းချမ်းပြီး တရားမျှတသော လူ့အဖွဲ့အစည်းတစ်ရပ်ကို မျှော်မှန်းထားပါသည်။ လွတ်လပ်ရေးရပြီးခေတ်တွင် ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်ရေး၊ ညှိနှိုင်း ဖျန်ဖြေရေးအပါအဝင် မြန်မာပြည်သူပြည်သားများအတွက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းလျက်ရှိသည်။ ငြိမ်းဖောင်ဒေးရှင်းသည် အစိုးရနှင့် တိုင်းရင်းသားအဖွဲ့များကြား အပြုသဘောဆောင်သော ဆွေးနွေးမှုများပြုလုပ်နိုင်ရန် နေရာများ ဖန်တီးထားသည်။ ထို့အပြင် ငြိမ်းချမ်းရေး ပညာပေးအစီအစဉ်များအတွက် တိုင်းရင်းသား ခေါင်းဆောင်များနှင့် အခြေခံလူတန်းစားများကို အာရုံစိုက်ထားသည်။ တရားမျှတမှုရှိရေး၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ငြိမ်းချမ်းရေးဆိုင်ရာ လူမှုရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဒဏ်ရာကုစားခြင်း၊ ပဋိပက္ခစောင့်ကြည့်ခြင်းနှင့် ဥပဒေရေးရာ ပံ့ပိုးကူညီခြင်းများ ပါဝင်သည်။ ကချင်၊ ကယား၊ ချင်း၊ မွန်၊ ကရင်၊ ရှမ်းမြောက်နှင့် ရခိုင်ပြည်နယ်တို့တွင် လှုပ်ရှားလျက်ရှိသည်။ | |

| | | |
|---|---|---|
| **Pyidaungsu Institute**<br><br>https://pyidaungsuinstitute.org | **ပြည်ထောင်စု အင်စတီကျု (PI)** ကို တိုင်းရင်းသားအဖွဲ့အစည်းများနှင့် လူထုအခြေပြု အဖွဲ့အစည်းကိုယ်စားလှယ်များ၏ (၂၀၁၂) ဒီဇင်ဘာလတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အရ (၂၀၁၃) ဩဂုတ်လတွင်ထူထောင်ခဲ့ပါသည်။ ပြည်ထောင်စုအင်စတီကျု (PI) သည် တိုင်းရင်းသားအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အစိုးရနှင့် ဌာနဆိုင်ရာများ၊ သတင်းမီဒီယာနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းများ အပါအဝင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သည့် အဖွဲ့အစည်းများအားလုံးကို သုတေသနပိုင်းဆိုင်ရာ၊ သတင်းအချက်အလက် အရင်းအမြစ်ဆိုင်ရာနှင့် ကြားဝင်ညှိနှိုင်းရေးအတွက် နည်းပညာဆိုင်ရာ ကိစ္စရပ်တို့တွင် ကူညီထောက်ပံ့ပေးမည့် အဖွဲ့အစည်းဖြစ်သည်။ | |
| **The Asia Foundation**<br><br>https://asiafoundation.org/ | The Asia Foundation is a nonprofit international development organization committed to improving lives across a dynamic and developing Asia. Informed by six decades of experience and deep local expertise, our work across the region is focused on good governance, women's empowerment and gender equality, inclusive economic growth, environment, and climate action, and regional and international relations.<br><br>Headquartered in San Francisco, The Asia Foundation works through its network of offices in 18 Asia-Pacific countries and in Washington, DC. Working with public and private partners, the Foundation receives funding from a diverse group of bilateral and multilateral development agencies, foundations, corporations, and individuals.<br><br>အာရှဖောင်ဒေးရှင်းသည် တက်ကြွပြီး ဖွံ့ဖြိုးတိုးတက်ဆဲ အာရှတစ်ခွင်တွင် လူနေမှုဘဝများ မြှင့်တင်ရန် ကတိပြုထားသည့် အကျိုးအမြတ်မယူသော နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုနှင့် ကျား/မ တန်းတူညီမျှမှု၊ လူတန်းစား အားလုံးပါဝင်နိုင်သော စီးပွားရေးတိုးတက်မှု၊ ပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာ ဆောင်ရွက်မှု၊ ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးတို့ကို အာရုံစိုက်ထားပါသည်။ | |


| | | |
|---|---|---|
| **The Nippon Foundation**<br><br>https://bit.ly/2I8mMEA | **The Nippon Foundation** aims to achieve a society in which "all people support one another." This requires new public-private sector and private-private sector frameworks that transcend the conventional perspectives of citizens, companies, NGOs, governments, and international organizations.<br><br>နိပ္ပွန်ဖောင်ဒေးရှင်းကို (၁၉၆၂) ခုနှစ်တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ စတင်တည်ထောင်ခဲ့ပြီး ပုဂ္ဂလိက၊ အကျိုးအမြတ်မယူသော ထောက်ပံ့ငွေများ ပေးသည့်အဖွဲ့အစည်းဖြစ်သည်။ ဖောင်ဒေးရှင်း၏ ရည်မှန်းချက်မှာ ပြည်တွင်း/ပြည်ပ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အကူအညီပေးနိုင်ရန်ဖြစ်သည်။ လူသားချင်း စာနာထောက်ထားမှုနယ်ပယ်တွင် လူမှုဖူလုံရေး၊ ပြည်သူ့ကျန်းမာရေးနှင့်ပညာရေး စသည့်နယ်ပယ်များကို အဓိကအလေးထားဆောင်ရွက်သည်။ | |
| **UN**<br><br>https://bit.ly/2G0S9x8 | The **United Nations** is an international organization founded in 1945. It is currently made up of 193 Member States. The mission and work of the United Nations are guided by the purposes and principles contained in its founding Charter.<br><br>ကုလသမဂ္ဂသည် (၁၉၄၅) ခုနှစ်တွင် တည်ထောင်ခဲ့သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခု ဖြစ်သည်။ နိုင်ငံတကာ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့အတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၃) နိုင်ငံရှိပြီး အဖွဲ့ဌာနချုပ်ကို အမေရိကန်နိုင်ငံ၊ နယူး | |
| | ယောက်မြို့တွင် ဖွဲ့စည်းထားသည်။ ကုလသမဂ္ဂ၏ အဖွဲ့ဝင်ဖြစ်မှုသည် (၁၉၄၅) ခုနှစ်တွင် မူလအဖွဲ့ဝင် (၅၁) နိုင်ငံမှ လက်ရှိအဖွဲ့ဝင် (၁၉၃) နိုင်ငံအထိ တိုးလာခဲ့သည်။ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအားလုံးသည် အထွေထွေညီလာခံ၏အဖွဲ့ဝင်များဖြစ်သည်။ လုံခြုံရေးကောင်စီ၏အကြံပြုချက်နှင့် အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ဖြင့် နိုင်ငံများကို အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုပါသည်။ | |

| | | |
|---|---|---|
| **WB**<br><br>https://bit.ly/1i9Ea3R | The **World Bank** is a vital source of financial and technical assistance to developing countries around the world. We are not a bank in the ordinary sense but a unique partnership to reduce poverty and support development.<br><br>ကမ္ဘာ့ဘဏ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အခြေခံ အဆောက်အဦးများအတွက်ပိုက်ဆံချေးခြင်းနှင့်အခြား အကူအညီများပေးခြင်းအစရှိသည်တို့ကို ပြုလုပ်သော နိုင်ငံတကာဘဏ်ဖြစ်သည်။ ရည်ရွယ်ချက်မှာ ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်ရန်ဖြစ်သည်။ အဖွဲ့ဝင် နိုင်ငံပေါင်း (၁၈၉) နိုင်ငံ၊ နိုင်ငံပေါင်း (၁၇၀) ကျော်မှ ဝန်ထမ်းများနှင့်တည်နေရာပေါင်း (၁၃၀) ကျော်ရှိ ကမ္ဘာ့ဘဏ်အုပ်စုသည် တစ်မူထူးခြားသော ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည်။ | THE WORLD BANK<br>IBRD · IDA \| WORLD BANK GROUP |

# အဖွဲ့အစည်းများ
# အကြောင်း
# တစေ့တစောင်း

| | |
|---|---|
| ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ | (KIOKIA) |
| ကရင်နီအမျိုးသားတိုးတက်ရေးပါတီ | (KNPP/KA) |
| ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) | KNU/KNLA PC (KPC) |
| ကရင်အမျိုးသားအစည်းအရုံး | KNU/KNLA |
| ချင်းအမျိုးသားတပ်ဦး | (CNF/CNA) |
| တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်ဦး | (PSLF/TNLA) |
| ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် | Democratic Karen Benevolent Army (DKBA) |
| နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(ကပ်ပလန်) | (NSCN-K) |
| ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် | (PNLO) |
| မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်အဖွဲ့(ကိုးကန့်တပ်ဖွဲ့) | MNDAA |
| မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး | (ABSDF) |
| မွန်ပြည်သစ်ပါတီ | (NMSP) |
| ရခိုင်ပြည်အမျိုးသားကောင်စီ | (ANC/AA) |
| ရခိုင်ပြည်လွတ်မြောက်ရေးပါတီ | Arakan Liberation Party /Army– ALP/ALA |
| ရခိုင်အမျိုးသားအဖွဲ့ချုပ် | (ULA/AA) |
| လားဟူဒီမိုကရက်တစ်အစည်းအရုံး | (LDU) |
| ‘ဝ’ ပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ | (UWSP/UWSA) |
| ရှမ်းပြည်တိုးတက်ရေးပါတီ | (SSPP / SSA) |
| ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ | (RCSS / SSA) |
| အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေးအဖွဲ့ | NDAA/ESS |

## တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ (EAOs) ၏ အင်အားအခြေအနေ




ဖော်ပြပါအချက်အလက်များသည် သတင်းဌာန တစ်ခုချင်းစီမှ ထုတ်ပြန်သော အချက်အလက်များကို စိစစ်ပြီး ဖော်ပြထားခြင်းဖြစ်သကဲ့သို့ သက်ဆိုင်ရာ EAO တစ်ဖွဲ့ချင်းစီထံလည်း MPM သတင်းထောက်များမှတဆင့် လက်လှမ်းမီသမျှ ဆက်သွယ်အတည်ပြုချက် ရယူထားပါသည်။ မပြည့်စုံသည့် သတင်းအချက်အလက်များအား ချန်လှပ်ထားရသည့်အတွက် မြေပြင်အရေအတွက်နှင့် ကွဲလွဲမှု ရှိနိုင်ပါသည်။



| ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (KIO/KIA) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၅ ဖေဖော်ဝါရီ ၁၉၆၁ |
| ရုံးချုပ် | - | လိုင်ဇာ ၊ ကချင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - | ကချင်ပြည်နယ်တစ်ဝန်းလုံးနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများ |
| အင်အား | - | ၁၅၀၀၀ အထက် (တပ်မဟာ ၈ ခု) |
| ဥက္ကဋ္ဌ | - | ဗိုလ်ချုပ်ကြီးအင်ဘန်လ |
| ဒုဥက္ကဋ္ဌ | - | ဗိုလ်ချုပ်ကြီး ဂမ်ရှောင် |
| အထွေထွေအတွင်းရေးမှူး | - | ဆလန်ကဘာ ကွမ်ထပ်ထိန်နန် |

၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရယူထားသည့် KIO/KIA သည် ၂၀၁၀ ပြည့်နှစ်အလွန် ဦးသိန်းစိန်အစိုးရလက်ထက်မှသည် ယနေ့အချိန်အထိ တပ်မတော်နှင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ အားလုံးပါဝင်ရေးမူကို ကိုင်ဆွဲထားပြီး ဦးသိန်းစိန်အစိုးရ၏ NCA လက်မှတ်ထိုးရေး ကမ်းလှမ်းချက်ကို KIO က ငြင်းပယ်ခဲ့ပါသည်။ NCA ကြောင့် ပြိုပျက်သွားသည့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC) မှ နုတ်ထွက်ကာ UWSA ဦးဆောင်သည့် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့ဖြင့် စုစည်းထားသော FPNCC တွင် ပါဝင်လျက်ငြိမ်းချမ်းရေးနှင့်နိုင်ငံရေးဆိုင်ရာတွေ့ဆုံဆွေးနွေးမှုများကိုကြိုးပမ်းလျက်ရှိပါသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လ ၃၁ ရက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့တွင် KIO ဦးဆောင်သည့် မြောက်ပိုင်းမဟာမိတ် လေးဖွဲ့မှ ကိုယ်စားလှယ်များနှင့် အမျိုးသားပြည်လည်သင့်မြတ်ရေးနှင့် ငြိမ်းရေးဗဟိုဌာနမှ ကိုယ်စားလှယ်များ တွေ့ဆုံပြီး တိုက်ပွဲများ အမြန်ဆုံးရပ်တန့်ရေးနှင့် နှစ်ဖက်အပစ်ရပ်စဲရေး သဘောတူညီမှုရရှိရေးအတွက် ဆွေးနွေးခဲ့ကြသည်။ Bilateral Ceasefire Agreement လက်မှတ်ရေးထိုးပြီးမှသာ NCA အတွက် ဆက်လက်ဆွေးနွေးရန် သဘောတူညီမှု ရရှိခဲ့သည်။ ၂၀၂၀ ခုနှစ်အတွင်း တရုတ်သမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်အား KIO မှ ကြိုဆိုခဲ့ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

၂၀၂၀ ခုနှစ်အတွင်း COVID-19 ကာကွယ်နှိမ်နင်းရေးဆိုင်ရာလုပ်ငန်းများကို အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအတွက် တွေ့ဆုံဆွေးနွေးမှုများရှိပြီး အစိုးရ၏ COVID-19 ဆိုင်ရာ မူဝါဒတစ်ရပ်ဖြစ်သည့် နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်း မီးတင်းနေထိုင်သူ မည်သူ့ကိုမျှ ချန်လှပ်မထားရေးမူဝါဒအား ထောက်ရှုကာ ငြိမ်းချမ်းရေးဆိုင်ရာ ကြေညာချက်များ ထုတ်ပြန်ပေးရန် KIO မှ အကြံပြုတိုက်တွန်းခဲ့ပါသည်။ တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲကြောင်းကြေညာပေးရန်လည်း ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် KIO က တောင်းဆိုခဲ့ဖူးပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

ငြိမ်းချမ်းရေး၊ စေ့စပ်ဆွေးနွေးခြင်းများနှင့် အစည်းအဝေးများ

- ယခင် အပစ်အခတ်ရပ်စဲရေး-ဖေဖော်ဝါရီ ၂၄၊ ၁၉၉၄
- ပြည်ထောင်စုအဆင့် နှစ်ဘက်သဘောတူညီချက် (ပဋိပက္ခလျော့ချရေးအတွက်) -အောက်တိုဘာ ၁၀၊ ၂၀၁၃
- ပဋိပက္ခဖြေရှင်းရေး အဖွဲ့ (CRT) ကို ၂၀၁၃ ခုနှစ်သဘောတူညီချက်ရရှိပြီးနောက် ဖွဲ့စည်းခဲ့သည်။

## တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း

၂၀၁၉ - ၁၃၊
၂၀၂၀ - ၇၊
၂၀၂၁ - ၁၃၈၊
၂၀၂၂ (မတ်) - ၁၇။

## ပဋိပက္ခဖြေရှင်းရေး အဖွဲ့၏အဖွဲ့ဝင်များ

အစိုးရကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ဝင် (၅) ဦး

၁။ ဗိုလ်မှူးချုပ် အဇောထောင် (ခေါင်းဆောင်)
၂။ ဒုဗိုလ်မှူးကြီး နော်လီ
၃။ ဦးဒဲခ
၄။ ဦးလာရစ်
၅။ မင်ဇာဒဲလီယန်

## ဆက်ဆံရေးရုံး - နည်းပညာအကြံပေးရုံး

မြစ်ကြီးနား

## မဟာမိတ်များ

၂၀၀၉ မှ ၂၀၁၅ - ညီညွတ်သော
တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၊
တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးဆိုင်ရာ
ညှိနှိုင်းရေးအဖွဲ့၊ အကြီတန်းကိုယ်စားလှယ်အဖွဲ့၊
နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့
၂၀၀၇ မှ လက်ရှိ - ပြည်ထောင်စု နိုင်ငံရေး
ဆွေးနွေးညှိနှိုင်းရေး ကော်မတီ၊
မြောက်ပိုင်းမဟာမိတ်အဖွဲ့-ဗမာပြည်

## ဆက်သွယ်ရန်

ဝက်ဆိုဒ်: http://kachinnet.net
အီးမေးလ်: kachinnet.net@outlook.com



## ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP/KA)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၉၅၇ |
| ရုံးချုပ် | - | ညာမူ၊ ရှားတောမြို့နယ်၊ ကရင်နီ(ကယား)ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - | မော်ချီး၊ ဖားဆောင်း၊ လွိုင်ကော်၊ ရှားတော၊ ဟိုညာ(ဖရူဆို)၊ ဒေါ်တမကြီး (ဒီးမော့ဆို)၊ ကရင်နီ(ကယား)ပြည်နယ် |
| အင်အား | - | ၂၀၀၀ အထက် |
| ဥက္ကဋ္ဌ | - | အေဘယ်တွဒ် |
| ဒုဥက္ကဋ္ဌ | - | ခူဦးရာယ် |
| အတွင်းရေးမှူး - ၁ | - | ဦးအောင်ဆန်းမြင့် |

၁၉၉၅ ခုနှစ်တွင် တပ်မတော်အစိုးရနှင့် KNPP အကြား အပစ်ရပ်လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်းသုံးလအကြာတွင်နစ်ဖက်တိုက်ပွဲများပြန်လည်ဖြစ်ပွားကာ အပစ်ရပ်သဘောတူညီချက်လည်း ပျက်ပြယ်ခဲ့ရသည်။ ဦးသိန်းစိန် အစိုးရလက်ထက်တွင် UNFC နှင့်အတူ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတွင်း ပါဝင်ခဲ့ပြီး ၂၀၁၂ ခုနှစ် မတ်လနှင့် ဇွန်လများတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်ရပ်ရေး လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း ၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးချိန်တွင်တော့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အားလုံး ပါဝင်ရေးမူကို ကိုင်စွဲထားပြီး NCA လက်မှတ်ရေးထိုးရန် ငြင်းပယ်ခဲ့သည်။

သို့နှင့်တိုင် NCA အရ ဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်ရေးအတွက် အစိုးရနှင့် KNPP အကြား တွေ့ဆုံဆွေးနွေးမှုများ ရှိနေသည့်အပြင် COVID-19 ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် မြန်မာအစိုးရအပါဝင် နယ်မြေချင်းထိစပ်နေသော ထိုင်းအစိုးရတို့နှင့်ပါ ပူးပေါင်းဆောင်ရွက်သွားမည်ဟု KNPP က ၂၀၂၀ပြည့် နှစ် စက်တင်ဘာ ၃ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခအားလုံး ချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရေးအတွက် အစိုးရနှင့် တပ်မတော်တို့အနေဖြင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို ထုတ်ပြန်ရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အားလုံးပါဝင်မှုကို ဖော်ဆောင်ရန်နှင့် အပြန်အလှန် အသိအမှတ်ပြုခြင်း၊ တန်းတူရေးကို အခြေခံသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု အခင်းအကျင်းကို ဖော်ဆောင်ရန်ဆိုသည့် အချက် သုံးချက်ကို ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် KNPP က တောင်းဆိုထားပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

### ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးခြင်း

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၁၀) ခုမြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။
- အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (မတ် ၇, ၂၀၁၂)
- အဆင့် ၂ - ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဇွန် ၉, ၂၀၁၂)
- တရားဝင်ကိုယ်စားပြုအဖွဲ့ (အလုည့်ကျ)

## စစ်ဘက်ခေါင်းဆောင်များ

စစ်ဦးစီးချုပ် - ဗိုလ်ချုပ် ဘီထူး
ဒုစစ်ဦးစီးချုပ် - ဗိုလ်ချုပ်အောင်မြတ်
စစ်ရေးချုပ် - ဗိုလ်မှူးကြီး ဘုန်းနိုင်

## ဆက်ဆံရေးရုံးများ

၁။ လွိုင်ကော် (၂၅-၇-၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်)
၂။ ရှားတော (၁-၈-၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်)

## မဟာမိတ်များ

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့။

## ဆက်သွယ်ရန်

ဝက်ဆိုဒ်: https://www/khpphq.org/
အီးမေးလ်: knpphq2013@gmail.com

## ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)

## KNLA (Peace Council) - (KPC)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၁ ဖေဖော်ဝါရီ ၂၀၀၇ |
| ရုံးချုပ် | - | ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - | ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ် |
| | | ကရင်ပြည်နယ် |
| အင်အား | - | ၅၀၀ အထက် |
| ဥက္ကဋ္ဌ | - | ဗိုလ်ချုပ်ကြီးစောထော့လေး |
| အထွေထွေအတွင်းရေးမှူးချုပ် | - | ဒေါက်တာနော်ကပေါ်ထူး |

ကရင်အမျိုးသားအစည်းအရုံး (KNU) ဗဟို၏ ခွင့်ပြုချက်မရဘဲ စစ်အစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးခဲ့သည့်အတွက် KNU ဗဟိုမှ ထုတ်ပယ်ခြင်းခံရပြီးနောက် ဗိုလ်မှူးချုပ်စောထိန်မောင် ဦးဆောင်ပြီး KNU/KNLA PC (KPC) ကို ဖွဲ့စည်းကာ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ လဆန်းပိုင်းတွင် စစ်အစိုးရနှင့် KPC အကြား ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်တော့ ဦးသိန်းစိန်အစိုးရနှင့် NCA လက်မှတ်ရေးထိုးကာ NCA အရ ဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း လိုက်ပါဆောင်ရွက်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင်ကျင်းပသည့် ကရင်လက်နက်ကိုင်အဖွဲ့အစည်းများ ပေါင်းစည်းရေးဆွေးနွေးပွဲတွင် ပါဝင်ခဲ့ပြီး KNU ဗဟို၏ နိုင်ငံရေးဦးဆောင်မှုကို ခံယူရန်အတွက် သဘောတူချက်ရရှိခဲ့သည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလထဲတွင်တော့ KPC တပ်ဖွဲ့ဝင်များ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ကြောင်း တပ်မတော်၏ ထုတ်ပြန်ချက်ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တပ်မတော်နှင့် KPC အကြား အဖုအထစ်များ ဖြစ်စေခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် မေလ ၃ ရက်တွင် ကွယ်လွန်သွားခဲ့သည့် ဗိုလ်ချုပ်ကြီးစောထိန်မောင်၏ နေရာတွင် ဒုဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်ကြီးစောထော့လေးက ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်းခံရပြီး KPC ကို ဆက်လက်ဦးဆောင်နေပါသည်။ လက်ရှိ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် အခက်အခဲ၊ အကျပ်အတည်းများစွာ ရှိနေသကဲ့သို့ NCA လမ်းကြောင်းအတွင်း တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ အားလုံးပါဝင်လာခြင်း မရှိသေးခြင်းသည်လည်း ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း KPC ၏ ၁၃ ကြိမ်မြောက် ငြိမ်းချမ်းရေးကောင်စီနေ့တွင် ဗိုလ်ချုပ်ကြီး စောထော့လေးက ပြောဆိုခဲ့ပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၉) ခုမြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ။
- အဆင့် ၁-ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဖေဖော်ဝါရီ ၇၊ ၂၀၁၂)
- အဆင့် ၂- တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (အောက်တိုဘာ ၁၅, ၂၀၁၅)
- ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်- (ဖေဖော်ဝါရီ ၁၁၊ ၂၀၁၇)

## တရားဝင်ကိုယ်စားပြုအဖွဲ့

စောငွေးမောင်
ဒေါက်တာ တီမောသေ လက်လန်
စောယဉ်နု
ဒေါက်တာနော် ကပေါ်ထူး
စောအယ်လ်ကောထူး
ဒေါက်တာ စောအောင်သန်း
နော်ကယန်းနု

## ဆက်ဆံရေးရုံး

၁။ မန္တလေး
၂။ ဘုရားသုံးဆူ

## မဟာမိတ်များ

ကရင်လက်နက်ကိုင်အဖွဲ့များ



| ကရင်အမျိုးသားအစည်းအရုံး - KNU | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၅ ဖေဖော်ဝါရီ ၁၉၄၇ |
| ရုံးချုပ် | - | ရွှေ့လျား |
| ရုံးခွဲများ | - | အမေရိကန်နှင့် သြစတြေးလျ |
| လှုပ်ရှားရာ နယ်မြေ | - | မွန်ပြည်နယ် သထုံ၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်များ၊ ပဲခူးတိုင်း ကျောက်ကြီး၊ ရွှေကျင်၊ မုန်းမြို့နယ်များ၊ တနင်္သာရီတိုင်း မြိတ်၊ ထားဝယ်မြို့နယ်များနှင့် ကရင်ပြည်နယ်တစ်ဝန်းလုံး |
| အင်အား | - | ၁၀၀၀၀ အထက် |
| ဥက္ကဋ္ဌ | - | ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး |
| ဒုဥက္ကဋ္ဌ | - | ပဒိုစောကွယ်ထူးဝင်း |
| အထွေထွေအတွင်းရေးမှူး | - | ပဒိုစောတာဒိုမူး |

၂၀၁၂ ခုနှစ် ဇန်နဝါရီလနှင့် ဧပြီလများအတွင်း ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ်ထိုးခဲ့သည့် KNU သည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ပြီး အခြားသော NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ ၁၀ ဖွဲ့အား ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်လျှောက်တွင် ဆောင်ရွက်ခဲ့ပါသည်။

သို့သော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ရင်ဆိုင်ကြုံတွေ့နေရသည့် တစ်ဆို့မှုများ၊ စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး အဖြေမရှာနိုင်ခြင်း၊ NCA တွင် ဖော်ပြပါဝင်သည့် စကားလုံးများအပေါ် လိုသလိုကွဲလွဲစွာ အဓိပ္ပာယ်ဖွင့်ဆိုပြီး ပြုမူဆောင်ရွက်ချက်များကြောင့် တပ်မတော်နှင့် ဖြစ်စေ၊ အစိုးရအဖွဲ့နှင့် ဖြစ်စေ နှစ်ဖက်အကြား ဘုံသဘောထားရယူ ဖြေရှင်းနိုင်ရေးအတွက် ၂၀၁၉ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် KNU က ထုတ်ပြန်တောင်းဆိုခဲ့သည်။ ထို့ပြင် KNU ထိန်းချုပ်နယ်မြေအတွင်း လူထုဆွေးနွေးပွဲများပြုလုပ်ကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရေးအတွက် ပထမဦးစားပေး ပြုလုပ်ရန်၊ ယင်းသို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာပြီးမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြုလုပ်သွားရန် စသဖြင့် အချက် ခြောက်ချက်ပါ သဘောထားထုတ်ပြန်ချက်ကို ၂၀၂၀ ပြည့်နှစ် မေလ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

NCA အရ ဖြစ်တည်လာသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း KNU ၏ လုပ်ဆောင်ချက်များအပေါ် တပ်မတော်မှ ဟန့်တားမှုများ ပြုလုပ်ခဲ့သဖြင့် ထိပ်တိုက်တွေ့မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသကဲ့သို့ KNU နယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေးအကြောင်းပြကာ တပ်မတော်မှ လမ်းဖောက်လုပ်သည့်ကိစ္စနှင့်ပတ်သက်ပြီးလည်း နှစ်ဖက် တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့ပါသည်။ သို့နှင့်တိုင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ကျင်းပပြုလုပ်သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အားပေးထောက်ခံပြီး ဆန္ဒမဲပေးကြရန် NCA ငါးနှစ်ပြည့်တွင် ထုတ်ပြန်တိုက်တွန်းခဲ့ပါသည်။

KNU အနေဖြင့် အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များဖြင့် ဖွဲ့စည်းထားသည့် ငြိမ်းချမ်းလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) မှ နုတ်ထွက်ခွင့်ပြုရန် တင်ပြခဲ့သော်လည်း ၂၀၁၉ ခုနှစ် မေလတွင် ပြုလုပ်သည့် အပစ်ရပ် ၁၀ ဖွဲ့၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးမှ နုတ်ထွက်ခွင့်မပြုဘဲ ယာယီဆိုင်းငံ့ထားရန်သာ ဆုံးဖြတ်ခဲ့ပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၆) ခုမြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။
- အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဇန်နဝါရီ ၁၂ ၊ ၂၀၁၂)
- အဆင့် ၂ - ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဧပြီ ၇၊ ၂၀၁၂)
- အဆင့် ၃ - တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (အောက်တိုဘာ ၁၅, ၂၀၁၅)

## တရားဝင် ကိုယ်စားလှယ်များ

(အလှည့်ကျ)

## တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

၂၀၁၉ - ၃

၂၀၂၀ - ၈

၂၀၂၁ - ၈၂

၂၀၂၂ (မတ်) - ၂၃

## ဆက်ဆံရေးရုံးများ

၁။ ဘားအံ ၊ စက်တင်ဘာ ၂၉၊၂၀၁၂

၂။ ဘုရားသုံးဆူ၊ မေ ၁၅၊ ၂၀၁၂

၃။ ထီးဝီ ဧပြီ ၁၂၊ ၂၀၁၂

၄။ ကျောက်ကြီး ဧပြီ ၉၊ ၂၀၁၂

၅။ သထုံ မတ် ၅၊ ၂၀၁၂

## စီးပွားဆက်ဆံရေးရုံး

၁။ မော်လမြိုင်၊ နိုဝင်ဘာ ၂၂၊ ၂၀၁၃

၂။ ဘားအံ

၃။ ရန်ကုန်

## မဟာမိတ်များ

အခြားကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ။

## ဆက်သွယ်ရန်

ဝက်ဆိုဒ်: http://www.knu hq.org/

အီးမေးလ်: info@knuhq.org



## ချင်းအမျိုးသား တပ်ဦး (CNF/CNA)

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၂၀ မတ် ၁၉၈၈ |
| ရုံးချုပ် | - ချင်းပြည်နယ် ထန်တလန် (ဗစ်တိုးရီးယားစခန်း) |
| လှုပ်ရှားရာနယ်မြေ | - ချင်းပြည်နယ် ထန်တလန်မြို့နယ် |
| အင်အား | - ၁၅၀၀ ကျော်၊ တပ်မဟာ - ၅ခု |
| ဥက္ကဋ္ဌ | - ပူးဇင်ကျုံး (Pu Zing Cung) |
| ဒုဥက္ကဋ္ဌ - ၁ | - ပူးထန်းနိန်းကီး (Pu thang Nang Lian Thang) |
| အထွေထွေအတွင်းရေးမှူး | - ဆလိုင်း တလာဟဲ (Salai Thla Hei) |

ချင်းပြည်သူများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဒီမိုကရေစီအရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ချင်းပြည်နယ်အတွင်း ဒေသများနှင့် အိန္ဒိယ-မြန်မာနယ်စပ်တလျှောက် လှုပ်ရှားတိုက်ပွဲဝင်နေသည့် CNF သည် စစ်အုပ်စုအလိုကျ ရေးဆွဲပြဋ္ဌာန်းထားသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကန့်ကွက်ထားသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလနှင့် မေလများတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးအတွက် ဦးသိန်းစိန်အစိုးရနှင့် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးကာ NCA အရ ဖြစ်ပေါ်လာသည့် ငြိမ်းချမ်းရေးလုပ်ငန်းလုပ်ငန်းစဉ်အတွင်း လိုက်ပါဆောင်ရွက်ခဲ့ပါသည်။

တစ်ဖက်တွင်တော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း ပြင်းထန်လာနေသည့် ရက္ခိုင့်တပ်တော်(AA)နှင့် တပ်မတော်အကြား စစ်ရေးပဋိပက္ခများသည်လည်း ချင်းအမျိုးသားတပ်ဦးအပေါ် သက်ရောက်မှုရှိနေသည့်အတွက် နှစ်ဖက်တပ်ဖွဲ့များအား ချင်းအမျိုးသားတပ်ဦးပိုင်နက်အတွင်း တိုက်ပွဲများ ရပ်တန့်ရန်နှင့် ချင်းလူမျိုးများ နေထိုင်ရာဒေသများတွင် စစ်ရေးအရ အခြေချလှုပ်ရှားနေထိုင်ခြင်းများ မပြုလုပ်ကြရန် ၂၀၂၀ပြည့်နှစ်တွင် ကျင်းပသော ချင်းအမျိုးသားတပ်ဦး (CNF) ၏ သတ္တမအကြိမ် ညီလာခံက ကြေညာချက် ထုတ်ပြန်တောင်းဆိုခဲ့သည်။

အဆိုပါ ညီလာခံမှတစ်ဆင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြန်လည်ရရှိရေး၊ နိုင်ငံရေးတန်းတူမှုရှိသော ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးနှင့် ဒီမိုကရေစနစ်တည်ဆောက်ရေးဆိုသည့် နိုင်ငံရေး ရည်မှန်းချက် သုံးချက်ကို ချမှတ်ခဲ့ပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၁၁) ဖွဲ့မြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။
- အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဇန်နဝါရီ ၆ ၊ ၂၀၁၂)
- အဆင့် ၂- ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (မေ ၇၊ ၂၀၁၂)
- အဆင့် ၃- တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (အောက်တိုဘာ ၁၅, ၂၀၁၅)

## အပစ်အခတ်ရပ်စဲရေးပြုလုပ်ပြီးနောက် တိုက်ပွဲဖြစ်ပွားမှုများ။

၂၀၂၁ - ၁

## တရားဝင်အပစ်အခတ်ရပ်စဲရေးအဖွဲ့

အဖွဲ့ဝင် (၂၀) ဦးပါဝင်သည့် ကော်မတီအတွက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ဗဟိုကော်မတီနှင့် အမြင့်ဆုံးကောင်စီအဖွဲ့ဝင်များမှ ရွေးထုတ်ထားပါသည်။ ပြည်ထောင်စုအဆင့် နှစ်ဘက်သဘောတူညီချက်ကို ၂၀၁၂ ခုနှစ် မေလတွင် ရရှိပြီးနောက် ချင်းပြည်နယ် တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကော်မတီအဖွဲ့ဝင် ၂၄ - ၃၁ ဩဂုတ်, ၂၀၁၂။

## ဆက်ဆံရေးရုံးများ

၁။ တီးတိန် (၂၅/၀၉/၂၀၁၂)
၂။ ထန်တလန် (၂၉/၀၆/၂၀၁၂)
၃။ မတူပီ (၂၃/၀၆/၂၀၁၂)

## စီးပွားဆက်ဆံရေးရုံးများ

၁။ ပလက်ဝ (၁၉/၁၀/၂၀၁၃)
၂။ ရန်ကုန်
၃။ အိန္ဒိယမြန်မာနယ်စပ်
၄။ ဖလမ်း (ဖွန် ၉ရက်၊ ၂၀၁၄ နေ့တွင် ခွင့်ပြုချက်ရရှိခဲ့သည်)
၅။ မင်းတပ် (ဖွန် ၉ရက်၊ ၂၀၁၄ နေ့တွင် ခွင့်ပြုချက်ရရှိခဲ့သည်)

## ဆက်သွယ်ရန်

ဝက်ဆိုဒ်: www.chinland.org
အီးမေးလ်: chianlandweb@gmail.com
ဖုန်း: +9189741215887 (အမြင့်ဆုံးကောင်စီ)

၁။ ပူထန်ရန်
၂။ ဆလိုင်း ကပ်ခိုလမ်
၃။ ဒေါက်တာ ဇလေးထန်
၄။ ပူလိုင်အုပ်
၅။ ဘာဝီလိန်းမာန် (ဗဟိုအလုပ်အမှုအောင်)
၆။ ပူဟုခန်း
၇။ ပူလယ်ရမ်းလောမာ
၈။ ပူနန်ထောင်
၉။ ပူမာန်လင်း
၁၀။ ပူဟာန်ဇာခိုင်
၁၁။ ပူအောင်လိန်းထန်

## ဒေသဆိုင်ရာ ကော်မတီ

၁။ ပူဘာဝီကျုံး
၂။ ပူတလပန်
၃။ ပူငုံကျုံးလိန်
၄။ ဆလိုင်းပါဟန်း
၅။ ပူတောစီယူ



## တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်ဦး (PSLF/TNLA)

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၁၉၆၃ ၊ ၁၉၇၆ ၊ ဇန်နဝါရီ ၁၉၉၂ ၊ ဇန်နဝါရီ ၂၀၀၉ |
| ရုံးချုပ် | - ရွှေ့လျား |
| လှုပ်ရှားရာ နယ်မြေ | - ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချို၊ ကျောက်မဲ၊သီပေါ၊ ကွတ်ခိုင်၊ နမ္မတူ၊ မန်တုံ၊ နမ့်စန်၊ နမ့်ခမ်း၊ မူဆယ်၊ မိုးမိတ်နှင့် မန္တလေးတိုင်း မိုးကုတ် |
| အင်အား | - ၆၀၀၀ အထက် |
| ဥက္ကဋ္ဌ | - တာအိုက်ဘုန်း |
| ဒုဥက္ကဋ္ဌ | - တာဂျော့ကြာ |
| အထွေထွေအတွင်းရေးမှူး | - ဗိုလ်မှူးချုပ်တာဘုန်းကျော် |

၁၉၆၃ ခုနှစ်တွင် ပလောင်အမျိုးသားတပ်ဖွဲ့ ၊ ၁၉၇၆ခုနှစ်တွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဖွဲ့(PSLA)၊ ၁၉၉၂ခုနှစ် ဇန်နဝါရီလတွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF) စသဖြင့် ဖြစ်တည်လာခဲ့သည့် PSLF သည် ၂၀၀၉ခုနှစ် ဇန်နဝါရီလတွင်တော့ တအာင်းပလောင်ဒေသကို လက်တွေ့ကာကွယ်နိုင်ရန်အတွက်ဟု ဆိုကာ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ကို ဖွဲ့စည်းခဲ့သည်။ ၁၉၉၁ ခုနှစ် ဧပြီလတွင် တပ်မတော်အစိုးရနှင့် PSLA အကြား အပစ်ရပ် လက်မှတ်ရေးထိုးခဲ့ပြီးနောက် PSLA အဖွဲ့တွင်း သဘောထားကွဲလွဲမှုများက PSLF ကို ဖြစ်ပေါ်စေခဲ့ပြီး ယခုအခါ PSLF/TNLA အနေဖြင့် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးဟူသော နိုင်ငံရေးဦးတည်ချက်များ ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

KIO/KIA ပါဝင်သည့် မြောက်ပိုင်းမဟာမိတ် လေးဖွဲ့၊ MNDAA – ULA/AA ပါဝင်သည့် ညီနောင် မဟာမိတ်သုံးဖွဲ့နှင့်အတူ စစ်ရေး၊ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုများ ရှိနေပြီး UWSA ဦးဆောင်သည့် FPNCC တွင်လည်း အဖွဲ့ဝင်အနေဖြင့် ပူးပေါင်းပါဝင်လျက် ရှိနေပါသည်။ အပစ်အခတ်ရပ်စဲရေးအတွက် အစိုးရအဖွဲ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ရှိနေသော်လည်း တပ်မတော်နှင့် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေဆဲ ဖြစ်ပါသည်။ ထို့ပြင် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများအတွင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) နှင့်လည်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှုများ ရှိနေပါသည်။

၂၀၁၉-၂၀၂၀ ခုနှစ်များအတွင်း ညီနောင်မဟာမိတ် သုံးဖွဲ့ပူးပေါင်းကာ TNLA အနေဖြင့် တစ်ဖက်သတ်အပစ်ခတ်ရပ်စဲကြောင်း ခုနစ်ကြိမ်တိုင်တိုင် ကြေညာခဲ့သော်တည်း တပ်မတော်၏ ထိုးစစ်ဆင်မှုများကြောင့် တိုက်ပွဲအချို့ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်များကို အသိအမှတ်ပြုကာ ရွေးကောက်ပွဲအလွန် နိုင်ငံရေးအခင်းအကျင်းတွင် ပြည်တွင်းစစ်ချုပ်ငြိမ်းရေးအတွက် အချက် လေးချက်ပါဝင်သည့် ကြေညာချက်ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါ အချက်လေးချက်တွင် တိုင်းရင်းသားဒေသများ၊ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ရပ်တန့်ရန်ဆိုသည့် အချက်လည်း ပါဝင်နေပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေးလက်မှတ်မထိုးထားသည့်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။

## တိုက်ပွဲများ

တပ်မတော်နှင့်တိုက်ပွဲဖြစ်ပွားမှု

၂၀၁၂-၁၇၊

၂၀၁၃-၆၅၊

၂၀၁၄-၁၃၆၊

၂၀၁၅-၂၁၉၊

၂၀၁၆-၃၀၉။

RCSS/SSA နှင့် တိုက်ပွဲဖြစ်ပွားမှု

၂၀၁၉ - ၃၃

၂၀၂၀ - ၁၈

၂၀၂၁ - ၁၀

၂၀၁၅ - ၁၇

၂၀၁၆ - ၁၄၅

## ခေါင်းဆောင်များ

ဗိုလ်မှူးချုပ် တာအိုက်ဘုန်း (ဥက္ကဋ္ဌ)
ဗိုလ်မှူးချုပ် တာခုလန်း(ဒုတိယဥက္ကဋ္ဌ)
ဗိုလ်မှူးချုပ် တာဘုန်းကျော် (အတွင်းရေးမှူး)
ပြန်ကြားရေးရုံး-မိုင်အိုက်ကျော်
နိုင်ငံခြားဆက်ဆံရေးရုံး-တာပန်လု
ဗဟိုကော်မတီ - ၂၃ ဦး
အရံကော်မတီ - ၈ ဦး
တရားဝင်ကိုယ်စားပြုအဖွဲ့ - မရှိ
ဆက်ဆံရေးရုံး - မရှိ

## မဟာမိတ်များ

ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေး ကော်မတီ၊
မြောက်ပိုင်းမဟာမိတ်အဖွဲ့ - မြန်မာပြည်။

## ဆက်သွယ်ရန်

ဝက်ဆိုဒ်: http://www.pslfnla.org/
အီးမေးလ်: pslftnlanews@gmail.com

## ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် -
## Democratic Karen Benevolent Army (DKBA)

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၈ နိုဝင်ဘာ ၂၀၁၀ |
| ရုံးချုပ် | - ကရင်ပြည်နယ် မြဝတီမြို့နယ် |
| လှုပ်ရှားရာနယ်မြေ | - လှိုင်းဘွဲမြို့နယ်၊ ကြာအင်းဆိပ်ကြီး - ဘုရားသုံးဆူတောင်ကြား၊ ကော့ကရိတ်မြို့နယ်၊ မြဝတီမြို့နယ် |
| အင်အား | - ၃၀၀၀ နီးပါး |
| စစ်ဦးစီးချုပ် | - ဒုဗိုလ်ချုပ်ကြီး စောစတီး |
| စစ်ထောက်ချုပ် | - ဗိုလ်မှူးကြီး စောစိန်ဝင်း |

၂၀၁၁ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်း ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့သည့် DKBA သည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ဦးသိန်းစိန်အစိုးရနှင့် လက်မှတ်ရေးထိုးခဲ့ပါသည်။

DKBA အနေဖြင့် NCA အရဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းအတွင်း အခြားသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနည်းတူ လိုက်ပါဆောင်ရွက်နေသည့် အကြားမှပင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း တပ်မတော်လက်အောက်ခံ နယ်ခြားစောင့်တပ် (BGF)နှင့် လှိုင်းဘွဲ့မြို့နယ်တွင် တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၆ ရက်၊ ၇ ရက်များတွင်လည်း လှိုင်းဘွဲ့မြို့နယ်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။

DKBA လှုပ်ရှားရာ နယ်မြေများအတွင်း တပ်ပိုင်းဆိုင်ရာ နယ်မြေပိုင်းခြားနိုင်ခြင်း မရှိသေးဘဲ တိုက်ပွဲများဖြစ်ပွားလေ့ရှိသကဲ့သို့တိုက်ပွဲကြောင့်ဖြစ်ပေါ်လာသည့်စစ်ဘေးရှောင်ပြည်သူများလည်း ထောင်နှင့်ချီကာ ရှိနေပါသည်။

ငြိမ်းချမ်းရေးဆိုင်ရာ ရပ်တည်ချက်များနှင့် ရည်မှန်းချက်များအဖြစ်မှ NCA လမ်းကြောင်းကိုသာ တွေ့ရပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၃) ဖွဲ့မြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။
- အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (နိုဝင်ဘာ ၃ ၊ ၂၀၁၁)
- အဆင့် ၂ - ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဒီဇင်ဘာ၁၁၊ ၂၀၁၁)
- အဆင့် ၃ - တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (အောက်တိုဘာ ၁၅, ၂၀၁၅)

## အပစ်အခတ်ရပ်စဲပြီးနောက် တိုက်ပွဲဖြစ်ပွားမှု

၂၀၁၂ - ၁
၂၀၁၃ - ၄
၂၀၁၄ - ၁၃
၂၀၁၅ - ၄၀+
၂၀၁၆ - မသိရ
၂၀၁၉ - ၁
၂၀၂၀ -
၂၀၂၁ - ၄
၂၀၂၂ (မတ်) -

| | |
|---|---|
| ဌာနချုပ် လုံခြုံရေးအဖွဲ့များ | - ၉၀၄၊ ၉၀၆၊၉၀၈ |
| စစ်ကြောင်း - ၁ | - တပ်ရင်း - ၉၀၇၊ ၉၀၉၊ ၉၁၀ |
| စစ်ကြောင်း ၂ | - တပ်ရင်းများ- ၉၀၁၊ ၉၀၂၊ ၉၀၃ |

## ဆက်သံရေးရုံးများ

ဘားအံ (၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင်ဖွင့်လှစ်ခဲ့သည်)
မြဝတီ (၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင်ဖွင့်လှစ်ခဲ့သည်)
ကြာအင်းဆိပ်ကြီး၊ ကျိုက်ဒုံ၊ ဘုရားသုံးဆူ၊ မြိုင်ကြီးငူ (လျှောက်ထားပြီး)

## မဟာမိတ်

ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းမှု အဖွဲ့၏အဖွဲ့ဝင်ဖြစ်သည်။



## နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(ကပ်ပလန်) – (NSCN-K)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁ ဇန်နဝါရီ ၁၉၈၀ |
| ရုံးချုပ် | - | တဂါးနယ်မြေ ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်း |
| လှုပ်ရှားရာ နယ်မြေ | - | လဟယ်၊ လေရှီးနှင့် နန်းယွန်းမြို့နယ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး |
| အင်အား | - | ၅၀၀ အောက် |
| ဥက္ကဋ္ဌ | - | အက်စ်အက်စ်ကပ်ပလန် |
| ဒုဥက္ကဋ္ဌ | - | |
| အတွင်းရေးမှူး | - | ဒါလီမန်းဂရူးဆို |

စစ်ကိုင်းတိုင်းဒေသကြီးနှင့် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းတွင် အခြေစိုက်ကာ ၁၉၈၀ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN) သည် ၁၉၈၈ ခုနှစ်တွင် နှစ်ဖွဲ့ကွဲသွားခဲ့သည်။ NSCN-K သည် ၎င်းနှစ်ဖွဲ့အနက်မှ လဟယ်၊ လေရှီး၊ ခန္တီးနှင့် နန်းယွန်းဒေသတို့ အခြေစိုက်လှုပ်ရှားသော အဖွဲ့ဖြစ်ကာ SS Kaplan က ဦးဆောင်သည်။ ကျန်တစ်ဖွဲ့ကမူ NSCN-IM အမည်ဖြင့် အိန္ဒိယနိုင်ငံထဲတွင် အခြေစိုက် Isak Chisi Swu က ဦးဆောင်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ NSCN-K လှုပ်ရှားရာ လဟယ်၊ လေရှီးနှင့် နန်းယွန်းဒေသတို့ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၉ ရက်တွင်တော့ ဦးသိန်းစိန်အစိုးရနှင့် တိုင်းဒေသကြီးအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သည့် အစိုးရလက်ထက်၊ ၂၁ ရာစုပင်လုံငြိမ်းချမ်းရေး ညီလာခံသို့ လေ့လာသူအနေဖြင့် တက်ရောက်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုအချို့ ရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်တွင်တော့ အနောက်မြောက်ပိုင်းစစ်ဌာနချုပ်၊ ခန္တီး ဗျူဟာ တပ်ရင်း ၆ ခုမှ အင်အား ၄၀၀ ခန့်သည် NSCN-K ဌာနချုပ်ရှိရာ တဂါးနယ်မြေကို ဝင်ရောက်နေရာယူခဲ့သည့်အတွက် တပ် ပြန်လည်ရုပ်သိမ်းပေးရန် ကာကွယ်ရေးဦးစီးချုပ်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ NSCN-K မှ စာပေးပို့မေတ္တာရပ်ခံခဲ့သည်။ သို့သော်၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင်တော့ အစိုးရနှင့် သဘောတူလက်မှတ်ရေးထိုးထားသော ငြိမ်းချမ်းရေးစာချုပ်ချိုးဖောက်သည်ဟု စွပ်စွဲကာ အရေးယူသွားမည်ဟု တပ်မတော်မှ သတင်းထုတ်ပြန်ခဲ့သည်။

NSCN-K အနေဖြင့်တော့ ငြိမ်းချမ်းရေးစာချုပ်ပါ အချက်ငါးချက်ကို ထုတ်ပြန်ကာ တပ်မတော်၏ ရန်လိုသည့် အပြုအမူများသည် အစိုးရ၏ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအပေါ် ရှုပ်ထွေးစေနိုင်ကြောင်း ၂၀၁၉ ခုနှစ် မေ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့်
(၁၂) ဖွဲ့မြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။
အဆင့် ၁-ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး
သဘောတူညီချက် (ဧပြီ ၉၊ ၂၀၁၂)
အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပြီးနောက်
ပဋိပက္ခဖြစ်ပွားမှုများ-မရှိ။
တရားဝင်ကိုယ်စားပြုအဖွဲ့ - မရှိ။

## ခေါင်းဆောင်များ

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | အက်စ်အက်စ်ကပ်ပလန် |
| အတွင်းရေးမှူး | - | ဒါလီမန် ဂါယူအို |
| စစ်ဦးစီးချုပ် | - | နိုလီခွန်းရက် |

## ဆက်သွယ်ရေးရုံးများ

ခန္တီး၊
စစ်ကိုင်းတိုင်း



| ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၁ ဒီဇင်ဘာ ၁၉၄၉ (ပထမအကြိမ်)<br>၇ - ၉ ဒီဇင်ဘာ ၂၀၀၉ (ဒုတိယအကြိမ်) |
| ရုံးချုပ် | - | လေးဗွားစခန်း၊ ရှမ်းပြည်နယ် တောင်ပိုင်း |
| လှုပ်ရှားရာ နယ်မြေ | - | ဆီဆိုင်၊ ဟိုပုန်း၊ နမ့်စန်၊ လင်းခေးနှင့်<br>မောက်မယ်မြို့နယ်များ၊ ရှမ်းပြည်နယ် |
| အင်အား | - | ၄၀၀ အထက် |
| ဥက္ကဋ္ဌ | - | ခွန်သူရိန် |
| ဒုဥက္ကဋ္ဌ | - | ခွန်မြင့်ထွန်း |
| အထွေထွေအတွင်းရေးမှူး | - | ခွန်အောင်မန်း |

၂၀၁၂ ခုနှစ် ဩဂုတ်လနှင့် ၂၀၁၃ ခုနှစ် မတ်လအတွင်း ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိခဲ့သည့် PNLO သည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ပြုလုပ်သော NCA လက်မှတ်ရေးထိုးပွဲတွင် ဦးသိန်းစိန်အစိုးရနှင့် လက်မှတ်ရေးထိုးခဲ့ပါသည်။ NCA အရ ဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်လျှောက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) နှင့်အတူ လိုက်ပါဆောင်ရွက်ခဲ့ပါသည်။

ပထမဆုံးအကြိမ် PNLO စတင်ဖွဲ့စည်းခြင်းနှင့် ၇၁ ကြိမ်မြောက် ပဒေသရာဇ်စနစ်ဆန့်ကျင်တော်လှန်ရေးနေ့ဖြစ်သော ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၁ ရက်တွင်တော့ 'အမျိုးသားပြန်လည် သင့်မြတ်ရေး၊ အမျိုးသားညီညွတ်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေး' အတွက် ၂၁ ရာစု ပင်လုံ အပါအဝင် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်တွင် ပါဝင်သွားမည်ဟု ထုတ်ပြန်ခဲ့ပါသည်။ ထို့ပြင် အားလုံးပါဝင်ရေးမူကို အခြေခံသည့် 'ပအိုဝ်းအမျိုးသားညီလာခံ' တစ်ရပ် ကျင်းပနိုင်ရေး အတွက်လည်း ကြိုးပမ်းသွားမည်ဟုဆိုပါသည်။

၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင်တော့ လှုပ်ရှားရာနယ်မြေချင်း ထိစပ်နေသည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/SSA) နှင့် PNLO အကြား ထိတွေ့ တိုက်ပွဲအချို့ ဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲကြောင့် လင်းခေးခရိုင်အတွင်းရှိ ဒေသခံပြည်သူ ၅၀၀ ကျော် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

PNLO အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက်လည်း 'လူတစ်ကိုယ် မဲတစ်ပြား' ဟူသော တန်းတူနိုင်ငံသားအခွင့်အရေးကို အမိအရ အသုံးချကြရန် တိုက်တွန်းထားပြီး ၂၀၂၀ ရွေးကောက်ပွဲအလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေခံသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ပေါက်ပေါက်လာရေးအတွက်လည်း PNLO က ထောက်ခံကြိုဆိုထားပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၁၃) ဖွဲ့မြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။
အဆင့် ၁-ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဩဂုတ် ၂၅၊ ၂၀၁၂)
အဆင့် ၂- ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (မတ် ၂၃၊ ၂၀၁၃)
အဆင့် ၃- တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (အောက်တိုဘာ ၁၅, ၂၀၁၅)

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

ပြည်နယ်အဆင့်- ၇ ဦး

၁။ ခွန်မြင့်ထူး (အဖွဲ့ခေါင်းဆောင်)
၂။ ဗိုလ်မှူးကြီး ခွန် သူရိန် (ဒုအဖွဲ့ခေါင်းဆောင်)
၃။ ဗိုလ်မှူးချုပ် ခွန်တီးဆောင် (အဖွဲ့ဝင်)
၄။ ဗိုလ်မှူး ခွန်ကျော်ထင် (အဖွဲ့ဝင်)
၅။ ခွန်ဦး (အဖွဲ့ဝင်)
၆။ ခွန်ထွန်းတင် (အဖွဲ့ဝင်)
၇။ ဗိုလ်မှူး ခွန်ဆွေထူး (အဖွဲ့ဝင်)

ပြည်ထောင်စုအဆင့်-၁၂ ဦး

၁။ ဗိုလ်မှူးကြီးခွန် ဥက္ကာ (အဖွဲ့ခေါင်းဆောင်)။
၂။ ခွန်မြင့်ထွန်း (ဒုအဖွဲ့ခေါင်းဆောင်)
၃။ ဗိုလ်မှူးကြီး ခွန်သူရိန် (အဖွဲ့ဝင်)
၄။ ဗိုလ်မှူးကြီးအောင်ကျော် (အဖွဲ့ဝင်)
၅။ ခွန်ဦး (အဖွဲ့ဝင်)
၆။ ခွန်တင်ရွှေဦး (အဖွဲ့ဝင်) ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်ငြိမ်းချမ်းရေး တည်ဆောက်ရေးအဖွဲ့
၇။ ဗိုလ်မှူး ခွန်ဆွေထူး (အဖွဲ့ဝင်)
၈။ခွန်ထီး (အဖွဲ့ဝင်)
၉။ ခွန်ထွန်းတင် (အဖွဲ့ဝင်)
၁၀။ ခွန်သောမတ် (အဖွဲ့ဝင်)
၁၁။ နန်းနွယ်နွယ် (အဖွဲ့ဝင်)
၁၂။ နန်းမြင့် (အဖွဲ့ဝင်)

## ဆက်ဆံရေးရုံးများ

၁။ တောင်ကြီး (၂၆/၀၁/၂၀၁၃)
၂။ သထုံ (၂၁/၀၈/၂၀၁၃)
၃။ မောက်မယ် (၀၈/၁၂/၂၀၁၃)
၄။ ဆီဆိုင် (မကြာမီဖွင့်လှစ်မည်)

## မဟာမိတ်များ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့
ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အလုပ်အဖွဲ့/
လုပ်ငန်းဆွေးနွေး ညှိနှိုင်းရေးအဖွဲ့
ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၊
ပူးတွဲစောင့်ကြည့်ရေးကော်မတီ။

## ဆက်သွယ်ရန်

ဝက်ဆိုဒ်:
အီးမေးလ်: pnlopower@gmail.com



| မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်အဖွဲ့(ကိုးကန့်တပ်ဖွဲ့) - MNDAA | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၁ မတ် ၁၉၈၉ |
| ရုံးချုပ် | - | ရွှေ့လျားဌာနချုပ် |
| လှုပ်ရှားရာ နယ်မြေ | - | ကိုးကန့်ဒေသ မုံးကိုးနှင့် လောက်ကိုင်မြို့နယ်များ |
| အင်အား | - | ၂၀၀၀ အထက် |
| ဥက္ကဋ္ဌ | - | ဖုန်ကြားရှင် |
| ဒုဥက္ကဋ္ဌ | - | |
| အတွင်းရေးမှူး | - | ဖုန်ဒီယန် (ခ) ဖုန်ဒါးရှန် |

ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)မှ ခွဲထွက်ကာ ၁၉၈၉ ခုနှစ်တွင်ပင် ဖွဲ့စည်းတည်ထောင်ပြီး တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရယူခဲ့သည့် MNDAA သည် ရှမ်းပြည်နယ်အတွင်း အထူးဒေသ ၁ အဖြစ် သတ်မှတ်ကာ ကိုးကန့်ဒေသတွင် အခြေပြုရပ်တည်လာသည်။ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလတွင် တပ်မတော်လက်အောက်ခံ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရေး ဖိအားပေးခံရပြီးနောက် အပစ်အခတ်ရပ်စဲထားမှု ပျက်ပြယ်ကာ တပ်မတော်နှင့် MNDAA အကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာခဲ့သည်။

ဦးသိန်းစိန်အစိုးရလက်ထက်တွင် UNFC နှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ခဲ့သော်လည်း တပ်မတော်နှင့် ဦးသိန်းစိန်အစိုးရတို့က တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အဖြစ် အသိအမှတ်ပြုခဲ့သည့်အတွက် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှစကာ တိုက်ပွဲများ ပြင်းထန်းစွာ ဖြစ်ပွားခဲ့ပြီးနောက် ထိုနှစ် ဇွန်လ ၁၀ ရက်တွင် MNDAA က တစ်ဖက်သတ်အပစ်ရပ်ကြောင်း ကြေညာခဲ့သည်။ ၂၀၁၉ ဖေဖော်ဝါရီ ဒုတိယအပတ်ထဲတွင်လည်း ကွမ်လုံမြို့နယ်အတွင်း တပ်မတော်နှင့် တိုက်ပွဲအချို့ ဖြစ်ပွားခဲ့ပါသည်။ MNDAA သည် KIO/KIA ၊ TNLA ၊ ULA/AA တို့နှင့်အတူ မြောက်ပိုင်းမဟာမိတ် လေးဖွဲ့တွင် ပါဝင်သလို KIO/KIA မပါဘဲ ညီနောင်မဟာမိတ် သုံးဖွဲ့တွင်လည်း ပါဝင်နေပြီး စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများ ရှိနေပါသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၀ ရက်၊ ကျိုင်းတုံဆွေးနွေးပွဲအပြီး ဒီဇင်ဘာလကုန်အထိ တစ်ဖက်သတ်အပစ်ရပ်ကြောင်း MNDAA ၊ ULA/AA နှင့် TNLA ပါဝင်သည့် ညီနောင်မဟာမိတ် သုံးဖွဲ့က ထုတ်ပြန်ခဲ့ပါသည်။

MNDAA သည် UWSA ဦးဆောင်သည့် FPNCC နှင့်အတူ NCA မဟုတ်သော အခြားလမ်းကြောင်းဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ပါဝင်ရန် ပြင်ဆင်နေပြီး ကိုးကန့်ဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပြန်လည်ရရှိပြီး ကိုးကန့်ပြည်သူများအနေဖြင့် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိရေးအတွက် ဦးတည်မျှော်လင့်ထားသကဲ့သို့ တပ်မတော်နှင့် စစ်ရေးအရ ထိတွေ့တိုက်ပွဲများလည်း ရှမ်းမြောက်ပိုင်း မုံးကိုး၊ ကွတ်ခိုင် စသည့် ဒေသတစ်ကြောတွင် မကြာခဏ ဖြစ်ပွားလေ့ရှိပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားခြင်းမရှိသည့်အဖွဲ့။

## တိုက်ပွဲများ

၂၀၁၅ - တပ်မတော်နှင့်ထိတွေ့တိုက်ပွဲဖြစ်ပွားမှု
အကြိမ်အရေအတွက်ကို မသိရ။
၂၀၁၆ - မြောက်ပိုင်းမဟာမိတ်အဖွဲ့(မြန်မာ)နှင့်
တိုက်ပွဲဖြစ်ပွားမှု
မိတ်ဖက် - ညီညွတ်သောတိုင်းရင်းသားလူမျိုးများ
ဖက်ဒရယ်ကောင်စီ၊ တနိုင်ငံလုံးဆိုင်ရာ
အပစ်အခတ်ရပ်စဲရေးညှိနှိုင်းအဖွဲ့
မြောက်ပိုင်း မဟာမိတ်အဖွဲ့(မြန်မာ)

## ဦးဆောင်မှု

ဦးဖုန်ကြားရှင် (နာယက)
အတွင်းရေးမှူးနှင့် စစ်ဦးစီးချုပ် ဖုန်ဒီးရန်(ခ) ဖုန်ဒါးရှန်
ဒုတိယ စစ်ဦးစီးချုပ် - ယန်ဝင်းရှန်
စစ်ဦးစီးအရာရှိချုပ် - ဖန်ဒီးချူ
ပြောခွင့်ရပုဂ္ဂိုလ် - ဦးထွန်းမြတ်လင်း

## နိုင်ငံရေးတောင်းဆိုမှုများ

ကိုးကန့်ဒေသတွင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး။
အခြားတိုင်းရင်းသားအဖွဲ့များကဲ့သို့ တိုင်းရင်းသား
အခွင့်အရေးတူညီစွာရရှိရေး။
ကိုးကန့်တိုင်းရင်းသားများအတွက် နိုင်ငံသား
အခွင့်အရေးအပြည့်အဝရရှိရေး။

## ဆက်သွယ်ရန်

ဝက်ဆိုဒ်: http://www.kokang123.com



## မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁ နိုဝင်ဘာ ၁၉၈၈ |
| ရုံးချုပ် | - | KNU ထိန်းချုပ်နယ်မြေအတွင်း |
| ရုံးခွဲများ | - | အမေရိကန်နှင့် သြစတြေးလျ |
| လှုပ်ရှားရာ နယ်မြေ | - | KIA နှင့် KNU ထိန်းချုပ်နယ်မြေများအတွင်း |
| အင်အား | - | ၄၀၀ အထက် |
| ဥက္ကဋ္ဌ | - | ရဲဘော်သံခဲ |
| ဒုဥက္ကဋ္ဌ | - | ရဲဘော်မျိုးဝင်း |
| အထွေထွေအတွင်းရေးမှူး | - | ရဲဘော်ဆန်နီ |

၂၀၂၀ ပြည့်နှစ်တွင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တုံ့ဆိုင်း လေးဖင့်နေမှုများ၊ စစ်ရေးပဋိပက္ခများ မြင့်တက်နေမှုနှင့် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များကို ထိပ်တိုက်ရင်ဆိုင်နေရကြောင်း ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁ ရက်တွင် ၃၂ နှစ်တင်းတင်းပြည့်သည့် မကဒတ (ABSDF) က သုံးသပ်ထားသည်။ စစ်ရေးဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသများအတွင်း နှစ်ဖက်တပ်ဖွဲ့များအနေဖြင့် အပြစ်မဲ့ အရပ်သားပြည်သူများ၏ လူ့အခွင့်အရေး၊ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ဆုံးရှုံးမှုများနှင့် ကလေးငယ်များ၊ မျိုးဆက်သစ် လူငယ်များ ကြွေလွင့်ကျဆုံးခဲ့ရမှုများကို ဆင်ခြင်သုံးသပ်သင့်ကြောင်း တိုက်တွန်းထားပါသည်။

ABSDF တည်ထောင်ခြင်း ၃၂ နှစ်ပြည့် ကြေညာချက်တွင်တော့ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အင်အားစုအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းထားပြီး ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အင်အားစုအားလုံးပါသော နိုင်ငံရေးဆွေးနွေးပွဲများဖြစ်မြောက်ရေး၊ ဒီမိုကရေစီ၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ရှိသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရေးနှင့် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် နိုင်ငံရေးလုပ်ငန်းစဉ် သုံးရပ်ကို ထုတ်ဖော်ထားသည်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးအတွက် လူထုအရေးတော်ပုံနှင့်အတူ ဖြစ်တည်ပေါက်ဖွားလာခဲ့သည့် ABSDF သည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် အစိုးရ၏ မတရားအသင်းအဖြစ် ကြေညာထားခြင်းအား ပယ်ဖျက်ခံခဲ့ရပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲမှုသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း လိုက်ပါဆောင်ရွက်နေပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် NCA လက်မှတ်ရေးထိုးခဲ့သည်။
NCA လက်မှတ်ရေးထိုးပြီးနောက် တိုက်ပွဲပြန်လည်ဖြစ်ပွားခဲ့သည်။
၂၀၁၅ - ၂၀၁၆ (အတိအကျမသိရ)

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

ဦးမျိုးဝင်း (UPDJC)
ဆလိုင်းယောအောင် (JMC)

## ဆက်ဆံရေးရုံးများ

(၁) မြဝတီ။ (၂) မူဆယ်
(၃) တင်ပြထားသည့်နေရာများ - လွိုင်ကော်၊ ကလေး၊ ဘုရားသုံးဆူ၊ မြိတ်

## မဟာမိတ်အဖွဲ့များ

KIA ထိန်းချုပ်နယ်မြေရှိ ABSDF တပ်စခန်းများ

## ဆက်သွယ်ရန်

အီးမေးလ် - absdfinfo@gmail.com

## ဗဟိုကော်မတီအဖွဲ့ဝင်များ

(၁) ရဲဘော်သံခဲ - ဥက္ကဋ္ဌ
(၂) ရဲဘော်မျိုးဝင်း - ဒု-ဥက္ကဋ္ဌ
(၃) ရဲဘော်ဆန်နီ - အထွေထွေအတွင်းရေးမှူး
(၄) ရဲဘော်မြင့်ဦး - အတွင်းရေးမှူး - ၁
(၅) ရဲဘော်ထွဋ် @ Hla Htay - အတွင်းရေးမှူး - ၂
(၆) ရဲဘော်လွမ်းနီ - ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်
(၇) ရဲဘောမိဆူးပွင့် @ Ma Lay Lone - ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်
(၈) ရဲဘော်မောင်ဦး - ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်
(၉) ရဲဘော်ဆလိုင်းယောအောင် - ဗဟိုအလုပ်မှုဆောင် ကော်မတီဝင်



## မွန်ပြည်သစ်ပါတီ (NMSP)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၂၀ ဇူလိုင် ၁၉၅၈ |
| ရုံးချုပ် | - | ရေးချောင်းဖျား ၊ မွန်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - | မွန်ပြည်နယ် သထုံ၊ ပေါင်၊ ချောင်းဆုံ၊ မော်လမြိုင်၊ ဖားအံ၊ ကော့ကရိတ်၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ ရေဖြူ၊ ဘုရားသုံးဆူတောင်ကြား၊ တနင်္သာရီတိုင်း မြိတ်-ထားဝယ်နှင့် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီး |
| အင်အား | - | ၁၀၀၀ အထက် (အရန်အင်အား - ၂၀၀၀ ) |
| ဥက္ကဋ္ဌ | - | နိုင်ဟံသာ |
| ဒုဥက္ကဋ္ဌ | - | နိုင်အောင်မင်း |
| အထွေထွေအတွင်းရေးမှူး | - | နိုင်ကျော်ယဲ့ |

၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်တွင် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲကြောင်း သဘောတူညီမှု ရယူထားသော်လည်း စစ်အစိုးရမှ နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် ဖိအားပေးတောင်းဆိုခြင်းကြောင့် ၂၀၁၀ ခုနှစ် ဧပြီလမှစကာ နှစ်ဖက် အဆက်အသွယ် ပြတ်တောက်သွားခဲ့သည်။

ဦးသိန်းစိန်အစိုးရလက်ထက် ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်မှုအပေါ် အခြားသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့်အတူ လိုက်ပါဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေးအတွက် နှစ်ဖက်သဘောတူညီမှု ရရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ပြုလုပ်သည့် NCA လက်မှတ်ထိုးပွဲတွင်တော့ မွန်ပြည်သစ်ပါတီအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခြင်း မပြုခဲ့ပါ။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် သမ္မတဦးထင်ကျော် လက်ထက်တွင်မှသာ အစိုးရနှင့် NCA လက်မှတ်ရေးထိုးခဲ့ပြီး NCA အရ ဖြစ်ပေါ်လာသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လိုက်ပါ ဆောင်ရွက်ခဲ့ပါသည်။

လှုပ်ရှားရာနယ်မြေ ထိစပ်နေခြင်းကြောင့် ကရင်အမျိုးသားအစည်းအရုံး (KNU/KNLA) နှင့် NMSP တို့၏ အောက်ခြေတပ်ဖွဲ့များအကြား ထိတွေ့တိုက်ပွဲအချို့ ရှိခဲ့ပြီး မကြာခဏ တွေ့ဆုံဆွေးနွေးရန် ကြိုးပမ်းခဲ့ရသည်ကို တွေ့ရပါသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း KNU တပ်မဟာ ၆ ခေါင်းဆောင်များနှင့် NMSP ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပြီးနောက် အင်အားသုံး ဖြေရှင်းခြင်းမပြုဘဲ တွေ့ဆုံဆွေးနွေး အဖြေရှာရန်နှင့် မွန်-ကရင် ပြည်သူလူထုအချင်းချင်း ငြိမ်းချမ်းစွာ အတူနေထိုင်သွားကြရန် သဘောတူညီမှု ရရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၁ ရက်တွင်တော့ KNU/KNLA PC နှင့် NMSP အကြား နှစ်ဖက် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် နှစ်ဖက် တွေ့ဆုံဆွေးနွေးခဲ့ရပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တစ်ဆို့ဟန့်တားမှုများနှင့်ပတ်သက်ပြီး တပ်မတော်အနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုင်စွဲကာ ငြိမ်းချမ်းရေးမှ ခြောက်ရပ်ကို အလေးမပေးသည့်အတွက်ဖြစ်ကြောင်း NMSP ဥက္ကဋ္ဌက မိမိတို့ Myanmar Peace Monitor ၏ မြေပြင်သတင်းထောက်နှင့် အင်တာဗျူးတွင် ပြောဆိုထားပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

ငြိမ်းချမ်းရေးဆွေးနွေးမှုများ

- အဆင့် (၁) - နိုင်ငံတော်အဆင့်
- အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်
- (ဖေဖော်ဝါရီလ ၁ ရက်၊ ၂၀၁၂)။
- NCA - ဖေဖော်ဝါရီလ ၁၃ ရက်၊ ၂၀၁၈
- ယခင်အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် -
- ဇွန်လ ၂၉ ရက်၊ ၁၉၉၅

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

မြန်မာနိုင်ငံပြင်ပ

- (၁) နိုင်ဟံသာ။
- (၂) နိုင်တလညီ။

မြန်မာနိုင်ငံတွင်း

- (၁) နိုင်ထောမွန်။
- (၂) နိုင်တလညီ။
- (၃) ဗိုလ်ချုပ်ဇေယျ
- (၄) နိုင်အောင်မင်း (အတွင်းရေးမှူး -၁)။
- (၅) ဗိုလ်မှူးချုပ်လရီကောင်း

## ဆက်ဆံရေးရုံးများ

- (၁) မုဒုံ။
- (၂) သံဖြူဇရပ်။
- (၃) ရေး။
- (၄) ရေဖြူ (ရေဖြူရွာ)။
- (၅) ကျိုက်မရော။
- (၆) ဖင်းကျိုက် (ပေါင်မြို့နယ်)။
- (၇) မြိတ်

## လုပ်ငန်းများ

- (၁) မြဝတီ။
- (၂) ဘုရားသုံးဆူ။
- (၃) မော်လမြိုင်။

## မဟာမိတ်အဖွဲ့များ

- UNFC ၊
- NCCT ၊
- SD နှင့် DPN အဖွဲ့ဝင်

## ရခိုင်ပြည်အမျိုးသားကောင်စီ (ANC/AA)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၂၀၀၄ ၊ ၂၀၁၀ |
| ရုံးချုပ် | - | DKBA တပ်မဟာ ၅ နယ်မြေ၊ ကရင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - | ကရင်ပြည်နယ်အတွင်း |
| အင်အား | - | ၃၅၀ အထက် |
| စစ်ဦးစီးချုပ် | - | ဗိုလ်မှူးကြီးမင်းထွန်း (ခ) မင်းဇံဝေ |
| ဒုဥက္ကဋ္ဌ | - | |
| အထွေထွေအတွင်းရေးမှူး | - | ဦးထွန်းဇော် |

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး(AASYC)၊ ရခိုင်အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (UNFA)နှင့် ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALA) တို့မှတစ်ဆင့် ဖြစ်တည်လာသည့် ANC/AA သည် ကရင်ပြည်နယ်အတွင်းရှိ DKBA ၊ KNU/KNLA တို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိနေသကဲ့သို့ ဦးသိန်းစိန်အစိုးရလက်ထက်တွင်လည်း UNFC အဖွဲ့ဝင်အဖြစ် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်တိုင် NCA လက်မှတ်ရေးထိုးရန်အတွက် ဦးသိန်းစိန်အစိုးရ၏ ဖယ်ကြဉ်ခြင်းကို ခံခဲ့ရသည်။

လူမျိုးစုံ ရခိုင်ပြည်သူလူထုတစ်ရပ်လုံး ကိုယ့်ကံကြမ္မာ ကိုယ် ဖန်တီးခွင့်ရရှိရေး၊ အမျိုးသားရေးလက္ခဏာနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာပြည်ရှိ လူမျိုးစုတိုင်း၊ နိုင်ငံသူ၊ နိုင်ငံသားတိုင်း အာဏာရှင်စနစ်လက်အောက်မှ လွတ်မြောက်ရေး စသည်တို့သည် ANC/AA ၏ ရည်မှန်းချက်များ ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် ဇွန်လ ၂၀ ရက်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းမြို့နယ်များအတွင်း အစိုးရမှ အင်တာနက်လိုင်း ဖြတ်တောက်ခြင်းအပေါ် ပြင်းထန်စွာ ရှုတ်ချကြောင်းနှင့် ယင်းသို့ အင်တာနက်ဖြတ်တောက်ခြင်းသည် တပ်မတော်မှ ကျူးလွန်နေသော စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်တည်မှုကို ခြိမ်းခြောက်သော ရာဇဝတ်မှုများအား ဖုံးဖိရန် ကြိုးစားသည့် လုပ်ရပ်သာဖြစ်ကြောင်း ANC က သဘောထား ထုတ်ပြန်ခဲ့ပါသည်။

### အပစ်အခတ်ရပ်စဲမှု

မရှိ

### မဟာမိတ်အဖွဲ့များ

- KNU/KNLA
- DKBA
- UNFC အဖွဲ့ဝင်

### ဆက်သွယ်ရန်

anc.hq1@gmail.com

FB lanc.arakannationalcouncil

# ရခိုင်ပြည်လွတ်မြောက်ရေးပါတီ

(Arakan Liberation Party /Army– ALP/ALA)



| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၉ ဧပြီ ၁၉၆၇ (ပထမအကြိမ်) |
| | | ၁ ဖွန် ၁၉၇၄ (ဒုတိယအကြိမ်) |
| ရုံးချုပ် | - | အိန္ဒိယ - မြန်မာ နယ်စပ် |
| လှုပ်ရှားရာနယ်မြေ | - | ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ကရင်ပြည်နယ် |
| အင်အား | - | ၁၀၀ ခန့် |
| ဥက္ကဋ္ဌ | - | ခိုင်ရဲခိုင် |
| ဒုဥက္ကဋ္ဌ - ၁ | - | ခိုင်ထွန်းဝင်း |
| အထွေထွေအတွင်းရေးမှူး | - | ခိုင်စိုးနိုင် |

'ရန်သူ့လက်နက်၊ ကိုယ့်လက်နက်' မူကို ချမှတ်ပြီး ဒုတိယအကြိမ် ပြန်လည်ဖွဲ့စည်းခဲ့သည့် ALP/ALA သည် ၂၀၁၂ ခုနှစ် ဧပြီ ၅ ရက်တွင် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ဦးသိန်းစိန်အစိုးရနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ NCA အရ ဖြစ်ပေါ်လာသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်လျှောက်တွင် အခြားသော NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်တော်လှန်ရေးအဖွဲ့ ၁၀ ဖွဲ့နှင့်အတူ လိုက်ပါဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။

၂၀၁၉ ခုနှစ်၊ ရခိုင်ပြည်နယ်တစ်ဝန်းလုံးတွင် ရက္ခိုင့်တပ်တော် (AA)နှင့် တပ်မတော်အကြား တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည့်အတွက် ရခိုင်မျိုးနွယ်စုဝင်များ၊ နိုင်ငံသားများ ပိုင်ဆိုင်သည့် အိုးအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း၊ အထူးသဖြင့် သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုများအပေါ် အထူးစိုးရိမ်ကြောင်း ALP က ထုတ်ပြန်ခဲ့ပါသည်။ စစ်ကြောင့် အပြစ်မဲ့ ပြည်သူများ ဘေးဒုက္ခ မရောက်စေရေးအတွက် နှစ်ဖက်တပ်ဖွဲ့များအား အထူးသတိထားရှောင်ရှားကြရန် မေတ္တာရပ်ခံခဲ့ပါသည်။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များအတွင်း ရက္ခိုင့်တပ်တော်(AA)နှင့် အိန္ဒိယ-မြန်မာနယ်စပ် မီဇိုယမ်ပြည်နယ်အနီးရှိ ALP ဌာနချုပ်ရှိရာ ဒေသတွင် တိုက်ပွဲဖြစ်ခဲ့ကာ ဌာနချုပ် ဆုံးရှုံးခဲ့ဖူးသည့် ALP အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ ဆွေးနွေးဖြေရှင်းလိုသော ဆန္ဒရှိနေပါသည်။

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ၏ အရင်းခံပြဿနာသည် နိုင်ငံရေးပြဿနာဟု အခိုင်အမာမှတ်ယူထားပြီး စစ်ရေးနည်းဖြင့် အပြုတ်တိုက်ဖြေရှင်းရန် ကြိုးပမ်းခြင်းသည် အဖြစ်မထွက်နိုင်ဟု သုံးသပ်ကာ NCA တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းများဖြင့်သာ ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်မည်ဟု ALP က ယုံကြည်နေပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်
အပစ်အခတ်ရပ်စဲရေး - ဧပြီလ ၅ ရက်၊ ၂၀၁၂

## ငြိမ်းချမ်းရေးဆွေးနွေးမှုများ

NCA လက်မှတ်ထိုးရက် - ၁၅ အောက်တိုဘာ၊ ၂၀၁၅

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

ဒေါ်စောမြရာဇာလင်း (UPDJC)

## လက်နက်တပ်ဖွဲ့

ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALA)

## စစ်ရေး

ကာကွယ်ရေးဦးစီးချုပ် - ခိုင်ရဲခိုင်
ဒုတိယဗိုလ်မှူးကြီး - ခိုင်စိုးနိုင်

ဗိုလ်မှူး ခိုင်မျိုးဝင်း
ဗိုလ်မှူး ခိုင်ဘုန်းမြင့်ဇော်
(ရမ္မာဝတီတပ်ရင်းမှူး)
ဗိုလ်မှူး ခိုင်နေမင်း (ရမ္မာဝတီ ဒု-တပ်ရင်းမှူး)
ဒေါ်စောမြရာဇာလင်းသည် NCCT
အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သည်။

## ဆက်ဆံရေးရုံးများ

(၁) ကျောက်တော် (ရခိုင်ပြည်နယ်)
အောက်တိုဘာလ ၃ ရက်၊ ၂၀၁၂
(၂) ပလက်ဝ (ချင်းပြည်နယ်) - လျှောက်ထားဆဲ

## ဆက်သွယ်ရန်

ဝက်ဘ်ဆိုက် - http://www.arakanalp.com/
အီးမေးလ် - alpinfoandorg@gmail.com
ဖုန်း - +၉၅၉၄၂၅၀၁၈၁၅၄

| ရခိုင်အမျိုးသားအဖွဲ့ချုပ်(ULA/AA) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၀ ဧပြီ ၂၀၀၉ |
| ရုံးချုပ် | - | KIO ထိန်းချုပ်နယ်မြေ၊ ကချင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - | ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ချင်းပြည်နယ် ပလက်ဝနှင့် ရခိုင်ပြည်နယ်တစ်ဝန်းလုံး |
| အင်အား | - | ၃၀၀၀၀ အထက် |
| စစ်ဦးစီးချုပ် | - | ဗိုလ်ချုပ်ထွန်းမြတ်နိုင် |
| ဒုစစ်ဦးစီးချုပ် | - | ဒေါက်တာညိုထွန်းအောင် |
| အတွင်းရေးမှူး - ၁ | - | ဗိုလ်မှူးကြီး ကျော်ဟန် |

၂၀၁၁ ခုနှစ် နောက်ပိုင်း ကချင်လွတ်လပ်ရေးတပ်မတော်(KIA)နှင့်အတူ ပူးပေါင်းကာ တပ်မတော်နှင့် တိုက်ပွဲများ စတင်ဖြစ်ပွားလာခဲ့သည့် ULA/AA သည် KIO/KIA ၊ PSLF/TNLA၊ MNDAA တို့နှင့် မဟာမိတ်ဆက်ဆံရေးရှိသကဲ့သို့ ဦးသိန်းစိန်အစိုးရလက်ထက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း UNFC အဖွဲ့ဝင်အနေဖြင့် လိုက်ပါ ဆောင်ရွက်ခဲ့သော်လည်း NCA လက်မှတ်ရေးထိုးချိန်တွင်တော့ ဦးသိန်းစိန်အစိုးရ၏ ဖယ်ကြဉ်ခြင်းကို ခံခဲ့ရပါသည်။ တစ်ဖက်တွင်လည်း ULA/AA နှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားမှုများသည်လည်း ဆက်လက်ဖြစ်ပွားလာခဲ့ပြီး ၂၀၁၉၊ ၂၀၂၀ ခုနှစ်များအတွင်း ULA/AAနှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားမှုသည် အပြင်းထန်ဆုံးအခြေအနေအထိ ရောက်ရှိခဲ့ကာ စစ်ဖြစ်ပွားရာ နယ်မြေသည်လည်း ကချင်ပြည်နယ်၊ ရှမ်းမြောက်ဒေသနှင့် ရခိုင်ပြည်နယ်တစ်ဝန်းလုံးအပြင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အထိပါ ကျယ်ပြန့် ပြင်းထန်ခဲ့ပါသည်။

UWSA ဦးဆောင်သည့် FPNCC တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ကာ အစိုးရ၊ တပ်မတော်တို့နှင့် ထိတွေ့ဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း တိုက်ပွဲများ လျော့ကျသွားခြင်းမရှိဘဲ နစ်ဖက်အပစ်ရပ်ရေး ကြန့်ကြာနေသကဲ့သို့ တိုက်ပွဲများလည်း ဆက်လက်ဖြစ်ပွားနေခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပချိန်အထိပင် လုံခြုံရေးအရ အာမခံချက် မရှိသည့်အတွက် ရခိုင်ပြည်နယ်အတွင်းမှ မဲဆန္ဒနယ်အချို့ကို ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်း မရှိခဲ့သည်ကို တွေ့ရသည်။

သို့နှင့်တိုင် ရွေးကောက်ပွဲအလွန်ကာလတွင်တော့ ULA/AA နှင့် တပ်မတော်အကြား ရုတ်တရက် တိုက်ပွဲများ ရပ်တန့်သွားခဲ့ပြီး ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သည့် မဲဆန္ဒနယ်များအား ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရေးနှင့် ပတ်သက်ပြီး ပြောဆိုမှုများ ရှိလာသည်ကို တွေ့ရပါသည်။ ULA/AAနှင့် တပ်မတော်အကြား နားလည်မှုဖြင့် အပစ်ရပ်ထားသည်ဟုလည်း သိရပါသည်။

### အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခြင်းမရှိသေးသည့်
EAO တိုက်ပွဲဖြစ်ပွားမှု
၂၀၁၅ - ၅ ကြိမ်နှင့်အထက်
၂၀၁၆ - ၁၀ ကြိမ်နှင့်အထက်
၂၀၁၉ - ၁၉၂ ကြိမ်
၂၀၂၀ - ၁၀၄ ကြိမ်
၂၀၂၁ - ၅ ကြိမ်
၂၀၂၂ (မတ်) -

### တရားဝင်ကိုယ်စားလှယ်အဖွဲ့

ဗိုလ်မှူးကျော်ဟန်
ပြောခွင့်ရပုဂ္ဂိုလ် - ခိုင်သုခ

### ဆက်ဆံရေးရုံးများ

မရှိ

### မဟာမိတ်အဖွဲ့များ

FPNCC နှင့် မြန်မာပြည်မြောက်ပိုင်းမဟာမိတ်အဖွဲ့

### ဆက်သွယ်ရန်

ဝက်ဘ်ဆိုက် - http://thearakanarmy.com/
အီးမေးလ် - unitedleagueofarakan@yahoo.com

## လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁ ဇန်နဝါရီ ၁၉၇၃ ၊ ၁၉၈၇၊ ၁၉၉၇၊ ဧပြီ ၂၀၁၈ |
| ရုံးချုပ် | - | ရှမ်းပြည်နယ် မိုင်းဆက်ခရိုင် လွယ်လန်းဒေသ |
| လှုပ်ရှားရာနယ်မြေ | - | ရှမ်းပြည်နယ် မိုင်းဆက်ခရိုင် လွယ်လန်းဒေသ |
| လားဟူလူထုအင်အား | - | အတည်မပြုနိုင် |
| ဥက္ကဋ္ဌ | - | ကျာခွန်ဆာ |
| ဒုဥက္ကဋ္ဌ - ၁ | - | ကျာပေး |
| အထွေထွေအတွင်းရေးမှူး | - | ဗိုလ်မှူးကြီး ဆော်လမွန် |

ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC) အဖွဲ့ဝင်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ဆွေးနွေးခဲ့သော်လည်း ဦးသိန်းစိန်အစိုးရ၏ NCA လက်မှတ်ရေးထိုးချိန်တွင်တော့ လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်ဟု အကြောင်းပြကာ NCA လက်မှတ်ရေးထိုးရန် ဖိတ်ခေါ်ခြင်း မခံခဲ့ရပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အစိုးရလက်ထက်၊ ၂၀၁၈ ခုနှစ်နှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင်မှသာ NCA ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို ဖော်ဆောင်ရန် ဦးစားပေးအစီအစဉ်တစ်ရပ်အဖြစ် ချမှတ်ခဲ့ပြီး ပြန့်ကျဲနေသော လားဟူလူမျိုးများကို စုစည်းကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်သွားမည့်အကြောင်း LDU အထွေထွေအတွင်းရေးမှူးက ပြောဆိုဖူးသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အတူ နိုင်ငံရေးဆွေးနွေးပွဲများတဆင့် လားဟူလူမျိုးတို့၏ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်အထိ တစ်ဆင့်ချင်း ဖော်ဆောင်သွားမည်ဟု ဆိုပါသည်။

LDU သည် ၁၉၇၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် လားဟူညီညွတ်ရေးပါတီ(LUP)၊ ၁၉၈၇ ခုနှစ် လားဟူအမျိုးသားအဖွဲ့အစည်း၊ ၁၉၉၇ခုနှစ် လားဟူဒီမိုကရက်တစ်တပ်ဦး (LDF) တို့မှ အဆင့်ဆင့်ပြောင်းလဲ ဖွဲ့စည်းပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။



| 'ဝ' ပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၇ ဧပြီ ၁၉၈၉ |
| ရုံးချုပ် | - | ပန်ခမ်း (ပန်ဆန်း) |
| လှုပ်ရှားရာ နယ်မြေ | - | ပန်ဆန်း၊ မိုင်းမ၊ ပန်ဝေ၊ နားဖန်း၊ မိုင်းပေါက်၊ မိုင်းယန်း၊ ဟိုပန်၊ မက်မန်း၊ မိုင်းတုံ၊ မိုင်းဆက်၊ တာချီလိတ်၊ မိုင်းပန်၊ မိုင်းယောင်း |
| အင်အား | - | ၃၀၀၀၀ အထက် |
| ဥက္ကဋ္ဌ | - | ပေါက်ယူချန်း |
| ဒုဥက္ကဋ္ဌ | - | ပေါက်ယူယီ |
| အထွေထွေအတွင်းရေးမှူး | - | |

ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)ပြိုကွဲပြီးနောက်ပိုင်း တည်ထောင်လာသည့် UWSP/UWSA သည် ၁၉၈၉ ခုနှစ် မေလ ၁၈ ရက်တွင် တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့ပြီး တရုတ်အစိုးရနှင့် နီးစပ်သည့် ဆက်ဆံရေးရှိသဖြင့် တရုတ်ဘာသာစကားကိုပင် ပါတီသုံးစကားအဖြစ် ကျင့်သုံးနေပါသည်။ တပ်မတော်မှ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် ဖိအားပေးမှုကို ငြင်းဆန်ခဲ့သော်လည်း နှစ်ဖက် တိုက်ပွဲဖြစ်ပွားခြင်း မရှိသည့်အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကြောင်းပြု ဖြစ်ပေါ်လာသည့် မြို့နယ်ခြောက်ခု ပါဝင်သော 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်လည်း မြို့နယ်လေးခုသည် UWSP/ UWSA၏ ထိန်းချုပ်မှုအောက်တွင် ရှိနေပါသည်။

ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၁ ခုနှစ် စက်တင်ဘာနှင့် ဒီဇင်ဘာလများအတွင်း ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့သော်လည်း NCA ကိုမူ လက်မှတ်ရေးထိုးခဲ့ခြင်း မရှိပါ။ သို့သော် ဦးသိန်းစိန်အစိုးရ သက်တမ်းမကုန်ခင် ၂၀၁၆ ခုနှစ် ဇန်နဝါရီတွင် ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်ကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဝ ပြည်နယ်အဖြစ် အသိအမှတ်ပြုပေးရန် တောင်းဆိုခဲ့သည်။

အမျိုးဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရလက်ထက် ပထမဆုံးအကြိမ် ကျင်းပသည့် ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေးညီလာခံသို့ FPNCC အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့်အတူ တက်ရောက်လေ့လာခဲ့သော်လည်း ၎င်း ဦးဆောင်သော FPNCC အနေဖြင့် NCA မဟုတ်သော အခြားလမ်းကြောင်းတစ်ခုကိုသာ စိတ်အားထက်သန်နေခဲ့ပြီး အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်၊ တပ်မတော်တို့နှင့် တွေ့ဆုံဆွေးနွေးမှုအချို့ ရှိခဲ့ပါသည်။ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း တရုတ်အစိုးရအနေဖြင့် ပိုမို ပါဝင်ဆောင်ရွက်ပေးရန် FPNCC မှ တရားဝင်တောင်းဆိုထားသည်ကို တွေ့ရသည်။

၂၀၁၉ ခုနှစ် ဧပြီလတွင် ပြုလုပ်သည့် UWSA ၏ ငြိမ်းချမ်းရေး နှစ် ၃၀ ပြည့်အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဖိတ်ကြားခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် တက်ရောက်ခဲ့ခြင်း မရှိပေ။ သို့နှင့်တိုင် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားမျှတမှုဆိုင်ရာတရားရုံး (ICJ) တွင် သွားရောက်ဖြေရှင်းသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုယ်စားလှယ်အဖွဲ့ကို ထောက်ခံကြောင်း ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် UWSP/UWSA က ထုတ်ပြန်ခဲ့ပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

ပထမဆုံး NCA လက်မှတ်ရေးထိုးသည့် EAO
အဆင့် (၁) နိုင်ငံတော်အဆင့် ငြိမ်းချမ်းရေးသဘောတူစာချုပ် (စက်တင်ဘာလ ၆ ရက်၊ ၂၀၁၁)
အဆင့် (၂) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောတူ စာချုပ် (ဒီဇင်ဘာလ ၂၅ ရက်၊ ၂၀၁၁)

## ယခင်အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးမှု

မေလ ၁၈ ရက်၊ ၁၉၈၉

## အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီး တိုက်ပွဲဖြစ်ပွားမှု

မရှိ

၂၀၁၆ ခုနှစ် UWSA က NDAA တပ်စခန်းတစ်ခုကိုသိမ်းပိုက်ပြီးနောက် တပ်မတော်နှင့်တင်းမာမှု တစ်ကြိမ်ဖြစ်ပေါ်။
တရားဝင်ကိုယ်စားလှယ်အဖွဲ့- မသိရ

## ဆက်သွယ်ရေးရုံးများ

(၁) လားရှိုး။ (၂) တန်ယန်း။ (၃) ကျိုင်းတုံ။ (၄) တာချီလိတ်။ (၅) တောင်ကြီး။ (၆) မန္တလေး။ (၇)ရန်ကုန်

## ဗဟိုအလုပ်မှုဆောင်ကော်မတီအဖွဲ့ဝင်များ

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | ပေါက်ယူချန်း၊ |
| ဒု-ဥက္ကဋ္ဌ | - | ပေါက်ယူယီ၊ |
| ဒု-ဥက္ကဋ္ဌ | - | ရှောက်မီလျံ၊ |
| စစ်ဦးစီးချုပ် | - | ပေါက်ယူချမ်း |
| ဒု-စစ်ဦးစီးချုပ် | - | ကျောက်ကျုံးတန်း၊ |
| ပြောခွင့်ရပုဂ္ဂိုလ် | - | ဦးအောင်မြင့် @ Le Kyu Lee၊ |
| ဆက်ဆံရေးအရာရှိ | - | ကျောက်ကော်အန်း၊ |
| ဒု- ဆက်ဆံရေးအရာရှိ | - | ဆမ်ခွန်၊ |
| တရားသူကြီးချုပ် | - | လီကျောက်ကော်၊ |
| ဘဏ္ဍာရေးနှင့် စီးပွားရေးအရာရှိ | - | ပေါက်ယူလျံ |

## နိုင်ငံရေးအဖွဲ့

ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)
အစိုးရဌာနများ၏ နယ်မြေညွှန်းဆိုမှု -
ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)
လက်နက်ကိုင်တပ်ဖွဲ့
ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)

## မဟာမိတ်အဖွဲ့များ

FPNCC



## သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၂၄ ဧပြီ ၁၉၆၄ ၊ ၁၉၇၁ |
| ရုံးချုပ် | - | ဝမ်ဟိုင်း၊ ကျေးသီးမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း |
| လှုပ်ရှားရာနယ်မြေ | - | နမ့်ခမ်း၊ လန်းခေး၊ သီပေါ၊ ကျောက်မဲ၊ မိုင်းရှူး၊ တန့်ယန်း၊ မိုင်းယိုင်၊ ကျေးသီးနှင့် လားရှိုးမြို့နယ်များ၊ ရှမ်းပြည်နယ်မြောက်ပိုင်း |
| အင်အား | - | ၁၀၀၀၀ ကျော် |
| ဥက္ကဋ္ဌ | - | ဗိုလ်ချုပ်ကြီးပန်ဖ |
| ဒုဥက္ကဋ္ဌ | - | ဒုတိယဗိုလ်ချုပ်ကြီး ခေးတိုင်း |
| အထွေထွေအတွင်းရေးမှူး | - | ဗိုလ်မှူးကြီး ကျော်လှ |

ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်၏ မဟာဒေဝီ စဝ်မယ်နန်းဟိန်းခမ်းက ဦးစီးပြီး ၁၉၆၄ ခုနှစ်တွင် ရှမ်းပြည်တပ်မတော်(SSA)ကို တည်ထောင်ကာ  ၁၉၇၁ ခုနှစ်တွင် ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP) ကို ဖွဲ့စည်းခဲ့သည်။ ၁၉၈၉ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် တပ်မတော်အစိုးရနှင့် SSPP/SSA အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိခဲ့သော်လည်း ၂၀၁၀ ခုနှစ် နိုင်ငံရေးအရ အသစ်ကူးပြောင်းကာလအတွင်း နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် အသွင်းပြောင်းရန် တပ်မတော်မှ ဖိအားပေးရာ ငြင်းဆန်ခဲ့ပြီး တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။

ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း UNFC အဖွဲ့ဝင်အနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ်  အောက်တိုဘာလ NCA လက်မှတ်ရေးထိုးချိန်တွင်တော့ SSPP/SSA အနေဖြင့် ပါဝင် လက်မှတ်မထိုးခဲ့သည်ကို တွေ့ရသည်။ SSPP/SSA အနေဖြင့် ၎င်းတို့ လှုပ်ရှားရာနယ်မြေအတွင်း တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှုအချို့ ရှိခဲ့သလို RCSS/SSA နှင့်လည်း မကြာခဏထိတွေ့တိုက်ပွဲဖြစ်ပွားမှုများ ရှိနေပါသည်။

UWSA ဦးဆောင်သည့် FPNCC တွင် ပါဝင်နေပြီး အစိုးရ၊ တပ်မတော်တို့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုအချို့ ရှိခဲ့သော်လည်း ငြိမ်းချမ်းရေးအရ ဖြစ်ပေါ် တိုးတက်မှု တစ်စုံတစ်ရာ မြင်တွေ့ရခြင်း မရှိသေးပါ။ ထို့အပြင် RCSS/SSA နှင့်အတူ ရှမ်းနိုင်ငံရေးပါတီများ၊ လူမှုအခြေပြုအဖွဲ့အစည်းများဖြင့် စုဖွဲ့ထားသည့် ရှမ်းပြည်ညီညွတ်ရေးကော်မတီ (CSSU)တွင် ပူးပေါင်းပါဝင်လျက်ရှိသော်လည်း RCSS/SSA နှင့် SSPP/SSA အကြား စစ်ရေးပဋိပက္ခများ ဆက်လက်မြင်တွေ့နေရပါသည်။

၂၀၂၀ ပြည့်နှစ်၊ နှစ်ချုပ်ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးတွင်တော့ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်ပြီး တန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို အာမခံသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု ပေါ် ထွန်းသည်အထိ ဆောင်ရွက်သွားရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့်အတူ ဆက်လက်ပူးပေါင်းသွားရန်ဆိုသည့် အချက်များ အပါအဝင် အချက်လေးချက်ကို SSPP/SSA ၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် ဆုံးဖြတ်ချက်ချထားပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းဖြစ်စဉ်

သတ္တမမြောက် အပစ်အခတ်ရပ်စဲရေး
လက်မှတ်ရေးထိုးသည့် EAO
အဆင့် (၁) နိုင်ငံတော်အဆင့်
အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်
(ဇန်နဝါရီလ ၂၈ ရက်၊ ၂၀၁၂)
အဆင့် (၂) ပြည်ထောင်စုအဆင့်
အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်
(ဇန်နဝါရီ ၂၈ ရက်၊ ၂၀၁၂)

## ယခင်အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်

စက်တင်ဘာလ ၂ ရက်၊ ၁၉၈၈

## အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးနောက် တိုက်ပွဲဖြစ်ပွားမှု

၂၀၁၂ - အကြိမ် ၁၃၀
၂၀၁၃ - ၇၁ ကြိမ် ထိပ်တိုက်တွေ့ဆုံမှု
၂၀၁၄ - အကြိမ် ၁၀၀ နှင့်အထက်
၂၀၁၅ - ၃၄ ကြိမ် (သတင်းဖော်ပြချက်)
၂၀၁၆ - ၁၀ ကြိမ် (သတင်းဖော်ပြချက်)
၂၀၁၉ - ၅ ကြိမ်

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

အလုည့်ကျ

## ဆက်ဆံရေးရုံးများ

(၁) လားရှိုး
(၂) တောင်ကြီး
(၃) နိုလမ်
(၄) မူဆယ် (ဖွင့်လှစ်ခြင်းမရှိသေး)
(၅) တာချီလိတ် (အတည်ပြုခြင်းမရှိသေး)

## မဟာမိတ်အဖွဲ့များ

UNFC ၊ FUA ၊ NCCT၊ DPN အမှတ်

## ဆက်သွယ်ရန်

အီးမေးလ် - sspp.hq@gmail.com



| သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS / SSA) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၉၆၄ ၊ ၁၉၉၆ |
| ရုံးချုပ် | - | လွယ်တိုင်လန်း ၊ ရှမ်းပြည်နယ်တောင်ပိုင်း |
| လှုပ်ရှားရာနယ်မြေ | - | ရှမ်းအရှေ့ပိုင်းရှိ မိုင်းတုံ၊ မိုင်းဆတ်၊ ရှမ်းတောင်ပိုင်းရှိ မိုင်းပန်၊ မိုးနဲ၊ လဲချား၊ ကွန်ဟင်း၊ လွယ်ဆစ်၊ မောက်မယ်၊ မိုးကောင်း၊ နမ့်ဆန်နှင့် ရှမ်းမြောက်ပိုင်းရှိ ကျောက်မဲ ၊ နမ့်ခမ်း မြို့နယ်များ |
| အင်အား | - | ၁၀၀၀၀ ကျော် |
| ဥက္ကဋ္ဌ | - | ဗိုလ်ချုပ်ကြီး ယွက်စစ် |
| ဒုဥက္ကဋ္ဌ - ၁ | - | ဒုတိယဗိုလ်ချုပ်ကြီး စိုင်းယီ |
| အတွင်းရေးမှူး - ၁ | - | ဗိုလ်မှူးကြီးစိုင်းငင်း |

၂၀၁၁ ဒီဇင်ဘာနှင့် ၂၀၁၂ ဇန်နဝါရီလများတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးအတွက် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်တော့ ဦးသိန်းစိန်အစိုးရနှင့် RCSS/SSA အကြား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ NCA အရ ဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အခြားသော NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့်အတူ လိုက်ပါဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

သို့သော် ၂၀၁၉၊ ၂၀၂၀ ခုနှစ်များအတွင်း RCSS လှုပ်ရှားရာ မိုင်းကိုင်၊ ကျေးသီး၊ မိုင်းနောင်၊ မိုင်းတုံ၊ မိုင်းဆက်၊ ကျောက်မဲနှင့် နမ့်ခမ်းမြို့နယ်များအတွင် တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့ပြီး အထူးသဖြင့် ကျောက်မဲမြို့နယ်အတွင်း ဖြစ်ပွားသည့် တိုက်ပွဲများသည် ပြင်းထန်ခဲ့ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တစ်ဆို့မှုများ၊ ရှေ့မတိုးသာသည့် အခြေအနေများအကြားတွင် RCSS အနေဖြင့် တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့သလို အခြားသော လှုပ်ရှားရာနယ်မြေချင်း ထိစပ်နေသည့် SSPP/SSA ၊ TNLAနှင့် PNLO စသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့်လည်း တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့ပါသည်။

NCA လက်မှတ်ထိုးခြင်း လေးနှစ်ပြည့်အခမ်းအနားကိုတော့ တပ်မတော်အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ကန့်သတ်တားမြစ်မှုကြောင့် RCSS ခေါင်းဆောင် ဗိုလ်ချုပ်ကြီးယွက်စစ် တက်ရောက်နိုင်ခဲ့ခြင်း မရှိသကဲ့သို့ အစိုးရ၊ တပ်မတော်ကိုယ်စားလှယ်များနှင့် RCSS အကြား အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများလည်း တွေ့ရှိရပါသည်။ ထူးခြားသည်က ၂၀၂၀ ပြည့်နှစ် မတ်လ ၁၅ ရက်၊ တပ်မတော်နှင့် RCSS အကြား နေပြည်တော် တွေ့ဆုံဆွေးနွေးမှုအပြီး မတ်လ ၂၅ ရက်တွင် ၎င်းတို့နှစ်ဖက်အကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် ကျင်းပသည့် ၂၁ ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံ အဖွင့်မိန့်ခွန်းပြောကြားရာတွင်လည်း RCSS ဥက္ကဋ္ဌအနေဖြင့် ရှမ်းဘာသာစကားဖြင့်မပြောဘဲ မြန်မာဘာသာဖြင့်သာ ပြောဆိုရန် တပ်မတော်မှ ဖိအားပေးခဲ့သည်ကို တွေ့ရပါသည်။ RCSS အနေဖြင့် တစ်ဆို့နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများ၊ နှစ်ဖက် ထိတွေ့တိုက်ပွဲများ ရှိနေသည့်တိုင် NCA လမ်းကြောင်းကို ဆက်လက် စွဲကိုင်ထားသည်ကို တွေ့ရပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

စတုတ္တမြောက် အပစ်အခတ်ရပ်စဲရေး
လက်မှတ်ရေးထိုးသည့် EAO
အဆင့် (၁) နိုင်ငံတော်အဆင့် အပစ်အခတ်ရပ်စဲရေး
သဘောတူစာချုပ် (ဒီဇင်ဘာလ ၂ ရက်၊ ၂၀၁၁)
အဆင့် (၂) ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး
သဘောတူစာချုပ် (ဇန်နဝါရီ ၁၆ ရက်၊ ၂၀၁၂)
အဆင့် (၃) NCA (အောက်တိုဘာလ ၁၅ ရက်၊ ၂၀၁၅)

## အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးနောက် တိုက်ပွဲဖြစ်ပွားမှု

၂၀၁၂ - ၆၈ ကြိမ်။
၂၀၁၃ - ၇၆ ကြိမ်။
၂၀၁၄ - ၂၁ ကြိမ်။
၂၀၁၅ - ၁၃ ကြိမ်။
၂၀၁၆ - ၄ ကြိမ်
၂၀၁၉ - ၆ ကြိမ်၊
၂၀၂၀ - ၈ ကြိမ်၊
၂၀၂၁ - ၈ ကြိမ်

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် - ပေါင်ခေး

## ဆက်ဆံရေးရုံးများ

(၁) တောင်ကြီး (ဖေဖော်ဝါရီလ ၂၂ ရက်၊ ၂၀၁၂)
(၂) ကျိုင်းတုံ (ဖေဖော်ဝါရီလ ၂၂ ရက်၊ ၂၀၁၂)
(၃) တာချီလိတ် (ဖေဖော်ဝါရီလ ၂၉ ရက်၊ ၂၀၁၂)
(၄) မိုင်းတုံ (ဖေဖော်ဝါရီလ ၂၉ ရက်၊ ၂၀၁၂)
(၅) ခိုလမ် (မတ်လ ၂၉ ရက်၊ ၂၀၁၂)
(၆) မူဆယ် (စီးပွားရေးဆိုင်ရာဆက်ဆံရေးရုံး)
(၇) မိုင်းပန် (မတ်လ ၆ ရက်၊ ၂၀၁၄)

## မဟာမိတ်အဖွဲ့များ

PPST ၊ PPWT/CT ၊ UPDJC ၊ JMC အဖွဲ့ဝင်

## ဆက်သွယ်ရန်

ဝက်ဘ်ဆိုက် - http://www.taifreefom.com ၊ http://www.rcssanc.org
အီးမေးလ် - rcssinfordepartment@gmail.com



## အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေးအဖွဲ့ - NDAA/ESS

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၉၈၉ |
| ရုံးချုပ် | - | မိုင်းလား ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း |
| လှုပ်ရှားရာ နယ်မြေ | - | မိုင်းလား ၊ ရှမ်းပြည်နယ် (အထူးဒေသ ၄) |
| အင်အား | - | ၃၀၀၀ အထက် |
| ဥက္ကဋ္ဌ | - | စိုင်းလင်း |
| ဒုဥက္ကဋ္ဌ | - | စံဖဲ |
| အထွေထွေအတွင်းရေးမှူး | - | စဝ်ဆဲန်လ |

ဗမာပြည်ကွန်မြူနစ်ပါတီ(CPB) မှ ခွဲထွက်ကာ ၁၉၈၉ ခုနှစ်တွင် တည်ထောင်ခဲ့သည့် NDAA-ESS သည် ထိုနှစ် ဇွန် ၃၀ ရက်တွင်ပင် တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘော တူညီမှုရယူကာ မိုင်းလားမြို့တွင် အခြေစိုက်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဖြစ်သည်။ ၂၀၁၁ ခုနှစ် စက်တင်ဘာနှင့် ဒီဇင်ဘာလများအတွင်း ဦးသိန်းစိန်အစိုးရနှင့် ပြည်နယ်အဆင့်၊ ပြည် ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးခဲ့သော်လည်း NCA ကိုမူ လက်မှတ်ရေးထိုးခဲ့ ခြင်း မရှိသည်ကို တွေ့ရပါသည်။

တပ်မတော်နှင့် NDAA-ESS အကြား တိုက်ပွဲဖြစ်ပွားမှု မရှိသော်လည်း NCA တွင် ပါဝင် လက်မှတ်ရေးထိုးရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရ၏ ငြိမ်းချမ်းရေး ကော်မရှင်နှင့် အလွတ်သဘော ဆွေးနွေးမှုများ ရှိခဲ့သော်လည်း ၎င်း ပါဝင်သည့် FPNCC နှင့်အတူ ၂၁ ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံအတွက် လေ့လာသူအနေဖြင့်သာ တက်ရောက်နိုင်ခဲ့ပါသည်။

သို့သော် NDAA-ESS အနေဖြင့် ၎င်းတို့၏ ပစ်ခတ်မှုရပ်စဲခြင်း နှစ် ၃၀ အတွင်း ငြိမ်းချမ်းရေး တည်ဆောက်မှုသည် အောင်မြင်သည်ဟု ယုံကြည်နေပြီး ငြိမ်းချမ်းဖွံ့ဖြိုးရေးလမ်းစဉ်အတိုင်း လျှောက်လှမ်းမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ပြည်သူလူထု၏ နေထိုင်မှု ဘဝသာယာဝပြော နိုင်မည်ကို သက်သေပြခဲ့ပြီဟု ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

ဒုတိယမြောက် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးသည့် EAO
အဆင့် (၁) နိုင်ငံတော်အဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်
(စက်တင်ဘာလ ၇ ရက်၊ ၂၀၁၁)
အဆင့် (၂) ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်
(ဒီဇင်ဘာလ ၂၇ ရက်၊ ၂၀၁၁)
ယခင်အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်
ဖွန်လ ၃၀ ရက်၊ ၁၉၈၉

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

အလှည့်ကျ

## ဆက်ဆံရေးရုံးများ

- ရန်ကုန်၊
- တောင်ကြီး၊
- ကျိုင်းတုံ၊
- တာချီလိတ်၊
- မန္တလေး (ပြန်လည်ဖွင့်လှစ်)

# ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်
# ထူးခြားသည့်
# သဘောထားထုတ်ပြန်ချက်များ

# ထုတ်ပြန်ချက်မှပြောသောငြိမ်းချမ်းရေး

Myanmar Peace Monitor အနေဖြင့် ၂၀၁၉- ၂၀၂၀ ခုနှစ်အတွင်း မြန်မာစစ်တပ်၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ထုတ်ပြန်ကြေညာချက်များထဲမှ အချို့ကို ကောက်နုတ်ဖော်ပြသွားမည် ဖြစ်ပါသည်။

၂၀၁၉- ၂၀၂၀ ခုနှစ်အတွင်း ထုတ်ပြန်ချက်အများစုတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးတို့ အပါအဝင် အပစ်ရပ်စဲရေးကာလ ကြေညာခြင်း၊ သက်တမ်းတိုးခြင်းတို့ကိုလည်း တွေ့ရှိရပါသည်။ တပ်မတော်သည် စစ်တိုင်း ငါးတိုင်းတွင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို အချိန်ပိုင်း ရပ်ဆိုင်းပေးမည်ဟု ကြေညာခဲ့သည်။ သို့သော် တအာင်းနှင့် ရခိုင်အပါအဝင် ဒေသများတွင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုနှင့် ထိုးစစ်ဖွင့် ချေမှုန်းခြင်းများ ရှိနေခဲ့ရာ တပ်မတော်၏ ဆောင်ရွက်ချက်များသည် ပြည်တွင်းစစ်များကို ရပ်တန့်နိုင်မည်မဟုတ်ဘဲ လျှောက်လှမ်းနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းများကိုသာ နောက်ပြန်ဆုတ် ရပ်တန့်စေမည်ဖြစ်ကြောင်း ညီနောင်မဟာမိတ် သုံးဖွဲ့၏ သဘောထားကို ထုတ်ပြန်ခဲ့ပါသည်။

NLD ဦးဆောင်သည့် အစိုးရနှင့် တပ်မတော်တို့သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် နိုင်ငံရေးပြောင်းလဲပြုပြင်ရေးဖြစ်စဉ်များ ရပ်တန့်လျက်ရှိပြီး၊ ပြည်တွင်းစစ်ဘေးဒဏ်ကို ဆက်လက် ခံစားနေကြရပြီး၊ မြန်မာပြည်သူလူထုသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှု

ရေး အကျပ်အတည်း ဆုတ်ယုတ်မှုများအကြား နစ်မွန်းခံစားနေကြရကြောင်း၊ တိုက်ပွဲများကို အမှန်တကယ် မရပ်တန့်နိုင်ပါက မြန်မာနိုင်ငံ၏ အခြေအနေမှာ ပိုမို ဆိုးရွားနိမ့်ကျနေမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့ပါသည်။

ကိုးကန့်၊ တအာင်းနှင့် ရခိုင်ဒေသများတွင် တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်နေမှုများ နေ့စဉ် ပိုမို ပြင်းထန်လာခြင်းအပေါ် ညီနောင်မဟာမိတ် သုံးဖွဲ့မှ သဘောထားထုတ်ပြန်ချက်တွင် မြန်မာစစ်တပ်အနေဖြင့် ၎င်းတို့ လှုပ်ရှားနေသည့် နေရာများကို ပုံစံမျိုးစုံဖြင့် ထိုးစစ်ဆင်တိုက်ခိုက်နေခြင်း၊ ကြည်း ရေ လေ ပူးပေါင်းစစ်ဆင်ရေးများကို ဆက်လက် လုပ်ဆောင်နေခြင်းတို့အပြင် ပြည်သူလူထုများရှိရာ ရပ်ရွာများအား လူမျိုးရေးအမုန်းတရားများကို အခြေခံ၍ လက်နက်ကြီး၊ လက်နက်ငယ်၊ ရဟတ်ယာဉ်များဖြင့် နေ့ညမရွေး ပစ်ခတ်တိုက်ခိုက်နေခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်နေခြင်း၊ စိတ်ပိုင်းဆိုင်ရာ ဒုက္ခအမျိုးမျိုးပေးနေခြင်းတို့ကို နေ့စဉ် ကျူးလွန်နေရာ စစ်မီးနှင့် စစ်ဘေးဒုက္ခ ပိုမိုခံစားနေရခြင်းကို ရပ်တန့်အဆုံးသတ်နိုင်ရန်အတွက် မြန်မာစစ်တပ်မှ ပြုလုပ်နေသော ထိုးစစ်များကို အမြန်ဆုံးရပ်တန့်ပြီး စစ်မှန်သော စိတ်ဆန္ဒဖြင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် လိုအပ်ပြီး ထိုးစစ်များကို မရပ်တန့်ပါက ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲများမှာ မြန်မာစစ်တပ်၏ တာဝန်သာဖြစ်ကြောင်း ညီနောင်မဟာမိတ်သုံးဖွဲ့ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့၌ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ကိုယ်စားလှယ်များနှင့် KIO ၊ PSLF ၊ MNTJP ၊ ULA လေးဖွဲ့ ကိုယ်စားလှယ်များ တွေ့ဆုံခဲ့ပြီး၊ နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများ အမြန်ဆုံး ရပ်တန့်နိုင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် နှစ်ဖက်စလုံးမှ နိုင်ငံရေးဆန္ဒ အပြည့်အဝဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။

ကျိုင်းတုံဆွေးနွေးပွဲပြီးနောက်တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများ ရပ်တန့်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းများ ပိုမိုလက်တွေ့ကျစွာ ဆောင်ရွက်နိုင်ရန်အတွက် ညီနောင်မဟာမိတ် သုံးဖွဲ့မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၉ ရက်မှ အောက်တိုဘာ ၈ ရက်အထိကို တစ်လတာ တစ်ဖက်သတ် အပစ်အခတ်ရပ်ဆိုင်းရေး ပြုလုပ်ကြောင်း ကြေညာခဲ့ပါသည်။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရန်၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုလမ်းစဉ်ဖြင့် လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနိုင်ရန်အတွက် ၂၀၁၉ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် ပြုလုပ်သော ကျိုင်းတုံအစည်းအဝေး၏ သဘောထားစုစည်းမှုများကို အခြေခံပြီး မိမိတို့ဘက်မှ ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ခုခံကာကွယ်သော စစ်ဖြင့် အပြည့်အဝ ခုခံကာကွယ်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း၊ Bilateral Casefire Agreement မှတစ်ဆင့် မြန်မာပြည်တွင် ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများနှင့် ပြည်တွင်းစစ်မီးကို အဆုံးသတ်သွားသည်အထိ သက်ဆိုင်သူများနှင့် တကယ် ဖော်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် လက်မှတ်မထိုးခင် ပြင်ဆင်နေသော အချိန်ကာလအတွင်း နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပွဲများ ဖော်ဆောင်လိုသော စိတ်ရင်းစေတနာအမှန်ဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများ ဖော်ဆောင်နိုင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ညီနောင်မဟာမိတ် သုံးဖွဲ့က ထုတ်ပြန်ခဲ့ပါသည်။

ထို့ပြင် ညီနောင်မဟာမိတ် သုံးဖွဲ့၏ ထုတ်ပြန်ချက်မတိုင်မီက မြန်မာစစ်တပ်ကလည်း ယခင်နည်းတူ ရခိုင်ဒေသကို ချန်လှပ်ကာ စစ်တိုင်း ငါးတိုင်းကို စစ်ရေးလှုပ်ရှားမှု ရပ်ဆိုင်းထားသည့် သက်တမ်းအား စက်တင်ဘာလ ၂၁ ရက်အထိ သုံးပတ်တိုးမြှင့်ကြောင်း ကြေညာခဲ့ပါသည်။

အပစ်အခတ်ရပ်စဲပြီး စစ်မှန်သည့် တွေ့ဆုံဆွေးနွေးမှုများ ဖြစ်လာစေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကြားဝင်စေ့စပ်မှု၊ FPNCC ၏ နိုင်ငံရေးဦးဆောင်မှုတို့ကို အားသွန်ခွန်စိုက်ကြိုးပမ်းနေသော်လည်း မြန်မာစစ်တပ်သည် ကြားဝင်စေ့စပ်မှုကို အလေးမထားခြင်း၊ တွေ့ဆုံဆွေးနွေးမှုများမှာ မျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာဘဲ အကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း၊ မြန်မာစစ်တပ်သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအား ပြုလုပ်၍ရနိုင်သော်လည်း ရခိုင်ဒေသတစ်ခုတည်းကို ချန်လှပ်ပြီး တစ်ဖက်သတ် အပစ်အခတ်ရပ်စဲခြင်းအား ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်က ကြေညာခဲ့သောကြောင့် နောက်ဆက်တွဲဖြစ်ရပ်များမှာ ငြိမ်းချမ်းရေးဖြစ်စဉ်အား ထိခိုက်စေခဲ့ပြီး တွေ့ဆုံဆွေးနွေးပွဲများ ကာလအတန်ကြာ ရပ်တန့်ခဲ့ရကြောင်း ညီနောင်မဟာမိတ် သုံးဖွဲ့က ထုတ်ပြန်ခဲ့ပါသည်။

ထို့ပြင် ၎င်းတို့ သုံးဖွဲ့အနေဖြင့် နိုင်ငံရေး ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းလိုသည့် စိတ်ဆန္ဒ အပြည့်အဝ ရှိသောကြောင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းအရ ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေး အဖြေရှာရန် လိုလားပါကြောင်း ငြိမ်းချမ်းရေးအပေါ် သဘောထားကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

PSLF/TNLA ၏ ဗဟိုကော်မတီ ခြောက်လပတ် အစည်းအဝေးအပြီးတွင် ပြည်တွင်းစစ်ရပ်စဲပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ အမှန်တကယ် ပြုလုပ်နိုင်ရန်အတွက် မြန်မာစစ်တပ်၏ ထိုးစစ်ဆင်စစ်ရေးလှုပ်ရှားမှုများ ရပ်တန့်ပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို ခြွင်းချက်မထားဘဲ ကြေညာပေးရန် ထုတ်ပြန်တောင်းဆိုခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်မှ ၂၀၁၉ ခုနှစ် ဧပြီလ ၃၀ ရက်အထိ စစ်ဒေသအလိုက် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများအားလုံးကို ရပ်ဆိုင်းပေးမည်ဟု မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်ပြီးနောက်ပိုင်း တအောင်းဒေသတွင် စခန်းသစ်များကို တိုးချဲ့နေထိုင်လာခြင်းသည် စစ်ရေးပဋိပက္ခ ပိုမို တိုးများလာစေမည့် လုပ်ရပ်ဖြစ်ကြောင်း PSLF/TNLA မှ အပြင်းအထန်ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ခဲ့ပါသည်။

၂၀၂၀ ခုနှစ် မတ်လ ၂၃ ရက်တွင် တပ်မတော်မှ ULA/AA အား မတရားအသင်း၊ အကြမ်းဖက်အသင်းအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ ယင်းထုတ်ပြန်ချက်အပေါ်တွင် အစိုးရ၏ လုပ်ရပ်သည် လက်ရှိ ရပ်တန့်နေသည့် နိုင်ငံရေးတွေ့ဆုံမှုများကို မျှော်လင့်ချက် ရိုက်ချိုးလိုက်ပြီး၊ ဆိုးဝါးသည့် နိုင်ငံရေးအခြေအနေကို ပိုမို ဦးတည်စေကြောင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိသည့် အခြေအမြစ် မရှိသော စွပ်စွဲချက်များအား လုံးဝ လက်မခံဘဲ ULA/AA နှင့်အတူ စစ်ရေး၊ နိုင်ငံရေးများကို ယခင်နည်းတူ စည်းလုံးညီညွတ်စွာဖြင့် ဆက်လက် ပူးပေါင်းမည်ဖြစ်ကြောင်းနှင့် လက်ရှိ ပြင်းထန်စွာ ဖြစ်ပွားနေသော တိုက်ပွဲများ၊ လွှတ်တော်အတွင်း အားပြိုင်မှု၊ ပွတ်တိုက်မှုများကြောင့် မြန်မာပြည်နိုင်ငံရေးသည် လုံးဝ နောက်ပြန်ဆုတ်နေပြီး မိဘပြည်သူများ၏ နိုင်ငံရေးအခြေအနေမှာ အလွန်စိုးရိမ်ဖွယ်အခြေအနေသို့ ဆိုက်ရောက်နေကြောင်း ညီနောင်မဟာမိတ်သုံးဖွဲ့ဖြစ်သော ကိုးကန့် MNTJP/MNDAA ၊ PSLF/TNLA နှင့် ရခိုင် ULA/AA တို့မှ ရှုမြင်သုံးသပ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၈၃ ရာခိုင်နှုန်းကျော် အနိုင်ရရှိသည့် လူထုထောက်ခံမှုအောင်ပွဲကို ထောက်ခံကြိုဆိုကြောင်း ညီနောင်မဟာမိတ်သုံးဖွဲ့မှ အကြီးအကဲများက ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၀ ရက်တွင် သဘောထားထုတ်ပြန်ခဲ့သည်။

နိုဝင်ဘာ ၉ ရက်တွင် ထုတ်ပြန်ခဲ့သည့် မြန်မာ့တပ်မတော်၏ ပစ်ခတ်တိုက်မှုရပ်စဲရေးနှင့်

ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်နှင့်အတူ ထပ်မံ ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည့် ဆွေးနွေးမှုကော်မတီကိုလည်း ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးအတွက် အပြုသဘောဆောင်သည့် ခြေလှမ်းအဖြစ် ကြိုဆိုကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

ညီနောင်မဟာမိတ်သုံးဖွဲ့အနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး အစိုးရတာဝန်ကို ထပ်မံဦးဆောင်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရနှင့်သော် လည်းကောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပြုလုပ်ရာတွင် အဓိကကျသည့် မြန်မာ့တပ်မတော်နှင့်သော် လည်းကောင်း လက်တွေ့ကျသည့် ငြိမ်းချမ်းရေးလုပ်ငန်းများ ဆွေးနွေးညှိနှိုင်းဖော်ဆောင်နိုင်မည့် အခင်းအကျင်းသစ်များ ပေါ်ပေါက်နိုင်ရန်အလို့ငှာ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကို ၂၀၂၀ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ ထပ်မံတိုးမြှင့်လိုက်ကြောင်း၊ ၎င်းတို့အနေဖြင့် တိုက်ပွဲများလျော့ချပြီး နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုများ ဖြစ်ပေါ်တိုးတက်ရန်အတွက် ၂၀၁၉- ၂၀၂၀ ခုနှစ်အတွင်း တစ်ဖက်သတ် အပစ်အခတ်ရပ်စဲကြောင်းခုနစ်ကြိမ်တိုင်တိုင် ဆက်တိုက်တိုးမြှင့်ခဲ့ပြီဖြစ်ကြောင်းကြေညာခဲ့ပါသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီအား ဖွဲ့စည်းကြောင်းနှင့် အချက် လေးချက်ကို ၂၀၂၀ နိုဝင်ဘာ ၉ ရက်က ထုတ်ပြန်ခဲ့ရာ၊ ယင်းတွင် တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းအတိုင်း NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာအောင် ဆက်လက်ဆွေးနွေးခြင်း၊ NCA လက်မှတ်မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား NCA လက်မှတ်ရေးထိုးနိုင်သည်အထိ ဆက်လက်ဆွေးနွေးခြင်းနှင့် ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ လိုအပ်သည်များအား ဆွေးနွေးသွားရန်ဖြစ်ကြောင်း ထုတ်ပြန် ကြေညာခဲ့ပါသည်။

Myanmar Peace Monitor

**၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်များအတွင်း**
**ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်အတူ ပါဝင်ပတ်သက်သည့် အဖွဲ့အစည်းများအလိုက် ထုတ်ပြန်ကြေညာချက်များ စုစည်းမှု**

| နေ့စွဲ | အကြောင်းအရာ | အဓိကအချက် | မှတ်ချက် |
|---|---|---|---|
| ၀၄/၀၁/၂၀၁၉ | မြန်မာစစ်တပ်၏ တပ်စခန်းတိုးချဲ့မှုနှင့်စပ်လျဉ်း၍ TNLA က ရှုတ်ချကြောင်း ထုတ်ပြန်ချက် | အချက် ၃ ချက် | တပ်စခန်းများပြန်လည်ရုပ်သိမ်းပေးရန် |
| ၁၂/၀၁/၂၀၁၉ | ၅၆ ကြိမ်မြောက် တအာင်းအမျိုးသား တော်လှန်ရေးနေ့ သဘောထားထုန်ပြန်ချက် | တအာင်းအမျိုးသားတော်လှန်ရေးနေ့ အကြောင်း | သဘောထားထုတ်ပြန်ကြေညာချက် |
| ၁၅/၀၁/၂၀၁၉ | နှစ်ပတ်လည် အထွေထွေကော်မတီအစည်းအဝေးနှင့် စပ်လျဉ်း၍ TNLA ၏ ထုတ်ပြန်ချက် | နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးရန် | တပ်မတော်အားကန့်ကွက်ရှုံ့ချ |
| ၁၁/၀၃/၂၀၁၉ | "မြန်မာအစိုးရ၏ ၂၀၁၈ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း (VFV) မူဝါဒ" ကို ငြင်းပယ်သည့် TNLA ၏ ထုတ်ပြန်ချက် | လိုက်နာဆောင်ရွက်ခြင်းမပြုကြပါရန် | ဒေသခံပြည်သူများအား ကာကွယ်သွားမည် |
| ၁၉/၀၃/၂၀၁၉ | တပ်မတော်က ရခိုင်ပြည်နယ် မြောက်ဦးဒေသခံများကို တိုက်ခိုက်မှုနှင့်ပတ်သက်၍ MNDAA၊ TNLA နှင့် AA ၏ ပူးတွဲသတင်းထုတ်ပြန်ချက် | အချက် ၅ ချက် | တပ်မတော်အား ကန့်ကွက်ရှုံ့ချ |
| ၁၇/၀၄/၂၀၁၉ | TNLAမှ ဝပြည်ထူထောင်မှု နှစ်၃ဝပြည့်အခမ်းနားသို့ ပေးပို့သည့် ဂုဏ်ပြုဝမ်းမြောက်ကြောင်းသဝဏ်လွှာ | ဂုဏ်ပြုဝမ်းမြောက်ကြောင်း | သဝဏ်လွှာ |
| ၂၂/၀၆/၂၀၁၉ | TNLA မှ MTC နှစ်၃ဝပြည့်အခမ်းနားသို့ ပေးပို့သည့် ဂုဏ်ပြုဝမ်းမြောက်ကြောင်းသဝဏ်လွှာ | အချက် ၅ ချက် | သဝဏ်လွှာ |
| ၂၉/၀၆/၂၀၁၉ | ခြောက်လပတ် အထွေထွေကော်မတီနှင့်စပ်လျဉ်း၍ TNLA ၏ ထုတ်ပြန်ချက် | မြန်မာစစ်တပ်၏ထိုးစစ်ဆင်မှုရပ်တန့်စေလို | သဘောထားထုတ်ပြန်ချက် |
| ၁၇/၀၇/၂၀၁၉ | TNLA၊ AA နှင့် MNDAA က ဒေသခံများကို သတိပေးသည့် ပူးတွဲထုတ်ပြန်ချက် | ဒေသခံများ တိုက်ပွဲတွင် ပါဝင်ခြင်း မပြုရန်၊ မြန်မာစစ်တပ်နှင့် ပူးတွဲနေထိုင်ခြင်းမပြုရန် | သတိပေးချက် |
| ၁၇/၀၇/၂၀၁၉ | TNLA၊ AA နှင့် MNDAA ၏ စစ်ရေးနှင့် နိုင်ငံရေး ရည်မှန်းချက်များကို ရှင်းလင်းသည့် ပူးတွဲ ထုတ်ပြန်ချက် | စစ်ရေး နိုင်ငံရေးအခြေအနေများ ရှင်းပြ | ဒေသခံများအား ရှင်းလင်းချက် |
| ၂၅/၀၈/၂၀၁၉ | TNLA၊ AA နှင့် MNDAA ၏ အများပြည်သူသို့ ပူးတွဲထုတ်ပြန်ချက် | ဒေသခံပြည်သူများ အထူးသတိပြုရန် | ပန်ကြားချက် |
| ၂၈/၀၈/၂၀၁၉ | TNLA၊ AA နှင့် MNDAA ၏ အများပြည်သူကို မေတ္တာရပ်ခံသည့် ပူးတွဲထုတ်ပြန်ချက် | တိုက်ပွဲဖြစ်နေသောနေရာများသို့ သွားလာခြင်းမပြုပါရန် | မေတ္တာရပ်ခံချက် |
| ၂၈/၀၈/၂၀၁၉ | TNLA၊ AA နှင့် MNDAA ၏ ငြိမ်းချမ်းရေး တည်ဆောက်မှုနဲ့ စပ်လျဉ်း၍ ပူးတွဲထုတ်ပြန်ချက် | နိုင်ငံရေးနည်းလမ်းအရ ငြိမ်းချမ်းစွာ ဆွေးနွေးလိုကြောင်း | ထုတ်ပြန်ကြေညာချက် |
| ၃၁/၀၈/၂၀၁၉ | အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ ကိုယ်စားလှယ်များနှင့် KIA ၊TNLA၊ MNDAA၊AA ကိုယ်စားလှယ်များ တွေ့ဆုံပွဲ သတင်းကြေညာချက် | အချက် ၆ ချက် | NCA ဆက်လက်ဆွေးနွေး |
| ၀၂/၀၉/၂၀၁၉ | TNLA၊ AA နှင့် MNDAA ၏ ပြည်တွင်းစစ်ရပ်တန့်၍ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် ပူးတွဲထုတ်ပြန်ချက် | အချက် ၃ ချက် | Bilateral Ceasefire Agreement ရေးထိုးရန် ဆွေးနွေး |
| ၀၄/၀၉/၂၀၁၉ | TNLA၊ AA နှင့် MNDAA ၏ ကားများပျက်စီးမှုနှင့်စပ်လျဉ်း၍ ပူးတွဲထုတ်ပြန်ချက် | ပစ်ခတ်မှုကြောင့် ကား ၄ စီး မီးလောင် | ပြည်သူများပူးပေါင်းဆောင်ရွက်ကြရန် |
| ၀၅/၀၉/၂၀၁၉ | တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးက စက်တင်ဘာ ၂ ရက်က ထုတ်ပြန်သည့် ကြေညာချက်အပေါ် ကန့်ကွက်ကြောင်း TNLA၊ AA၊ MNDAA ၏ ပူးတွဲထုတ်ပြန်ချက် | တပ်မတော်သည် ညီနောင် ၃ ဖွဲ့အား စွပ်စွဲ | ကန့်ကွက်ရှုံ့ချ |

| | | | |
|---|---|---|---|
| ၀၉/၀၉/၂၀၁၉ | TNLA၊ AA နှင့် MNDAA ၏ ၁ လတာ အပစ်အခတ်ရပ်စဲကြောင်း ပူးတွဲထုတ်ပြန်ချက် | ၁ လတာ အပစ်အခတ်ရပ်စဲကြောင်း | ထုတ်ပြန်ကြေညာချက် |
| ၃၁/၀၈/၂၀၁၉ | မြန်မာစစ်တပ်၏ ထုတ်ပြန်ချက် | အပစ်အခတ်ရပ်စဲရေးနှင့်ထာဝရ ငြိမ်းချမ်းရေး | တိုးမြင့်ရပ်ဆိုင်းပေးကြောင်း |
| ၁၄/၀၉/၂၀၁၉ | TNLA၊ AA နှင့် MNDAA ၏ အပစ်အခတ်ရပ်စဲရေးကြေညာပြီး အခြေအနေနှင့်စပ်လျဉ်း၍ ပူးတွဲထုတ်ပြန်ချက် | အချက် ၃ ချက် | စစ်တပ်သည် ဆက်လက်ထိုးစစ်ဆင် |
| ၂၀/၀၉/၂၀၁၉ | ညီနောင်မဟာမိတ်သုံးဖွဲ့၏ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲမှုနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက် | တစ်ဖက်သတ်အပစ်အခတ် ရပ်စဲခြင်းအား ၂၀၁၉ နှစ်ကုန် အထိ ကြေညာ | မြန်မာစစ်တပ်တိုက်ခိုက်လာပါက ခုခံကာကွယ်သွားမည် |
| ၂၉/၁၀/၂၀၁၉ | တပ်မတော်က ကိုးကန့်၊ တအာင်းနှင့် ရခိုင်ဒေသများတွင် ထိုးစစ်ဆင်မှုအခြေအနေနှင့် စပ်လျဉ်း၍ ညီနောင်မဟာမိတ်သုံးဖွဲ့၏ ထုတ်ပြန်ချက် | မြန်မာစစ်တပ် ထိုးစစ်ဆင် | အမြန်ဆုံးရပ်တန့်ရန် |
| ၂၇/၁၁/၂၀၁၉ | Ayeyarwady News ရဲ့ သတင်းဖော်ပြချက်ကို ပြင်ဆင်ပေးရန် TNLA ရဲ့ ကြေညာချက် | အမှားပြန်လည်ပြင်ဆင်ပေးပါရန် | TNLA အား တစ်ဖက်သတ်စွပ်စွဲသည့် ဖော်ပြချက် |
| ၂၈/၁၁/၂၀၁၉ | မြန်မာစစ်တပ်၏ စစ်ရာဇဝတ်မှုကျူးလွန်မှုများအတွက် ICC တရားစီရင်ပိုင်ခွင့်ကို ထောက်ခံကြောင်း TNLA၊ AA၊ MNDAA တို့ ပူးတွဲထုတ်ပြန်ချက် | အရေးယူမှုကိုထောက်ခံကြောင်း | တပ်မတော်သည် စစ်ရာဇဝတ်မှုကျူးလွန် |
| ၂၇/၁၁/၂၀၁၉ | UWSA ထုတ်ပြန်ချက် | ဂမ်ဘီယာနိုင်ငံမှ မြန်မာနိုင်ငံအစိုးရကို အပြည်ပြည်ဆိုင်ရာတရားရုံးထံသို့ တရားစွဲဆိုသည့်ကိစ္စ | မြန်မာအစိုးရအပေါ် ထောက်ခံကြောင်း |
| ၁၈/၀၁/၂၀၁၉ | SSPP နှင့် RCSS အကြား စစ်ရေးတင်းမာမှုများဖြစ်ပွားနှင့်စပ်လျဉ်း၍ ရှမ်းပြည်သူလူထုက စိုးရိမ်ကြောင်း SSPP/SSA ၏ ထုတ်ပြန်ချက် | အချက် ၅ ချက် | ဆွေးနွေးညှိနှိုင်း |
| ၀၁/၀၃/၂၀၁၉ | RCSS နှင့် SSPP စည်းလုံးညီညွတ်ရေးကိစ္စ ထုတ်ပြန်ချက် | အချက် ၄ ချက် | ထောက်ခံကြိုဆို |
| ၁၁/၀၅/၂၀၁၉ | RCSS/SSA နှင့် SSPP/SSA မေလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် အပစ်အခတ်ရပ်စဲရေးနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက် | | |
| ၀၁/၁၂/၂၀၁၉ | နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံကိုယ်စားပြု၍ ဂမ်ဘီယာနိုင်ငံက စွဲဆိုထားသည့်အမှုကို နိုင်ငံတရားရုံးမှာသွားရောက်ရင်ဆိုင်မှုနှင့် စပ်လျဉ်း၍ SSPP ၏ ထုတ်ပြန်ချက် | အချက် ၂ ချက် | ထောက်ခံကြောင်း |
| ၂၇/၀၅/၂၀၁၉ | နာဂပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ သတင်းထုတ်ပြန်ချက် | နာဂအမျိုးသားထုအပေါ်တိုက်ခိုက်ခြင်း | သတင်းထုတ်ပြန်ချက် |
| ၃၀/၁၁/၂၀၁၉ | နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံကိုယ်စားပြု၍ ဂမ်ဘီယာနိုင်ငံက စွဲဆိုထားသည့်အမှုကို နိုင်ငံတရားရုံးမှာသွားရောက် ရင်ဆိုင်မှုနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက် | လုံးဝထောက်ခံပါကြောင်း | ထုတ်ပြန်ကြေညာချက် |
| ၂၆/၀၁/၂၀၁၉ | တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ထုတ်ပြန်သောသတင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက် | အချက်ကြီး ၂ ချက် | NCA ချိုးဖောက် |
| ၃၁/၀၁/၂၀၁၉ | နှစ် ၇၀ ပြည့် ကရင်အမျိုးသား တော်လှန်ရေးနေ့တွင် KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ပြောကြားသည့် မိန့်ခွန်း | ပြည်ထောင်စု ပြန်လည်တည်ဆောက်ရေး | မိန့်ခွန်း |
| ၀၇/၀၂/၂၀၁၉ | (၇၂)ကြိမ်မြောက် သျှမ်းအမျိုးသားနေ့သို့ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးမှ ပေးပို့သောသဝဏ်လွှာ | No pdf | |
| ၁၁/၀၂/၂၀၁၉ | ၇၁ ပြည့် ကရင်အမျိုးသားနေ့ တွင် KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ပြောကြားသည့် မိန့်ခွန်း | အမျိုးသားနေ့ ပေါ်ပေါက်လာပုံ | ညီညီညွတ်ညွတ်ဆောင်ရွက်ရေး |

| | | | |
|---|---|---|---|
| ၀၂/၀၅/၂၀၁၉ | KNU/ KNLA ငြိမ်းချမ်းရေးကောင်စီဗဟိုဌာနချုပ်၊ ထို့ကော်ကိုး (ဝေနော်တယာ) ထုတ်ပြန်ကြေညာချက် | No pdf | |
| ၁၈/၀၅/၂၀၁၉ | (၄) ကြိမ်မြောက် NCA-S EAO ထိပ်သီးအစည်းအဝေး (ပထမအကြိမ်) နှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက် | ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတိုင်ပင်ခံ အစည်းအဝေး ဖွဲ့စည်း | NCA အကောင်အထည်ဖော်ရန် |
| ၂၉/၀၇/၂၀၁၉ | ရှမ်းပြည်နယ် အရှေ့ပိုင်း အထူးဒေသ (၄) တည်ထောင်ခြင်း နှစ် (၃၀) ပြည့် အခမ်းအနားနှင့် စပ်လျဉ်း၍ KNU ၏ ထုတ်ပြန်ချက် | အတူတကွ လက်တွဲလုပ်ဆောင်ရန် | သဝဏ်လွှာ |
| ၁၄/၀၇/၂၀၁၉ | (၇၂) နှစ်မြောက် KNDO နေ့နှင့်စပ်လျဉ်း၍ KNU ၏ ထုတ်ပြန်ချက် | Only ethnic pdf | |
| ၀၉/၀၈/၂၀၁၉ | ၁၆ ကြိမ်မြောက် KNU ကွန်ဂရက်ဗဟို အမြဲတမ်းကော်မတီ ၃ ကြိမ်မြောက် အစည်းအဝေး (ပထမအကြိမ်) ထုတ်ပြန်ချက် | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆွေးနွေး | NCA ပေါ်မူတည်ပြီး အစုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက် |
| ၁၂/၀၉/၂၀၁၉ | (၆၉) နှစ်မြောက် ကရင်အာဇာနည်နေ့နှင့် စပ်လျဉ်း၍ KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး၏ ပေးစာ | ကရင်အမျိုးသားနေ့အကြောင်း | ရည်မှန်းချက်အောင်မြင်ရန် တိုက်တွန်း |
| ၁၆/၀၉/၂၀၁၉ | KWU ဥက္ကဋ္ဌ နော်အုန်းလှ ဖမ်းဆီးခံရမှုနဲ့ ကရင်လူငယ်နှစ်ဦးကို တရားစွဲထားတဲ့ KNU ထုတ်ပြန်ချက် | ပြန်လည်ရုပ်သိမ်းပေးရန် | NCA ချိုးဖောက် |
| ၂၁/၀၉/၂၀၁၉ | KNU မှ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့သို့ ပေးစာ | NCA တွင်စိန်ခေါ်မှုများရှိနေဆဲ | ငြိမ်းချမ်းရေးတည်ဆောက်ရေး |
| ၂၇/၀၉/၂၀၁၉ | ပြည်ထောင်စု သမ္မတရုံး နိုင်ငံရေးနှင့် လုံခြုံရေး ဦးစီးဌာနမှ ထုတ်ပြန်၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအားလုံးနှင့် ပြည်ထောင်စု အစိုးရဝန်ကြီးဌာနများသို့ ပေးပို့ပြီး ဆိုရှယ်မီဒီယာတွင် ပျံ့နှံ့လျက်ရှိသည့် လုံခြုံရေးတိုးမြှင့်ရေး ညွှန်ကြားချက်နှင့် စပ်လျဉ်း၍ KNU ၏ ထုတ်ပြန်ချက် | သဘောထား ၄ ချက် | KNU သည် တရားမျှတပြီး ငြိမ်းချမ်းရေးလိုလားကြောင်း |
| ၂၃/၁၀/၂၀၁၉ | KNU တပ်မဟာ (၆) ခေါင်းဆောင်များနှင့် မွန်ပြည်သစ်ပါတီ ခေါင်းဆောင်များ တွေ့ဆုံပွဲ သဘောထားထုတ်ပြန်ချက် | အချက် ၃ ချက် | တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာရန် |
| ၂၂/၁၁/၂၀၁၉ | ၁၆ ကြိမ်မြောက် KNU ကွန်ဂရက် ဗဟိုအမြဲတမ်းကော်မတီ၊ ၃ ကြိမ်မြောက် အစည်းအဝေး (ဒုတိယအကြိမ်) ထုတ်ပြန်ချက် | လူ့အခွင့်အရေးနှင့်အညီ ဆောင်ရွက် | NCA ပေါ်မူတည်ပြီး အစုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက် |
| ၀၂/၁၂/၂၀၁၉ | KNU/KNLA PC ၏ ထုတ်ပြန်ချက် | KHRG ၏သတင်းဆောင်းပါးကို ကန့်ကွက် | ပြည်သူလူထုများ အထင်အမြင်လွဲမှား |
| ၀၉/၁၂/၂၀၁၉ | KNU ကိုယ်စားလှယ်များနှင့်တပ်မတော် ညှိနှိုင်းရေးအဖွဲ့တို့အကြား စစ်ရေးညှိနှိုင်းမှုနှင့် စပ်လျဉ်း၍ KNU ၏ ထုတ်ပြန်ချက် | အချက် ၇ ချက် | ၂၁ ရာစု ပင်လုံညီလာခံ ကျင်းပနိုင်ရေး |
| ၂၇/၁၂/၂၀၁၉ | KNU ကိုယ်စားလှယ်များနှင့် တပ်မတော် ညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ထုတ်ပြန်ချက် | အချက် ၅ ချက် | ပူးပေါင်းဆောင်ရွက်ရေး |
| ၃၁/၀၁/၂၀၁၉ | KIO မှ နှစ် ၇၀ မြောက် ကရင်တော်လှန်ရေးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ | ကရင်တော်လှန်ရေးနေ့အား ဝမ်းမြောက်ကြောင်း | သဝဏ်လွှာပေးပို့ |
| ၃၁/၀၈/၂၀၁၉ | အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခြင်းနှင့် စပ်လျဉ်း၍ KIO၊ PSLF၊ MNTJP ၊ULA တို့၏ ပူးတွဲထုတ်ပြန်ချက် | အချက် ၆ ချက် | ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွား မည် |
| ၀၇/၀၂/၂၀၁၉ | CNF မှာ (၇၂)နှစ်မြောက်ရှမ်းအမျိုးသားနေ့သို့ ပေးပို့သည့် သဝဏ်လွှာ | ရှမ်းအမျိုးသားနေ့ကို ဂုဏ်ပြုကြောင်း | သဝဏ်လွှာ |
| ၂၀/၀၂/၂၀၁၉ | (၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့နှင့်စပ်လျဉ်း၍ CNF ၏ ထုတ်ပြန်ချက် | ချင်းအမျိုးသားနေ့အကြောင်း | ထုတ်ပြန်ကြေညာချက် |
| ၂၀/၀၃/၂၀၁၉ | (၇၁) နှစ်မြောက် ချင်းတော်လှန်ရေးနေ့နှင့် စပ်လျဉ်း၍ CNF ၏ ထုတ်ပြန်ချက် | ချင်းတော်လှန်ရေးနေ့အကြောင်း | ထုတ်ပြန်ချက် |

| | | | |
|---|---|---|---|
| ၂၀/၀၃/၂၀၁၉ | (၇၁) နှစ်မြောက် ချင်းတော်လှန်ရေးနေ့နှင့် စပ်လျဉ်း၍ CNF ၏ ထုတ်ပြန်ချက် | ချင်းတော်လှန်ရေးနေ့အကြောင်း | ထုတ်ပြန်ချက် |
| ၃၁/၀၅/၂၀၁၉ | ချင်းအမျိုးသားတပ်ဦးနှင့်ပြည်သူ့တော်လှန်ရေးနှင့် စပ်လျဉ်း၍ ဖော်ပြချက် | ချင်းအမျိုးသားတပ်ဦးနှင့် တော်လှန်ရေး အကြောင်း | ဖော်ပြချက် |
| ၇/၂/၂၀၁၉ | ရှမ်းပြည်အမျိုးသားနေ့အတွက် ABSDF ထုတ်ပြန်ချက် | ၇၂ နှစ်မြောက် ရှမ်းအမျိုးသားနေ့ကို ဂုဏ်ပြုကြောင်း | သဝဏ်လွှာ |
| ၁၂/၀၁/၂၀၂၀ | ၅၇ နှစ်မြောက် တအာင်းအမျိုးသား တော်လှန်ရေးနေ့နှင့်စပ်လျဉ်း၍ TNLA ၏ ထုတ်ပြန်ချက် | တအောင်းအမျိုးသားတော်လှန်ရေးနေ့ အကြောင်း | သဘောထားထုတ်ပြန်ကြေညာချက် |
| ၁၆/၁၀/၂၀၂၀ | တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်နှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက် | ဝမ်းမြောက်စွာကြိုဆို | ဆုမွန်ကောင်းတောင်း |
| ၂၀/၀၁/၂၀၂၀ | နှစ်ပတ်လည်အထွေထွေကော်မတီအစည်းအဝေးနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက် | နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးရန် | သဘောထားထုတ်ပြန်ကြေညာချက် |
| ၂၇/၀၁/၂၀၂၀ | ကွတ်ခိုင်မြို့ရှိ ကျောင်းဆရာ သေနတ်ပစ်ခတ်သေဆုံးမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ TNLA ၏ ရှင်းလင်းချက် | ပြစ်မှုကျူးလွန်သူအား ဖမ်းဆီး | ရှင်းလင်းထုတ်ပြန်ချက် |
| ၀၁/၀၃/၂၀၂၀ | တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေး စတုတ္ထ သက်တမ်း တိုးမြှင့်လိုက်ကြောင်း သတင်းထုတ်ပြန်ချက်နှင့်စပ်လျဉ်း၍ TNLA ၏ သတင်းထုတ်ပြန်ချက် | ၂၀၂၀ မတ် ၁ မှ မတ် ၂၅ ရက်နေ့ အထိ တိုးမြှင့်သတ်မှတ် | ထုတ်ပြန်ကြေညာချက် |
| ၂၆/၀၃/၂၀၂၀ | လက်ရှိ နိုင်ငံရေး အခြေအနေများနှင့် ULA/AA ကို တရားမဝင်အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ညီနောင်မဟာမိတ်သုံးဖွဲ့၏ ထုတ်ပြန်ချက် | စွပ်စွဲချက်အား လက်မခံ | မြန်မာတပ်မတော်သည် စစ်ရာဇဝတ်မှုများကို ကျူးလွန် |
| ၀၁/၀၄/၂၀၂၀ | Covid–19 ကာလနှင့်စပ်လျဉ်း၍ ညီနောင်မဟာမိတ်သုံးဖွဲ့၏ အရေးပေါ်ထုတ်ပြန်ချက် | ၂၀၂၀ ဧပြီလ ၁ရက်နေ့မှ ၃၀ရက်နေ့အထိ အပစ်အခတ်ရပ်စဲ | Covid 19 ကို ဦးစားပေးကာကွယ် |
| ၂၄/၀၄/၂၀၂၀ | မူဆယ်လောင်းကစားရုံ ပစ်ခတ်မှု TNLA နှင့် သက်ဆိုင်ခြင်းနရှိကြောင်း ရှင်းလင်းချက် | ပစ်ခတ်မှုသည် TNLAနှင့် မသက်ဆိုင်ကြောင်း | သတင်းရှင်းလင်းချက် |
| ၀၃/၀၅/၂၀၂၀ | ညီနောင်မဟာမိတ်သုံးဖွဲ့၏ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေး ပဥ္စမအကြိမ်မြောက် သက်တမ်းတိုးကြောင်း သတင်းထုတ်ပြန်ချက် | ၂၀၂၀ မေ ၃ မှ မေ ၃၁ ရက်နေ့အထိ တိုးမြှင့် | စစ်တပ်သည် ဆက်လက်တိုက်ခိုက်နေ |
| ၁၀/၀၅/၂၀၂၀ | ကာကွယ်ရေးဦးစီးချုပ်ရုံးက Covid–19 ကာလအတွင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နဲ့ပတ်သက်ပြီး ထုတ်ပြန်ချက်နဲ့စပ်လျဉ်း၍ ညီနောင်မဟာမိတ်သုံးဖွဲ့၏ ထုတ်ပြန်ချက် | ဟန်ပြထုတ်ပြန်ကြေညာချက် | လက်တွေ့အလုပ်မဖြစ် |
| ၀၁/၀၆/၂၀၂၀ | ညီနောင်မဟာမိတ်အဖွဲ့မှ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးဆဋ္ဌမသက်တမ်းတိုးခြင်းနှင့် တပ်မတော်ဘက်မှ နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီပေးရန် မေတ္တာရပ်ခံချက် | အချက် ၆ ချက် | ဇွန် ၁ မှ ဩဂုတ်လ ၃၁ ရက်နေ့ အထိ |
| ၀၁/၀၇/ ၂၀၂၀ | ဖားကန့်တွင် မြေပြိုကျမှုကြောင့် ရာနှင့်ချီသော ရေလုပ်သားများ သေဆုံးမှုနှင့်ပတ်သက်၍ TNLA ၏ ဝမ်းနည်းကြောင်းထုတ်ပြန်ချက် | ဝမ်းနည်းကြေကွဲကြောင်း | ထုတ်ပြန်ကြေညာချက် |
| ၁၁/၀၈/ ၂၀၂၀ | တပ်မတော်၏ဖိအားပေးမှုကြောင့်ပြင်ဦးလွင်တရားရုံးတွင် အရပ်သားများအား ထောင်ဒဏ်ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ညီနောင်မဟာမိတ်သုံးဖွဲ့၏ထုတ်ပြန်ချက် | ဖမ်းဆီးခံရသူများမှာ သာမန်ပြည်သူများ ဖြစ်ကြောင်း | မှားယွင်းသည့် တရားစီရင်မှု |
| ၀၁/၀၉/ ၂၀၂၀ | ရွေးကောက်ပွဲ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် Covid 19 ဒုတိယလှိုင်းကို ကာကွယ်ရန် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေး သတ္တမမြောက် သက်တမ်းတိုးရန် ညီနောင်သုံးဖွဲ့ မဟာမိတ်အဖွဲ့၏ သတင်းထုတ်ပြန်ချက် | စက်တင်ဘာ ၁ မှ နိုဝင်ဘာ ၉ ရက်နေ့အထိ | ထုတ်ပြန်ကြေညာချက် |
| ၁၁/၁၁/ ၂၀၂၀ | ညီနောင်မဟာမိတ်သုံးဖွဲ့၏ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးကြောင်း သတင်းထုတ်ပြန်ချက် | နိုဝင်ဘာ ၁၁ မှ ဒီဇင်ဘာ ၃၁ ရက်နေ့ အထိ တိုးမြှင့် | အချက် ၄ ချက် တောင်းဆို |

| | | | |
|---|---|---|---|
| ၂၀/၁၁/၂၀၂၀ | ညီနောင်မဟာမိတ်သုံးဖွဲ့၏ သတင်းထုတ်ပြန်ချက် | NLD ကို ကြိုဆိုကြောင်း | ထုတ်ပြန်ကြေညာချက် |
| ၁၇/၀၁/ ၂၀၂၀ | တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ၏ မြန်မာခရီးစဉ်နှင့် စပ်လျဉ်း၍ SSPP ၏ ထုတ်ပြန်ချက် | ဝမ်းမြောက်စွာ ကြိုဆိုကြောင်း | နှစ်နိုင်ငံဆက်ဆံရေး ဆက်လက် ကောင်းမွန်စေကြောင်း |
| ၁၈/၀၂/ ၂၀၂၀ | ၂၀၁၉ နှစ်ကုန်အထွေထွေအစည်းအဝေးနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက် | အချက် ၆ ချက် | အစည်းအဝေးထုတ်ပြန်ကြေညာချက် |
| ၂၆/၀၆/၂၀၂၀ | အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးနေ့နှင့် စပ်လျဉ်း၍ SSPP ၏ ထုတ်ပြန်ချက် | ကြိုဆိုထောက်ခံ | မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ပူးပေါင်းတိုက်ဖျက်မည် |
| ၂၉/၀၇/ ၂၀၂၀ | ခြောက်လပတ် အထွေထွေကော်မီတီ အစည်းအဝေးနှင့်စပ်လျဉ်း၍ SSPP ၏ ထုတ်ပြန်ချက် | အချက် ၂ ချက် | အစည်းအဝေးထုတ်ပြန်ကြေညာချက် |
| ၂၂/၁၂/ ၂၀၂၀ | ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ် ဝမ်နောင်ကျေးရွာတွင် ကလေးသူငယ် အဓမ္မပြုကျင့် သတ်ဖြတ်ခံရမှုနှင့်စပ်လျဉ်း၍ SSPP ၏ သတင်းထုတ်ပြန်ချက် | အချက် ၅ ချက် | ပြစ်မှုကျူးလွန်သူအား သေဒဏ်ချမှတ် |
| ၁၈/၁၂/ ၂၀၂၀ | အထူးဒေသ-၄ ကိုဗစ်ထိန်းချုပ်မှုအခြေအနေနှင့် စပ်လျဉ်း၍ NDAA ၏ အသိပေးနှိုးဆော်ချက် | ကာကွယ်ထိန်းချုပ်ရေးများ တိုးမြှင့်ဆောင်ရွက် | အသိပေးနှိုးဆော်ချက် |
| ၀၀၇/၀၁/၂၀၂၀ | ၈ ကြိမ်မြောက် JICM အစည်းအဝေးနှင့်စပ်လျဉ်း၍ KNU ၏ ထုတ်ပြန်ချက် | အချက် ၆ ချက် | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဆက်လက်ကြိုးစားမည် |
| ၀၆/၀၂/၂၀၂၀ | တပ်မတော်က NCA ဆွေးနွေးပွဲကို ကန့်ကွက်မှုနဲ့ စပ်လျဉ်း၍ KIA တပ်ရင်း (၇) ၏ ထုတ်ပြန်ချက် | NCA ဆိုင်ရာ ဆွေးနွေးပွဲကို လာရောက်ပိတ်ပင် | တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတိုင်း လိုက်နာဆောင်ရွက်ရန် |
| ၁၂/၀၃/၂၀၂၀ | NCA ဆွေးနွေးပွဲကို တပ်မတော် တပ်မဟာ ၁၂၄ မှ ကန့်ကွက်ကြောင်း KNU ထုတ်ပြန်ချက် | NCA ဆိုင်ရာ ဆွေးနွေးပွဲကို လာရောက်ပိတ်ပင် | တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတိုင်း လိုက်နာဆောင်ရွက်ရန် |
| ၂၆/၀၃/၂၀၂၀ | Covid-19 နှင့်စပ်လျဉ်း၍ KNU ၏ ထုတ်ပြန်ချက် | WHO ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက် | တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်ဆဲရေး |
| ၀၄/၀၅/၂၀၂၀ | KNU/KNLA PC ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောဌေးမောင် ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း ကြေငြာချက် | ဝမ်းနည်းကြေကွဲကြောင်း | ဝမ်းနည်းကြေကွဲကြောင်း |
| ၀၅/၀၅/၂၀၂၀ | NCA အကောင်အထည်ဖော်မှု စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ KNU ၏ ထုတ်ပြန်ချက် | တပ်မတော်အင်အားတိုးချဲ့ | NCA ချိုးဖောက် |
| ၂၆/၀၅/၂၀၂၀ | KNU/KNLA PC ၏ ကြေညာချက် | အချက် ၄ ချက် | ညှိနှိုင်းဆွေးနွေးခြင်း |
| ၂၇/၀၅/၂၀၂၀ | NCAနှင့် အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး ကျောက်ကြီးခရိုင်လူထုအမြင်သဘောထားနှင့် စပ်လျဉ်း၍ KNU ၏ ကြေငြာချက် | သဘောထား ၆ ချက် | ပြည်သူလူထု၏ လိုလားချက်နှင့်အညီ ရပ်တည် |
| ၁၉/၀၆/၂၀၂၀ | KNU ညောင်လေးပင်ခရိုင်အတွင်း Covid-19 စစ်ဆေးရေးဂိတ်များ ပိတ်ဆို့ခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်ချက်၊ | လူ့အခွင့်အရေးချိုးဖောက် | ပြင်းထန်စွာ ရှုံ့ချ |
| ၂၃/၀၇/၂၀၂၀ | ၁၆ ကြိမ်မြောက် ကွန်ဂရက်အပြီးကျင်းပသော ဗဟိုအမြဲတမ်းကော်မတီ ၇ ကြိမ်မြောက် အရေးပေါ်အစည်းအဝေး ထုတ်ပြန်ချက် | NCA ဆွေးနွေး | ငြိမ်းချမ်းရေးဆက်လက်ဆောင်ရွက် |
| ၁၈/၀၈/၂၀၂၀ | ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ KNLA ၏ ထုတ်ပြန်ချက် | အချက် ၄ ချက် | ငြိမ်းချမ်းရေးဆွေးနွေးမှုကို ဝိုင်းဝန်းဆောင်ရွက်ကြရန် တောင်းဆို |

| | | | |
|---|---|---|---|
| ၂၁/၀၉/၂၀၂၀ | အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့နှင့် စပ်လျဉ်း၍ KNU ၏ ထုတ်ပြန်ချက် | အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေး နေ့အကြောင်း | ပူးပေါင်းဆောင်ရွက်ရန် |
| ၂၉/၀၉/၂၀၂၀ | Equator Prize Salween Peace Parkနှင့် စပ်လျဉ်း၍ KNU ၏ ထုတ်ပြန်ချက် | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေး | ဝမ်းမြောက်ကြောင်း |
| ၁၅/၁၀/၂၀၂၀ | NCA လက်မှတ်ရေးထိုးခြင်း (၅) နှစ်မြောက် နှစ်ပတ်လည်နှင့် စပ်လျဉ်း၍ KNU ၏ ထုတ်ပြန်ချက် | ကရင်ပြည်သူလူထုအား တိုက်တွန်းချက် ၂ ချက် | အားလုံး ပါဝင်ဆောင်ရွက်ရန် |
| ၀၇/၁၁/၂၀၂၀ | နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ KNU ၏ ထုတ်ပြန်ချက် | အချက် ၃ ချက် | တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရေး |
| ၁၅/၁၂/၂၀၂၀ | အများပြည်သူများအတွက် KNU ၏ ကြေညာချက် | အချက် ၄ ချက် | စည်းကမ်းချက်များ |
| ၀၈/၀၁/၂၀၂၀ | အပစ်အခတ်ရပ်စဲရေးနှင့်စပ်လျဉ်း၍ KNU ၏ ထုတ်ပြန်ချက် | အချက် ၅ ချက် | NCA အတိုင်း လိုက်နာဆောင်ရွက် |
| ၁၆/၀၁/၂၀၂၀ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်နှင့် စပ်လျဉ်း၍ KIO ၏ ထုတ်ပြန်ချက် | အချက် ၅ ချက် | ဝမ်းမြောက်စွာ ကြိုဆိုကြောင်း |
| ၁၄/၀၅/၂၀၂၀ | KIO ၏ ထုတ်ပြန်ချက် | အချက် ၆ ချက် | ကပ်ဘေးရောဂါကာကွယ်ရေး ဦးစားပေး ဆောင်ရွက်ရေး |
| ၀၃/၀၇/၂၀၂၀ | ဖားကန့်မြို့နယ် ဝေခါးကျောက်စိမ်းလုပ်ကွက် မြေပြိုမှုနှင့်စပ်လျဉ်း၍ KIO ၏ ထုတ်ပြန်ချက် | အချက် ၄ ချက် | စိတ်မကောင်းဖြစ်ရပါကြောင်း |
| ၂၀/၀၂/၂၀၂၀ | (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့နှင့် စပ်လျဉ်း၍ CNF ၏ ထုတ်ပြန်ချက် | ချင်းအမျိုးသားနေ့အကြောင်း | ထုတ်ပြန်ကြေညာချက် |
| ၁၉/၀၃/၂၀၂၀ | (၇)အကြိမ်မြောက် ချင်းအမျိုးသားတပ်ဦး ညီလာခံ၏ ထုတ်ပြန်ချက် | အချက် ၇ ချက် | ထုတ်ပြန်ကြေညာချက် |
| ၂၀/၀၃/၂၀၂၀ | ချင်းလူထုအတွက် အသိပေးပန်ကြားချက် | အချက် ၅ ချက် | အသိပေးပန်ကြားချက် |
| ၀၃/၀၄/၂၀၂၀ | Covid-19 ကပ်ရောဂါနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ပန်ကြားချက်နှင့်စပ်လျဉ်း၍ CNF ၏ ထုတ်ပြန်ချက် | ရောဂါကာကွယ်ရန်နှင့် အပစ်အခတ်ရပ်ဆဲရန် | ထုတ်ပြန်ကြေညာချက် |
| ၂၉/၀၄/၂၀၂၀ | ချင်းပြည်နယ် စစ်ဘေးရှောင်ဒုက္ခသည်များ အထောက်အကူပြုကော်မတီ၏ မိတ်ဆက် | ကော်မတီ၏အချက်အလက်များ | ထုတ်ပြန်ကြေညာချက် |
| ၁၇/၀၉/၂၀၂၀ | ၂၀၂၀ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ CNF ၏ သတင်းထုတ်ပြန်ချက် | အချက် ၄ ချက် | သတင်းထုတ်ပြန်ချက် |
| ၂၄/၀၃/၂၀၂၀ | COVID-19 ကပ်ဘေးကာလ ရခိုင်ပြည်နယ်အတွင်း IDP တွေအတွက် အစိုးရမှ အထူးအရေးယူ ဆောင်ရွက်ပေးရေး တိုက်တွန်းချက် | အင်တာနက်ပြန်သုံးခွင့်ပေးရန်၊ စားနပ်ရိက္ခာထောက်ပံ့ပေးရန် | တိုက်တွန်းချက် |
| ၁၂/၀၄/၂၀၂၀ | အရေးပေါ်ကာလအတွက် ALP ၏ ထုတ်ပြန်ချက် | အချက် ၃ ချက် တောင်းဆို | သဘောထားထုတ်ပြန်ချက် |
| ၂၃/၀၄/၂၀၂၀ | ရခိုင်ပြည်တွင်းစစ်ကြောင့် ဒေသခံများ သေဆုံးမှုနှင့် စပ်လျဉ်း၍ ALP၏ဝမ်းနည်းကြောင်းထုတ်ပြန်ချက် | အချက် ၄ ချက် | ဝမ်းနည်းကြောင်း ထုတ်ပြန်ချက် |
| ၀၄/၀၇/၂၀၂၀ | ဖားကန့်တွင် လူပေါင်း ၂၀၀ နီးပါး သေဆုံးမှုအတွက် APL ၏ ဝမ်းနည်းကြောင်းပေးစာ | အထူးဝမ်းနည်းကြေကွဲကြောင်း | ထုတ်ပြန်ချက် |
| ၁၁/၀၈/၂၀၂၀ | ALP၏ တွဲဖက်အတွင်းရေးမှူး (၁) အပါအဝင် ရခိုင်ပြည်သူ့ကျန်းမာရေး လုပ်သားများ၏ ဆေးဝန်ထမ်းများ ပြန်ပေးဆွဲမှုနှင့် စပ်လျဉ်း၍ AA ၏ ထုတ်ပြန်ချက် | အချက် ၄ ချက် | အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆို |
| ၁၅/၁၁/၂၀၂၀ | နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက် တပ်မတော်နှင့် AA တို့၏ ထုတ်ပြန်ချက်များနှင့် စပ်လျဉ်း၍ ALP ၏ ထုတ်ပြန်ချက် | အချက် ၄ ချက် | ဝမ်းနည်းကြောင်း |
| ၁၀/၁၂/၂၀၂၀ | ABSDF၏ ထုတ်ပြန်ချက် | အချက် ၉ချက် | ဗဟိုကော်မတီစုံညီ အစည်းအဝေး ထုတ်ပြန် ကြေညာချက် |

| | | | |
|---|---|---|---|
| ၃၀/၁၀/၂၀၂၀ | ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ရုံး ထုတ်ပြန်ချက် | အချက် ၃ချက် | ထုတ်ပြန်ချက် |
| ၉/၁၁/၂၀၂၀ | ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး ထုတ်ပြန်ချက် | အချက် ၄ချက် | ထုတ်ပြန်ချက် |
| ၃၁/၁၂/၂၀၂၀ | ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး ထုတ်ပြန်ချက် | အချက် ၂ချက် | ထုတ်ပြန်ချက် |

